

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် ၊ ဗုဒ္ဓဟူး ၊ (ဧပြီ ၂၃ ၊ ၂၀၁၄)

TRI LIVES BRILLIANTLY



ဓာတ်ပုံ-straitstimes.com

အကျဉ်းထောင်အတွင်း ရက်ပေါင်း ၇,၀၀၀ကျော်နေထိုင်ခဲ့ရသည့် သံမဏိလူသား ဟံသာဝတီဦးဝင်းတင်ပြောကြားခဲ့သော အထင်ကရစကားများအပါအဝင် ဦးဝင်းတင်အမှတ်တရစာစုများကို စုစည်းဖော်ပြထားပါသည် (စာ-၃)

# လူဦးရေရှစ်သန်းနှင့် ဖရိုဖရဲရန်ကုန်

**အေးသူစံ၊ မိုးညို**

တိုးပွားလာသည့် လူဦးရေနှင့် ရှိနှင့်ပြီးသားအခြေခံအဆောက်အအုံများအပေါ်စရိတ်စက တစ်နှစ်ထက်တစ်နှစ်ကြီးမြင့်လာမှုကို လောက်ငမှုမရှိဘဲ မြို့တော်သူမြို့တော်သားများ ခွဲဝေခံစားနေရပြီဖြစ်သည်။

"ရန်ကုန်က ရောဂါသည်ဖြစ်နေပြီ။ တိုးလာတဲ့လူဦးရေကြောင့်မြို့ကိုမကြာခင်ဖြန့်ထုတ်မှရတော့မှာ"ဟုမြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ပြောသည်။

စာမျက်နှာ ၂ »

## ထောင်ထဲမှာ အနှစ်နှစ်ဆယ်လောက် ဦးဝင်းတင် ဘယ်လိုရပ်တည်ခဲ့သလဲ

စာမျက်နှာ ၁၄ »

## မရောင်သည့်နေပြည်တော် ဆီမလူးသင့်ပါ

**အောင်သူရ**

"နိုင်ငံခေါင်းဆောင်တွေရဲ့ အမြော်အမြင်ကြီးမှုနဲ့ စေတနာအပေါ်မှာ မူတည်ပါတယ်။ ရေများတဲ့နေရာမိုးရွာပြီး ခြောက်သွေ့တဲ့ နေရာမီးလောင်နေရင် ဒီတိုင်းပြည် ငြိမ်းချမ်းမှာမဟုတ်ဘူး"

စာမျက်နှာ ၈ »

## တစ်နှစ်ချွေးနဲ့စာ ပိုးချိတ်လုံချည်

**အေးမွန်ရာပြည့်**

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ နိုင်ငံသားများ အမြတ်တနိုး ဝတ်ဆင်သည့် ထိုချိတ်ဆင်တစ်ထည်လျှင်အမြင့်ဆုံးတန်ဖိုးမှာ အခြေခံ လူတန်းစားတစ်ဦး၏ တစ်နှစ်စာဝင်ငွေထက်ပင် ပိုနေသည်။

စာမျက်နှာ ၅ »



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014




***ရန်ကုန်မြို့လယ်တစ်နေရာ***

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# လူဦးရေ ရှစ်သန်းနှင့် ဖရိုဖရဲ ရန်ကုန်

▪**အေးသူစံ၊ မိုးညို**

**မိုးမျှော်**တိုက်ကြီးတစ်လုံး၏ မလှမ်းမကမ်းရှိကား လမ်းတစ်ခုသာခြားသော ရေနုတ်မြောင်းကြီးကိုကျောပေးထားသည့် တဲသာသာမြေစိုက်အိမ်ငယ်အချို့၌ ကလေးငယ်အချို့ ဆော့ကစားနေပြီး အလုပ်သွားရန်ပြင်ဆင်နေသည့် လင်ယောက်ျားတစ်ဦးကဇနီးသည်ကို နှုတ်ဆက်နေသည်။

၂၀၁၃ခုနှစ်ကဖိလစ်ပိုင်အစိုးရသိစေရန် ဖိလစ်ပိုင်မြို့တော်မနီလာ၏ ရုပ်ရှင်ရုံတစ်ရုံတွင် ပြသခဲ့သောmeto manila ဆိုသောရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် မိသားစုလေးယောက် ကျေးလက်ရွာလေးတစ်ခုမှ မြို့တော်မနီလာသို့ ပြောင်းရွှေ့လာခဲ့ရသည်။ နေရေးထိုင်ရေးနှင့် အလုပ်အကိုင်ပြဿနာများကို မြို့တော်မနီလာတွင် ခါးစည်းခံရင်းအသက်ဆုံးရှုံးခဲ့ရသည့် ဇာတ်ကားကို ဒါရိုက်တာက ဖန်တီးရိုက်ကူးထားခြင်းဖြစ်သည်။

အရှေ့တောင်အာရှမှ နိုင်ငံအများစုတွင် မြို့ကြီးများသို့ ကျေးလက်မှ ရွှေ့ပြောင်းနေထိုင်အခြေချသူများကြောင့် မြို့ကြီးများ၏ မြို့ပြစနစ်မှာ တိုးပွားလာလည့် လူဦးရေကို တစ်နေ့ထက်တစ်နေ့ ထမ်းပိုးလာရခြင်းကို သတိပြုမိလာစေရန် အဆိုပါဇာတ်ကားကို ရိုက်ကူးထားခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမြို့တော်မနီလာကဲ့သို့ပင် မြန်မာနိုင်ငံမှ စီးပွားရေးမြို့တော်ရန်ကုန်တွင် ဧပြီလက ကောက်ခံခဲ့သောသန်းခေါင်စာရင်းများအရ လူဦးရေရှစ်သန်းကျော်အထိရှိနေပြီဖြစ်ကြောင်းအစိုးရက တရားဝင်ကြေညာလိုက်သည်။

တိုးပွားလာသည့်လူဦးရေနှင့် ရှိနှင့်ပြီးသားအခြေခံအဆောက်အအုံများအပေါ် စရိတ်စကတစ်နှစ်ထက်တစ်နှစ်ကြီးမြင့်လာမှုကို လောက်ငမှုမရှိဘဲ မြို့တော်သူမြို့တော်သားတို့ခွဲဝေခံစားနေရပြီဖြစ်သည်။

တစ်ချိန်က ပင်မမြို့တော်အဖြစ်မှ စီးပွားရေးမြို့တော်အဖြစ်သို့ နန်းကျခဲ့သည့် ရန်ကုန်သည် ယခင်လူဦးရေခြောက်သန်းဟုသာ ၂၀၁၄ခုနှစ် ဧပြီမတိုင်မီအထိသိရှိထားပြီး ယခုရှစ်သန်းဝန်းကျင်နေပြီဖြစ်သောကြောင့် မီဂါစီးတီးဖြစ်ရန် နှစ်သန်းကျော်သာ လိုအပ်တော့မည်ဖြစ်သည်။

"ရန်ကုန်က ရောဂါသည်ဖြစ်နေပြီ။ တိုးလာတဲ့လူဦးရေကြောင့် မြို့ကို မကြာခင်ဖြန့်ထုတ်မှရတော့မှာ"ဟု မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ပြောသည်။

ယင်းကဲ့သို့ ရွှေ့ပြောင်းလုပ်သားများ တိုးပွားမှုနှုန်းနေ့စဉ်မြန်ဆန်လာသည့် ရန်ကုန်တွင်ရှိနှင့်ပြီးသား အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းများမလုပ်ဆောင်နိုင်ပါက ရန်ကုန်သည် အာရှတွင် နေထိုင်မှုစရိတ်အကြီးဆုံးအဖြစ် မှတ်တမ်းဝင်သွားနိုင်သည်ဟု အထက်ပါပညာရှင်က သတိပေးပြောဆိုသည်။

နှစ်ပေါင်းများစွာ စီမံခန့်ခွဲမှုအလွဲများကြောင့် ရန်ကုန်တွင် သက်တမ်းလွန်ဘတ်စကားအိုများ သစ်သားဇလီဖားတုံးများပေါ်က မီးခိုးတလူလူဖြင့်အချိန်မမှန်တတ်သည့် သက်တမ်းကြာမြို့ပတ်ရထားများကိုနေ့စဉ်အသုံးပြုနေရဆဲဖြစ်သည်။

၂၅ပေ ပေ ၅၀၊ ၁၀ပေမှ ပေ ၂၀ အခန်းငယ်လေးများအကြား နေထိုင်မှုစရိတ်ကြီးမြင့်လာသည့် ရန်ကုန်တွင်နှစ်စဉ်မိုးကာလလမ်းမကြီးများတွင် ရေကြီးရေလျှံနစ်မြုပ်မှုများကို ခံစားနေရဆဲဖြစ်သည်။

ယင်းဖြစ်စဉ်များက ရန်ကုန်သည် တစ်ချိန်က အရှေ့တောင်အာရှနိုင်ငံများ၏ မြို့တော်များတွင် အလှဆုံးမြို့တော်ဖြစ်ခဲ့သည်ဆိုသည်ကို အတိတ်တွင် ကွာဝေးစွာကျန်ခဲ့ပြီဖြစ်သည်။

"ရန်ကုန်မှာ လူပေါင်းစုံဖြစ်လာပြီ။ အမှိုက်သိမ်းရတာအရင်ကထက်ပိုများလာတယ်။ လမ်းသွယ်တစ်ခုကို အရင်အမှိုက်သိမ်းရင် ၁၅မိနစ်လောက်နဲ့ပြီးတယ်။ အခုနာရီဝက်လောက်ကြာတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်မှ အမှိုက်သိမ်းဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်တွင် အခြေခံအဆောက်အအုံကောင်းများရှိပြီးသားနေရာများတွင် လူအများစုကဝိုင်းလုနေကြသောကြောင့် မြေဈေးကြီးမြင့်လာပြီး အိမ်ရာဈေးနှုန်းသက်သာသည့်အခန်းများလိုအပ်လာကြောင်း၊ အချက်အချာနေရာများတွင်အိမ်ရာများမထားရှိနိုင်ပါက အလုပ်သို့သွားနိုင်မည့် အဆင့်မြင့်ရထား၊ ကားစနစ်များ အချိန်မီထားရှိပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ကွန်ပျူတာပညာရှင်ဦးရဲမြင့်သူကပြောသည်။

"မြန်မာမှာ ဒီလောက်နေရာအကျယ်ကြီး။ အခြေခံအဆောက်အအုံနဲ့ပို့ဆောင်ဆက်သွယ်ရေးကို ကြိုပြီးပြင်ဆင်ထားရမယ်။ ကောင်းပြီးသားနေရာကိုပဲ ကောင်းအောင်ပြန်လုပ်နေတော့ ကောင်းတဲ့နေရာကိုပဲပြုံမှာပဲ"ဟု ဦးရဲမြတ်သူကဝေဖန်သည်။

ပို့ဆောင်ဆက်သွယ်ရေးအားနည်းမှု၊ နှစ်စဉ်အိမ်ရာလိုအပ်မှု၊ စီးပွားရေးလုပ်ငန်းအများစု စုစည်းတည်ရှိလာမှု၊ အမှိုက်၊မိလ္လာ၊ ရေ၊ မီး၊ အခြေခံအဆောက်အအုံတို့၏ အရည်အသွေးနိမ့်ကျလာမှုတို့က တိုးပွားလာသည့် ရှစ်သန်းသော လူဦးရေမှာ နောင်လာမည့် ငါးနှစ်မှ ဆယ်နှစ်အတွင်း အဆိုးဆုံးအခြေအနေတစ်ခုနှင့်ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း မြို့ပြစီမံကိန်းပညာရှင်ဦးဝင်းမြင့်ကခန့်မှန်းပြောဆိုလိုက်သည်။

"ရန်ကုန်ကို အချိန်မီကယ်ပါလို့ပဲ ပြောချင်တယ်"ဟု ၎င်းက သတိပေးပြောဆိုသည်။

ရန်ကုန်တွင် လူဦးရေတိုးပွားလာခြင်းက ဆိုးကျိုးများသာဖြစ်လာသည်ဟု ပြောဆိုနေကြပြီးတစ်ဖက်တွင်လည်း ကောင်းကျိုးများစွာရှိလာနိုင်သည်ဟု အစိုးရအာဏာပိုင်အချို့က ထင်ကြေးပေးပြောဆိုနေကြသည်။

ပြီးခဲ့သည့် ဧပြီလပထမပတ်က ကောက်ခံခဲ့သော သန်းခေါင်စာရင်းအရ ရန်ကုန်၏ လူဦးရေအမှန်ကို သိရှိလာရခြင်းက ရန်ကုန်တွင် မကြာမီပြုလုပ်တော့မည့် စီမံကိန်းများအတွက် အစိုးရ၏လမ်းပြမြေပုံတစ်ခုလည်းဖြစ်လာနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကမြို့ပြနှင့်မြေယာစီမံခန့်ခွဲမှုဌာန ဌာနမှူးဦးတိုးအောင်ကဆိုသည်။

"အခု ကောက်ယူရရှိထားတဲ့ စာရင်းတွေပေါ်မူတည်ပြီးတော့အစိုးရအဖွဲ့အနေနဲ့ ပြည်သူတွေရဲ့ လူနေထိုင်မှု၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လူမှုအထောက်အကူပြုလုပ်ငန်းတွေကိုဆက်ပြီးချဲ့ထွင်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးကြည်လင်းက ပြောသည်။

မည်သို့ပင်ဆိုစေကာမူ ကိုလိုနီခေတ်က လူဦးရေသုံးသောင်းကျော်အတွက်ရည်ရွယ်၍အကွက်ဖော်ခဲ့သည့် ရန်ကုန်က ယခုတော့ လူဦးရေရှစ်သန်း၏ မနိုင်ဝန်ကို ဆက်လက်ထမ်းပိုးရတော့မည်ဖြစ်သည်။

လက်ရှိရန်ကုန်တွင်ဖြစ်ပွားကြုံတွေ့နေသော လူမှုရေးအခက်အခဲများကို လူထုအပြင်အစိုးရကသိရှိနေပြီဖြစ်သော်လည်း အဖြေထုတ်၍ အချိန်မီဆောင်ရွက်ရန်ကြန့်ကြာနေကြောင်းရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်ညိုညိုသင်းကဝေဖန်သည်။

"အခုထိ မလုပ်တာဟာ မလုပ်နိုင်တာလား။ မလုပ်ချင်လို့လား။ မလုပ်ချင်တာဆိုရင်တော့ နေရာက ဖယ်ပေးလိုက်ကြ။ လုပ်နိုင်တဲ့သူ တက်လာလိမ့်မယ်"ဟု ဒေါ်ညိုညိုသင်းက အစိုးရ၏အချိန်မီကိုင်တွယ်ဖြေရှင်းရန် ကြန့်ကြာနေပုံကို ဝေဖန်သည်။

မြို့ပြပညာရှင်များနှင့်အစိုးရအာဏာပိုင်များ ၂နှစ်နီးပါးဆွေးနွေးပွဲများ၊ နိုင်ငံတကာအကူအညီများဖြင့် မြို့တော်ရန်ကုန်အတွက် တိုင်ပင် အဖြေရှာနေကြသော်လည်း ယနေ့အထိ လုပ်ဆောင်မှုအပိုင်းတွင် ထင်သာမြင်သာမရှိသေးကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဆွေးနွေးပွဲတွေလုပ်ကြတယ်။ ပြဿနာတွေပြောကြဆိုကြတယ်။ ဘာလုပ်ရမယ်ဆိုတဲ့အဖြေလည်းသိနေပြီ။ ဘာကြောင့် ခုထက်ထိ အကောင်အထည်မပေါ်တာလဲ"ဟု မြမြင့်မိုရ်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာကဆိုသည်။ "ရှေးကျလာပြီး အသုံးမတည်တော့တဲ့ ရန်ကုန်က လမ်းကြောစနစ်တွေကို အရင်ပြင်ရမယ် ပြီးရင်အမှိုက်စနစ်၊မြို့တော်ရဲ့ အမှိုက်သိမ်းမှုစနစ်ကို အဆင့်မြှင့်ရမယ်။လူတွေသုံးနေတာထက် နည်းပညာတွေနဲ့ အစားထိုးသုံးရမယ်"ဟု မြို့ပြစီမံကိန်းပညာရှင် ဦးဝင်းမြင့်က ပြောသည်။

လက်ရှိအစိုးရအနေဖြင့် စတင်လုပ်ဆောင်နေသည့် စီမံကိန်းများမှာ ရန်ကုန်အတွက် မြို့လယ်ဗဟိုပြု စီးပွားရေးအချက်အချာနယ်မြေကို လျှော့ချရန် မရမ်းကုန်းကဲ့သို့မြို့တယ်များတွင် ဒုတိယ စီးပွားရေး အချက်အချာနယ်မြေများတည်ဆောက်ခြင်း၊အထပ်မြင့်ကားပါကင်များတည်ဆောက်ခြင်းအပါအဝင် မြို့၏ ယခင်ရှိပြီးသား အမွေအနှစ်များထိန်းသိမ်းခြင်းနှင့် အစိမ်းရောင်နယ်မြေများဖော်ထုတ်ခြင်းကို စတင်အကောင်အထည်ဖော်နေပြီးဖြစ်ကြောင်းရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြမြေယာ စီမံခန့်ခွဲမှုဌာနမှ ဌာနမှူးဦးတိုးအောင်က ပြောသည်။

ထို့အပြင် မြို့ပြ၏ ရုပ်လုံးကို ပီပြင်စွာထွက်ပေါ်လာရန် ရန်ကုန်မြို့တစ်မြို့လုံးကို အထပ်မြင့်အဆောက်အအုံးများတည်ဆောက်ပါက ဇုန်(၁၁)ဇုန် သတ်မှတ်လိုက်ပြီး ယင်းဇုန်တွင် သတ်မှတ်ထားသည့် အထပ်အရေအတွက်ဖြင့်သာ မြို့တော်ရန်ကုန်တွင် မကြာမီတည်ဆောက်ခွင့်ပြုရန် ပညာရှင်များက ဆွေးနွေးအကြံပြုထားပြီဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

နှစ်ပေါင်းများစွာ ဖရိုဖရဲစီမံခန့်ခွဲမှုများကြားက ရန်ကုန်မြို့ကို အစိုးရသစ်လက်ထက်တွင် အကူအညီအများဆုံးပေးသည့် နိုင်ငံတကာအဖွဲ့အစည်းမှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီပင်ဖြစ်သည်။

စီမံကိန်းများ၏ ဒီဇိုင်းရေးဆွဲပေးခြင်း၊ မြို့တော်ကြီးတစ်ခုလုံး၏ မြို့ပြစီမံကိန်းတစ်ခုလုံးကို ပြုစုပေးခြင်း၊ စစ်တမ်းကောက်ယူခြင်းများအပါအဝင် စီမံကိန်းများစတင်လုပ်ဆောင်ပါက လိုအပ်သည့် ငွေကြေးအချို့ကို ကူညီရန် အစိုးရနှင့် သဘောတူညီမှု ရရှိထားပြီဖြစ်သည်။



ဓာတ်ပုံ – ခင်မောင်ဝင်း/အေပီ

# သံမဏိလူသား၏ နောက်ဆုံးခရီး

**“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးသိက္ခာ၊ လူသားများသိက္ခာတို့ကို မြှင့်တင်ပေးခဲ့သော ဆရာဦးဝင်းတင်ကို ဦးညွှတ်ဂါရဝပြုပါတယ်”**

ပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ပါတီနာယကကွယ်လွန်ခြင်းအတွက် ရေးခဲ့သည့် ဝမ်းနည်းမှတ်တမ်းဖြစ်သည်။

**အိဖြူလွင်**

သံမဏိလူသား၊ မီးငှက်လူသားစသည့် ဂုဏ်ပုဒ်များဖြင့် ဂုဏ်ပြုခြင်းခံရသူဖြစ်ပြီး ရဲရင့်သော စိတ်ဓာတ်ကြောင့် ခေတ်အဆက်ဆက်အာဏာရှင်များ၏ ဖိနှိပ်ခြင်းခံခဲ့ရသူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို စတင်တည်ထောင်ခဲ့သူ ပါတီနာယကဟံသာဝတီဦးဝင်းတင်သည် ကိုယ်တွင်းအင်္ဂါများပျက်စီးသည့်ရောဂါဖြင့် ဧပြီ ၂၁ ရက်နံနက် ၆ နာရီခွဲတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သည်။

မတ်လလယ်ပိုင်းတွင် Green Cross ဆေးရုံ၌ တက်ရောက်ကုသခံယူခဲ့ပြီးနောက် ဝိတိုရိယဆေးရုံကြီးသို့ပို့ကာ ကုသစေခဲ့သည်။ ထို့နောက်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသခံယူခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်ခါနီးရက်ပိုင်းများတွင် သုံးကြိမ်တိတိ ကျောက်ကပ်ဆေး၍ ကုသခြင်းကို ခံနိုင်ရည်ရှိခဲ့သော်လည်း အခြားသော ကိုယ်တွင်းအင်္ဂါများလည်း ထိခိုက်ပျက်စီးနေပြီဖြစ်သောကြောင့် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်တွင်းနေထိုင်ခဲ့ရသည့် (၁၉) နှစ်ကြာတွင် အချိန်အများစုကို တိုက်ပိတ်ခံခဲ့ရသည့် ဟံသာဝတီဦးဝင်းတင်ကို ၂၀၀၈ ခုနှစ်စက်တင်ဘာလတွင်အာဏာပိုင်များက လွှတ်ပေးခဲ့သည်။ ဦးဝင်းတင်က သံတိုင်ကြားမှ ချောင်းကြည့်ခဲ့ရသည့် စကြာဝဠာကို ဘွားခနဲ တွေ့လိုက်ရသော်လည်း အမှန်တကယ်မှာ သံတိုင်များဝိုင်းဝိုင်းလည်နေသည့် စကြာဝဠာသာဖြစ်သည်ဟု မြန်မာ့နိုင်ငံရေးအခြေအနေကို သူ၏ “ဘာလဲဟဲ့လူငရဲ” စာအုပ်တွင် ရေးသားခဲ့သည်။

အိမ်ထောင်မရှိဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် ဘဝတစ်သက်တာတွင် သတင်းစာဆရာ၊ နိုင်ငံရေးသမားတစ်ဦးအဖြစ်သာ နေထိုင်ခဲ့သည့် ဦးဝင်းတင်သည် ထောင်တွင်း၌ ရှိနေစဉ်ပင် နေထိုင်သည့်အိမ်ကို အစိုးရက သိမ်းသွားခဲ့သည့်အတွက် လွတ်မြောက်လာသည့်အချိန်တွင် သတင်းစာသမားဘဝ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းဖြစ်သူ ဦးမောင်မောင်ခင်နှင့်ငယ်သူငယ်ချင်းဖြစ်သူ ဦးအုံးထွန်း၏နေအိမ်တို့တွင် တစ်လှည့်စီနေထိုင်ခဲ့ရသည်။ ကျန်းမာရေးအတွက် တူမဝမ်းကွဲများနှင့် သူငယ်ချင်းဦးအုံးထွန်း၏ မိသားစုများက အနီးကပ်စောင့်ရှောက်ပေးခဲ့ကြခြင်း ဖြစ်သည်။

ဦးဝင်းတင်၏ ကွယ်လွန်ခြင်းကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံရေးပါတီများအားလုံးက ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့က ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံတိုင်ဝက်လွှင့်ထူခဲ့ကြသည်။

ဦးဝင်းတင်အမှတ်တရအောက်မေ့ဖွယ်အခမ်းအနားကို ပြည်လမ်းမရှိ ယုဒသဿန်ခန်းမတွင် စာအုပ်များ၊ အမှတ်တရဓာတ်ပုံများဖြင့် ဧပြီ ၂၃ ရက်ထိ ပြခန်းဖွင့်လှစ်ထားမည်ဖြစ်သည်။

ကြေးမုံသတင်းစာ၏ အယ်ဒီတာအဖွဲ့ဝင်၊ ဟံသာဝတီသတင်းစာ၏ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သော ဦးဝင်းတင်ကွယ်လွန်ခြင်းကို မြန်မာနိုင်ငံ၏ တိုက်ပွဲဝင်နေရဆဲ ဒီမိုကရေစီလှုပ်ရှားမှုအတွက် အကြီးမားဆုံး ဆုံးရှုံးမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတွင်လည်း ရပ်တည်ချက်ပြတ်သားသော ရဲရဲတောက်ခေါင်းဆောင်တစ်ဦးကို ဆုံးရှုံးမှုအဖြစ် နိုင်ငံရေးအသိုင်းအဝန်းက သတ်မှတ်ခဲ့ကြသည်။

**(ဆက်စပ်သတင်းပေးပို့ချက်များ စာ ၁၂၊ ၁၃၊ ၁၄ နှင့် ၂၀)**




LG
Life's Good
"စဉ်အမြဲအေးမယ် ခြင်လည်းပြေးမယ်"
Mosquito Away)))
Air-Conditioner
Mosquito Away စနစ်မှာ အသံလှိုင်း (Ultrasonic Wave) တွေကို ထုတ်ပေးနိုင်တဲ့ အသံပေးစက်တစ်ခု ပါဝင်ပါတယ်။ အကယ်၍ သင်ဟာ Mosquito Away လုပ်ဆောင်ချက်များကို စတင်လိုက်ရင် အသံပေးစက်ကလေးက သာမန်နားနဲ့ မကြားနိုင်တဲ့ 30KHz ကျော်ကြိမ်နှုန်းရှိ အသံလှိုင်းကို ထုတ်ပေးပါတယ်။ ဒီလှိုင်းတွေက လူသားတွေအတွက် လုံးဝ အန္တရာယ် မပေးဘဲ ခြင်များကို မောင်းထုတ်ပေးနိုင်ပါတယ်။
LG ၏ မြင့်မားသော Ultrasonic အသံလှိုင်း စက်ထိန်းကိရိယာလေးဟာ ခြင်ပြဿနာကို အပြီးအပိုင် ဖြေရှင်းပေးပါသည်။
Air Con ကိုဖွင့်လိုက်သော်လည်း ခြင်မောင်းတဲ့ ခလုတ်ကို ဖွင့်ထားပြီး ခြင်များကို မောင်းထုတ်နိုင်ပါသည်။
AVS
Auto Voltage Switcher
Air-Conditioner
"မီးအားအတက်အကျ ခံနိုင်၍ Safeguard မလိုတဲ့ LG လေအေးပေးစက်"
HS-C096 W4Q2 (1HP)
HS-C126 B4Q1 (1.5HP)
AVS
WR WORLD RECORD LG Electronics
Durability 5 years warranty Compressor Protection
Convenience AUTO RESTART Continuous Airflow & Auto Restart
Design Better interior design for your home
TMW Enterprise Limited
***** Safe Guard အပိုလွန်ကဲခြင်းကြောင့် ဖြစ်တတ်သော မီးဘေးအန္တရာယ်မှ ကင်းရှင်းသည်။ *****
Yadanarpon Diamond Plaza
New Brand Shop (27 x 82 St.,)
LG Service Call Center

# Life
7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014


**အေးမွန်ရာပြည့်**

# တစ်နှစ်ချွေးနဲ့စာ ပိုးချိတ်လုံချည်

ပိုးစစ်ကြိုးကြီးချိတ်လုံချည်များက အစိုးရ၏ခမ်းနားထူးခြားသောပွဲများ၏ အဆင်တန်ဆာဖြစ်သည်။ ထို့အတူ သာမန်ပြည်သူများ၏ ခမ်းနားသောအလှူမင်္ဂလာညှော်ခံပွဲများတွင်လည်း ပိုးချိတ်လုံချည်များက မပါမဖြစ် ပါဝင်နေသည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံမှ နိုင်ငံသားများ အမြတ်တနိုး ဝတ်ဆင်သည့် ထိုချိတ်ဆင် တစ်ထည်လျှင်အမြင့်ဆုံးတန်ဖိုးမှာ အခြေခံလူတန်းစားတစ်ဦး၏ တစ်နှစ်စာဝင်ငွေထက်ပင် ပိုနေသည်။

ရွှေတစ်ကျပ်သား ၁၂၅ ကျပ်ခေတ်ကတည်းကပင် တစ်ထည်လျှင်ငွေငါးရာအထိတန်ဖိုးရှိခဲ့ပြီး လက်ရှိအချိန်တွင်လည်း ငွေကြေးတတ်နိုင်သူများအကြားတွင် ဂုဏ်တစ်ခုအဖြစ် အထူးတလည်ဝတ်ဆင်နေကြဆဲဖြစ်သည်။



ပိုးချိတ်လုံချည်ရက်နေသည့် ရက်ကန်းသမလေးများ

ဓာတ်ပုံ – ညီညီဇော်

လက်ရှိတွင် ပိုးစစ်ကြိုးကြီးချိတ်လုံချည်တစ်ကွင်းလျှင်အနည်းဆုံးငွေကျပ်သုံးသိန်းခန့်မှ အများဆုံးငွေကျပ်ဆယ့်ရှစ်သိန်းကျော်ထိ တန်ဖိုးရှိနေသည်။ ပိုးထည်လုံချည်တစ်ကွင်းလျှင် ရွှေနှစ်ကျပ်သားဝန်းကျင်ခန့်အထိ တန်ဖိုးရှိနေသော်လည်း မြန်မာ အမျိုးသမီးအရွယ်ကြီးငယ်မရွေး အလှူမင်္ဂလာညှော်ခံပွဲများတွင်အမြတ်တနိုးဝယ်ယူဝတ်ဆင်ကြသည်။ တန်ဖိုးကြီးလွန်းလှသဖြင့်အချို့ကလည်းဂုဏ်ချင်းယှဉ်ပြိုင်ပြီး ဝတ်ဆင်လာကြသည်။

အမရပူရခေတ်၊ ဘကြီးတော်ဘုရားလက်ထက်ကတည်းက စတင်ရက်လုပ်ဝတ်ဆင်ခဲ့ကြပြီး မင်းတုန်းမင်း၊ သီပေါမင်းတို့ကိုယ်တိုင် အမြတ်တနိုးဝတ်ဆင်ခဲ့ကြဖူးသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ဦးနေဝင်း၊ ဦးသန်းရွှေအစိုးရခေတ်များမှစပြီး ယနေ့ ဦးသိန်းစိန်အစိုးရလက်ထက်အထိလည်းအကြီးအကဲပိုင်းတာဝန်ရှိသူများဝတ်ဆင်နေကြဆဲဖြစ်သည်။ ၎င်းတို့အစဉ်အဆက်ဝတ်ဆင်ခဲ့ကြသည်မှာ အမရပူရမြို့မှ ပိုးထည်ကြိုးကြီးချိတ်လုံချည်များပင်ဖြစ်သည်။

“ဒီနောက်ပိုင်းမှာ အုပ်ချုပ်သူတွေကိုယ်တိုင်က ဝတ်ပြတော့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေကပါ ပွဲတစ်ခုခုဆို ချိတ်ကိုဝတ်လာကြတယ်။ **စာမျက်နှာ (၆)သို့**



7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

စာမျက်နှာ (၅)မှ

## တစ်နှစ်ချေးနဲ့စာ ပိုးချိတ်လုံချည်

အရင်ကထက် ဒီဘက် ခေတ်မှာ ချိတ်အပေါ်စိတ်ဝင်စားမှုတွေ ပိုများလာကြတယ်”ဟု အမရပူရမြို့ရှိ သိင်္ဂီရွှေဝါပိုးထည်တိုက်ပိုင်ရှင် ဦးသောင်းညွန့်ကပြောသည်။

ဘကြီးတော်ဘုရား လက်ထက်တွင် မဏိပူရပြည်နယ်ရှိ ကသည်းလူမျိုးများအား အမရပူရသို့ခေါ်ဆောင်ကာ ရက်ကန်းပညာရပ်များကိုသင်ကြားစေခဲ့ရာမှ ရက်ကန်းဖြင့်ရက်လုပ်သည့် ချိတ်ထည်များအစပြုခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အမရပူရအပြင် မန္တလေးမြို့ရှိ နန်းရှေ့ရပ်နှင့် စစ်ကိုင်းမြို့များတွင်လည်း ရက်လုပ်လျက်ရှိနေကြောင်း အမရပူရမြို့ရှိ ရက်ကန်းရက်လုပ်သူများထံမှ သိရသည်။ ယခင်ကပတ်လည်ချိတ်သီးသန့်အထည်များကိုသာ စိတ်ဝင်စားမှုများခဲ့သော်လည်း ယနေ့ခေတ်တွင်မူ တစောင်းချိတ်များ၊ ဒေါင်လိုက်ချိတ်များအဖြစ်ပါဒီဇိုင်းများ စမ်းသပ်တီထွင်ပြီး ဝတ်ဆင်လာကြသည်။ ချိတ်ထည်များပေါ်တွင် ရွှေဆေး၊ ငွေဆေးများ ပြန်လည် ရေးခြယ်ခြင်း၊ စိန်ကပ်ခြင်းများဖြင့်လည်း အရောင်တင်ဝတ်ဆင်သူ များရှိလာသည်။

ပိုးထည်ချိတ်လုံချည်များကို လှပပြီးဂန္ထဝင်ဆန်သော ရိုးရာအထည်များအဖြစ် ကမ္ဘာသိအောင် မိတ်ဆက်ပေးသူကတော့ ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။

“ဒေါ်စုအကျယ်ချုပ်ကလွတ်ပြီး နိုင်ငံတကာလှည့်သွားတဲ့အခါ သူဝတ်တာကို မြန်မာတွေတင်မဟုတ်ဘူး။ နိုင်ငံခြားသားတွေပါကြိုက်ကြတယ်။ဒေါ်စုအဆင်ဆိုတာမျိုးတောင်မေးရှာဝယ်ဝတ်ကြတယ်”ဟုရန်ကုန်မြို့ခံအမျိုးသမီးတစ်ဦးကပြောသည်။

ရက်ကန်းစင်ပေါ်မှ ပူပူနွေးနွေးချလာသည့် ချိတ်အဆင်သီးသန့် အထည်တစ်ထည်၏ တန်ဖိုးမှာ အနည်းဆုံးငွေကျပ် တစ်သိန်းခွဲမှ ခြောက်သိန်းကြား အထိသာရှိသော်လည်း ယင်းအထည်များ ဒီဇိုင်းပြန်လည်ဖော်သည့်အပေါ်မူတည်ပြီး ဈေးနှုန်းကွာဟမှုများရှိသွားရခြင်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဝတ်အစားတစ်ခုအဖြစ် ရက်လုပ်ဝတ်ဆင်နေကြသော်လည်း ပိုးစစ်ချိတ်လုံချည်တစ်ထည်ဖြစ်ရန် ကုန်ကြမ်းများအားလုံး ကို ပြည်ပနိုင်ငံများမှ မှာယူကြရခြင်းဖြစ်သည်။ ပိုးမျှင်ကို တရုတ်ပြည်မှ အဓိကထားဝယ်ယူပြီး အထည်ပေါ်တွင် ပြန်လည်ဒီဇိုင်းဖော်ရာ၌ အသုံးပြုသည့် ရွှေဆေး၊ ငွေဆေးများကိုတော့ အမေရိက၊ အိန္ဒိယ၊ တရုတ်ပြည်တို့မှ အသီးသီးမှာယူကြသည်။ စိန်ကပ်ရန်အတွက် ကုန်ကြမ်းကိုမူ ယိုးဒယားမှအများဆုံးမှာယူကြရသည်။

ထိုကဲ့သို့ အရပ်ရပ်မှ ကုန်ကြမ်းများရရှိပြီးသည့်အခါ အမရပူရမြို့မှ ရက်ကန်းပညာတတ်မြောက်ပြီးဖြစ်သည့် ရက်ကန်းသမများ၏ အနုအလှလက်ရာများဖြင့် ပြီးပြည့်စုံသည့် ကြိုးကြီးချိတ်လုံချည်တစ်ကွင်းကိုရရှိသည်။

ယနေ့ခေတ်ဒီဇိုင်းဖြင့် ပြင်ဆင်ထားသည့် ချိတ်လုံချည်တစ်ကွင်းဖြစ်ရန် အနည်းဆုံးအဆင့်လေးဆင့်ကို ကျော်ဖြတ်ရသည်။ ပိုးမျှင်များဖြင့် ပိုးထည်ပြောင်ချောသီးသန့်ရက်လုပ်ရသည့်အဆင့်၊

**စာမျက်နှာ (၇)သို့**




## ဆီးသီးခြောက် သနပ်ရွက်ချဉ်ဟင်း

ဒီတစ်ပတ်တော့ အညာအရေသောက်ဟင်းလေးတစ်ခွက် ချက်ထားပါတယ်။

ဆီးသီးခြောက် ၁၅ လုံး၊ သနပ်ရွက်၊ ကိုင်းခရမ်းချဉ်သီး ငါးလုံး၊ ငါးခူတစ်ကောင်ပဲလိုပါတယ်။

ငါးခူကို အနေတော်တုံးပြီး နနွင်းလေးနဲ့ ဆီသတ်ပြီး သတ်သတ်ဖယ်ထားပါ။ ရေစိမ်ထားတဲ့ ဆီးသီးခြောက်တွေကို အသားနွှင်ပြီး အစေ့ရော၊အသားပါထည့်ပါ။ ကိုင်းခရမ်းချဉ်သီး ငါးလုံးကို ညှစ်ထားပါမယ်။ ကြက်သွန်ဖြူနီ ထောင်းထားတာထည့်ပါ။ ငါးပိစိမ်းစား လက်တစ်သစ်၊ သနပ်ရွက်တွေ ရောထည့်ပြီး အုပ်ထားပါ။ အရွက်နွမ်းပြီး အချဉ်ဓာတ်ထွက်လာတဲ့အခါ ဆီသတ်ထားတဲ့ ငါးကိုထည့်ပြီး ဆူပြီးသား ရေနွေးကိုထည့်ပါမယ်။ ဟင်းခတ်မှုန့်နဲ့ ဆားနည်းနည်းကို အရသာအနေတော်ထည့်ပြီး နှစ်မိနစ်လောက် ဆက်တည်ထားပြီးချလို့ရပါပြီ။






စာမျက်နှာ (၆)မှ

# တစ်နှစ်ချွေးနဲ့စာ ပိုးချိတ်လုံချည်

ယင်းအထည်ပေါ်တွင်ချိတ်အဆင်များပေါ်လာစေရန် ရက်ကန်းခတ်ရသည့်အဆင့်၊ ယင်းအထည်ပေါ်တွင် ရွှေဆေး၊ ငွေဆေးပြန်လည်ရေးခြယ်ရသည့်အဆင့်၊ ပြီးသည့်အခါ နောက်ဆုံး သာမန်ရိုးရှင်းသည့်ဒီဇိုင်းနှင့် ချိတ်လုံချည်တစ်ထည်ကို တောက်လျှောက်ရက်လုပ်ပါက ဆယ်ရက်ခန့်သာ အချိန်ယူသော်လည်း လက်ရာအနုစိတ်လွန်းသည့် ချိတ်ထည်များမှာမူ တစ်လခွဲ၊ နှစ်လနီးပါးခန့် ရက်လုပ်ရသည်။

ချိတ်ထည်ကို ဒီဇိုင်းများဖြင့်တီထွင်၍ ဝတ်ဆင်နေကြသော်လည်း ရေရှည်တွင် ချိတ်အဆင်သီးသန့်ကသာ လူအများ၏အာရုံတွင် ပိုမိုစွဲမက် ထင်ကျန်စေကြောင်း အမရပူရမြို့ရှိ သိင်္ဂီရွှေဝါ ပိုးထည်တိုက်ပိုင်ရှင်ဦးသောင်းညွန့်ကပြောသည်။

"ဒီဇိုင်းတွေက ဘယ်လောက်ဆန်းဆန်း၊ ပေါ်ပင်ပဲ။ နောက်ဆုံးမှာ ဒီချိတ်တွေကိုပဲ ပြန်ရောက်လာကြတာ။ ခေတ်အရတော့ ဒီဇိုင်းဆန်းတွေကိုတော့ထုတ်ထားရတာပေါ့။ ပတ်လည်ချိတ်ကိုပဲ အဓိကထားတယ်"ဟုဦးသောင်းညွန့်ကပြောသည်။

ပိုးထည်တိုက် နာမည်ကြီးလှူင်ကြီးသလို ဒီဇိုင်းကွာခြားမှု၊ ဈေးနှုန်းကွာခြားမှုများရှိနေသည်။ နိုင်ငံတော် အကြီးအကဲများ၏ ဇနီးများအပြင် နာမည်ကြီးသရုပ်ဆောင်များ၏ ဝတ်ဆင်မှုများအပေါ် သဘောကျပြီး ၎င်းတို့ဝယ်ယူသည့်ပိုးထည်တိုက်များထံသို့ လိုက်လံဝယ်ယူကြသူများလည်းရှိသည်။ ပိုးထည်တိုက်တစ်တိုက်မှ ကြိုးကြိုးချိတ်ပိုးထည်များ အသစ်ထွက်ရှိသည့်အခါတိုင်း အနုပညာရှင်များအား လက်ဆောင်ပေးပြီး ဝတ်ဆင်စေခြင်းဖြင့် ပိုးထည်တိုက်၏ နာမည်ကို မြှင့်တင်လေ့ရှိကြောင်း ဒီဇိုင်နာမပုံ့ကပြောသည်။

အချို့ ပိုက်ဆံရှိသူများကလည်း ပွဲလမ်းသဘင်တစ်ခုတက်ရောက်ရန်အတွက် ငွေကျပ်သိန်းပေါင်းများစွာအကုန်အကျခံကာ ပိုးထည်များဝယ်ယူပြီး ချုပ်ထည်လာအပ်လေ့ရှိသည်။ အများစုမှာ အနုပညာရှင်အသိုင်းအဝိုင်းနှင့် အစိုးရပိုင်းအကြီးအကဲများ၏ မိသားစုဝင်များပါဝင်ကြောင်း ဒီဇိုင်နာ မမဥ္ဇူကပြောသည်။

အချို့က ပိုးထည်ရက်လုပ်ရာတွင် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် ရေယွန်(ခေါ်)နာနတ်လျှော်ကိုလည်း ပိုးအစားထိုးအဖြစ် အသုံးပြုကြသည်။ နာနတ်လျှော်မှာ ပိုးအစစ်ထက် သိပ်သည်းဆပိုများပြီး အရောင်ပိုမိုတောက်ပသည်။ ပိုးစစ်ချိတ်လုံချည်တစ်ထည်၏ အလေးချိန်မှာ နှစ်ဆယ် ကျပ်သားခန့်ရှိမည်ဆိုပါက နာနတ်လျှော်နှင့် ရက်လုပ်ထားသည့်အထည်မှာ နှစ်ဆယ့်ငါးကျပ်သားခန့်အလေးချိန်ရှိသည်။

ယင်းကဲ့သို့ နာနတ်လျှော်နှင့် ရက်လုပ်ထားခြင်းဟုတ်၊ မဟုတ်ကိုမူ ပိုးထည်အစစ်ဝတ်နေကျသူများမှသာ ခွဲခြားနိုင်ပြီး တစ်ခါတလေပိုးထည်ဝတ်ဆင်သူများကမူ ခွဲခြားနိုင်မည်မဟုတ်ပေ။

ပိုးနှင့်ချည်ရော၍ရက်လုပ်ထားသည့် ပြောင်ချောထည်ပေါ်တွင် ချိတ်အဆင်များ ပန်းချီရေးဆွဲထားသည့်အထည်များကိုငွေကျပ်သောင်းဂဏန်းကျော်ရုံဖြင့် ပိုးထည်တိုက်များတွင် ဝယ်ယူ ရရှိနိုင်သည်။ ငွေကြေးများစွာ မတတ်နိုင်သူများ၏မင်္ဂလာဆောင်တွင် ဝတ်ဆင်ရန်အတွက်လည်း ယင်းကဲ့သို့ဆေးရေးချိတ်ထည်များကို ပိုးထည်တိုက်များတွင် တင်ထားကြသည်။

"မင်္ဂလာဆောင်တဲ့သူတိုင်းက ချိတ်ကိုပဲ တန်ဖိုးထားပြီး ဝတ်ချင်ကြတာ။ ငွေတအားမတတ်နိုင်တဲ့သူတွေအတွက်လည်း ဆေးနဲ့ရေးထားတဲ့ ချိတ်ထည်တွေကို ထားပေးထားရတယ်။ အဲဒီလို အထည်တွေက တစ်ထည်ကို ကျပ်ခြောက်သောင်းလောက်က စရှိတယ်"ဟု သိင်္ဂီရွှေဝါပိုးထည်တိုက်မှ ဦးသောင်းညွန့်ကပြောသည်။ ပိုးအစစ်ကြိုးကြိုးချိတ်တစ်ထည်ပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများ၊ လုပ်အားခများ၊ ဉာဏ်ပညာများကို ရက်ပေါင်းများစွာ လချီမြှုပ်နှံထားရသော်လည်း အထည်တိုင်းအတွက် ရင်းနှီးမြှုပ်နှံထားရသည့်ငွေမှာ ပြန်မရတတ်ပေ။ ငွေအား၊ လူအား၊ အချိန်များစွာ ရင်းနှီးထားရသည့်ချိတ်တစ်ထည်ကို ဝယ်ယူသူ မကြိုက်သည့်အခါမျိုးလည်း ရှိနိုင်သည်။ ထို့ကြောင့် ကုန်ကျစရိတ်များပြန်ကာမိစေရန် ချိတ်လုံချည်တစ်ထည်ချင်းအတွက် အမြတ်ငွေလေးပုံတစ်ပုံခန့်တင်ထားရကြောင်း အမရပူရမြို့ရှိ ပိုးထည်တိုက်အချို့ထံမှ စုံစမ်းသိရသည်။

ပိုးထည်တိုက်များ၏ နာမည်ကျော်ကြားမှုများအပေါ် မူတည်၍ ပြန်ရောင်းသည့်ပိုးထည်ဆိုင်များက ကြိုးကြိုးချိတ်တစ်ထည်ချင်းစီ၏ဈေးနှုန်းများကို နှစ်ဆ၊ သုံးဆခန့်တင်၍ ရောင်းချနေကြသူများလည်းရှိနေသည်ဟုအသက် (၂၉) နှစ်အရွယ်ရှိ အမရပူရမြို့ခံ အမျိုးသားတစ်ဦးကပြောသည်။

ကျပ်သိန်းပေါင်း ဆယ်ချီတန်ဖိုးရှိသည့် ပိုးအစစ်ချိတ်ထည်များကို ကိုယ်တိုက်ရက်လုပ်ခဲ့ကြရသည့် ရက်ကန်းခတ်သူ မြန်မာအမျိုးသမီးများ ကိုယ်တိုင်ကမူ ဝယ်ယူဝတ်ဆင်ရန် အင်အားမရှိပေ။ တန်ဖိုးမြင့်မားသည့်၎င်းတို့ကိုယ်တိုင် ရက်ပေါင်းများစွာ ခက်ခက်ခဲခဲ လူရော၊ စိတ်ပါ မနားမနေ အလုပ်လုပ်ပြီးမှထွက်ရှိလာသည့် ယင်းချိတ်ထည်များကို မဝတ်ရက်ဟု ရက်ကန်းခတ်ခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုလုပ်သူ မခက်ခက်ကပြောသည်။

"ဝတ်တော့ဝတ်ချင်တာပေါ့။ ဒါပေမဲ့ ကိုယ်တိုင်ရက်ထားရတာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ သိနေတော့ တကယ်ဝတ်ဆိုရင် မဝတ်ရက်တော့ဘူး။ ဒီလောက်တန်ဖိုးရှိတာကြီးတွေကို ဝယ်ဝတ်ဖို့တတ်လည်းမတတ်နိုင်ပါဘူး"ဟု ရက်ကန်းစင်တွင် လွန်းငယ်လေးများနှင့်အလုပ်ရှုပ်နေရင်း မခက်ခက်ကပြောသည်။

အမရပူရမြို့ခံ မခက်ခက်မှာ အသက် (၁၃)နှစ်အရွယ်ကတည်းက ရက်ကန်းရက်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း ဖြစ်ပြီး လက်ရှိအချိန်တွင် လုပ်သက်နှစ် ၂၀ ကျော်ပြီဖြစ်သည်။ ယင်းသက်တမ်း ၂၀ အတွင်း မခက်ခက်ရက်လုပ်ခဲ့သည့် တန်ဖိုးကြီးချိတ်အထည်များမှာ မရေမတွက်နိုင်ရှိခဲ့သော်လည်း ယနေ့အချိန်ထိ တစ်ထည်မှမဝတ်ဖူးသေးပါ။



7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014



ရခိုင်ပြည်နယ်ရှိ နေအိမ်နှစ်အိမ်မှကလေးငယ်သုံးဦးကိုတွေ့ ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# မရောင်သည့်နေပြည်တော် ဆီမလူးသင့်ပါ

**အောင်သူရ**

သမ္မတဦးသိန်းစိန်လက်မှတ်ရေးထိုးပြဋ္ဌာန်းလိုက်သည့် ၂၀၁၄–၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ပတ်သက်၍ ဝေဖန်မှုများရှိခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ဖြစ်သည်။ သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည့် ဥပဒေတွင် ရခိုင်ပြည်နယ်၌ ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန် ဟုပါရှိသည်။ သို့သော်နေပြည်တော်ကောင်စီနယ်မြေအတွက်မူ ၂၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် လုပ်ဆောင်မည်ဟု ဖော်ပြထားသည်။ ရှမ်းပြည်နယ် တွင် ၅ ရာခိုင်နှုန်းတိုးတက်ရန်နှင့် ကချင်ပြည်နယ်တွင် ၂ ရာခိုင်နှုန်း တိုးတက်ရန်တို့ဖြစ်သည်။

ရခိုင်ပြည်နယ်သည် လူဦးရေ ၂ သန်းခွဲကျော်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၄၀၀၀ ကျော် ကျယ်ဝန်းသည်။ နေပြည်တော် လူဦးရေ၏ နှစ်ဆကျော်ရှိပြီး အကျယ်အဝန်းမှာ နေပြည်တော်ထက် ငါးဆကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်မှာ ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများသည့်လည်း ဆင်းရဲမွဲတေမှု၏အကျိုးဆက်များဖြစ်လေသည်။

ထို့ကြောင့် ဆင်းရဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေသော ရခိုင်ပြည်နယ် အပါအဝင် အခြားပြည်နယ်များထက် နေပြည်တော်ကို ဦးစားပေးထားသည့် ယခုဘဏ္ဍာနှစ်အတွက် စီမံကိန်းဥပဒေကို ဝေဖန်ကြခြင်းဖြစ်သည်။

ယင်းဥပဒေမှာ နှစ်စဉ်ထုတ်ပြန်ခြင်းဖြစ်သော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိဘဲ ယခုနှစ်တွင်မှအသေးစိတ်အချက်အလက်များပါဝင်လာခြင်းဖြစ်သည်။

"နိုင်ငံခေါင်းဆောင်တွေရဲ့ အမြော်အမြင်ကြီးမှုနဲ့ စေတနာအပေါ်မှာ မူတည်ပါတယ်။ ရေများတဲ့နေရာမိုးရွာပြီး ခြောက်သွေ့တဲ့နေရာမီးလောင်နေရင် ဒီတိုင်းပြည်ငြိမ်းချမ်းမှာမဟုတ်ဘူး"ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ မြေပုံမြို့နယ်ပြည်သူ့လွှတ်တော်အမတ်ဦးဖေသန်းက ပြောသည်။

"ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ ဇာစ်မြစ်များထဲတွင် လူမှုစီးပွားအထွေထွေနိမ့်ကျမှုများစတဲ့ အချက်တွေကို လျစ်လျူရှုပြီး ရခိုင်တိုင်းရင်းသားများနဲ့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ လူ့အဖွဲ့အစည်းနှစ်ခုရဲ့ ပဋိပက္ခကို ဗုဒ္ဓဘာသာများနဲ့ မွတ်စလင်များကြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခအဖြစ်ကျဉ်းမြောင်းတဲ့အမြင်နဲ့ လွဲမှားပုံဖော်နေခြင်း၊ ရှုမြင်နေခြင်းဟာ ကြုံတွေ့နေရတဲ့ ပြဿနာများကိုဖြေရှင်းရန် ပိုမိုခက်ခဲစေပါတယ်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းရေးကော်မရှင် အစီရင်ခံစာနှင့် ပတ်သက်၍ ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆင်းရဲမွဲတေမှုလျှော့ချရေး ကြွေးကြော်နေသော အရပ်သားအစိုးရလက်ထက်တွင် စီမံကိန်းအများစုမှာ နေပြည်တော်ဒေသ၌ ဗဟိုပြုလုပ်ကိုင်နေသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်လာကြောင်း နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

ရခိုင်ပြည်နယ်မှာ အခြေခံအဆောက်အအုံများချွတ်ခြုံကျနေခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းလည်း နိမ့်ကျလျက်ရှိသည်။

ရှည်လျားသောကမ်းရိုးတန်းများနှင့် အခြားသော သဘာဝသယံဇာတများရှိသော်လည်း အစိုးရအဆက်ဆက် ရခိုင်ပြည်နယ်ကို လျစ်လျူရှုထားခဲ့ခြင်းနှင့် တပ်မတော်အစိုးရလက်ထက်စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းတို့ကြောင့် ရခိုင်ပြည်နယ်မှာ မြန်မာနိုင်ငံ၏ ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ကာ ပြည်ပနိုင်ငံမှ တရားမဝင်လာရောက်နေထိုင်မှုများရှိခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်းကြောင့် ၁၉၉၆ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသား လူငယ်လူရွယ်များက ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြသည်။ နိုင်ငံခြားသို့မသွားရောက်နိုင်သူများကလည်း ရန်ကုန်နှင့် ကချင်ပြည်နယ်ဖားကန့်ဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ကြသည်။

ထိုအခြေအနေများကြောင့် အချို့သော ကျေးရွာများတွင် နာရေးကိစ္စများ၌ အမျိုးသားများမရှိတော့သဖြင့် အမျိုးသမီးများက ဆောင်ရွက်နေကြကြောင်း ရခိုင်အမျိုးသားကွန်ရက်ဥက္ကဋ္ဌ ကိုတင်ထူးအောင်ကဆိုသည်။

ရခိုင်ပြည်နယ်သည် ရှည်လျားသော ကမ်းရိုးတန်းကို အခြေပြု၍ ဒေသခံအများစုမှာ ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ဆားချက်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများလုပ်ကိုင်ခဲ့ကြသည်။ သို့သော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ စီးပွားရေးလုပ်ငန်းများ မတည်မငြိမ်ဖြစ်ခြင်းတို့ကြောင့် ထိုလုပ်ငန်းများမှာလည်း တစ်နေ့တခြား အခြေအနေမကောင်း ဖြစ်လာခဲ့ရသည်။

ထို့အပြင် ၂၀၀၇ခုနှစ်ဖြစ်ပေါ်ခဲ့သောရွှေဝါရောင်တော်လှန်ရေးနှင့် ၂၀၀၈ ခုနှစ်ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းတို့ကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသည်ဝင်ရောက်မှုကျဆင်းခြင်းနှင့်ရခိုင်ပြည်နယ်ငပလီကမ်းခြေနှင့် မြောက်ဦးမြို့များသို့ ဝင်ရောက်မှုမှာလည်း သိသိသာသာကျဆင်းခဲ့သည်။

ထိုအခြေအနေကို ဘီးတပ်ပေးလိုက်သည်က ၂၀၁၀ တွင် တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းဖြစ်သည်။ ထိုမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ လယ်မြေများနှင့် ဆားလုပ်ငန်းများပျက်စီးကာ ရခိုင်ပြည်နယ်ရှိ လူငယ်လူရွယ်များက ရခိုင်ပြည်နယ်သို့ စွန့်ခွာမှုပိုများလာခဲ့သည်။

ပြည်ပနိုင်ငံသို့မသွားရောက်နိုင်သူများလည်း တပ်မတော်ထဲဝင်ခဲ့ကြသည်။ ဘွဲ့ရလူငယ်အချို့ကျောင်းဆရာအလုပ်လုပ်ကိုင်ကြသည်။

ဖွံ့ဖြိုးရေးများဆောင်ရွက်ရာတွင် လူဦးရေအရေအတွက်ကိုကြည့်၍ ဆောင်ရွက်ရခြင်းဖြစ်ပြီး အခြေခံအဆောက်အအုံကွာဟချက်သည် စီးပွားရေးတိုးတက်မှုကွာဟချက်ကို သက်ရောက်စေမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ဦးသန့်စိုးကပြောသည်။

သို့သော်ဦးသိန်းစိန်ဦးဆောင်သော အစိုးရလက်ထက်တွင်မူ ရခိုင်ပြည်နယ်စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ကျောက်ဖြူမြို့နယ်တွင်လည်း အထူးစီးပွားရေးဇုန်တည်ဆောက်ခြင်းအား အကောင်အထည်ဖော်လျက်ရှိသည်။

သမ္မတဦးသိန်းစိန်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင်လည်း စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းမှာ အဓိကလုပ်ငန်းဖြစ်သဖြင့် တစ်သီးအစားနှစ်သီးအထိစိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ၏ ရခိုင်ပြည်နယ်

စာမျက်နှာ ၁၂ »

Sputnik SPN TRAINING & SERVICE CENTER
မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း
နည်းပညာ နှင့် မိုဘိုင်းဖုန်း ပြုပြင်ခြင်း ပညာကို စိတ်ပါဝင်စား လိုသူများ
အရင်းအနှီး အနည်းငယ်ဖြင့် တပိုင်တနိုင် ကိုယ်ပိုင်စီးပွားရေး ထူထောင်လို သူများ
မြန်မာနိုင်ငံ ရှိမြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလိုသူများ
မိုဘိုင်းဖုန်း ပြုပြင်ခြင်း အားအခြေခံ မရှိသော်လည်း ကျွမ်းကျင်သည် အထိ မတတ်မချင်း သင်ကြား လေ့ကျင့်လိုသူများ
လက်ရှိ လူသုံးများလျှက် ရှိသော Model စုံ ဟန်းဆက်များ ပြုပြင်နည်းကို လက်တွေ့ကျကျ သင်ယူလိုသူများအား
ကိုယ်ပိုင်ဆိုင် ဖွင့်နိုင်သည် အထိ လုပ်ငန်းခွင် ဝင်နိုင်သည်အထိ သင်တန်း ၏ကူညီ ထောက်ပံ့ မှုကို ရရှိမည် ဖြစ်ပါသည်
နှစ်သစ်ကူးအခါသမယ အထူး အစီအစဉ်အနေဖြင့် ၂၉.၄.၂၀၁၄ ရက်နေ့ နှင့် ၅.၅.၂၀၁၄ ရက်နေ့တို့တွင်ဖွင့်မည့် Software & Hardware တန်းခွဲအသစ်များကို 20% Discount ဖြင့် ဖွင့်လှစ်မည် ဖြစ် ပါသည်၊
29.4.2014
5.5.2014
တန်းခွဲအသစ်များဖွင့်ပါမည်
အမှတ်(၅)ဘီ၄၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ကမာရွတ်မြို့နယ် ၊ရန်ကုန်မြို့၊ ဖုန်း– ၀၉၄၄ ၈၀၀ ၂၉ ၃၃၊၀၉ ၂၅၀ ၅၅ ၇၇ ၁၇

# Health

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Vol.13, No.7 ▪ APRIL 23 , 2014


## အရှေ့အလယ်ပိုင်းတွင် လုပ်ကိုင်နေသော ဖိလစ်ပိုင်လုပ်သားများ မားစ်ဗိုင်းရပ်စ်ကူးစက်ခံရနိုင်၍ ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်




*မနီလာလေဆိပ် ခရီးသည်များဆိုက်ရောက်နေရာတွင် မားစ်ဗိုင်းရပ်စ်ကူးစက်မှု အသိပေးထားသော ကြေငြာစာရွက်နှင့် ခရီးသည်အချို့ကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်* Photo : AP

**မနီလာ၊ ဧပြီ-၁၉**

ဖိလစ်ပိုင်အစိုးရသည် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ အလုပ်လုပ်နေသော ဖိလစ်ပိုင်လုပ်သားများထံတွင် ထိုဒေသ၌ ပျံ့နှံ့နေသော မားစ်ရောဂါပိုး ကူးစက်ခံရနိုင်သည့် အလားအလာရှိနေ၍ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

“ဒေသခံရပ်ရွာအသိုင်းအဝိုင်းတွေမှာရှိတဲ့လူတွေ၊ မိသားစုတွေအနေနဲ့ မားစ်ဗိုင်းရပ်စ်အကြောင်း သိနားလည်ဖို့ အရေးကြီးပါတယ်” ဟု ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး အင်းနရစ်အိုနာက ပြောသည်။ ဧပြီ၁၅ရက်တွင်ယူအေအီးမှ ပြန်ရောက်လာသော ဖိလစ်ပိုင်လုပ်သားတစ်ဦးမှာလည်းမားစ်ရောဂါပိုးကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဌာနက ပြောသည်။

ကျန်းမာရေးအာဏာပိုင်များသည် အီတီဟတ်လေကြောင်းဖြင့် ယူအေအီးမှ ဖိလစ်ပိုင်သို့ ရောက်လာသော နိုင်ငံခြားသား ၄၅ ဦးအပါအဝင် ခရီးသည် ၄၁၈ ဦးကို ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်း ရှိ၊ မရှိ စောင့်ကြည့်နေကြောင်း ဆိုသည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ပြန်လာသော ခရီးသည် ၁၁၉ ဦးကို ဖိလစ်ပိုင်ကျန်းမာရေးဌာနက စစ်ဆေးထားပြီး လူ ၄၀ ခန့်မှာ ရောဂါကင်းစင်ကြောင်း စစ်ဆေးပြီးသွားပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီး အိုနိုက မားစ်ဗိုင်းရပ်စ်ပျံ့နှံ့မှုအန္တရာယ်ကို သတိပေးထားကြောင်း၊ သမ္မတအကွီနိုကလည်း ပြည်သူများကြားတွင် ရောဂါကူးစက်မှုများကို ကာကွယ်နိုင်ရန် အမြင့်ဆုံးသတိပေးမှုများလုပ်ရန် ကျန်းမာရေးဌာနကို တိုက်တွန်းထားကြောင်း ဆိုသည်။

ဖိလစ်ပိုင်တွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူ ဦးရေမှာ ၁၀ သန်းခန့်ရှိပြီး ယင်းမှ အများစုမှာ ဆော်ဒီ၊ ယူအေအီးစသည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများတွင်ဖြစ်သည်။

—*Ref: AFP*

## သကြၤန်ပြီးနောက် ကာလသားရောဂါဖြစ်သော လူငယ်များလာဟုဆို

**ယမင်း**

**ရန်ကုန်၊ ဧပြီ-၁၉**

သကြၤန်ကာလပြီးနောက် လူငယ်များတွင် ဆီးပူညောင်းကျ ရောဂါ (ကာလသားရောဂါ) အဖြစ်များလာကြောင်း ရန်ကုန်မြို့တွင်းရှိ ဆေးခန်းအချို့မှသတင်းရရှိသည်။

“နေ့တိုင်းဆေးခန်းကိုလာတဲ့ လူနာ ၂၀ ကျော်လောက်မှာ ဆီးပူညောင်းကျဖြစ်တဲ့ သူက သုံး၊ လေးယောက်လောက်ပါတယ်။ ဘာလို့ဆို သကြၤန်တွင်းမှာ အုပ်စုလိုက် အကာအကွယ်မယူဘဲနဲ့ လိင်ကိစ္စပျော်ပါးတာတွေကြောင့် တစ်ယောက်နဲ့ တစ်ယောက်ကူးစက်ပြီး ဖြစ်ကြတာပါ”ဟု အလုံမြို့နယ်၊ ဝင်းဆေးခန်းမှ ဒေါက်တာမြင့်ဦးကပြောသည်။

ရောဂါလက္ခဏာမှာ အမျိုးသားများတွင် ဆီးသွားပါက လိင်တံပူလာခြင်း၊ ကျဉ်လာခြင်းနှင့် လိင်တံအား ညှစ်ထုတ်လိုက်လျှင် နို့ရည်ကဲ့သို့သောအရည်များထွက်လာခြင်း၊ အမျိုးသမီးများတွင်မူ အဖြူရည်များဒလဟောဆင်းခြင်းနှင့် အနံ့အသက်မကောင်းခြင်း စသည်တို့ ခံစားရနိုင်သည်ဟုဆိုသည်။

အဆိုပါရောဂါများအား မကုသဘဲထားပါက နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အမျိုးသားများတွင် ကပ်ပယ်အိတ်(ဝှေးစေ့)ရောင်လာခြင်းအပြင် ကျောက်ကပ်၊ ဆီးအိမ်ရောင်ရောဂါဖြစ်ပွားနိုင်ခြင်း၊ အမျိုးသမီးများတွင် ဆီးစပ်ကိုက်လာခြင်းအပြင် မွေးလမ်းကြောင်းတွင် ပိုးဝင်ပြီး သားဥအိမ်လမ်းကြောင်းရောင်လာကာ ကလေးမရနိုင်သည်အထိ ဖြစ်ပေါ်နိုင်သည်ဟု သိရသည်။

“သကြၤန်ကာလမှာ လူငယ်အများစုက မူးရူးပြီး ဘာမှမသိကြတော့ဘူး။ လမ်းပေါ်က အမျိုးသမီးကို ခေါ်တင်၊ အမျိုးသား လေး၊ ငါးယောက်က အမျိုးသမီး နှစ်ယောက်လောက်နဲ့ အုပ်စုလိုက်ဆက်ဆံကြပြီးတော့ အချင်းချင်းကူးစက်ကုန်ကြရော။ ပြီးတော့ အဲဒီထဲက တစ်ယောက်ယောက်ကများ အိတ်ချ်အိုင်ဗီပိုးရှိရင် အဲဒီပိုးတွေပါ ကူးစက်နိုင်တာပေါ့။ ဒါကြောင့် ရောဂါလက္ခဏာတွေပြရင် ဆေးခန်းတွေမှာ ပြပြီး ကုသသင့်ပါတယ်”ဟု ဒေါက်တာမြင့်ဦးကပြောသည်။

သကြၤန်အပြီးကာလတွင် ရန်ကုန်မြို့တွင်းရှိ ဆေးခန်းများတွင် အပူရှပ်ပြီး ဖျားနာကြသော လူနာများ၊ နေပူလောင်ဝေဒနာခံစားရသူများ၊ ထိခိုက်ဒဏ်ရာရသူများ၊ နားထဲနှင့် မျက်စိထဲသို့ ရေဝင်ကြသူများ၊ လည်ချောင်းနာသူများနှင့် ဆီးပူညောင်းကျရောဂါဖြစ်ပွားသူ လူငယ်များ အများဆုံးလာရောက်ပြသကြကြောင်း ဆေးခန်းများမှ သတင်းရရှိသည်။

## ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၇၃ ဦး ရှိလာ

**ရီးယာ့ဒ်၊ ဧပြီ-၁၉**

ဆော်ဒီအာရေးဗီးယားမြို့တော် ရီးယာ့ဒ်တွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံခဲ့ရသော နိုင်ငံခြားသား အမျိုးသမီးတစ်ဦးသည် ဧပြီ ၁၈ ရက်တွင် သေဆုံးသွားသည်ဟု ဆော်ဒီအာရေးဗီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံတစ်ဝန်းတွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဖြင့် သေဆုံးသူ ၇၃ ဦး ရှိသွားပြီဖြစ်သည်။

ရီးယာ့ဒ်မြို့တွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိပြီး ယင်းအနက် နှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်သည်ဟုကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဂျက်ဒါမြို့၌လည်း ကျန်းမာရေးဝန်ထမ်းတစ်ဦးအပါအဝင် လူခြောက်ဦး မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၁၇ ရက်ညတွင် ကြေညာခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူပေါင်း ၂၁၈ ဦးရှိသည်။

ယခုလအတွင်း ဂျက်ဒါမြို့ရှိ ကျန်းမာရေးဝန်ထမ်းများအကြား မားစ်ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုနှင့်ပတ်သက်သော စိုးရိမ်ထိတ်လန့်မှုကြောင့် ဆေးရုံကြီးတစ်ရုံရှိ အရေးပေါ်ခန်းတစ်ခန်းကို ယာယီပိတ်ထားခဲ့သည်။

**စာမျက်နှာ (၁၂)သို့**





DEVELOPED BY UNITED GP
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE
ဘိုးဘွားပိုင်မြေ တစ်ကေပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SERVICED RESIDENCE ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း 68 RESIDENCE CONDOMINIUM တွင် နေထိုင်ကြမည့် မိဘပြည်သူများသည် နိုင်ငံတော်အစိုးရမှ CONDOMINIUM LAW ထွက်ရှိလာလျှင် ထို CONDOMINIUM LAW အရ မိမိနေထိုင်မည့် အခန်းကို ပိုင်ဆိုင်နိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါသည်။ ထို့အပြင် မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းပိုင်ဆိုင်နိုင်မည်ဖြစ်သဖြင့် လူတိုင်း လက်မလွှတ်သင့်သော အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။
• ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
• တမူထူးခြားဆန်းပြားသော မိသုကာဒီဇိုင်း
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
• ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
• 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
• အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
68 RESIDENCE
WE DEFINE LIFESTYLE
FULLY FINISHED FACILITIES
❖ MARBLE/GRANITE FLOOR
❖ INTERNATIONAL STANDARD PARQUET
❖ LOW E-GLASS
❖ BUILT IN KITCHEN WITH CABINET AND OVEN
❖ FULLY FITTED BATH ROOM
❖ DOWNLIGHT LIGHTING FOR WHOLE UNIT
❖ SPLIT TYPE AIRCON
❖ FULLY PAINTED WITH INTERNATIONAL QUALITY PAINT
❖ WARDROBE IN ALL BEDROOMS
❖ HOT & COLD WATER SYSTEM
ROOM TYPES SQFT
1 BEDROOM + STUDY 1000 Sqft
2 BEDROOMS + STUDY 1253 Sqft
2 BEDROOMS 1000 - 1300 Sqft
3 BEDROOMS 1575 - 1650 Sqft
DUPLEX (3 BEDROOMS) 2000 Sqft
DUAL KEY (2 BEDROOMS + STUDIO) 2177 Sqft
PENTHOUSE 4350 - 5400 Sqft
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။
ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး မိမိကြိုက်နှစ်သက်သည့်အခန်း ရွေးချယ်နိုင်ပါသည်။
1st MAY တွင် 5%, 7th JUNE တွင် 10%, JULY တွင် 10% ပေးသွင်းပြီး ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍ ပေးသွင်းရပါမည်။
နောက်ဆုံးကျန်ငွေ 5%ကို လူနေထိုင်ခွင့်ကျသည့် သော့အပ်ချိန်၌ ပေးသွင်းရပါမည်။
KBZ BANK HIRE PURCHASE AVAILABLE !
SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513, 09 4500 21758, 09 540 7541, 09 2501 41060

Regional
7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# လေပြင်းဒဏ်သင့် ရွှေတောင်ရှိနေအိမ်များ ပြန်လည်တည်ဆောက်ရန် အကူအညီလိုအပ်

**ဇော်မင်းထိုက်**

**ပြည်၊ ဧပြီ- ၂၁**

ဧပြီ ၁၂ ရက်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ နေအိမ်များမှာ ငွေကြေးအဆင်မပြေမှုများကြောင့် အသစ်ပြန်လည်တည်ဆောက်ရန် အကူအညီများလိုအပ်နေကြောင်း သတင်းရရှိသည်။

“ပြန်လည်တည်ဆောက်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပျက်စီးဆုံးရှုံးမှုကများတော့ ကျွန်တော်တို့အနေနဲ့ မစွမ်းသာဘူး။ ထပ်မံအထောက်အပံ့ရဖို့ ဌာနချုပ်ကိုလည်း တင်ပြထားတယ်။ အခုလောလောဆယ်မှာ တိုင်းဒေသကြီးအစိုးရက တစ်အိမ်ကို ငွေငါးသောင်းစီ ထောက်ပံ့တယ်။ မြို့ထောက်ကူ ရန်ပုံငွေကနေ တစ်အိမ်ကို ဆန်ဆယ်ပြည်စီလှူထားတယ်။ တစ်အိမ်လုံးပြိုသွားတဲ့ အိမ်တွေကို ဦးစားပေးဆောင်ရွက်နေပြီး အားလုံးနဂိုအတိုင်း ပြန်လည်ဖြစ်ဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်”ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက ပြောသည်။ ရွှေတောင်မြို့နယ်တွင် ဧပြီ ၁၂ ရက် ည ၆ နာရီခန့်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ကျေးရွာ ၁၀ ရွာမှ ဘုန်းကြီးကျောင်းတစ်ကျောင်းအပါအဝင် အိမ်ခြေ ၅၄ လုံး ပြိုကျပျက်စီးဆုံးရှုံးခဲ့ပြီး လူသုံးဦးမှာ သစ်ပင်ပိသေဆုံးခဲ့သည်။

“တချို့လည်း ပြန်ပြင်နေကြသလို မလုပ်နိုင်သေးတဲ့အိမ်တွေကတော့ လောလောဆယ်နေလို့ရအောင် လုပ်ပြီးနေကြတယ်။ တာဝန်ရှိသူတွေက အထောက်အပံ့တွေပေးရာမှာ လုံးလုံးပြိုကျသွားတဲ့ အိမ်တွေကိုသာ ငွေငါးသောင်းနဲ့ဆန်ပေးတာ။ အမိုးလန်တာတို့၊ ယိုင်နဲ့ပျက်စီးသွားတာတို့ကိုတော့ ပေးမယ်လို့ပြောမသွားဘူး”ဟု ကသစ်ကိုင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

# မုံရွာမြို့တွင် ခရီးသည်တင်ကယ်ရီ ထရပ်ယာဉ်ငယ်များ တိုးချဲ့ပြေးဆွဲရန်စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ-၂၁**

မုံရွာမြို့အခြေစိုက် ရတနာဝင်း မော်တော်ယာဉ်အသင်းက မုံရွာမြို့တွင်း၌ ခရီးသည်တင်ကယ်ရီထရပ်ယာဉ်ငယ်များဖြင့် လာမည့်ဇွန်လ ကျောင်းဖွင့်ရာသီတွင်တိုးချဲ့ပြေးဆွဲရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

“လောလောဆယ် ခရီးသည်တင်ထရပ်ယာဉ်ငယ်ရှစ်စီးစုဆောင်းပြီးဖြစ်ပါတယ်။ နောက်ထပ်အသင်းမှာ ဝင်ပြေးမယ့်ယာဉ်တွေလည်းရှိပါတယ်”ဟု ရတနာဝင်း မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးသိန်းတင်က ပြောကြားသည်။

“မုံရွာမြို့တွင်း ခရီးသည်သွားလာရေးအတွက် လက်ရှိသုံးဘီးယာဉ်တွေပြေးဆွဲနေတာရှိပါတယ်။ နောက်ထပ်ခရီးသည်တင်ကယ်ရီထရပ်ယာဉ်ငယ်တွေ တိုးချဲ့ပြေးဆွဲပေးမယ်ဆိုတော့ ခရီးသည်တွေအတွက် သွားလာရေးအဆင်ပြေစေပါတယ်။ လောလောဆယ်တော့ သက်ဆိုင်ရာကို တင်ပြထားဆဲဖြစ်ပါတယ်”ဟု မုံရွာမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။



*မုံရွာမြို့တွင်း ပြေးဆွဲနေသော ကယ်ရီယာဉ်ငယ်များ* ဓာတ်ပုံ – မျိုးမင်းဦး

အဆိုပါခရီးစဉ်များတွင် မုံရွာ (ကားလေးကွင်း)–အလုံ (စစ်ပင်)၊ မုံရွာ(ကားလေးကွင်း)–ကံကြီး(န.မ.ခ)၊ ကံကြီး(န.မ.ခ)–မုံရွာတက္ကသိုလ်(ကျောက္ကာလမ်း)၊ ကံကြီး(န.မ.ခ)–မုံရွာနည်းပညာတက္ကသိုလ်၊ ကားလေးကွင်း–မုံရွာမြို့တွင်း (စင်းလုံးငှား) စသည့် ခရီးစဉ်များကို ပြေးဆွဲရန် စီစဉ်ထားသည်။

# ထားဝယ်တွင် ဂျီအက်စ်အမ်ငွေဖြည့်ကတ် ဝယ်ယူမှုအခက်အခဲကြုံတွေ့

**စိုးမိုးအောင်**

**ထားဝယ်၊ ဧပြီ- ၂၁**

ထားဝယ်မြို့တွင် နှစ်သစ်ကူးကာလ၌ ငွေဖြည့်ကတ် ဖြန့်ဖြူးရောင်းချသော ကိုယ်စားလှယ်ဆိုင်များ ရောင်းချမှုရပ်နားခဲ့ခြင်းကြောင့် လက်လီလက်ကားဆိုင်များတွင် ငွေဖြည့်ကတ်များနည်းပါးနေပြီး ဝယ်ယူရန်အခက်ခဲဖြစ်နေကြောင်း သတင်းရရှိသည်။

ထားဝယ်မြို့တွင် ငွေဖြည့်ကတ်များကို Elight Tech ဖုန်းနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ အဓိကဖြန့်ဖြူးပေးနေပြီး အဆိုပါဆိုင်မှာ သင်္ကြန်ကာလအတွင်း ရောင်းချမှုရပ်နားထားသောကြောင့် ငွေဖြည့်ကတ်အရောင်းဆိုင်များတွင် CDMA ဖုန်းငွေဖြည့်ကတ်များသာရောင်းချနေရပြီး GSM ငွေဖြည့်ကတ်များဝယ်ယူရန် အခက်အခဲဖြစ်ခဲ့သည်။

“သတင်းတော့ကြားတယ် ဆိုင်ပိတ်မယ်။ ငွေဖြည့်ကတ်တွေ ကြိုဝယ်ထားလို့။ ဒါပေမဲ့ ဆိုင်မှာလည်းရှိနေသေးလို့ မဝယ်ဖြစ်ဘူး။ အခုဆိုရင် လုံးဝမရှိဘူး”ဟု မြို့တွင်းရပ်ကွက်မှ ငွေဖြည့်ကတ်အရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

GSM ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူရန် အခက်အခဲဖြစ်နေသောကြောင့်ရန်ကုန်၊ မော်လမြိုင်စသည့်အခြားမြို့များသို့ချိတ်ဆက်ဝယ်ယူပေးနေသည်။

“ဖုန်းထဲမှာလည်း ငွေကနည်းနေပြီ။ ငွေဖြည့်ကတ်တွေကလည်း မရောက်သေးတော့ ဖုန်းတောင်ခေါ်လို့မရဘူး” ဟု နည်းပညာတက္ကသိုလ်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ထားဝယ်တွင် CDMA 800 MHz ဆင်းမ်ကတ် ၃,၅၀၀ ချထားပေးခဲ့သော ပြီးခဲ့သည့်မတ်လ ဖုန်းခွဲတမ်းတွင်လည်း ဟန်းဆက်ဝယ်ယူရန် အခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါအရောင်းဆိုင်များတွင် CDMA ငွေဖြည့်ကတ်များကို ပုံမှန်ရောင်းချနေပြီး GSM ငွေဖြည့်ကတ်များကို ဧပြီ ၂၄ ရက်တွင် ပြန်လည်ရောင်းချမည်ဟု သိရသည်။



7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

စာမျက်နှာ ၈ မှ

## မရောင်သည့်နေပြည်တော် ဆီမလူးသင့်ပါ

ခရီးစဉ်တွင် ပြောကြားခဲ့သည်။

သို့သော် ၂၀၁၄–၁၅ ခုနှစ်အတွက် ပြဋ္ဌာန်းထားသော အမျိုးသားစီမံကိန်းဥပဒေတွင် လယ်ယာကဏ္ဍကို ၂ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်သာ ဖော်ပြထားသည်။

ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ဧက တစ်သန်းကျော်ရှိသော်လည်း နွေစပါးစိုက်ဧကမှာ နှစ်သောင်းဝန်းကျင်သာစိုက်ပျိုးနိုင်သည်။ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့များသည် ရခိုင်ပြည်နယ်၏ အဓိကဆန်အိုးဒေသများဖြစ်ပြီး စိုက်ဧကတစ်သိန်းကျော်စီရှိကြသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်အား စိုက်ပျိုးရေးရှုထောင့်မှ ကြည့်မည်ဆိုပါက စိုက်ပျိုးရေရရှိရေး စီမံကိန်းများလုပ်သင့်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က အကြံပြုသည်။

ရခိုင်ပြည်နယ်တွင် မြစ်ချောင်းများပေါများသဖြင့် ရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ ဆည်အသေးစားများတည်ဆောက်၍ စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်နိုင်သည်။ ထိုစီမံကိန်းများနှင့် တွဲ၍လည်း လျှပ်စစ်ရရှိရေးနှင့်နွေရာသီစိုက်ပျိုးရေရှိရေး လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်နိုင်သည်။

"ရခိုင်ပြည်နယ်အတွက် ဖွံ့ဖြိုးရေးမှာ လမ်းတံတား၊ တာတမံ၊ ပညာရေးကဏ္ဍတွေကို ဦးစားပေးလုပ်ဖို့လိုပါတယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးမောင်စန်ရွှေက ပြောသည်။

သို့သော်လည်း ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ရန် နိုင်ငံတော်မှ လျာထားသော ရာခိုင်နှုန်းမှာလည်း နည်းနေသလိုစိုက်ပျိုးရေးအတွက် လျာထားသော ပမာဏမှာလည်း နည်းနေသဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်မှာ အခက်အခဲဖြစ်နေသည့် အနေအထားတွင်ဖြစ်နေသည်။

"လောလောဆယ်တော့ ပေးသလောက်နဲ့ လုပ်နေတယ်။ သမ္မတကြီးကလည်း ပြောထားတယ်။ လိုအပ်ရင် ထပ်တောင်းဖို့ မှာထားတယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဦးမောင်စန်ရွှေက ပြောသည်။

ဒေသတွင်း အဓိကလိုအပ်ချက်မှာ လျှပ်စစ်မီးနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း ဒေသခံအချို့ကပြောသည်။

အင်ဒိုနီးရှားနှင့် ကနေဒါနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများက ရခိုင်ပြည်နယ်တွင် လုပ်ကိုင်ရန် လာရောက်လေ့လာမှုများ ရှိနေသည်။

ရခိုင်ပြည်နယ်ကို စွန့်ခွာသွားသော အများစုမှာ ယခုအချိန်တွင် ရခိုင်ပြည်နယ်သို့ ပြန်လည် အခြေချချင်နေကြပြီဖြစ်သည်။ တစ်လလျှင် ကျပ်နှစ်သိန်းဝန်း ကျင်ရရှိပါက ရခိုင်ပြည်နယ်တွင် ပြန်လည် အလုပ်လုပ်ရန် အသင့်ရှိနေကြောင်းလည်း ပြည်ပရောက် ရခိုင်တိုင်းရင်းသားအချို့ကဆိုသည်။

"ဒီအချိန်မှာ ခွဲထွက်ဖို့ အတွေးအခေါ်လည်းမရှိတော့ဘူး။ လွတ်လပ်ရေးစကားလည်းမပြောကြတော့ဘူး။ အေးအတူ၊ ပူအမျှနေထိုင်ပြီး ကိုယ့်မြေ၊ ကိုယ့်ရေကို ကာကွယ်ဖို့ပဲစိတ်ရှိကြတော့တယ်"ဟုဆယ်စုနှစ်တစ်ခုကြာ အစိုးရအား တော်လှန်ခဲ့သူ ကိုခိုင်မြတ်ကျော်ကပြောသည်။

ထို့ကြောင့် ရခိုင်တိုင်းရင်းသားများ ရခိုင်ပြည်နယ်သို့ ပြန်လည်အခြေချရန်နှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပြဿနာများလျော့ကျသွားစေရန် ဖွံ့ဖြိုးမှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန် လိုအပ်သည်။ လက်ရှိကျောက်ဖြူမြို့နယ်တွင် ပြုလုပ်သောအထူးစီးပွားရေး ဇုန်နှင့် ဘူမိကျွန်းတွင် လုပ်ဆောင်နေသော စက်မှုဇုန်စီမံကိန်းများသည်လည်း အမြန်ဆုံးအကောင် အထည်ဖော်ဆောင်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း ဒေသတွင်း တည်ငြိမ်မှုရှိဖို့တော့ လိုအပ်ပေသည်။ စီးပွားရေးဖွံ့ဖြိုးပြီး စားနပ်ရိက္ခာဖူလုံလာပါက ထိုဒေသတွင် ဖြစ်ပေါ်နေသော ပြဿနာအချို့မှာ ပြေလည်သွားမည့်အနေအထားတွင်ရှိသည်။

"အရင်းစစ်လိုက်ရင် စီးပွားရေး နိမ့်ကျလာမှုသည် ယနေ့ ပြဿနာအားလုံးရဲ့ အရင်းအမြစ်ပါပဲ"ဟု ရခိုင်ပြည်နယ်တွင် လက်ရှိ ဖြစ်ပေါ်နေသော ပြဿနာများနှင့် ပတ်သက်၍ ကိုခိုင်မြတ်ကျော် ကမှတ်ချက်ပြုသည်။

စာမျက်နှာ (၉)မှ

## ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၇၃ ဦး ရှိလာ

ဂျက်ဒါမြို့ King Fahd ဆေးရုံမှ အနည်းဆုံး ဆရာဝန်လေးဦး ခန့် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း၊ ၎င်းတို့သည် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမည်ကို စိုးရိမ်၍ ရောဂါပိုးကူးစက်ခံထားရသော လူနာများအား ကုသပေးရန် ငြင်းပယ်ခဲ့ပြီး ရာထူးမှနုတ်ထွက်သွားကြောင်း ဆော်ဒီအာရေးဗီးယားမီဒီယာများက ဧပြီ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

မားစ်ဗိုင်းရပ်စ်ပိုးသည် အစောပိုင်းတွင် ဆော်ဒီအာရေးဗီးယားအရှေ့ပိုင်းဒေသ၌သာ ရှိနေခဲ့သော်လည်း ယခုလက်ရှိတွင် အခြားသော ဒေသများသို့ ပျံ့နှံ့သွားပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၄၃ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၌လည်း မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဖြင့် အမျိုးသားတစ်ဦး သေဆုံးကြောင်း၊ ၎င်းသည် မတ်လ ၂၉ ရက်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ ဘုရားဖူးသွားခဲ့ပြီး ပြန်အလာတွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ရောဂါလက္ခဏာများဖြင့် သေဆုံးခဲ့ကြောင်း မလေးရှားအစိုးရက ဧပြီ ၁၃ ရက်တွင် ကြေညာခဲ့သည်။ —*Ref: AFP*




# ဦးဝင်းတင်၏ အမှတ်တရပြောစကားများ

"ဗမာပြည်ကြီးကို ကြည့်လိုက်တဲ့အခါ ဗမာတစ်ပြည်လုံးက ထောင်ကျနေတယ်လို့ မြင်တယ်။ ထောင်ကျနေတာ ဘာကြောင့်ကျနေလဲဆိုတော့ ၂၀၀၈ အခြေခံ ဥပဒေကြောင့် ထောင်ကျနေတာပဲ"

"ထောင်ဝတ်စုံကို အပ်ပါ။ မအပ်နိုင်ဘူး။ ဒါဆို ငွေနှစ်ထောင်လျော်ပါ။ မလျော်နိုင်ဘူး။ နောက်ဆုံး သူတို့စိုက်လျော်ပါမယ်။ လက်မှတ်ထိုးပေးပါဆိုတယ်။ ကျွန်တော်ထိုးမပေးနိုင်ဘူး ငြင်းလိုက်တယ်"

"ကျွန်တော်တို့ပါတီမှာ လုပ်တယ်ဆိုတာ ဦးနှောက်ရှိတယ်။ ပါးစပ်ရှိတယ်။ ပါတီလုပ်ငန်းတွေ နောက် ဖြောင့်ဖြောင့်ကြီး လိုက်တယ်ဆိုတဲ့ စိတ်ဓာတ်မွေးသော်ငြားလည်း ကျွန်တော်တို့ဟာ နွားမဟုတ်တဲ့အတွက် ကျွန်တော်တို့ လွတ်လပ်တဲ့ အတွေးအခေါ်ကို ထိုးဖောက်ပြီး ကျင့်သုံးမယ်"

"ကျုပ်တို့တစ်တွေ သေချိန်လည်းနီးကြပါပြီ။ လူငယ်အားသစ်တွေဆီ နိုင်ငံရေးယဉ်ကျေးမှု၊ နိုင်ငံရေးကျင့်ဝတ်၊ နိုင်ငံရေးသိက္ခာဆိုတဲ့ နိုင်ငံရေးဂုဏ်ရည်တွေ လက်ဆင့်ကမ်းခဲ့ကြစို့လားဗျာ"

"ကျုပ်က သတင်းသမားလုပ်တဲ့အခါ နိုင်ငံရေးကြမ်းခင်းလုပ်တာ။ ကျုပ်ရဲ့ သတင်းသမားဘဝက နိုင်ငံရေးဉာဏ်နဲ့၊ နိုင်ငံရေးမာန်နဲ့၊ နိုင်ငံရေးဟန်နဲ့၊ နိုင်ငံရေးစျာန်နဲ့ ကုန်းရုန်းကြုံးစုန်းခဲ့တဲ့ဘဝဗျ။ နိုင်ငံရေးကို လျှော့စျေး၊ အပျော့စျေးနဲ့ ဖွဖွလေးလုပ်ခဲ့တာ မဟုတ်ဘူး။ ဒီတော့လည်း မင်းဘာကောင်လဲမေးလာလို့ကတော့ သတင်းသမားပါလို့ ဖြေမှာပေါ့"

"နိုင်ငံရေးသမားလို့ မပြောတာ ဘာကြောင့်လဲသိလား။ ကျုပ်က နိုင်ငံရေးသမားကို လေးစားလို့။ ကျုပ်ကိုယ်ကျုပ် နိုင်ငံရေးသမားလို့လက်မထောင်ရမှာ အားနာလို့ ရှက်ရွံ့လို့"

"ဒီခေတ်ဒီအခါမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ အများကြီးလိုတယ်။ လူငယ်အားသစ်တွေ နိုင်ငံရေးလုပ်ကြရမယ်။ ချက်ချင်းလက်ငင်း နိုင်ငံရေးသမားတွေဟော့လို့လက်မမထောင်ကြပါနဲ့။ ခြတစ်ပုံ၊ ပျားတစ်အုံလိုပဲ နိုင်ငံရေးပါတီတွေကိုဝန်းရံရမယ်။ နိုင်ငံရေးအဖွဲ့အစည်းမှာလည်း လှုပ်ရှားသူတွေ အများကြီးရှိဖို့ လိုပါတယ်"

"ဒေါ်စုက အပစ်အခတ် ရပ်စဲရေးကို ပြောတယ်။ ကျွန်တော်က အပစ်အခတ်ရပ်စဲရေးမဟုတ်ဘူး။ အပစ်အခတ်ရပ်စဲပြီးလို့ရှိရင် တပ်တွေရွှေ့ရမယ်။ နော်။ တပ်တွေ ခွာရမယ်။ တပ်တွေ ရင်ဆိုင်ထားပြီးတော့ လုပ်တယ်ဆိုရင် ညနေရေချိုးဆင်းရင်လည်း ပစ်ရင်ပစ်မှာပဲ။ အမဲလိုက်ထွက်ရင်လည်း ပစ်ရင်ပစ်မှာပဲ။ တမင်လည်း လာပစ်ရင်ပစ်မယ်။ တပ်တွေခွာရမယ်"



# ဟံသာဝတီဦးဝင်းတင်၏ အတ္ထုပ္ပတ္တိ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းဆရာကြီး ဦးဝင်းတင်ကို ၁၉၃၀ မတ်လ ၁၂ ရက်တွင် အဖဦးပု၊ အမိဒေါ်အမာတို့မှ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ မွေးဖွားခဲ့သည်။

ရန်ကုန်မြို့ရှိ မြို့မအထက်တန်းကျောင်း၊ ကြို့ပင်ကောက်ရှိ အမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့်သည့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၄၉ ခုနှစ်တွင် အကျိုးဆောင်ဂျာနယ် လက်ထောက်အယ်ဒီတာအဖြစ် စတင်တာဝန်ထမ်းဆောင်ကာ စာနယ်ဇင်းလောကသို့ ဝင်ရောက်လာခဲ့ပြီး မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ အေအက်ဖ်ပီ ပြင်သစ်သတင်းဌာနတို့တွင် လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ဂျမ်ဘာတန်(သမ္မာမိတ္တ)စာအုပ်ထုတ်ဝေသည့် ကုမ္ပဏီတွင် စာနယ်ဇင်းပညာများ ဆည်းပူးလျက် ၎င်းကုမ္ပဏီ၏ မြန်မာဘာသာပြန် စာအုပ်စာတမ်းများ ထုတ်ဝေရေးတွင် အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

ထိုမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ကြေးမုံသတင်းစာ၊ ပြည်သူ့အိုးဝေ သတင်းစာတို့တွင် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မန္တလေးမြို့တွင် ထုတ်ဝေသော ဟံသာဝတီသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုအချိန်ကာလက ပေါ်ပေါက်ခဲ့သည့် စာနယ်ဇင်းဆိုင်ရာ အသင်းအဖွဲ့များတွင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဥရောပနှင့် အရှေ့အာရှဒေသရှိ နိုင်ငံပေါင်း ၂၀ ခန့်သို့ သတင်းစာဆရာအဖြစ် လေ့လာရေးခရီးများ သွားရောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ပြီး ၁၉၈၈ တွင် စတင်တည်ထောင်သည့် အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ်တွင် ပါဝင်ခဲ့သည်။အဆိုပါနှစ်တွင်ပင်ပြန်လည်ဖွဲ့စည်းခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်းရေးမှူး (၁) အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇူလိုင်တွင် ဖမ်းဆီးခံခဲ့ရပြီး အလုပ်ကြမ်းနှင့်ထောင်ဒဏ်သုံးနှစ် ချမှတ်ခြင်း ခံရသည်။ ထောင်မှလွတ်မြောက်မည့် ၁၉၉၂ ခုနှစ်တွင် ထောင်ဒဏ် ၁၁ နှစ်ထပ်မံချမှတ်ခံရကာ ထောင်ကျစဉ်ကာလအတွင်း ၁၉၉၅တွင် ထောင်ဒဏ် ငါးနှစ် ထပ်မံတိုးမြှင့်ခဲ့သည်။

ထောင်ဒဏ်များကို အနှစ် ၂၀ ခန့် ဆက်တိုက်ခံစားခဲ့ရပြီး ၂၀၀၈ စက်တင်ဘာတွင် ထောင်ဒဏ်ကျခံနေရခြင်းမှ လွတ်မြောက်ခဲ့သည်။ နိုင်ငံလုံးကျွတ်ညီလာခံပြုလုပ်၍ ပြန်လည်ဖွဲ့စည်းခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် သဘာပတိအဖွဲ့ဝင်အဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

ဦးဝင်းတင်သည် သတင်းစာဆရာအဖြစ်သာမက စာပေများလည်းရေးသားခဲ့သည်။ ရေးသားခဲ့သည့် စာအုပ်များအနက် ၎င်းဘာသာပြန်ခဲ့သော "ကွိ"အမည်ရှိ စာအုပ်မှာ လူကြိုက်များခဲ့သည်။

အကျဉ်းထောင်အတွင်းရောက်ရှိနေစဉ်ကာလအတွင်း ယူနက်စကိုအဖွဲ့မှ ချီးမြှင့်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုကို ရရှိခဲ့ပြီး ကမ္ဘာ့သတင်းစာများအသင်းမှ လွတ်လပ်မှု ရွှေကလောင်ဆုအပါအဝင် နိုင်ငံတကာမှ ဆုများချီးမြှင့်ခဲ့သည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
KYAW KYAW NAING FAMILY TECHNICAL SERVICES CO.,LTD

အောင်ချမ်းမြေ့
ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း
(JAPANESE LANGUAGE TRAINING CENTRE)
အမှတ်(၂၄၉)၊ (2B, 5B, 6B, 7B)၊ ဗားဂရာလမ်းမ၊
မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
Open - 7:00 Am to 7:00 Pm ပိတ်ရက်မရှိပါ။
aungchanmyae.myanmar@gmail.com

(I) 7-5-2014 နေ့မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။
(II) 15-5-2014 နေ့မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။
(III) 22-5-2014 နေ့မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။

- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 04:00 PM (Break (1)hour)
- သင်တန်းကာလ (၅)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့သွားရောက် အလုပ်လုပ်မယ့်သူများ၊ ကျောင်းတက်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း (၅၀၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေး သည်။



7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014



ဓာတ်ပုံ – ဝါရှင်တန်ပို့စ်/အေပီ

# ထောင်ထဲမှာ အနှစ်နှစ်ဆယ်လောက် ဦးဝင်းတင် ဘယ်လိုရပ်တည်ခဲ့သလဲ

ထောင်ထဲမှာ အနှစ်နှစ်ဆယ်လောက် တိုက်ပိတ်အကျဉ်းချခံထားရသူတစ်ဦးဟာ ဘယ်လိုများရပ်တည်ရှင်သန်နိုင်မလဲ။ ရူးများသွားမလား။

မည်သို့ပင်ဖြစ်စေ သတင်းစာဆရာကြီး ဦးဝင်းတင်ကတော့ သည်အခြေအနေကို ကောင်းကောင်းခံနိုင်ရည်ရှိသူတစ်ဦးဖြစ်သည်။ အသက်(၈၅)နှစ်အရွယ်ရောက်ရှိနေသဖြင့် ခန္ဓာကိုယ်ကနှလုံးအားနည်းပြီး ကျန်းမာရေးချို့တဲ့နေရှာသည့်တိုင်အောင် စစ်အစိုးရ၏ နှိပ်စက်ညှဉ်းပန်းမှုများက သူ၏စိတ်အားထက်သန်မှုများကို ဆုံးရှုံးသွားအောင် မလုပ်နိုင်ခဲ့ပါ။ ပြီးခဲ့သည့်လက တွေ့ဆုံခဲ့သည့် နှစ်နာရီကြာတွေ့ဆုံမှုတွင် ၎င်း၏ ထောင်တွင်းအတွေ့အကြုံများကို ဟာသနှောပြီးပြောပြခဲ့သလို လက်ရှိ မြန်မာနိုင်ငံ ဦးတည်သွားနေသည့် လမ်းကြောင်းအပေါ်မှာလည်း ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ဦးဝင်းတင်သည် သတင်းစာဆရာ၊ စာရေးဆရာဘဝဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ်၏။ မြန်မာနိုင်ငံက ထိပ်တန်းသတင်းစာဆရာတစ်ဦးဖြစ်သလို စာရေးဆရာနှင့်ကဗျာဆရာလည်းဖြစ်သည်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးကို စစ်အစိုးရက ရက်ရက်စက်စက်နှိမ်နင်းခဲ့အပြီးတွင် ၎င်းက ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်ရန် ကူညီခဲ့သည်။ ၁၉၈၉ ခုနှစ်တွင်မှု ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။

စစ်အာဏာရှင်များက ၎င်း၏စွမ်းရည်ကိုကြောက်ရွံ့ကြသဖြင့် တစ်ယောက်တည်းတိုက်ပိတ်အကျဉ်းချခဲ့သည်။ ၎င်းအားစာရေးသည့်ဘောပင်၊ စာရွက်မပေးသလိုစာဖတ်ခွင့်လည်းမပေးခဲ့ပေ။ အကျဉ်းကျနေသူအချင်းချင်းပင် စကားမပြောနိုင်အောင် တစ်ခါတစ်ရံ သူ၏ဘေးခန်းတွင်တောင်လူမရှိစေရဘဲ အခန်းလွတ်သာထားခဲ့သည်။

၎င်းကိုစစ်ဆေးနေစဉ်အတွင်း နေ့နှင့်ညမသိဘဲ အိပ်ရေးပျက်အောင် စစ်ဆေးကာညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အကျဉ်းချသည့်အခါတွင်လည်း စစ်တပ်ကခွေးများအတွက်ထားသည့် စစ်ခွေးတိုက်တွင် နေရသည်။ ထို့နောက် တိုက်ပိတ်အကျဉ်းခန်းသို့ ရွှေ့ပြောင်းခဲ့ပြီး သမံတလင်းပေါ်တွင် ဖျာတစ်ချပ်နှင့် အိပ်ခဲ့ရ၏။ စာရေးဘောပင်နှင့် စာရွက်အစား တိုက်ခန်းတွင်းမှ အုတ်ကျိုးအုတ်ပဲ့များကို ခွာချကာ အမှုန့်လုပ်ပြီး တိုက်ခန်းနံရံမှာ စာရေးခဲ့ရသည်။

၂၀၀၅ ခုနှစ်တွင် ဒီမိုကရေစီရေးလှုပ်ရှားသူများက နိုင်ငံရေးအကျဉ်းသားများကို ထောက်ခံသည့်အနေဖြင့် အကျဉ်းသားတို့၏ဝတ်စုံဖြစ်သော အဖြူရောင်ဝတ်စုံဝတ်ဆင်ရေးလှုပ်ရှားမှုပေါ်ပေါက်ခဲ့သည်။ ထိုအခါ အဖြူရောင်ဝတ်သော လူများအားလုံးကို ဖမ်းဆီးရန် မဖြစ်နိုင်သောအခါ စစ်အာဏာပိုင်တွေက ထိုဖြစ်ရပ်ကိုနည်းလမ်းတစ်ခုဖြင့် ဖြေရှင်းခဲ့သည်။ ယင်းနည်းလမ်းမှာ ထောင်အကျဉ်းသားဝတ်စုံများကို အပြာရောင်သို့ ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

အကျဉ်းထောင်အတွင်းမှာ နှစ်ကြာလေလေ တင်းကျပ်သည့် အနေအထားများကတဖြည်းဖြည်း လျော့လာလေဖြစ်သည်။ ၎င်းကိုလည်း နောက်ဆုံးအိပ်စရာခုတင်တစ်ခုပေးခဲ့သည်ဟု ဦးဝင်းတင်က ပြောပြသည်။ ၎င်းက ခုတင်စွန်းပေါ်တက်ပြီး လှေကားထစ်လိုအသုံးချကာ တိုက်ခန်း၏ အမြင့်ဆုံးနေရာဖြစ်သော သံတိုင်ကာထားသည့် ပြတင်းပေါက်ဆီသို့တက်၏။ ထိုနေရာမှနေပြီးဘေးတိုက်ခန်းများက အကျဉ်းသားများကို တစ်ခါတလေ လှမ်းခေါ်သည်။ အခြားအချိန်များတွင်တော့ နံရံကိုခေါက်ပြီးဆက်သွယ်ကြရသည်။

နောက်ပိုင်းနှစ်များမှာတော့ တိုက်ပိတ်အကျဉ်းကျခြင်းမှ လွတ်ပေးခဲ့ပြီး အခြားအကျဉ်းကျသူများနှင့် အဆက်အသွယ်လုပ်ခွင့်ပေးခဲ့သည်ဟု ဦးဝင်းတင်က ဆိုသည်။ ထောင်ကြပ်တွေက ၎င်းအား နိုင်ငံရေးစကားပြောခွင့်မပေးခဲ့သော်လည်း သီတင်းပတ်နှစ်ပတ်လျှင် ၁၅ မိနစ်ခန့် ညှော်သည်နှင့် စကားပြောခွင့်ရ၏။ ထိုအခြေအနေတွင် အခြားအကျဉ်းကျနေသူတို့က ထောင်ထဲကို ရေဒီယိုတစ်လုံးခိုးသွင်းလာပြီး အကျဉ်းထောင်ထဲတွင် သတင်းစာတစ်စောင်ထုတ်ဝေခဲ့သည်။

၂၀၀၅ ခုနှစ်က မကြာမီလွတ်ပေးတော့မည်ဟုပြောကြားခြင်းခံရသည့် အခြားအကျဉ်းသားတွေနှင့်အတူ ဦးဝင်းတင်ကိုပါ အာဏာပိုင်တွေက ခေါ်ထားသည်။ ထောင်တံခါးဝနောက်တွင် ၎င်းနှင့်အတူ မိတ်ဆွေအကျဉ်းသားများကို ပြည်ထဲရေးဝန်ကြီးနှင့်တွေ့ဆုံရန် စောင့်ခိုင်းထား၏။ အခန်းကျဉ်းလေးထဲတွင် စောင့်စားခြင်းဖြစ်သည်။ သို့သော် ပြည်ထဲရေးဝန်ကြီးက ရောက်မလာခဲ့ပေ။ ၎င်းတို့လည်း အခန်းထဲကိုပင် ပြန်ပို့ခြင်းခံရသည်။

နောက်ထပ်သုံးနှစ်ကြာပြီးမှ ဦးဝင်းတင်တကယ်လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ချိန်တွင် ထောင်ဝတ်စုံမချွတ်သဖြင့် နောက်ဆုံးအချိန်ထိ ထောင်ဝတ်စုံချွတ်ပေးရန် ဝိုင်းဝန်းဖျောင်းဖျသည်။ ထိုအခါ ၎င်းက အကယ်၍ ထောင်ဝတ်စုံချွတ်ရပါကလည်း အရပ်ဝတ်လဲမည်မဟုတ်ဘဲကိုယ်တုံးလုံးပဲသွားမည်ဟုသာ ပြောခဲ့သည်။ နောက်ဆုံးတော့ အာဏာပိုင်တွေ အလျှော့ပေးလိုက်ရသည်။ ထိုထောင်ဝတ်စုံကို ယခုအခါ သူ့အမျိုးများအိမ်ကသေတ္တာထဲတွင် သိမ်းဆည်းထားသည်။

အကျဉ်းထောင်ကလွတ်မြောက်ပြီး လေးနှစ်ကြာသည့်တိုင်အောင် ဦးဝင်းတင်က ထောင်ဝတ်စုံအရောင်ဖြစ်သည့် အပြာရောင်ရှပ် အင်္ကျီကိုဝတ်ဆင်ထားဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းက အခြားနိုင်ငံရေးအကျဉ်းသားများ မလွတ်မြောက်မချင်း အခြားအရောင်ကို ဝတ်ဆင်မည့်သူ မဟုတ်ပေ။

(ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြခဲ့ဖူးသော ဆောင်းပါးရှင် Simon Denyer ၏ How former Burmese political prisoner Win Tin survived 20 years in jail ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)



YIUS
Pre-University Level Studies

နိုင်ငံတကာပညာရေးဆွေးနွေးပွဲ
Date : 27. 04. 2014 (Sun), Time : 9am to 3pm, Place: YIUS Office
Contact Us @ 01-652311, 652297, Building ( 7 ), Room ( 4 ), MICT Park, Yangon.

# Education

7 DAY NEWS JOURNAL

Vol.13, No.7 • APRIL 23 , 2014


# ဗြိတိန်ပြည်ဝင်ခွင့်အတွက် မြန်မာကျောင်းသားများ တီဘီရောဂါဆေးစစ်ရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ-၁၉**

ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားအပါအဝင် အလုပ်လုပ်ကိုင်မည့်သူများ၊ အခြေချနေထိုင်သူများအနေဖြင့် ပြည်ဝင်ခွင့် မလျှောက်ထားမီ တီဘီရောဂါကြိုတင်စစ်ဆေးရန် သတ်မှတ်လိုက်ကြောင်း ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးက သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံတွင် ခြောက်လထက်ပို၍ နေထိုင်ရန် မြန်မာနိုင်ငံမှ ပြည်ဝင်ခွင့်လျှောက်ထားသူများ တီဘီရောဂါစစ်ဆေးရန် လိုအပ်မည်ဖြစ်ပြီး ကာလတိုသွားရောက်မည့်သူများအနေဖြင့်လိုအပ်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သော တီဘီရောဂါဖြစ်ပွားနှုန်း မြင့်မားမှုပေါ် အခြေခံ၍ မြန်မာနိုင်ငံအပါအဝင် ၆၇ နိုင်ငံကို ပြည်ဝင်ခွင့် မလျှောက်ထားမီ တီဘီရောဂါစစ်ဆေးရန် ဗြိတိန်အစိုးရက ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြင့် ၂၀၁၄ ခုနှစ် ဧပြီလ ၂၀ ရက်တွင် တင်သွင်းသော လျှောက်လွှာများမှ စတင်အကျုံးဝင်မည် ဖြစ်သည်။

“ကျောင်းသားတွေအတွက် တီဘီရောဂါစစ်ဆေးခ ထပ်ကုန်ကျတော့မှာပေါ့။ တီဘီရောဂါပိုးရှိတဲ့ ကျောင်းသားတွေလည်း ဒီမှာ ပျောက်အောင် ကုသွားရတော့မယ်။ ဗြိတိန်သွားတဲ့ ကျောင်းသားတွေ ပုံမှန်တော့ရှိနေပါတယ်။ ဒါပေမဲ့ အရင်သွားတဲ့ ပုံစံမျိုးတော့ မရှိတော့ဘူး” ဟု နိုင်ငံတကာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

ဗြိတိန်ပြည်ဝင်ခွင့်အတွက် တီဘီရောဂါစစ်ဆေးရာတွင် ဗြိတိန်အစိုးရက အတည်ပြုထားသော ပန်းလှိုင်ဆေးရုံမှ လက်မှတ်ကို မလွဲမသွေရယူရမည်ဖြစ်ပြီး ဆေးစစ်ခမှာ အရွယ်ရောက်သူများအတွက် ကျပ်တစ်သိန်းနှစ်သောင်းဖြစ်သည်။



*စိန်ရတုခန်းမတွင် ပြုလုပ်ခဲ့သော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆွေးနွေးပွဲ*

ဓာတ်ပုံ – နစ်ကီ

# ပညာရေးမြှင့်တင်မှု လုပ်ငန်းများ အကောင်အထည်ဖော်ရေး အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ-၁၉**

အမျိုးသားပညာရည်မြင့်မားရေးအတွက်လက်တွေ့ကျသောပညာရေးမြှင့်တင်မှု လုပ်ငန်းများအကောင်အထည်ဖော်ရေး အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုဧပြီလ ၂၈ရက်မှ၃၀ရက်ထိ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပမည့် နှီးနှောဖလှယ်ပွဲ၏ အဓိကရည်မှန်းချက်မှာ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် လွှတ်တော်မှ ပြဋ္ဌာန်းလာမည့် အမျိုးသားပညာရေးဥပဒေနှင့် အညီ တက္ကသိုလ်များ၏ အနာဂတ်နှင့် တိကျသောအခန်းကဏ္ဍကို ပုံဖော်ရန်ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းရည်မှန်းချက်များ ပြည့်မီရေးအတွက် တက္ကသိုလ်အသီးသီးတွင် ဖွဲ့စည်းရန် ညွှန်ကြားထားသော လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့က တစ်ဖွဲ့လျှင် စာတမ်းတစ်စောင်စီ ပြုစုပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ ပေးပို့ရန် ညွှန်ကြားထားကြောင်း သိရသည်။

“ကျွန်တော့်ကျောင်းကတော့ မဖွဲ့ရသေးဘူး။ သူတို့ညွှန်ကြားတဲ့အချိန် ကျောင်းမှာ ဆရာ၊ ဆရာမတစ်ယောက်မှ မရှိတော့ဘူး။ စာစစ်သွားနေကြရတာပါ။ စာတမ်းတင်ဖို့ကတော့ ကျွန်တော်တို့မီဖို့ မလွယ်ကူး”ဟု ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်တစ်ခု၏ ပါမောက္ခချုပ်တစ်ဦးက ပြောသည်။

တက္ကသိုလ်များတွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရန် အဆင့်မြင့်ပညာရေး (တက္ကသိုလ်များစုဖွဲ့ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး)၊ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး၊ ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည် အကဲဖြတ်ရေး၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ ပညာရပ်ဆိုင်ရာ ရုပ်ပတ်ဝန်းကျင်ကောင်းများ ကြီးကြပ်ဖြည့်ဆည်းရေး၊ သင်ရိုးညွှန်းတမ်း(အဆင့်မြင့်)နှင့်သတင်းအတတ်နည်းပညာနှင့် ဆက်သွယ်ရေးပညာဟူ၍ လုပ်ငန်းအဖွဲ့ခုနှစ်ဖွဲ့ ဖွဲ့စည်းရန် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)က ဧပြီလ ၃ ရက် ရက်စွဲဖြင့် ညွှန်ကြားထားခြင်း ဖြစ်သည်။

တက္ကသိုလ်အသီးသီးရှိ အဆိုပါလုပ်ငန်းအဖွဲ့များမှ စုစည်းရရှိသော စာတမ်းများကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် စာတမ်းပြုစုသူများအား အားလုံးပါဝင်လျက် စုစည်းပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အမေရိကန်အစိုးရ ပညာသင်ဆုအစီအစဉ် လျှောက်လွှာများ ဖိတ်ခေါ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ-၁၉**

၂၀၁၅ ခုနှစ်အတွက် အမေရိကန်အစိုးရ၏ ပညာသင်ဆုအစီအစဉ်များဖြစ်သော ဖူးဘရိုက်နိုင်ငံခြားဘာသာသင်ကြားရေးအထောက်အကူပြုပညာသင်ဆု (FLTA)၊ ဖူးဘရိုက်နိုင်ငံခြားကျောင်းသားပညာသင်ဆုနှင့် ဟမ်ဖရီဖယ်လိုးရှစ်အစီအစဉ်များလျှောက်ထားရန် အမေရိကန်သံရုံးက ဖိတ်ခေါ်ထားသည်။

ဖူးဘရိုက်နိုင်ငံခြားဘာသာသင်ကြားရေးအထောက်အကူပြုပညာသင်ဆုသည် မြန်မာလူငယ်အင်္ဂလိပ်ဆရာများ၏ သင်ကြားရေးနှင့် အင်္ဂလိပ်ဘာသာစွမ်းရည်မြင့်မားစေရန်ရည်ရွယ်၍ ပညာသင်ဆုထောက်ပံ့ခြင်းဖြစ်သည်။

၎င်းတို့သည် အမေရိကန်တက္ကသိုလ်များတွင် ပညာသင်ယူနေစဉ်မှာပင် တက္ကသိုလ်တွင် မြန်မာဘာသာစကားသင်ကြားရေး၌ ကူညီပံ့ပိုးရမည်ဖြစ်ပြီး ပညာသင်ကာလမှာ ကိုးလကြာမြင့်မည်ဖြစ်သည်။

ဖူးဘရိုက်နိုင်ငံခြားကျောင်းသားပညာသင်ဆုသည် အမေရိကန်တက္ကသိုလ်များတွင် မဟာဘွဲ့ပညာသင်ယူလိုသော မြန်မာကျောင်းသားများအတွက်ထောက်ပံ့ခြင်းဖြစ်ပြီး ခေါင်းဆောင်မှုစွမ်းရည်၊ အကယ်ဒမစ်ပညာရေး၊ ရင့်ကျက်မှု စသည့်အရည်အချင်းရှိသူများကို ရွေးချယ်သွားမည်ဖြစ်သည်။

ဟမ်ဖရီဖယ်လိုးရှစ်အစီအစဉ်သည် နိုင်ငံ့ခေါင်းဆောင်စွမ်းရည်အလားအလာရှိသူ၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့ကို အကျိုးပြုရန် စိတ်ပိုင်းဖြတ်ထားသူများကို ဘွဲ့လွန်အဆင့် အကယ်ဒမစ်သင်ခန်းစာနှင့် ပရော်ဖက်ရှင်နယ်အတွေ့အကြုံများ သင်ကြားပို့ချပေးမည့်အစီအစဉ်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် တစ်နှစ်ကြာ သွားရောက်လေ့လာသင်ယူရမည့် အခွင့်အလမ်းအတွက် ပညာရှင်များ၊ ပါမောက္ခများနှင့် ပရော်ဖက်ရှင်နယ်လုပ်ငန်း အတွေ့အကြုံအနည်းဆုံးငါးနှစ်ရှိသူများလျှောက်ထားနိုင်မည်ဖြစ်သည်။

အထက်ပါအမေရိကန် အစိုးရပညာသင်ဆုအစီအစဉ်များကို ဇွန်လ ၂၀ ရက်နောက်ဆုံးထားလျှောက်ထားရန် သံရုံးက ကြေညာထားပြီး အသေးစိတ်ကို www.burma.usembassy.gov တွင် ဝင်ရောက်လေ့လာနိုင်သည်။

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# ထိုင်းတက္ကသိုလ်ဆရာ၊ ဆရာမများနှင့် မြန်မာတက္ကသိုလ်ဆရာ၊ ဆရာများအသင်း တွေ့ဆုံ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၉**

ထိုင်းနိုင်ငံရှိ တက္ကသိုလ်ပေါင်းစုံမှ ဆရာ၊ ဆရာမများနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူများသည် ဧပြီ၁၈ရက်က ရန်ကုန်တက္ကသိုလ်၌ တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းသည် ပြည်ပနိုင်ငံမှတက္ကသိုလ်ဆရာ၊ ဆရာမများနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပညာရေးဖလှယ်မှုဆိုင်ရာများ ဆွေးနွေးခဲ့သည်ဟုတက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ လက်ထောက်ကထိကဦးဇော်မျိုးလှိုင်က ပြောသည်။

ထိုင်းနိုင်ငံမှ တက္ကသိုလ်ဆရာ၊ ဆရာမများအဖွဲ့သည် မြန်မာနိုင်ငံသို့ လေ့လာရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်သို့ သွားရောက်လေ့လာစဉ် မြန်မာတက္ကသိုလ်ဆရာ၊ ဆရာမများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

"သူတို့နဲ့ နည်းနည်းပဲပြောချိန်ရတယ်။ ပညာရေးဆွေးနွေးဖလှယ်ကြဖို့ပါ။ ထိုင်းတက္ကသိုလ်ဆရာ၊ ဆရာမတွေစုပြီး ခရီးထွက်လာကြတာပါ"ဟု ဦးဇော်မျိုးလှိုင်က ပြောသည်။




*ထိုင်းတက္ကသိုလ်ဆရာ၊ ဆရာမများနှင့် မြန်မာတက္ကသိုလ်ဆရာ၊ ဆရာမများတွေ့ဆုံစဉ်*

မြန်မာနိုင်ငံရှိ တက္ကသိုလ်အချို့မှ ဆရာ၊ ဆရာမများဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းအနေဖြင့် ရုံးခန်းမရှိသောကြောင့် ထိုင်းနိုင်ငံမှ တက္ကသိုလ်ဆရာ၊ ဆရာမများကို လမ်းမပေါ်မှာပင် ဧည့်ခံတွေ့ဆုံလိုက်ရသည်ဟု ၎င်းက ဆိုသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များ (မဟာအောင်မြေမြို့နယ်)၊ ရတနာပုံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်နှင့် မအူပင်တက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာတက္ကသိုလ်အလိုက် တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းကို အလုပ်သမားဥပဒေအရ ဖွဲ့စည်းထားသော်လည်း တက္ကသိုလ်အုပ်ချုပ်ရေးအရာရှိများ၏ အသိအမှတ်ပြုမှုကို မရရှိသေးကြောင်း သိရသည်။

# မြန်မာကျောင်းသားများ စင်ကာပူပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၉**

စင်ကာပူ ဂျီစီအီးအေအဆင့်ရှိ လေးနှစ်ကြာမြင့်မည့် အာဆီယံပညာသင်ဆုအစီအစဉ်ကို မြန်မာကျောင်းသားများ မေလကုန်တွင် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက ကြေညာထားသည်။

စင်ကာပူနိုင်ငံရှိ အလယ်တန်းကျောင်းနှင့် တက္ကသိုလ်အကြိုတန်းတို့တွင် ပညာသင်ယူရန် ၁၉၉၈ မှ ၂၀၀၀ပြည့်နှစ်အတွင်း မွေးဖွား၍ အဌမတန်းပြီးဆုံးထားသော မြန်မာကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် စင်ကာပူပညာသင်ဆု အစီအစဉ်ကို မြန်မာနိုင်ငံ၊ ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းကို ရန်ကုန်မြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း စင်ကာပူပညာဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စင်ကာပူပညာသင်ဆု လျှောက်ထားလိုသော မြန်မာကျောင်းသားများအနေဖြင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ကောင်းမွန်၍ ကျောင်းစာမေးပွဲများကို ထူးချွန်စွာအောင်မြင်ထားရန် အရည်အချင်းသတ်မှတ်ထားသည်။

ပညာသင်ဆု အစီအစဉ်အတွက် ရေးဖြေစာမေးပွဲကို ဇွန်လနှင့် လူတွေ့စစ်ဆေးခြင်းကို စက်တင်ဘာတွင် ပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို အောက်တိုဘာတွင် ထုတ်ပြန်၍ နိုဝင်ဘာတွင် စင်ကာပူနိုင်ငံသို့ သွားရောက်ရမည် ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် အာဆီယံပညာသင်ဆုအစီအစဉ်ကို www.moe.gov.sg တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်သလို ဗဟန်းမြို့နယ်ရှိ စင်ကာပူသံရုံးသို့ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်မည် ဖြစ်သည်။




MYANMAR DEITTA
ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။

# ဒုတိယအကြိမ် အလုပ်သမားညီလာခံတွင် အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်၍ အဓိကဆွေးနွေးမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဧပြီ-၂၁**

နိုင်ငံလုံးဆိုင်ရာအလုပ်သမားအင်အားစုအဖွဲ့ချုပ်ပေါ်ပေါက်ရန် တတိယအကြိမ် အလုပ်သမားညီလာခံကို ဧပြီ ၂၆ ရက်တွင် သုခကမ္ဘာနာရေးကူညီမှုအသင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ယာယီအလုပ်သမားအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ယာယီအလုပ်သမားအဖွဲ့ချုပ်၏ ဒုတိယညီလာခံကို ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းညီလာခံတွင် အလုပ်သမား အခွင့်အရေးကာကွယ်မြှင့်တင်နိုင်မည့် အချက်သုံးချက် အဓိကဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်သည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံလာကြသည့် နိုင်ငံခြားသား အလုပ်ရှင်များနှင့် အလုပ်သမား အများစုအငြင်းပွားလျက်ရှိသဖြင့် နိုင်ငံခြားသား အလုပ်ရှင်နှင့် အလုပ်သမားများ ဆက်ဆံရေးကောင်းမွန်စေရန် လက်ရှိအစိုးရပိုင်၏ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားပြဿနာများ ဖြေရှင်းရာတွင် အားနည်းနေမှုနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်မြှင့်တင်နိုင်ရန် ခိုင်မာသည့် အလုပ်သမားအဖွဲ့ချုပ် အင်အားစုပေါ်ပေါက်ရန် စသည်တို့ ရည်ရွယ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*လုပ်ငန်းခွင်ဝင်မည့်အလုပ်သမားများ*

ဓာတ်ပုံ – နစ်ကီ

"ယာယီအဖွဲ့ချုပ်ကနေ အဖွဲ့ချုပ်အဖြစ် မှတ်ပုံတင်ဖို့ မလွယ်သေးဘူး။ လက်ရှိအနေအထားအရ အစိုးရကိုင်တွယ်ထားတဲ့ အပိုင်းဖြေလျှော့ပေးမှ ရမှာ။ အခုနေကတော့ အဖွဲ့ချုပ်ကို ယာယီအနေနဲ့ပဲ သွားနေရဦးမှာပဲ။ အခု အလုပ်သမားတွေ အများစုက ဝင်ငွေနည်းပါးမှုပြဿနာကြုံနေရတယ်။ နောက် ဥပဒေအားနည်းတာ အလုပ်သမားခေါင်းဆောင်တွေကို အလုပ်ထုတ်တဲ့ ကိစ္စတွေမှာ အစိုးရက ဖြေရှင်းတဲ့ အခါ ဘာကြောင့် အရေးမယူလဲ။ အဂတိလိုက်စားထားလို့လား။ အဲဒါတွေ ဆွေးနွေးရမှာပေါ့" ဟု အလုပ်သမားအဖွဲ့ချုပ်ယာယီမှ ဥက္ကဋ္ဌ ဦးအောင်လင်းက ပြောသည်။

ထို့အပြင် ယင်းညီလာခံသို့ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ဖိတ်ကြားမည်ဖြစ်ပြီး ဆွေးနွေးမှုရလဒ်များကို သက်ဆိုင်ရာအစိုးရဌာနနှင့် လွှတ်တော်သို့ တင်ပြမည်ဟုဆိုသည်။ ပထမအကြိမ် အလုပ်သမားအဖွဲ့ချုပ် (ယာယီ)ညီလာခံကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအဖွဲ့ချုပ်ဖွဲ့စည်းပြီးနောက် မကြာမီထွက်ရှိမည့် အနည်းဆုံးအခကြေးငွေ နှုန်းထားအတွက် လက်ရှိအလုပ်သမားများ နေထိုင်မှု ကုန်ကျစရိတ်နှုန်းထားများ ကောက်ယူနိုင်ခဲ့သည်။ ထို့အပြင် အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကိုလည်း ပြန်လည် ပြင်ဆင်နိုင်ရန် အစိုးရအားတိုက်တွန်းနိုင်ခဲ့သည်ဟု သိရသည်။

လက်ရှိယာယီအလုပ်သမားအဖွဲ့ချုပ်တွင် အလုပ်သမားအဖွဲ့အစည်းပေါင်း ၁၂၀ ကျော်ပါဝင်ထားပြီး အဖွဲ့အစည်း ၂၀၀ ကျော်ထိ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| FO Supervisor | (1) Post |
| Marketing Executive | (1) Post |
| Receptionist | (2) Posts |
| Electrical Engineer | (2) Posts |
| Air Con Assistant | (2) Posts |
| HK Supervisor | (2) Posts |
| F&B Manager | (1) Post |

PH:01 391070,Ext:110

---

**ဝန်ထမ်းအလိုရှိသည်**

ယာဥ်မောင်း ကျား (၂) ဦး
ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ တာမွေနေသူများ လျှောက်ထားရန်။ ဖုန်း–၀၁ ၅၃၀၇၁၃

---

**ဝန်ထမ်းအလိုရှိသည်**

လက်မနည်း/စင်တီမီတာနည်းဖြင့် စက်ချုပ်ကျွမ်းကျင် အမြန်အလိုရှိသည်။
ဖုန်း–၀၉ ၇၃၁၃၉၄၈၃

---

**ဝန်ထမ်းအလိုရှိသည်**

EPS–TOPIK သင်ကြားပေးနိုင်သောကျွမ်းကျင်ဆရာ၊ ဆရာမအလိုရှိသည်။ သာကေတတွင် သင်ကြားနိုင်သူဖြစ်ရမည်။
ဖုန်း–၀၉ ၄၂၀၉၉၅၅၁

---

**ဝန်ထမ်းအလိုရှိသည်**

| | | |
|---|---|---|
| Admin Manager | M/F | (1) Post |
| Admin Staff | F | (2) Posts |
| Marketing Staff | F | (2) Posts |
| HR Staff | F | (1) Post |
| Receptionist | F | (1) Post |

Email–sagemyanmar5@gmail.com
PH:–09 31047872

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Sales Service Officer | F (3) Posts |
| Sale Promoter | F (3) Posts |
| Office Secretary | F (1) Post |
| Sale Executive | M/F (3) Posts |
| Sale Coordinator | F (2) Posts |
| Office Staff (Reception) | F(1) Post |

Email:hr.natray@gmail.com
PH:01 656586

---

ဝန်ထမ်းအလိုရှိသည်
SUPER TOP

| | | |
|---|---|---|
| ထိုင်းဘာသာစကား | 4 Skills | (၂) ဦး |
| ပြင်သစ်ဘာသာစကား | 4 Skills | (၂) ဦး |
| ကိုရီးယားဘာသာစကား | 4 Skills | (၂) ဦး |
| ဂျပန်ဘာသာစကား | 4 Skills | (၂) ဦး |
| အင်္ဂလိပ်ဘာသာစကား | 4 Skills | (၂) ဦး |
| အီတလီဘာသာစကား | 4 Skills | (၂) ဦး |

ဖုန်း–၀၉ ၅၀၅၈၉၃၄

---

**ဝန်ထမ်းအလိုရှိသည်**

| | | |
|---|---|---|
| General Manager | M/F | (1) Post |
| Admin Manager | M | (1) Post |
| Office Staff | F | (2) Posts |
| Air Con Technician | M | (10) Posts |
| Air Con Helper | M | (10) Posts |
| Air Con Trainee | M | (1) Post |

PH:09 73025455

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Waiter | M/F (2) Posts |
| Cashier | M/F (2) Posts |
| Supervisor | M/F (2) Posts |

PH:09 5181456

---

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။
ဖုန်း–၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

PHARMACY PROMOTION GIRL (15) Posts
၁၀ တန်းအောင်(သို့) ဘွဲ့ရ၊ ရုပ်ရည်ပြေပြစ်သန့်ပြန့်ရမည်။
ဖုန်း– ၀၁ ၂၉၈၉၄၄

---

**ဝန်ထမ်းအလိုရှိသည်**

အိမ်အကူ (မ) ဝန်ထမ်းအလိုရှိသည်။ အကျင့်စာရိတ္တကောင်းမွန်သူ၊ အသက် (၂၅)မှ (၃၅) နှစ်အတွင်း၊ ရန်ကုန်မြို့အတွင်းနေထိုင်သူ ဦးစားပေးမည်။
ဖုန်း–၀၉ ၂၅၀၃၈၄၃၅၇

---

**ဝန်ထမ်းအလိုရှိသည်**

ယာဥ်မောင်းများအလိုရှိပါသည်။ ပြည်တွင်းကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရန် မော်တော်ယာဥ်မောင်းများ အမြန်အလိုရှိသည်။
ဖုန်း–၀၉ ၃၁၀၆၆၈၉၁

---

**ဝန်ထမ်းအလိုရှိသည်**

လက်သမားလုပ်ငန်း၊ ပန်းရန်လုပ်ငန်း
မျက်နှာကြက်လုပ်ငန်း
သံချည်သံကွေးလုပ်ငန်း
Welding လုပ်ငန်း
ဖုန်း–၀၉ ၄၉၆၀၃၀၉၁

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| House–Keeping Supervisor | (2) Posts |
| Room Attendant | (3) Posts |
| Public Area Attendant | (2) Posts |
| Bell Boy | (3) Posts |
| Waiter | (2) Posts |
| Security | (2) Posts |

PH:09 73160306

---

**ဝန်ထမ်းအလိုရှိသည်**

Marketing ကျား (၅) ဦး
၁၀ တန်းအောင်၊ ကွန်ပျူတာနှင့်အင်္ဂလိပ်အခြေခံရှိရ၊ သွက်လက်ချက်ချာပြီး ယဥ်ကျေးသူ၊ marketing ကျွမ်းကျင်။
ဖုန်း–၀၉ ၂၅၀၅၂၇၇၂၂

---

**ဝန်ထမ်းအလိုရှိသည်**

မိတ္တူဆိုင်အတွက် စာစီစာရိုက်ဒီဇိုင်းလုပ်ရန် ဝန်ထမ်းအလိုရှိသည်။ နေစရာစီစဥ်ပေးမည်။ ဖုန်း–၀၉ ၄၂၅၀၂၁၄၄၇

---

**ဖွဲ့မာန်( အမျိုးသားသီးသန့်)**

ဆံပင်ညှပ်ကျွမ်းကျင်လူငယ် ကျား (၂) ဦး အလိုရှိသည်။ မုံရွာမြို့။
ဖုန်း–၀၉ ၂၅၆၃၉၂၂၈၈

---

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း မ (၂) ဦး
ယာဥ်မောင်း ကျား (၂) ဦး
Myanmar Power Generator Co.,Ltd.
PH:01 591127

---

**ဝန်ထမ်းအလိုရှိသည်**

Project Marketing Staff ကျား/မ (၁၀)ဦး
အသက် ၂၀မှ ၃၅ နှစ်အတွင်း၊ ၁၀ တန်းအောင်(သို့) ဘွဲ့ရ၊ Project ကာလအတွင်း နယ်သွားနိုင်သူ။ ၁၁.၄.၂၀၁၄ နောက်ဆုံးထား၍ လာရောက်ရန်။
ဖုန်း–၀၁ ၅၂၁၂၆၄

---

**ဝန်ထမ်းအလိုရှိသည်**

Winning Security Group Co.,Ltd
လုံခြုံရေးဝန်ထမ်း
အသက် (၁၈မှ ၅၀) နှစ်၊ ကျန်းမာသန်စွမ်း၍ စိတ်ပါဝင်စားသူ။
တိုက်အမှတ် (၂၁၇–၂၁၉) (၆ လွှာအေ) ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း–၀၁ ၃၉၇၆၃၈

---

**ဝန်ထမ်းအလိုရှိသည်**

Sushi လုပ်တတ်သူအလိုရှိသည်။ လမ်းမတော်မြို့နယ်တွင် လုပ်ရမည်။ ညှိနှိုင်းလစာဖြစ်သည်။ ဖုန်း–၀၉ ၇၃၁၁၉၃၆၁

---

**ဝန်ထမ်းအလိုရှိသည်**

Naing Linn Air Con
Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
အမှတ် (၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း–၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

စာဖိုမှူး ကျား (၁) ဦး
Dim Sum(Sea Food) အထူးကျွမ်းကျင်၊ တီထွင်ကြံဆမှုရှိရမည်။ သန့်ရှင်းသပ်ရပ်စွာပြင်ဆင်နိုင်ရမည်။
ဖုန်း–၉၅၁–၆၈၄၁၈၁

Sakura Residence

| | |
|---|---|
| IT Technician | M (1) |
| Waiter/Waitress | M/F (2) |
| Cook | M (2) |
| Steward | M (1) |
| Housekeeping | M (2)/F (1) |
| Driver | M (3) |

PH:01 525001

---

**ဝန်ထမ်းအလိုရှိသည်**

ကျွမ်းကျင်ဝန်ထမ်း မ (၁) ဦး
အလုပ်သင်ဝန်ထမ်း မ (၃) ဦး
အမှတ်(၁၁)၊ ကုစ္ဆသယလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း–၀၉ ၅၄၁၅၉၄၉

---

**ဝန်ထမ်းအလိုရှိသည်**

BEAUTY QUEEN Beauty Saloon

| | |
|---|---|
| ဆံပင်ညှပ်ကျွမ်းကျင် | မ (၅) ဦး |
| ခေါင်းလျှော်/စက်ဆွဲကျွမ်းကျင် | မ (၅) ဦး |
| အလုပ်သင်ဝန်ထမ်း | မ (၅) ဦး |

နေ့/စားစရိတ်ငြိမ်း။
ဖုန်း–၀၉ ၇၃၀၄၉၂၉၅

---

**ဝန်ထမ်းအလိုရှိသည်**

ယာဥ်မောင်း ကျား (၃) ဦး
Marketing Engineer ကျား/မ (၅) ဦး
အမှတ် (၉၅ အေ)၊ ဝေဇယန္တာလမ်း၊ သစ္စာလမ်းနှင့် ပါရမီလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၁ ၅၇၇၇၅၅

---

**ဝန်ထမ်းအလိုရှိသည်**

ထမင်းချက်အကူ/သန့်ရှင်းရေး (အမျိုးသမီး) အလိုရှိသည်။ မရမ်းကုန်းမြို့နယ်ကို နေ့စဥ်အလုပ်ဆင်း၊ ပြန်နိုင်ရမည်။
ဖုန်း–၀၉ ၄၂၁၀၄၈၅၅၇

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

မြင့်မိုရ်ဆွေ




# ၁၃၇၆ နှလုံးသား

လွန်ခဲ့တဲ့ မဟာသင်္ကြန်အကြိုနေ့ မတိုင်မီ တစ်ရက်အလို ဧပြီလ ၁၂ ရက်နေ့ တစ်ရက်တည်းမှာပဲ အနိဋ္ဌာရုံသတင်းနှစ်ရပ်ကို ကြားသိခဲ့ရပါတယ်။ ပထမသတင်းက နေပြည်တော်မှ ရန်ကုန်ကို မောင်းနှင်လာတဲ့ ကိုယ်ပိုင်ယာဉ်ချီစာ ဆလွန်ကားနဲ့ ခရီးသည်တင်မှန်လုံကားတို့ နံနက် ၂ နာရီအချိန်၊ အမြန်လမ်းမကြီး ၁၁၆ မိုင်မှာ ယာဉ်တိုက်မှုဖြစ်ပြီး နှစ်စီးလုံး မီးလောင်ကျွမ်းတဲ့သတင်းပါ။ ကိုယ်ပိုင်ယာဉ်မှာပါတဲ့ ယာဉ်မောင်းအပါအဝင် ခရီးသည် ခြောက်ဦးစလုံး မီးလောင်ကျွမ်းပြီးသေဆုံးခဲ့ကြပါတယ်။ အဲဒီမှာ မိဘနှစ်ပါးစလုံးနဲ့ ခြောက်နှစ်သားလေးတို့ တစ်စုတဝေးတည်း သေပွဲဝင်ရှာတာကို ကရုဏာသက်လို့ မဆုံးပါဘူး။ ခရီးသည်တင်ယာဉ်ပေါ်ကလည်း ခရီးသည်ခြောက်ဦးအလားတူ မီးလောင်ကျွမ်းသေဆုံးခဲ့ရပါတယ်။ အမြန်လမ်းမကြီးရဲ့ ယာဉ်တိုက်မှုတွေထဲမှာ အဆိုးရွားဆုံးနဲ့ ရင်နင့်ဖွယ်အကောင်းဆုံးပါပဲ။ ဒုတိယသတင်းက ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်မှာ ညနေပိုင်းအချိန် မိုးသက်လေပြင်းတိုက်ခတ်စဉ် ရန်ကုန်မှ ပြည်သို့ မောင်းနှင်လာတဲ့ လိုက်ထရပ်အဖြူရောင်အပေါ်ကို လမ်းဘေးက အော်ရစ်ရှားပိတောက်ပင် လဲကျပြီး ခရီးသည်သုံးဦး သေဆုံးတဲ့သတင်းပါပဲ။

အဲဒီသတင်း နှစ်ရပ်ကြောင့် စိတ်မကောင်းဖြစ်မိသမျှ သင်္ကြန်ကာလအတွင်း အကြိမ်ကြိမ်အတွေးနယ်ချဲ့ရင်း ရှေးလူကြီးသူမများရဲ့ "လျော့လျှင် မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ"ဆိုတဲ့ စကားကို အမှတ်ရမိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀ ခန့်က ကျေးဇူးရှင်ငှက်တွင်းဆရာတော်ကြီးရဲ့ ဩဝါဒမှ ပေါက်ဖွားလာတဲ့ ဆိုရိုးတစ်ခုလို့လည်း သိရပါတယ်။ အဓိပ္ပာယ်ကို အလွယ်ဆုံးအရိုး ဆုံးဖွင့်ရရင် လူတစ်ဦးဟာ အမှုကိစ္စတစ်ရပ်ဆောင်ရွက်ရာမှာ အခြေအနေနဲ့ အချိန်အခါကို ခပ်ပေ့ါပေ့ါ၊ ခပ်လျော့လျော့၊ ခပ်လွယ်လွယ် သဘောထားရှုမြင်ရင် အမြင်မှားတဲ့ အကျိုးဆက်ကို ကြုံရမယ်။ ဒါကို "လျော့လျှင် မိစ္ဆာ"လို့ ဆိုတာပါပဲ။ နောက်တစ်ခါ အခြေအနေနဲ့ အချိန်အခါကို ရှုမြင်ဆင်ခြင်ရာမှာ ငါမြင်တယ်၊ ငါသိတယ်၊ ငါ့အမြင် မှန်တယ်ဆိုတဲ့ ငါစွဲတွေလိုအပ်တာထက် သာလွန်လာလျှင် အတ္တဒိဋ္ဌိရဲ့ ကျေးကျွန်လုံးဝဖြစ်ပြီး အမှားတွေကျူး လွန်တော့တာပါပဲ။ အဲဒါကြောင့် "သာလျှင်ဒိဋ္ဌိ"လို့ ဆိုကြတာပါ။ နှစ်ခုစလုံးဟာ မောဟလမ်းဆုံမှာ အတူတူပေါင်းစည်းမိကြတာပါပဲ။

ပထမယာဉ်တိုက်မှုကို သုံးသပ်ကြည့်တဲ့အခါ ဆလွန်းယာဉ်ဟာ ခရီးသည်တင်မှန်လုံကားထက် အင်အားသေးပါတယ်။ ဒါပေမဲ့ ကျော်တက်ရင်ရမယ်လို့ ဆလွန်းယာဉ်မောင်းက ခပ်လွယ်လွယ်၊ ခပ်လျော့လျော့ တွေးမိပုံရပါတယ်။ အဲဒီမှာ အမှားနဲ့တွေ့တော့တာပါပဲ။ ခရီးသည်တင်ယာဉ် မှန်လုံကားဟာလည်း အင်အားငယ်သူကို အသာမပေးလိုဘဲ ငါသာလျှင် အသာယူမယ်။ ငါ လမ်းမှန်တယ်ဆိုတဲ့ အတ္တဒိဋ္ဌိကို အရှိန်မြှင့်လိုက်ပါလိမ့်မယ်။ နောက်ဆုံးတော့ အစွန်းနှစ်ဖက်ရဲ့ အဆုံးမှာ ထိပ်တိုက်ဆုံစည်းပြီး ကြေကွဲစရာဖြစ်ရပ်တွေ ပေါ်ပေါက်လာတာဖြစ်တယ်လို့ စာရေးသူစိတ်ထဲမှ တွေးဆမိပါတယ်။

ဒုတိယဖြစ်စဉ်က မဟာသမုဒ္ဒရာထဲမှာ နှစ်ပေါင်းများစွာကြာမှ ရေပေါ်ကို တစ်ကြိမ်တစ်ခါပေါ်တဲ့ လိပ်ကြီးရဲ့ဦးခေါင်းက ရေထဲမှာမျောပါလာတဲ့ တံပိုးအပေါက်ထဲ စွပ်မိတဲ့ ဥပမာလိုပါပဲ။ တိုက်လိုက်တဲ့ လေပြင်း၊ ပြေးနေတဲ့ယာဉ်၊ လဲကျတဲ့သစ်ပင်နဲ့ ဇီဝိန်ကြွေမယ့်လူသားတို့ အချိန်းအချက်လုပ်ထားသလို ကွက်တိပိကျတယ်ဆိုတဲ့ ကံကြမ္မာရဲ့ ဆန်းကြယ်မှုက မယုံနိုင်လောက်စရာပဲ။ ဒါပေမဲ့ လေပြင်းကျရောက်စဉ်မှာ မော်တော်ယာဉ်ကို သစ်ပင်ကြီးတွေနဲ့ ကင်းကင်းနေရာရှာပြီး ခေတ္တရပ်နားမှု မပြုမိတာဟာ ယာဉ်မောင်းသူရဲ့ "လျော့လျှင် မိစ္ဆာ"ဆိုတဲ့ မနာကံမြောက် အားနည်းချက်တစ်ရပ်လို့လည်း ဆိုနိုင်မယ်ထင်ပါတယ်။

အဲဒီဖြစ်ရပ်တွေကို ကျော်လွန်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစတဲ့ နယ်ပယ်အသီးသီးမှာလည်း အဓိကဇာတ်ကောင်ဖြစ်တဲ့ လူသားတွေရဲ့ "လျော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ"ဆိုတဲ့ အစွန်းတရားနှစ်ပါးဟာ ဒုက္ခပေးလေ့ရှိတာကို တွေ့မြင်နိုင်ကြပါတယ်။ မျက်မှောက်ခေတ် အမျိုးသားယဉ်ကျေးမှုနယ်ပယ်မှာ မြန်မာအမျိုးသမီးတွေရဲ့ ခပ်လျော့လျော့အတွေး၊ ခပ်ပေ့ါပေ့ါ အမြင်နဲ့ မလုံ့တလုံ ဝတ်စားဆင်ယင်မှုတွေက ပြောင်ပြောင်တင်းတင်း နေရာယူလာတာ အထင်အရှားပါပဲ။ သံကိုသံဖျက် သံချေးတက်ဆိုသလို ကိုယ်ပိုင်ယဉ်ကျေးမှုကို သေးသိမ်အောင်၊ ချည့်နဲ့ ပျောက်ကွယ်အောင် ကိုယ်တိုင်ကိုယ်ကျ ပြုမိများတာတွေက တားမရ၊ ဆီးမရဖြစ်လာတာ ဘာကြောင့်ပါလဲ။ စီးပွားရေး၊ အုပ်ချုပ်ရေးအရ အခွင့်အလမ်းသာသူ၊ ဦးဆောင်ဦးရွက်ပြုသူတွေက ဘာမျှမဖြစ်လောက်ပါဘူးဆိုပြီး ခပ်ပေ့ါပေ့ါနဲ့ မပြသင့်တဲ့ ရုပ်ရှင်တွေတင်သွင်းပြီး နေ့စဉ်နှိပ်စက်နေတာ၊ ကြော်ငြာပွဲ၊ ရှိုးပွဲဆိုပြီး စင်မြင့်မှာနေရာပေးမြှောက်စားတာ၊ အနုပညာရှင်အချို့ရဲ့ အလားတူခပ်ပေ့ါပေ့ါ သဘောနဲ့ အတုခိုးဝတ်စားဆင်ယင်ပြသတာတွေကနေ ကူးစက်ပြန့်ပွားလာတာမို့ "လျော့ရင်မိစ္ဆာ"ဆိုတဲ့ အစွန်းတရားလက္ခဏာတွေလို့ ဆိုရမှာပါပဲ။ လူကြီးတွေကိုယ်တိုင်က အတွင်းဓာတ်ခံ လျော့နေရင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးဟာ ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး။ ဒီလိုပဲ အခြားတစ်ဖက်မှာ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို အတ္တစိတ်ကြီးမားစွာနဲ့ ရှေ့တန်းတင်လွန်းရင်၊ ရှေးဆန်လွန်းရင်၊ သာသာထိုးထိုးနဲ့ ဦးစားပေး လွန်းရင်လည်း မျက်ကန်းမျိုးချစ်ဆိုတဲ့ နှောင်အိမ်ထဲက အစွန်းရောက်ဝါဒီတွေ ဖြစ်သွားနိုင်ပါတယ်။

ဒီနေရာမှာ တချို့အိမ်နီးချင်းနိုင်ငံတွေ၊ တခြားအာရှနိုင်ငံတွေမှာလည်း လူငယ်တွေရဲ့ ဝတ်စားဆင်ယင်မှု၊ အနုပညာယဉ်ကျေးမှု ရေစီးကြောင်းဟာ အနောက်ရဲ့ ဩဇာခံဘဝနဲ့ မွေ့လျော်နေကြတာပါပဲလို့ တချို့က ဆင်ခြေပေးကြပါတယ်။ စာရေးသူတို့ရပ်ကွက်မှာ မောင်မြဆိုတဲ့ လူငယ်လေးဟာ အရက်အလွန်အကျွံသောက်လို့(၂၃)နှစ်မှာ အသည်း Text ခြောက်ရောဂါနဲ့ ကွယ်လွန်တော့ ရပ်ကွက်လူကြီးဦးလှက "ဒီကောင် ကြီးကောင်ဝင်တာစောသွားရှာတယ်"လို့ ကရုဏာဒေါသနဲ့ ကောက်ချက်ချပါတယ်။ ဆိုလိုတာက မောင်မြဟာ စောစောစီးစီး "ကြီးကောင်ဝင်"သွားတယ်။ လူလတ်ပိုင်းအကျင့်ကို ငယ်ငယ်က စတင်ပြီးကျင့်ကြံမိတယ်။ လူကြီးတွေ သောက်စားမူးယစ်တဲ့ အလေ့ကို ငယ်ငယ်ရွယ်ရွယ်နဲ့ Apply လုပ်မိလို့ စောစောစီးစီး သေတယ်လို့ ဆိုလိုတာပါပဲ။ ဒီလိုပါပဲ စာရေးသူတို့နိုင်ငံဟာ အခုမှ ဒီမိုကရေစီရတာ သုံးနှစ်ကျော်ပဲ ရှိပါသေးတယ်။ ဒီမိုကရေစီနဲ့ လူလုပ်ဖို့ အများကြီးကျန်ပါသေးတယ်။ နောက်ပြီး ဆင်းရဲတွင်းထဲကနေ လေးဖက်တွားထွက်နေကြရတုန်းပါ။ အထက်ပါ နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဖွံ့ဖြိုးစအရွယ်ကို ရောက်မယ်လို့ ကြုံကာရှိပါသေးတယ်။ မောင်မြလို ကြီးကောင်ဝင်တာစောလို့ မဖြစ်သေးပါဘူး။ မလုံ့တလုံ ဖော်ချွတ်မှု အရင်းအနှီးထက် ပညာအရင်းအနှီးအများကြီး လိုပါသေးတယ်။ ဒါကိုအလေးအနက် တွေးဆနားလည်စေချင်ပါတယ်။

ဒီလိုပါပဲ ဘာသာရေးနယ်ပယ်မှာ ယုံကြည်မှုသဒ္ဓါကို ခပ်လျော့လျော့ထားရင် အမြင်မှားအယူမှားမှုတွေရဲ့ ဝါးမျိုဖျက်ဆီးခြင်းကို ခံရတတ်ပါတယ်။ မိမိဘာသာတရားကိုသာ တစ်ဖက်စောင်းနင်းသာသာထိုးထိုး ရှေ့တန်းတင်ပြီး ငါ့ဘာသာ၊ ငါ့သာသနာကသာ မြင့်တယ်၊ မြတ်တယ်၊ မှန်တယ်ဆိုတဲ့ ငါစွဲနဲ့ တစ်ဖက်သားကို နှိမ့်ချပြောဆိုဆက်ဆံရင် ဘာသာရေးအယူသီးမှု၊ မဇ္ဈိမပဋိပဒါ ချိန်ခွင်လျှာကို ကျောခိုင်းပြီး အစွန်းရောက်ဝါဒကျင့်သုံးမှုနဲ့ ပဋိပက္ခဖန်တီးသူသာ ဖြစ်လာနိုင်ပါတယ်။ ဒါကိုစာရေးသူတို့ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတွေအနေနဲ့ မင်္ဂလာနှစ်သစ်ဖြစ်တဲ့ ၁၃၇၆ ခုနှစ်ရဲ့ နေ့စဉ်ဘဝမှာ အလေးအနက် တွေးတောဆင်ခြင်သတိပြုကြဖို့ တိုက်တွန်းလိုပါတယ်။

စာမျက်နှာ(၁၉) သို့

7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014



စာမျက်နှာ(၁၈) မှ

# ၁၃၇၆ နှလုံးသား

အထူးသဖြင့် မြတ်ဗုဒ္ဓက "ဗျာပါဒ" ဆိုတဲ့ ရန်ငြိုးထားမှု၊ လက်စားချေမှု အစားစားကို ဒုစရိုက် ဆယ်ပါးထဲမှာ အတိအလင်းထည့်သွင်း မြစ်တားတော်မူခဲ့တာကိုလည်း သတိပြုကြစေချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ၁၃၇၅ ခုနှစ် မဟာသင်္ကြန်မတိုင်မီ ရက်ပိုင်းအလိုမှာ ပြည်ထောင်စုအစိုးရနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ဟာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် တစ်ခုတည်းသော သဘောတူညီချက် (Single–Text) ပထမမူကြမ်းကို သဘောတူညီမှုရရှိခဲ့ကြောင်း မင်္ဂလာသတင်းကောင်းကြားသိခဲ့ရပါတယ်။ အဆိုပါ သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် မေလပထမပတ်မှာ ထပ်မံတွေ့ဆုံကြမယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးပေါ်ပေါက်လာအောင်လည်း ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတဲ့ သတင်းကလည်း အားရစရာပါပဲ။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ စာရေးသူတို့နိုင်ငံဟာ ၆၆ နှစ်မျှ ရုန်းကန်ခဲ့ရတာမို့ "ကြီးကောင်ဝင်တာ နောက်ကျနေပြီ"လို့တောင် ဆိုနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် လျော့တာတွေတိုး၊ သာတာတွေဖြေလျှော့လို့ ဦးကျည်ပွေ့ကြီးငြိမ်းချမ်းရေး အတက်ပေါက်ပြီကွဆိုပြီး ကမ္ဘာ့အလယ်မှာ ကြုံးဝါးတာကို စာရေးသူတို့ဘဝ ဆည်းဆာမှာ မလွဲမသွေမြင်လိုက် တွေ့လိုက်ကြုံလိုက်ရမယ်လို့ ယုံကြည်မိပါတယ်။ အစွန်တရားနှစ်ပါးကို အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ညှိနှိုင်းပြီး ရှောင်ရှားနိုင်မှ အကျိုးတရားကို လာမယ့်မေလမှာ စတင်ခံစားရတော့မှာပါ။

ဒါ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ပြည်သူတွေအားလုံးဟာ ခပ်ပေါ့ပေါ့ ခပ်လျော့လျော့ စဉ်းစားသုံးသပ်တဲ့အပိုင်း မရှိဘူးလို့ ယုံကြည်ပါတယ်။ ဆိုလိုတာက ပြင်ဆင်လိုတဲ့ ပြည်သူတွေရဲ့ စိတ်မှာ အမြင်မှားတာ မရှိဘူးလို့ အခိုင်အမာယုံကြည်ပါတယ်။ ဥပမာပေးရရင် စာရေးသူဟာ လူပျိုဘဝက ဘောင်းဘီရှည်စပြီး ဝတ်ခဲ့ပါတယ်။ ဘောင်းဘီဖင်ကျပ်တွေ ခေတ်စားတဲ့ခေတ်မို့ အပ်ချုပ်ဆိုင်ကို ကျပ်ကျပ်လေး ချုပ်ခိုင်းပါတယ်။ စာရေးသူရဲ့ အဖေက "ကျပ်တော့ ကျပ်ပေါ့ကွာ၊ မင်းခန္ဓာက ဒီအတိုင်းနေမှာ မဟုတ်ဘူး။ ဝလာရင်လည်း ပြင်လို့ရအောင် အသားစအပိုများများ အတွင်းဘက်မှာ ထားပေးဖို့ အပ်ချုပ်ဆရာကိုပြောကွ"လို့ ပြောဖူးပါတယ်။ ဒါပေမဲ့ စာရေးသူက အဖေပြောတာကို ဂရုမစိုက်၊ နောင်ခါလာနောင်ခါချေးလို့ ခပ်ပေါ့ပေါ့ သဘောထားခဲ့ပါတယ်။ နောင်မှ မှားမှန်းသိရတော့တာပါပဲ။ ဘောင်းဘီအတွင်းသားမှာ ပြင်ရန် "အစ"လို့ ခေါ်ဆိုတဲ့ အသားစအပို လုံးဝမရှိဘဲ ကျပ်ကျပ်ကြီးချုပ်ထားတဲ့အတွက် တစ်နှစ်အတွင်း လူက ဗိုက်ပူလာတဲ့အခါ ဝတ်လို့လည်း မရ၊ ပြင်လို့လည်း ခက်တဲ့ဒုက္ခနဲ့ ကြုံခဲ့ရပါတယ်။ နောင်တော့ ဘောင်းဘီရှည်ချုပ်ရာမှာ ပြင်ရန် "အစ" အဖြစ် အသားစအပိုကို အတွင်းထဲမှာ ထားပြီးချုပ်တဲ့အတွက် ဝလာရင်ချဲ့၊ ပိန်သွားရင်ကျပ်၊ ပြုလွယ်ပြင်လွယ်ဖြစ်လာပါတော့တယ်။ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေဟာလည်း မနှိုင်းကောင်းနှိုင်းကောင်း စာရေးသူငယ်ငယ်က ချုပ်ခဲ့တဲ့ ဘောင်းဘီကျပ်ကျပ်နဲ့ တူနေတယ်လို့ ထင်မိပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူကို ဗဟိုပြုတဲ့နိုင်ငံမှာ ပြည်သူတွေရဲ့ ဆန္ဒကို အခြေခံပြီး ပြင်သင့်တာတွေ ပြင်တာကို ကြိုဆိုကြရမှာ ဖြစ်ပါတယ်။ ငါတို့ရေးသားခဲ့တာ အမှန်၊ ငါတို့ကြံခဲ့တာ အကောင်းလို့ တရားသေရှုမြင်ရင်၊ အတ္တဒိဋ္ဌိကြောင့် မလိုလားအပ်တဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အထူးသဖြင့် ထုပ်ဆီးတိုးရာမှာ တစ်ဖက်လူအောင်လံမထူနိုင်ဘဲ ထမင်းရည်ပူ မလောင်လောင်အောင် အလွန်အကျွံတားဆီးတဲ့ စည်းကြောင်းတွေကို မျှမျှတတ စဉ်းစားပြီး လျှော့ပေါ့ပြင်ဆင်ပေးသင့်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ ဒီမိုကရေစီအရာမှာလည်း ကြီးကောင်အဝင်နောက်ကျတဲ့ နိုင်ငံဖြစ်သွားမှာ စိုးရိမ်မိပါတယ်။

နိဂုံးချုပ်အားဖြင့် "လျှော့လျှင် မိတ္တာ၊ သာလျှင် ဒိဋ္ဌိဖြစ်တတ်၏" ဆိုတဲ့သဘောကို ကောင်းစွာဆင်ခြင်နိုင်စွမ်းရှိတဲ့ ၁၃၇၆ ခုနှစ် နှလုံးသားနဲ့ နယ်ပယ်တိုင်းမှာ မဇ္ဈိမပဋိပဒါချိန်ခွင်လျှာကို သိနိုင်၊ ညှိနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ် ခင်ဗျား ....

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 265,000 |
| Galaxy S3 | 335,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 490,000 |
| Galaxy Mega 5.8 | 330,000 |
| Galaxy Note II | 415,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 420,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 810,000 |
| iPhone 5s(16GB) | 700,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 135,000 |
| G 700 | 218,000 |
| Ascend P6 | 310,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

ဧပြီလ (၁၉) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

*အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၁၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။*

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၆,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၆,၀၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၅,၀၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ဂပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၈ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၆၅ |
| ထုံး(ဂပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"–1"1/4") | တစ်ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၁၉) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၇၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၂၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၄,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၇,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

ဧပြီလ (၁၉) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Apr (23) | 815 | 940 | 920 | 950 |
| Apr (24) | 815 | 940 | 920 | 950 |
| Apr (25) | 815 | 940 | 920 | 950 |
| Apr (26) | 815 | 940 | 920 | 950 |
| Apr (27) | 815 | 940 | 920 | 950 |
| Apr (28) | 815 | 940 | 920 | 950 |
| Apr (29) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 484,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 790,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD , 15.6" | 959,000 |
| **Acer** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 484,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 619,800 |
| Intel Core i5 1.6 GHz, 4 GB DDR3, 750 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4GB DDR3, 1TB HDD, 15.6" | 775,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 435,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14'' | 561,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD,HD,15.6'' | 664,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,066,000 |

7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014



# ဦးဝင်းတင် (သို့မဟုတ်) ပြည်သူတို့ရဲ့ စကားပြန်

**ဝင်းဇော်လတ်**

သူ့အား ခင်မင်လေးစားသူ အားလုံးက အမြန်ပြန်၍ ကျန်းမာပါစေကြောင်း ဝိုင်းဝန်းဆုတောင်းပေးနေသည့်ကြားမှပင် သတင်းစာဆရာကြီးဦးဝင်းတင်သည် ဧပြီ ၂၁ နံနက် ၆ နာရီ မိနစ် ၃၀ က ကွယ်လွန်သွားသည်။ ဆရာသည် သူ၏အနိုင်မခံ အရှုံးမပေးသော မာကျောသည့်စိတ်ဓာတ်ခိုင်ကျည်မှုကို သေမင်းနှင့် ဆေးရုံခုတင်ပေါ်တွင်စစ်ခင်းနေရသည့်နောက်ဆုံးအချိန်ထိ ပြသခဲ့သူလည်းဖြစ်သည်။

အသက် (၈၅)နှစ်အရွယ်ရှိ သတင်းစာဆရာ တစ်ဦးသာမက ထင်ရှားသည့်အတိုက်အခံနိုင်ငံရေးသမားတစ်ဦးလည်း ဖြစ်သူ ဆရာဦးဝင်းတင်သည် စစ်အာဏာရှင်များ၏ နာမည်ကျော် အကျဉ်းသားတစ်ဦးလည်းဖြစ်သည်။ အစိုးရ၏အပြုအမူများကို သာမက မိခင်ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများအပေါ် ပြတ်ပြတ်သားသားဝေဖန်တတ်မှုများကြောင့်လည်း ထင်ရှားသည်။

ထို့ကြောင့် အချို့က သူ့အား သဘောထားတင်းမာသူဟုသတ်မှတ်ကြသည်။ ဆရာဦးဝင်းတင်ကမူ သူသည် ဘယ်တုန်းကမှ နိုင်ငံရေးသမားတစ်ဦးဟူ၍ မခံယူခဲ့၊ အမြဲတမ်းသတင်းစာဆရာအဖြစ်သာ ခံယူသည်ဟု ပြောဖူးသည်။ အမှန်တရားကို ဘက်မလိုက်ဘဲ လူထုဘက်မှရပ်တည်ချင်သည့် သတင်းစာသမားတစ်ဦးအနေဖြင့် နိုင်ငံရေးလောကနှင့် အမြဲတစေအထာမကျတတ်သည်မှာ သဘာဝဖြစ်ပါသည်။

ဆရာဦးဝင်းတင်သည် သတင်းစာဆရာတစ်ဦးဖြစ်ပါသည်။ သတင်းစာဆရာထဲတွင်မှ စာပေနှင့်ယဉ်ကျေးမှုအနုပညာကို တို့ထိပွေ့ဖက်လိုသည့် သတင်းစာဆရာဖြစ်သည်။ ထိုအချက်ကို ထင်ရှားလိုလျှင် ၁၉၇၂ ခုနှစ်က အနောက်ဥရောပသို့ အကခရီးလှည့်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုကဇာတ်အဖွဲ့နှင့် လိုက်ပါသွားပြီး အဆိုပါဇာတ်အဖွဲ့အကြောင်းကို ‘ခြေမှာ စကားလက်ဖျားကဗျာမျက်နှာဇာတ်လမ်း’ အမည်ဖြင့် လှပသေသပ်စွာရေးပြခဲ့သည့် လက်ရာများကို ပြန်ကြည့်နိုင်ပါသည်။ သတင်းစာဆရာတစ်ဦးက မြန်မာ့အနုသုခုမသဘင် အကြောင်းကို ရိုးရှင်းသည့် သတင်းစာစကားပြေဖြင့် စာဖတ်ပရိသတ်ထံ ပြန်လည်ဖောက်သည်ချခဲ့သည်ကိုတွေ့ရပါလိမ့်မည်။

ထိုကဲ့သို့ သုခုမသဘင်ဆိုင်ရာဆောင်းပါးများတင်မက ‘ပေါ်သစ်’ ကလောင်အမည်ဖြင့် ပန်းချီဝေဖန်ရေးနှင့် ပန်းချီဆိုင်ရာဆောင်းပါးများစွာကိုလည်း ရေးခဲ့သေးသည်။ နောင်အခါ ‘အလှရှာတော်ပုံ’အမည်ဖြင့် စာအုပ်ထုတ်သည်။ ထို့ပြင် သတင်းစာဆရာ ဂျာနယ်ကျော်ဦးချစ်မောင်၏အကြိုက်ဆုံးစာအုပ်ဟု လူသိများပြီး ရှေးဟောင်းစကားပြေအသုံးအနှုန်းများဖြင့် ဖောဖောသီသီရေးထားသည့်အတွက် မူရင်းဖတ်ရသည်မှာ ခက်ခက်ခဲခဲရှိလှသည်ဟု နာမည်ကျော်သော ကွီ (Queed) ကဲ့သို့သောဝတ္ထု၊ စာရေးဆရာ အေဂျေကရိုနင်၏ ဥတ္တရအလင်း (Northern Light) လို သတင်းစာလောကနောက်ခံထားသော ဝတ္ထုမျိုးတွေကိုလည်း ဆရာဘာသာပြန်ခဲ့သည်။

ပြီးတော့ မန္တလေး ဟံသာဝတီသတင်းစာ၏အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်နေစဉ် ‘စနေစာပေဝိုင်း’ အမည်ဖြင့် စာပေ၊ အနုပညာနှင့် သမိုင်းဆိုင်ရာစာတမ်းဖတ်ပွဲတွေကိုဦးစီးပြီး အပတ်စဉ်လုပ်ခဲ့သေးသည်။ စနေစာပေဝိုင်းမှထွက်ပေါ်လာသည့် ပြောင်မြောက်သောစာတမ်းများကြောင့် ဟံသာဝတီ သတင်းစာကို စစ်အာဏာရှင် အသိုင်းအဝိုင်းက ပိတ်ခဲ့ရသည်အထိဖြစ်ခဲ့သည်။ ‘ခင်ဗျားတို့မြန်မာ့သတင်းစာပေါ်ထွက်လာသည်ကို ဝမ်းမြောက်ကြပါသည်’ ဟူသောရေးသားချက်ကို တွေ့ရှိရမှ ‘ပြည်သူတို့၏ စကားပြန်’ အသုံးအနှုန်းကို စတင်တီထွင်လိုက်ခြင်းလည်းဖြစ်သည်။

သတင်းလွတ်လပ်ခွင့်များ တစ်စစ ပိတ်သိမ်းခံနေရသည့် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အုပ်ချုပ်ရေးကာလများအတွင်း ဆရာဦးဝင်းတင်၏ ဟံသာဝတီ ခေါင်းကြီးတစ်ပုဒ်က ‘သတင်းစာဆိုတာဘာလဲ’ဟူ၍ မေးခွန်းထုတ်ခဲ့ဖူးသည်။ အစိုးရက သူထည့်စေချင်သည်ကိုသာ ထည့်ခိုင်းပြီး ပြည်သူတို့၏သတင်းသိပိုင်ခွင့်ကို ချုပ်ချယ် ကန့်သတ်နေသည့် အချိန်နှင့်တိုက်ဆိုင်ပြီး ထွက်ပေါ်လာသောအဆိုပါခေါင်းကြီးသည် အာဏာပိုင်များ၏ အရှိုက်ကို ထိုးနှက်လိုက်ခြင်းဖြစ်သည်။ ‘သတင်းစာဆိုတာဘာလဲ’ ခေါင်းစဉ်အောက်တွင် ဆရာဦးဝင်းတင်၏ မေးခွန်းသုံးခုကိုကြည့်ပါဦး။

၁။ ဝါဒဖြန့်စာရွက်လား၊ ‘မှန်ပါ့ဘုရား’သံတော်ဦးတင်လွှာလား၊ ‘ဖောင်းတော်ညိတ် စိတ်တော်သိ’ဘုန်းတော်ဘွဲ့စာတမ်းလား၊ ‘အားလုံးကောင်းပါသည် ခင်ဗျား’အစီရင်ခံစာလား၊ ခိုင်းရာရေး၊ ပေးရာထုတ်ပြန်သည့် ပြန်ကြားရေးစာစဉ်လား၊ လက်ညှိုးညွှန်ရာရေဖြစ်ချင်သူတို့၏ ဖောင်တော်စီးလက်မှတ်လား။

၂။ အာဏာနှင့်ငွေကို ရေလိုသုံးကာ ကိုယ်ကျိုးရှာလိုသူ၊ နိုင်ငံရေးသမား၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒရေးဖောက်ပြန်သူ၊ အာဏာနှင့်အခွင့်အရေးအလွဲသုံးသူတို့၏ အသိပျက်မှု၊ အကျင့်ပျက်မှု၊ တာဝန်ပျက်မှု၊ စည်းကမ်းပျက်မှု၊ ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်ပျက်မှုများကို ဖုံးကွယ်ပေးသည့် စက္ကူကန့်လန့်ကာလား။

၃။ အမှန်တရား၊ အရှိတရား၊ အဖြစ်တရားများကို ပိတ်ဟဲ့၊ ဆို့ဟဲ့၊ တားဟဲ့၊ ဆီးဟဲ့၊ လျှို့ဟဲ့၊ ဝှက်ဟဲ့နှင့်သတင်းထောက်ကတကောက်ကောက် လိုက်ခြင်း၊ သတင်းစာကတစာ စာရေးခြင်းကို မခံမရပ်နိုင်ဖြစ်ကာ ပြည်သူတို့၏ နား၊ မျက်စိပိတ်ခြင်း၊ အကြံတုံး ဉာဏ်တုံး နလပိန်းတုံးများဖြစ်အောင်ပြုလုပ်ရာ၌အသုံးပြုသည့်စက္ကူမျက်နှာဖုံးလား။

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က ဆရာဦးဝင်းတင်တို့မေးခဲ့သော အဆိုပါမေးခွန်းသုံးခွန်းသည် အသွင်ကူးပြောင်းရေးဖော်ဆောင်နေသည့် ကာလအတွင်း အစိုးရက သတင်းထောက်များကို ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ထောင်ချခြင်းအပြင် သတင်းစာသမားတို့၏ လွတ်လပ်သော သတင်းရယူပိုင်ခွင့်နှင့် ပြည်သူတို့၏သိပိုင်ခွင့်များအား ကန့်သတ်ရန် ကြိုးစားမှုများ ရှိနေသည့် လက်ရှိအချိန်မှာလည်း မြန်မာသတင်းလောကအတွက် လိုအပ်နေဆဲဖြစ်ပါသည်။

အမြဲတမ်းသတင်းစာသမားအဖြစ် မိမိကိုယ်သတ်မှတ်ထားသည့်အတိုက်အခံနိုင်ငံရေးသမား ဆရာဦးဝင်းတင်ကမူ ဒီမိုကရေစီရေးလမ်းခုလတ်တွင် ကွယ်လွန်သွားပါပြီ။ ဆရာ ဦးဝင်းတင်နှင့် ပတ်သက်၍ရင်း၏ လုပ်ဖော်ကိုင်ဖက်များနှင့်ရင်းနှီးသူများကဆရာ၏အယူအဆနှင့် အတွေးအမြင်များကိုပို၍ ပြောနိုင်ပါလိမ့်မည်။ ဆရာ၏နောက်ဆုံးခရီးတွင်လေးစားသူတို့က ဆရာ၏ သတင်းစာသမား၊ နိုင်ငံရေးသမားနှင့် ပတ်သက်သော ဂုဏ်ပုဒ်ဝိသေသများကို ထုတ်ဖော်ချီးကျူးကြမှာဖြစ်သည်။

ဆရာ့မှာ ဂုဏ်ပုဒ်တွေကလည်းများလှသည်။ စာပေဗိမာန်၏ အယ်ဒီတာ။ ကြေးမုံသတင်းစာအယ်ဒီတာ၊ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်။ ‘ကွီ’ဝတ္ထုဘာသာပြန်သူစာရေးဆရာ၊ ပန်းချီဝေဖန်ရေးသမား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ရာတွင်ပါခဲ့သူ၊ စစ်အစိုးရ၏ နှစ်ရှည်အကျဉ်းသား၊ ပြတ်သားသည့်နိုင်ငံရေးရပ်တည်ချက်ရှိသူ အတိုက်အခံ စသဖြင့်အားလုံးက ဆရာ့ဂုဏ်ပုဒ်တွေဖြစ်သည်။ ဒီနေရာတွင် ကျွန်တော်တို့က ဆရာ့ကို ‘ပြည်သူတို့၏စကားပြန်ကြီး’အဖြစ် ထပ်ဖြည့်ချင်သေးသည်။ ဆရာသည် ပြည်သူတို့၏ သိပိုင်ခွင့်ကိုအလိုရှိသူ၊ အားပေးသူ၊ နောက်ပိုင်းမျိုးဆက်များအကြား အလေးအနက်ပြုစရာဖြစ်ရသည့် အထက်ပါစာပေလက်ရာနှင့် လှုပ်ရှားမှုများကြောင့် ဆရာ့ကို သူ့မိတ်ဆွေတွေက သတင်းစာဆရာထက် စာရေးဆရာ ပို၍ဖြစ်စေချင်ပုံရသည်။ ‘ကွီ’စာအုပ်ဘာသာပြန်ထွက်စဉ်ကဆိုလျှင် ဆရာမြသန်းတင့်က ‘စာရေးဆရာမဖြစ်ဘဲ သတင်းစာဆရာဖြစ်သွားသော ကိုဝင်းတင်သည် ယခုစာရေးဆရာဖြစ်ရန် ခြေတစ်လှမ်း လှမ်းပြီဟု ကျွန်တော်ဆိုချင်ပါသည်’ဟုအားတက်သရောရေးဖူးသည်။

ဆရာဦးဝင်းတင်၏ နောက်ထပ်မိတ်ဆွေတစ်ဦးဖြစ်သည့် ဆရာဒဂုန်တာရာကလည်း ‘သူ့ကို (ဦးဝင်းတင်)ကား သတင်းစာဆရာမလုပ်ဘဲ စာပေအဖွဲ့အနွဲ့ဘက်ကူးလျှင် အောင်မြင်မည်ဟုတွေးထင်မိသည်’ဟုပင် ရေးခဲ့သည်။ ထို့ပြင် သူတွေ့ရှိခဲ့သည့် ၁၉၅၀ ကျော်နှစ်များက ဆရာဦးဝင်းတင်၏ရုပ်ပုံလွှာကိုလည်း ဆရာဒဂုန်တာရာက အခုလိုဆက်ရေးပြသေးသည်။

“...သူကား သတင်းစာဆရာဘဝကို ဇေမူစိတ်ဖြင့် လုပ်နေသူ။ သူနေသောနိဂြောဓလမ်း၊ တာမွေအဝိုင်းအနီး၊ ဘားလမ်းရှိ အိမ်များသို့ ရောက်သွားတတ်သည်။ စာအုပ်ပုံကြားထဲ၌ အိပ်ကာ ကြုံရာစား၍ သတင်းစာ၌ သူ့ဘဝမြှုပ်နှံထားသူ။ တစ်ညလုံး အယ်ဒီတာစားပွဲ၌ထိုင်ကာ လင်းအားကြီးမှအိမ်ပြန်အိပ်သူ။ အိပ်ရာမှနိုးလျှင် ပြိုလဲနေသော စာအုပ်ပုံများကို ဖုန်ခါကာ ယိုင်နေသော ရောမ အချစ်နတ်သမီးကိုယ်လုံးတီးရုပ်တုကို တန်းပေါ်ပြန်တင်ပြီး ကဗျာပေါင်းချုပ်ဖတ်လျက်တန်းလန်းက ဝတ္ထုတစ်ပုဒ်ဖတ်ပြီး ထမင်းပင်မစားအားဘဲ ပန်းချီပြပွဲသွားသူ”

စာပေနှင့်အနုပညာကို ထွေးပွေ့သူ သတင်းစာဆရာအဖြစ် သူ့ကိုမိတ်ဆွေများက ပုံဖော်ကြသော်လည်း ဆရာ ဦးဝင်းတင်သည် အမြဲတမ်းသတင်းစာဆရာတစ်ဦးအနေဖြင့် နေထိုင်ခဲ့သည်။

**စာမျက်နှာ(၂၅) သို့**

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# e-village စနစ်ကို ဂျပန်အကူအညီဖြင့် ဆောင်ရွက်မည်ဟုဆို

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၂၂**

ကျေးရွာများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် နည်းစနစ်များကို အလွယ်တကူဖတ်ရှုနိုင်စေရန် လိုအပ်သည့် အကူအညီများဆောင်ရွက်ပေးမည့် e-Village စနစ်ကို ဂျပန်နိုင်ငံမှ နည်းပညာအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးကပြောသည်။

"e-Village စနစ်ကို ဂျပန်ကကျွန်တော်တို့လို အသင်းတစ်ခုနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ အဓိကရည်ရွယ်တာကတော့ ကျေးရွာတွေမှာရှိတဲ့ လယ်သမားတွေနဲ့ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် နည်းစနစ်တွေကို အွန်လိုင်းပေါ်မှာ အလွယ်တကူ ဖတ်ရှုနိုင်စေဖို့အတွက်ပါ"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးကရှင်းပြသည်။

အဆိုပါစနစ်ကို အကြိုလေ့လာစမ်းစစ်မှုအနေဖြင့် ယခုနှစ်လယ်မှစ၍ ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာတစ်ခုကို ရွေးချယ်ပြီး ကျေးရွာများတွင် အင်န်ဂျီအိုအဖွဲ့အစည်းများမှ လေ့လာတွေ့ရှိချက်များ၊ တောင်သူများအတွက် လယ်ယာစိုက်ပျိုးရေးစနစ်များ၊ အကျိုးရှိစေမည့် စာများကို အွန်လိုင်းပေါ်တွင် တင်ထားပေးပြီး အလွယ်တကူဖတ်ရှုနိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟုဆိုသည်။

"အကြိုလေ့လာစမ်းစစ်မှုကို ဒီနှစ်ဇွန်၊ ဇူလိုင်လောက်ကနေစပြီး တစ်နှစ်လောက်ကို စမ်းသပ်သွားမယ်။ အဆင်ပြေရင်တော့ တခြားကျေးရွာတွေမှာ ဆက်ပြီးတော့ လုပ်သွားပါမယ်"ဟု ဦးဇော်မင်းဦးကဆိုသည်။

ယခုနှစ်အတွင်း ပြည်ပအော်ပရေတာများက ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်၍ e-Village စနစ်ဆောင်ရွက်မည်ဆိုပါက လာမည့် ခြောက်လ၊ တစ်နှစ်အတွင်း ကျေးရွာများ၌ အင်တာနက်အသုံးပြုရန် ခက်ခဲသည့် ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း အဆိုပါစနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းပေါ်တွင် ကျေးလက်နေပြည်သူများ အကျိုးရှိစေမည့် စာစုအများအပြားတင်ပေးရန် လိုအပ်လျက်ရှိကြောင်းဦးဇော်မင်းဦးကဆိုသည်။




# ဥရောပမီဒီယာသူဌေးကြီး ဂူးဂဲလ်ကုမ္ပဏီကို ဝေဖန်

**ဘွန်း၊ မေ-၁၈**

ဂျာမန်သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည့် အိတ်ဖွင့်ပေးစာတစ်စောင်၌ ဥရောပ၏ အကြီးဆုံးမီဒီယာကုမ္ပဏီများအနက် တစ်ခု၏ သူဌေးက ဂူးဂဲလ်ကုမ္ပဏီကို ပြင်းပြင်းထန်ထန်ဝေဖန်လိုက်သည်။

မီဒီယာကုမ္ပဏီ Axel Springer ၏ အမှုဆောင်အရာရှိချုပ် မားသီးယပ်စ်ဒေါ့ဖ်နာက မိမိ၏ကုမ္ပဏီမှာ ဂူးဂဲလ်ကုမ္ပဏီနှင့် ၎င်း၏ စွမ်းအားကို ကြောက်ရွံ့မိသည်ဟု ပြောကြားသည်။

ဂူးဂဲလ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အဲရစ်ရှမစ်ထံ လိပ်မူထားသော ယင်းစာတွင် မစ္စတာဒေါ့ဖ်နာက ကုန်သွယ်ရေးစည်းကမ်းများကို ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဥပဒေများကို လက်တွေ့အသုံးချခြင်းမရှိသည့် နိုင်ငံကြီးတစ်နိုင်ငံ ထူထောင်ရန် ဂူးဂယ်လ်ကုမ္ပဏီက ရည်ရွယ်ထားသည်လား ဆိုသည်ကို မေးမြန်းထားသည်။

ယင်းစာနှင့်ပတ်သက်၍ ဂူးဂဲလ်ကုမ္ပဏီက မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။ Axel Springer ကုမ္ပဏီမှာ ဂျာမန်သတင်းစာများဖြစ်သည့် Die Welt နှင့် Bild တို့ အပါအဝင် မဂ္ဂဇင်းများနှင့် သတင်းစာစောင်ရေပေါင်း ၂၀၀ ကျော် ထုတ်ဝေနေသော ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီမှာအထင်ကရအွန်လိုင်းရုပ်သံနှင့် ရေဒီယိုလုပ်ငန်းများလည်း လုပ်ကိုင်နေသည်။

ဂူးဂဲလ်ကုမ္ပဏီတည်ထောင်သူ လာရီပေ့ချ်သည် ဒီမိုကရေစီဝါဒအခြေခံသော တာဝန်ယူမှုမရှိသည့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် ဥပဒေများ မရှိသော နေရာတစ်နေရာ ဖန်တီးရန် စိတ်ကူးနေသည်ဟု ဒေါ့ဖ်နာက ရေးသားထားသည်။

တစ်ဦးတည်းချုပ်ကိုင်ထားမှုမှာ စီးပွားရေးလောက ရာဇဝင်တွင် ကြာကြာမရှင်သန်နိုင်ဟု ၎င်း၏ စာတွင် ရေးသားပြီး ဂူးဂဲလ်ကုမ္ပဏီကို မစ္စတာဒေ့ဖ်က သတိပေးလိုက်သည်။

*—Ref: BBC*




*ရန်ကုန်တွင် တည်ဆောက်ထားသည့် တယ်လီနောဒေတာစင်တာ*

# တယ်လီနော၏ ဒုတိယမြောက်ဒေတာစင်တာ တစ်လအတွင်း အပြီးသတ်မည်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၀**

ရှစ်လအတွင်း ဆင်းမ်ကတ်များ ရောင်းချနိုင်ရန် ဆောင်ရွက်နေသည့် တယ်လီနောမြန်မာကုမ္ပဏီကအသံနှင့် ဗီဒီယိုခေါ်ဆို အသုံးပြုနိုင်ပြီဖြစ်သည့် Data Center တစ်ခုကို ရန်ကုန်မြို့တွင် တည်ဆောက်ပြီးဖြစ်ရာ မန္တလေးမြို့တွင်လည်း တစ်လအတွင်းအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စက်တင်ဘာအတွင်း မိုဘိုင်းဆင်းမ်ကတ်များ ရောင်းချနိုင်ရန်အတွက် ခန့်မှန်းထားသည့် တယ်လီနောမြန်မာကုမ္ပဏီက အနည်းဆုံးမိုဘိုင်းဖုန်းလိုင်း ဆယ်သန်းနှင့် အကန့်အသတ်မရှိအသုံးပြုနိုင်သည့် Data Center ကို ရန်ကုန်မြို့နှင့် ၂၂ ကီလိုမီတာကွာ ဝေးသည့် နေရာတွင် တည်ဆောက်ပြီးဖြစ်ကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Petter Furbergက ပြောသည်။

ရန်ကုန်မြို့တွင် တည်ဆောက်ထားသည့် Data Center မှာ တယ်လီနောကုမ္ပဏီမှ တည်ဆောက်ခဲ့ဖူးသည့် Data Center များထဲတွင်အကြီးဆုံးဖြစ်ပြီးဆက်သွယ်ရေးနှင့် သိုလှောင်စနစ်များပါဝင်သည့် Data Center များကို စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရန် သဘော်တင်ကွန်တိန်နာများအသွင်ပြောင်းလဲလုပ်ဆောင်ထားခြင်းဖြစ်ကြောင်း တယ်လီနောမြန်မာကုမ္ပဏီမှ သိရသည်။

မန္တလေးမြို့တွင်လည်း Data Center ကို တစ်လအတွင်း ရန်ကုန်တွင် တည်ဆောက်ထားသည့် ပုံစံအတိုင်း ကွန်တိန်နာများဖြင့် တည်ဆောက်မည်ဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးတွင် မိုဘိုင်းတာဝါတိုင် နှစ်ခုသာ လက်ရှိ ဆောက်လုပ်ပြီးဖြစ်ရာ တစ်နှစ်အတွင်း ၂၄၀၀ ခန့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မိုဘိုင်းတာဝါတိုင်များ တည်ဆောက်ရန်အတွက် မြေနေရာနှင့် ခွင့်ပြုချက်ရယူရာတွင် ခက်ခဲမှုများရှိနေပြီး တာဝါတိုင်ဆောက်လုပ်ရန်မှာ အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေကြောင်း Mr.Petter Furberg က ပြောသည်။

ရန်ကုန်မြို့နှင့် ၂၂ ကီလိုမီတာ ကွာဝေးသည့်နေရာတွင် တည်ဆောက်ထားသည့် Data Center မှ တယ်လီနောရုံးချုပ်နှင့် အသံနှင့် ဗီဒီယိုခေါ်ဆိုမှု စတင်လုပ်ဆောင်နိုင်နေပြီဖြစ်သည်။ စတင်ရောင်းချပေးမည့်အချိန်တွင် ကွန်ရက်စတင်ရရှိမည့်နေရာ အများအပြားတွင် စတင်ရောင်းချသွားမည်ဖြစ်သည်။ မိုဘိုင်းဆင်းမ်ကတ်ရရှိရန်အတွက် ဆိုင်ပေါင်း ၂၅၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကွန်ရက်ဖြန့်ကျက်မှုကို ထောက်ပံ့ပေးမည့် Core Network ကို Huawei ကုမ္ပဏီမှ ဝန်ဆောင်မှုပေးနေပြီး အခြားကွန်ရက်ဆက်စပ်ပစ္စည်းထောက်ပံ့သူများမှာ Ericsson နှင့် Wipro ကုမ္ပဏီတို့ဖြစ်ရာ အခြေခံအဆောက်အအုံဖြစ်သည့် ဆက်သွယ်ရေးတာဝါတိုင်များကို တည်ဆောက်ပြီး စီမံခန့်ခွဲသူများမှာ Apollo Towers နှင့် Irrawaddy Green Technology (IGT) တို့ဖြစ်ကြောင်း သတင်းရရှိသည်။



# စီဒီအမ်အေဖုန်း အမျိုးအစားများ ပြန်သိမ်းရန်မရှိပဲ အဆင့်မြှင့်ရန်သာရှိ

**ဆွေမွန်**

**ရန်ကုန်၊ မေ-၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိသုံးစွဲနေသည့် မိုဘိုင်းအမျိုးအစားများပြားနေခြင်းကြောင့် မိုဘိုင်းဖုန်းဆက်သွယ်မှု ခက်ခဲမှုများရှိသော်လည်း CDMA အမျိုးအစားများကိုလည်း ရပ်ဆိုင်းသွားရန်မရှိဘဲ နည်းပညာပိုင်းအရ ထပ်မံအဆင့်မြှင့်သွားရန်သာရှိကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်း ပညာဝန်ကြီးဌာန ဝန်ကြီးဦးမြတ်ဟိန်းက ပြောသည်။

တယ်လီကွန်းသိပ်သည်းဆ တိုးတက်အောင် ဆောင်ရွက်ရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသည့် အနေအထားအရ အချို့နေရာများတွင် ဆက်သွယ်မှု မရသေးခြင်းများရှိနေပြီး မိုဘိုင်းအမျိုးအစားများပြားနေခြင်းမှာလည်း အခက်အခဲတစ်ခုဖြစ်နေကြောင်း သိရသည်။

"အခုလုပ်နေတာက အမျိုးအစားက လေးခု၊ ငါးခု ဖြစ်နေတယ်။ GSM ထုတ်တယ်။ WC–DMA, CDMA 450, CDMA800 အဲဒီလို လေးငါးမျိုးလောက် လုပ်တယ်။ အဲဒီတော့ တာဝါတိုင်ရှိတယ်။ စခန်းရှိတယ်။ ဒီတာဝါတိုင်က GSM ရှိတယ်။ CDMA စက်မရှိဘူးဆိုတဲ့ ဒီလိုမျိုး အခက်အခဲလေးတွေလည်း ရှိတယ်" ဟု ဦးမြတ်ဟိန်းက ပြောသည်။

CDMA မိုဘိုင်းဖုန်းလိုင်းများကိုလည်း ရပ်ဆိုင်းသွားရန် မရှိဘဲ နည်းပညာတိုးတက်လာမှု အပေါ်မူတည်၍သာ ထပ်မံချဲ့သွားရန်ရှိပြီး မိုဘိုင်းထပ်တိုးဝန်ဆောင်မှု (Value Added Services) များမှာလည်း လက်ရှိတွင် လိုအပ်ချက်များ ရှိနေခြင်းကြောင့် ထပ်မံလုပ်ဆောင်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဦးမြတ်ဟိန်းက ပြောသည်။

လက်ရှိတွင် CDMA မိုဘိုင်းဖုန်း အမျိုးအစားတစ်ခုဖြစ်သည့် MEC အမှတ်တံဆိပ်ပါ CDMA 800 MHz ၁၅၀၀ကျပ်တန် ဖုန်းများကိုသာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ရောင်းချပေးနေပြီး အခြားသော GSM နှင့် WCDMA ဖုန်းအမျိုးအစားများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရောင်းချပေးနေခြင်း ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းများအတွက် ထပ်တိုးဝန်ဆောင်မှု (Val–ue Added Services)များကို ၂၀၁၃ ခုနှစ် အောက်တိုဘာက ထပ်မံဖွင့်လှစ်ပေးခဲ့သော်လည်း အော်ပရေတာလုပ်ငန်းများ လုပ်ကိုင်မည့် ပြည်ပကုမ္ပဏီများက အဆိုပါ ဝန်ဆောင်မှုအများအပြားကို မိုဘိုင်းဆင်းမ်ကတ်များရောင်းချစဉ်ကပင် တစ်ပါတည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှလည်း အော်ပရေတာတစ်ခုအဖြစ် ပြောင်းလဲလုပ်ကိုင်ရန် ဂျပန်နိုင်ငံ KDDI ကုမ္ပဏီနှင့် အသေးစိတ်သဘောတူညီမှုရရှိရန် ညှိနှိုင်းဆောင်ရွက်နေပြီး ကော်ပိုရေးရှင်းတစ်ခုအနေဖြင့် ပြောင်းလဲလုပ်ဆောင်သွားရန်လည်း စီစဉ်နေပြီဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးမြတ်ဟိန်းက ပြောသည်။




# Nokia Lumia 2520 သင်ပုန်းကွန်ပျူတာ အားသွင်းကိရိယာ သုံးသောင်းကို ဈေးကွက်မှ ပြန်သိမ်း



**ဟယ်ဆင်ကီး၊ မေ-၁၈**

နိုကီယာကုမ္ပဏီက ၎င်းတို့ထုတ်လုပ်ထားသော Lumia 2520 သင်ပုန်းကွန်ပျူတာ၏ အားသွင်း ကိရိယာများသည် အသုံးပြုသူများကို ဓာတ်လိုက်စေနိုင်သောကြောင့် ယင်းအားသွင်းကိရိယာပေါင်း ၃၀,၀၀၀ ကိုပြန်လည်သိမ်းယူမည်ဖြစ်သည်။

ကြားခံကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားသော AC–300 အားသွင်းကိရိယာများကို ဩစတြေးလျ၊ ဗြိတိန်၊ ဒိန်းမတ်၊ ဖင်လန်၊ ဂျာမနီ၊ ရုရှား၊ ဆွစ်ဇာလန်နှင့်အမေရိကန်နိုင်ငံတို့တွင်ရောင်းချခဲ့သည်။



ယခင်က ကမ္ဘာ့မိုဘိုင်းဖုန်းဈေးကွက်ကို ဦးဆောင်နိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီထံသို့ ၎င်း၏ ဈေးကွက်ထိပ်ဆုံးနေရာ လွှဲအပ်လိုက်ရသည့်နိုကီယာကုမ္ပဏီမှာ Lumia 2520 သင်ပုန်းကွန်ပျူတာကို ပထမဆုံးထုတ်လုပ်ထားခြင်း ဖြစ်သည်။

ယင်းအားသွင်းကိရိယာ ပလတ်စတစ်အဖုံး၏ လဲလှယ်နိုင်သောပလတ်မှာလျော့ရဲလာနိုင်ပြီး ပြုတ်ထွက်သွားနိုင်သည်ဟု နိုကီယာကုမ္ပဏီ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အကယ်၍ ယင်းသို့ပြုတ်ထွက်သွားပါက လျှပ်စစ်လိုင်းနှင့် ဆက်သွယ်ထားစဉ် အတွင်းပိုင်းပစ္စည်းတစ်ခုခုကို ထိမိ၍ ဓာတ်လိုက်နိုင်သည့် အန္တရာယ်ရှိသည်ဟု နိုကီယာကုမ္ပဏီက ပြောသည်။

ယင်းပြဿနာရှိကြောင်း အတွင်းပိုင်းပစ္စည်း အရည်အသွေးထိန်းချုပ်မှုလုပ်ငန်းစဉ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအချိန်ထိ ယင်းပြဿနာကြောင့် ထိခိုက်သူမရှိသေးဟု ဖင်လန်နိုင်ငံအခြေစိုက် နိုကီယာကုမ္ပဏီက ပြောသည်။

ဖောက်သည်များအားလုံး ယင်းအားသွင်းကိရိယာများ အသုံးပြုခြင်းကို နောက်ထပ်အသိပေးမှုမတိုင်မီထိ ရပ်ဆိုင်းထားကြရန် နိုကီယာကုမ္ပဏီက တိုက်တွန်းထားသည်။

နိုကီယာကုမ္ပဏီက ၎င်း၏ မိုဘိုင်းဖုန်းနှင့် သင်ပုန်းကွန်ပျူတာလုပ်ငန်းကို မိုက်ကရိုဆော့ဖ်ကုမ္ပဏီသို့ ယခုလကုန်တွင် ရောင်းချမည်ဟု မျှော်လင့်ရသည်။ နိုကီယာကုမ္ပဏီမှာ ယမန်နှစ်က ယူရိုငွေ သန်း ၇၈၀ အရှုံးပေါ်ခဲ့သည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ထိုင်းမိန်းမလျာများပါဝင်ခဲ့သည့် ဂရင်းရှိုင်ရယ်မဏ္ဍပ်အမည်ပျက်စာရင်းသွင်းခံရ

ထိုင်းနိုင်ငံမှ မိန်းမလျာများက အတွင်းခံသာဝတ်ပြီး ကပြခဲ့၍ မြန်မာ့ရိုးရာနှင့်ဆန့်ကျင်ဘက်ဖြစ်ခဲ့ကာ ရန်ကုန်သင်္ကြန် နာမည်ပျက်ခဲ့ရ၍ ဂရင်းရှိုင်ရယ်မဏ္ဍပ်ကို အမည်ပျက်စာရင်းသွင်းပြီး နောင်နှစ်များတွင် ခွင့်မပြုပေးတော့ဟု သိရသည်။ Stars and Model Agency ပိုင်ရှင် ကိုဂျွန်လွင်ခေါ်လာသည့်မိန်းမလျာအကမယ်များဖြစ်ပြီး ရန်ကုန်မြို့ရှိ ကားအရောင်းပြခန်းဖွင့်ပွဲတစ်ခုတွင်လည်း လာရောက်ခဲ့ဖူးသည်ဟု ဆိုသည်။ သင်္ကြန် ကာလများတွင် မဏ္ဍပ်လာလျှောက်ပါက အမည်ပျက်စာရင်းသွင်းခံထားရသည့်မဏ္ဍပ်များအား ခွင့်မပြုတော့ဘဲ မဏ္ဍပ်အမည်ဆိုင်းဘုတ်များကို မြန်မာလိုရေးရာတွင်လည်း အရွယ်အစားသတ်မှတ်ပေးတော့မည်ဖြစ်သည်။

## အမေရိကန်သမ္မတ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရန်ရှိ

အမေရိကန်သမ္မတအိုဘားမားသည် ယခုနှစ် နိုဝင်ဘာလမကုန်မီ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ရန်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ အမေရိကန်သမ္မတသည် ယခုနှစ်ကုန်တွင် မြန်မာ၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံများသို့ ဆွေးနွေးပွဲများတက်ရောက်ရန် သွားရောက်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုဝင်ဘာလထဲ၌ ကျင်းပမည့် အရှေ့တောင်အာရှထိပ်သီးဆွေးနွေးပွဲနှင့် အမေရိကန် အာဆီယံခေါင်းဆောင်များ ဆွေးနွေးပွဲများသို့ ပုံမှန်အားဖြင့် တက်ရောက်ရန် စီစဉ်ထားသည်ဟု နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူး ဗိုလ်မှူးဇော်ဌေးက ပြောသည်။

## မဲဆွယ်စည်းရုံးမှုကို ကန့်သတ်ရန် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌပြောကြားမှုဝေဖန်ခံရ

လာမည့်ကြားဖြတ်ရွေးကောက်ပွဲကာလတွင် မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်ရာ၌ ကန့်သတ်မှုများ လုပ်ဆောင်ရန် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားခဲ့ပြီး ထိုကဲ့သို့ လုပ်ဆောင်ပါက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်လာနိုင်ဖွယ်မရှိဟု နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်အချို့ကသုံးသပ်သည်။ ယခုနှစ်ကုန်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုသာ ဟောပြောခွင့်ပြုမည်ဖြစ်ပြီး အခြားမည်သူ့ကိုမျှ ဟောပြောခွင့်မပြုရန် လုပ်ဆောင်မည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ ပြောကြားမှုကို အထက်ပါပုဂ္ဂိုလ်များက တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

## အစိုးရသက်တမ်းပြည့်လျှင် ဝန်ကြီးဆက်မလုပ်တော့ဟု ဦးမြင့်လှိုင်ပြော

သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ၃၆ ဦးအနက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုအစိုးရသက်တမ်းပြီးလျှင် ဝန်ကြီးဆက်လက်လုပ်မည်မဟုတ်ဟု ဧပြီ ၂၀ ရက်တွင် နေပြည်တော်ပျဉ်းမနားမြို့ရှိ အလျင်လိုကျေးရွာ လယ်သမားများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ၎င်းလက်ထက်တွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို တွင်ကျယ်အောင်ဆောင်ရွက်သော်လည်း တောင်သူများအကြား လက်ခံလိုက်နာမှုနည်းနေဆဲဖြစ်ပြီး လက်ကျန်သက်တမ်းအတွင်း အစွမ်းကုန်လုပ်ဆောင်သွားမည်ဟု ပြောသည်။



ဓာတ်ပုံ – လှထွန်း

## အလှူတွင် ကျွေးသော သင်္ကြန်ထမင်းစားပြီး မြဝတီဒေသခံ ၁၆၀ ကျော် အစာအဆိပ်သင့်

မြဝတီမြို့ ပေါလောကျေးရွာ ဘုန်းကြီးကျောင်းတွင် ဧပြီ၁၉ရက်က ပြုလုပ်သော အလှူတစ်ခု၌ ကျွေးသော ထမင်းကို စားမိရာမှ ဒေသခံ ၁၆၅ ဦးအစာအဆိပ်သင့်ခဲ့သည်။ ဒေသရိုးရာသင်္ကြန်ထမင်းကျွေးခြင်းဖြစ်ပြီး နံနက်ပိုင်းအလှူတွင် ဘာမှမဖြစ်ဘဲ ညနေပိုင်းအလှူတွင် စားမိသူများအစာအဆိပ်သင့်ခဲ့ခြင်းဖြစ်သည်။ နေ့အပူချိန်များမြင့်နေမှုကြောင့် ချက်ထားသော ထမင်းနှင့် ဟင်းများအချဉ်ပေါက်ကာ အစာအဆိပ်သင့်ခြင်းဖြစ်နိုင်ကြောင်း မြဝတီမြို့ဆေးရုံအုပ်ကြီးက သုံးသပ်ထားပြီး လူဦးရေ ၃၀ ကျော်မှာ ဆေးကုသနေရဆဲဖြစ်သည်။

## အိမ်လခမပေးနိုင်၍ အသက် ၇၀ ကျော် အဘိုးအိုတစ်ဦး ဆွဲကြိုးချသတ်သေ

အိမ်လခမပေးနိုင်၍ အိမ်ရှင်က ဆင်းခိုင်းသဖြင့် တောင်ဒဂုံ ၁၀၆ ရပ်ကွက် မြိုင်တန်းသာ (၁) လမ်းရှိ အိမ်တွင် တစ်ဦးတည်းနေထိုင်သော အသက် (၇၂) နှစ်အရွယ် အဘိုးအိုတစ်ဦးသည် ဧပြီ ၁၈ ရက်က ဆွဲကြိုးချသေဆုံးခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီကလည်း သာကေတမြို့နယ်တွင် အိမ်ငှားနေသော အဘိုးအိုတစ်ဦးသည် အိမ်လခမပေးနိုင်၍ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုဖြစ်ပွားခဲ့သည်။

## ခရီးသည်တင်ယာဉ်နှင့် အိမ်စီးကားတိုက်ပြီး မီးလောင်မှုကြောင့် ၁၃ ဦးသေဆုံး



ဓာတ်ပုံ – ကျော်စိုးနိုင်

တောင်ပြာတန်းခရီးသည်တင်ယာဉ်နှင့်အိမ်စီးကားငယ်တစ်စီးတိုက်မိရာမှ မီးလောင်ကျွမ်းပြီး အိမ်စီးကားငယ်ပေါ်တွင် လိုက်ပါလာသူ ခြောက်ဦးနှင့် ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် ခုနစ်ဦး မီးလောင်ကာ သေဆုံးသွားခဲ့သည်။ ဧပြီ ၁၂ ရက် နံနက်က ဖြစ်ပွားခဲ့ပြီး တောင်ပြာတန်း ခရီးသည်တင်ယာဉ် မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာထွက်ပြေးတိမ်းရှောင်သွားခဲ့ရာ ယခုအချိန်ထိ ဖမ်းဆီးမိခြင်းမရှိသေးပေ။ မီးလောင်ကျွမ်းခံရ၍ နေပြည်တော်ခုတင်တစ်ထောင်ဆေးရုံတွင် ကုသနေသော ဒဏ်ရာရရှိသူတစ်ဦးမှာ ဧပြီ ၁၇ ရက်တွင် ထပ်မံသေဆုံးသွားခဲ့သည်။

## ဦးကိုကိုကြီး မင်္ဂလာပွဲ ကုန်ကျစရိတ်အထောက်အပံ့ယူကျင်းပခြင်းမဟုတ်

ဧပြီလဆန်းက ကျင်းပခဲ့သော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီး၏ မင်္ဂလာပွဲကိစ္စနှင့်ပတ်သက်ပြီး ငွေကြေးအထောက်အပံ့များ ယူခဲ့သည်ဆိုသည်မှာ သတင်းမှားများသာဖြစ်ကြောင်း ကာယကံရှင်ဖြစ်သူ ဦးကိုကိုကြီးက ပြောသည်။ ဦးကိုကိုကြီး၏ မင်္ဂလာပွဲကုန်ကျစရိတ်အတွက် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့ အစည်း ရန်ပုံငွေမှ ယူသုံးခဲ့ခြင်းမဟုတ်ကြောင်းကို လည်း ၎င်း၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဦးမြအေးက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော ဖေ့စ်ဘွတ်ခ်တွင် ပြန်လည်ရှင်းလင်းရေးသားခဲ့သည်။

## အစိုးရနှင့် ကေအိုင်အေတို့ တစ်ကျော့ပြန် တိုက်ပွဲများဖြစ်

အစိုးရတပ်နှင့် ကေအိုင်အေတို့ ဧပြီ ၁၀ ရက်မှစတင်၍ ရှစ်ရက်ကြာ တိုက်ပွဲများတစ်ကျော့ပြန်ပြင်းထန်စွာ ပြန်လည်ဖြစ်ပွားခဲ့ရာ တိုက်ပွဲများအတွင်း မြန်မာ့တပ်မတော်ဘက်မှ အရာရှိနှစ်ဦးအပါအဝင် ကိုးဦးကျဆုံးခဲ့ပြီး အရာရှိတစ်ဦးအပါအဝင် ၁၇ ဦး ဒဏ်ရာရရှိခဲ့ကာ ကေအိုင်အေဘက်မှ အလောင်း ၁၄ လောင်း သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်ဘက်မှ ထိုးစစ်ဆင်ခြင်း လုံးဝမပြုလုပ်ခဲ့ဘဲ ဆက်သွယ်ရေးလမ်းကြောင်းများတစ်လျှောက် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကေအိုင်အေဘက်ကမူ အစိုးရတပ်က သန်းခေါင်စာရင်း လုံခြုံရေးအကြောင်းပြ၍ နယ်မြေစိုးမိုးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တစ်ကျော့ပြန်ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်ပတ်သက်၍ အသီးသီး ပြောကြားခဲ့သည်။

## ဓမ္မာစရိယစာမေးပွဲ မေးခွန်းပေါက်မှု ဒုဝန်ကြီး ဦးဆောင်စစ်ဆေး

မတ်လကုန်ပိုင်းမှ ဧပြီလဆန်းအထိ ကျင်းပခဲ့သော အစိုးရဓမ္မာစရိယစာမေးပွဲတွင် မေးခွန်းပေါက်ကြားမှုကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်ကာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးနေပြီဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲ၏ စာစစ်ဌာန အများစုတွင် မေးခွန်းပေါက်ကြားမှုများဖြစ်ပေါ်ခဲ့ပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ် စာစစ်ဌာနများတွင် မေးမြန်းမည့်မေးခွန်းနှင့်ထပ်တူ ပေါက်ကြားမှုများဖြစ်ပေါ်သဖြင့် ဝန်ကြီးရုံး အမိန့်စာဖြင့် မေးခွန်းလဲလှယ်မှု ပြုလုပ်ခဲ့ရသည်။

# Novel

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

(ယခင်အပတ်မှအဆက် . . . )

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်



**အခန်း (၁၁)**

**ကျွန်သံသရာလည်နေကြရသူများ**

“စေတီပုထိုးဂူအမျိုးမျိုး၊ တို့ဘိုးဘွားတည်ထားပါတယ်။ ရှေးအခါကကွယ်၊ ရွှေအိုရွှေမှေး၊ ရွှေကိုယ်လေး၊ ရွှေသူဌေးတို့ လှူခဲ့ပါတယ်၊ ဝင်းဝါလို့ထည်၊ ဘယ်ညှော့သည်ငေးမဆုံးတွေးမဆုံးဖွယ်၊ ကုန်းကမူလေးထက်ဝယ်၊ ထုံးဖြူလေးမပြယ့်တပြယ်၊ တန်ဆောင်း ပြာသာဒ်ကျောင်းဇရပ်တွေနဲ့ ကောင်းမြတ်မနသီ၊ ရှင်ကြည်မနော၊ ရေကြည်လျှံမြကန်အလှဝယ်၊ ညနေညို၊ နှမမေပျို့ရေချိုခပ်တယ်၊ အိုးစည်ပုံမောင်းခြိမ့် ခြိမ့်ညောင်းလို့ရယ်။ဘယ်သူတွေဖျက်မပျက်ခဲ့ပါ၊ ကမ္ဘေ၊ ကမ္ဘာဝယ် အလှူရေစက်လက်နဲ့မကွာ စေတနာကြွယ်သဒ္ဓါမချို့လေတယ်၊ မြန်မာတို့မြေနယ်၊ ပသာဒတွေ မယွင်းမစောင်း၊ သဘာဝအခြေအတင်းမပြောင်းအသင်း အပေါင်းကြည့်လေကွယ်၊ကြည့်လေကွယ်၊သိစေမယ်၊ ဟန်မတင်း၊မာန်မပြင်း၊ ဖန်ဆင်းသည့် ပရိယာယ်မရှိတယ်၊ လာလေ့ညှော့သည်၊ ရှုလေ့ညှော့သည် ကမ္ဘာထုတွင်း ပမာပြုရင်း မြန်မာရှုခင်း၊ မြန်မာစိတ်ရင်းအစင်းသိရမယ်”

“ကိုမင်းဒင်ရယ်၊ တော်ပါတော့ဗျာ။ နားထောင်လို့တော့ ကောင်းပါရဲ့။ ကျွန်တော်တို့ ရောက်နေတဲ့နေရာ၊ ဖြစ်နေတဲ့ အခြေအနေတွေနဲ့ ဖီလာကန့်လန့်တိုက်နေလွန်းလို့ပါ”

“ခင်ဗျားဗျာ၊ သီချင်းဆိုတယ်ဆိုတာ လူ့အခွင့်အရေးဗျ”

ကိုသက်ခိုင်မောင်းနေသော ကားပေါ်မှာ သူ့ဘေးက ထိုင်လိုက်ရင်း မွေးရပ်မြေအလွမ်းဖြေသီချင်းတစ်ပုဒ်ကို ကျွန်တော်ခပ်တိုးတိုးညည်းဆိုနေခြင်းအား ကိုသက်ခိုင် ရုတ်တရက်ဟန့်လိုက်သဖြင့် ကျွန်တော့်သီချင်းမှာ ဆုံးခန်းမတိုင်လိုက်တော့ချေ။ လူရင်းမို့ စိတ်ဆိုးရန် အကြောင်းမရှိသော်ငြား အနည်းငယ်အောင့်သည်းအောင့်သက်ဖြစ်ရသည့်အတွက် ကျွန်တော် သူ့ကို ခွန်းတုံ့ပြန်အငေါ့တူးလိုက်ခြင်းဖြစ်သည်။

“အေးပါဗျာ၊ လွန်တာရှိရင် ဝန္ဒာမိပါ။ ကျွန်တော် တောင်းပန်ပါတယ်။ သို့ပေသည့် ကျွန်တော်တို့ ရောက်နေတဲ့နေရာဟာ ဗမာတွေအတွက် လူ့အရေးမပြောနဲ့၊ ခွေးအခွင့်အရေးလောက်တောင် မရှိတာမို့ ခင်ဗျားဆက်ဆိုမယ့် ရေကြည်လျှံမြကန်အလှဝယ်၊ ညနေညို၊ နှမမေပျို ရေချိုခပ်တယ်။ အိုးစည်ပုံမောင်းခြိမ့်ခြိမ့်ညောင်းလို့ရယ်ဆိုတဲ့ စာသားကို ကျွန်တော် ဆက်မကြားချင်တော့လို့ပါ”

“သြော်၊ ဒါဆို သီချင်းရေးတဲ့ စန္ဒာရားဦးလှထွဋ်ဟာ အလွဲတွေများ ရေးထားခဲ့လို့လားဗျာ”

“ဒီသီချင်းမှာ တေးရေးဆရာရော၊ မူရင်းအဆိုရှင် ကိုဝင်းဦးရော ဘာမှ ပြောစရာမရှိလောက်အောင် ပြီးပြည့်စုံနေတာမှန်ပါတယ်။ ခက်နေတာက ဒီသီချင်းဟာ လက်ရှိတိုင်းပြည်မှာ ဖြစ်ပျက်နေတာတွေနဲ့တော့ တော်တော့်ကို အံချော်နေပြီလို့ ပြောရမယ်ဗျ။ ဘာတဲ့၊ ပသာဒတွေ မယွင်းမစောင်း၊ သဘာဝအခြေအတင်းမပြောင်းတဲ့ ဟုတ်လား။ ပြောင်းလိုက်တဲ့ သဘာဝရေမြေတွေ တောင်တွေ၊ တောင်တွင်းဖြစ်ကုန်တဲ့အထိ။ နောက်ရှိသေးတယ်။ အိုးစည်ပုံမောင်းခြိမ့်ခြိမ့်ညောင်းဖို့ နေနေသာသာ၊ လယ်သိမ်းမြေသိမ်းနဲ့ ဒုက္ခတွေ ပင်လယ်ဝေနေတာ မမြင်ချင့်အဆုံး”

“သြော်၊ ကိုသက်ခိုင်ရယ် သီချင်းကို သီချင်းလိုသာ နားထောင်ကြ၊ ဆိုကြ၊ ညည်းကြတာ ဓမ္မတာပါဗျာ”

“အေးပေါ့ဗျာ။ အဲဒီဓမ္မတာသဘောထဲမှာ ပျော်ပျော်ကြီး နစ်နေခဲ့ကြလို့ ကျုပ်တို့ဗမာတွေ ယိုးဒယားမှာလာပြီး ကျွန်သံသရာလည်နေကြတာပေါ့”

“သြော်၊ သြော် ဟုတ်ပြီ။ ဟန်ကျလိုက်လေ။ စောစောက စကားပြတ်သွားတဲ့ ကျွန်သံသရာဆိုတာ သေချာဆက်ရှင်းပါဦးဗျာ”

“ရှင်းပါမယ်ဗျာ။ ခဏစောင့်ပါဦး။ ချက်ဖို့၊ ပြုတ်ဖို့ ဟင်းစားလေး သွားဝယ်လိုက်ကြရအောင်။ ပြီးမှ ကျွန်ဇာတ်ခင်းကြတာပေါ့”

ကိုသက်ခိုင်သည် ကားကို ဝထစ်အရပ်မှသည် စဖန်ဟင်းကမ်းခြေသို့ ဦးတည်မောင်းနှင်နေ၏။ ညနေစောင်းအချိန်လမ်းမတွေပေါ်မှာ ကားတွေ ပြည့်ညပ်နေသောကြောင့် အရှိန်နှင့် မောင်း၍မရချေ။ အချို့နေရာများတွင် တစ်ဘီးချင်းလှိမ့်နေရသည်မို့ စကားပြောချိန်ရသည်။

“ကိုသက်ခိုင် ဒီမြို့က ကားသစ်တွေ တော်တော်ပေါတဲ့မြို့ဗျာ။ ကားအဟောင်းတွေမှုလို့တောင် ရှူစရာမရှိ။ မြင်ချင်လို့တောင်မမြင်ရတဲ့မြို့ပဲဗျာ။ဒီကြားထဲဆိုင်ကယ်တွေပေါချက်ကတော့ အိမ်ပေါက်စေ့အလကားလျှောက်ဝေထားရော့သလား အောက်မေ့ရတယ်”

“အေးလေ၊ ဒီနိုင်ငံမှာ ကားတို့၊ ဆိုင်ကယ်တို့ ဝယ်စီးတယ်ဆိုတာ ထူးဆန်းတဲ့ ကိစ္စမှ မဟုတ်တာ။ ကားအသစ်စီးချင်သလား၊ ကားအဟောင်းစီးချင်သလား။ ကားအဟောင်းစီးချင်ရင် ဗမာငွေ ဆယ်သိန်းလောက် လက်ငင်းချေ၊ ဗမာငွေ သုံးသိန်းဝန်းကျင်လစဉ်အရစ်ကျသွင်းနိုင်ရုံနဲ့ စီးနိုင်ပြီဗျာ။ ကားအသစ်စီးချင်ရင် ကားဟောင်းကို ပြန်ရောင်းလို့ရတဲ့ငွေနဲ့ ကားအသစ်အတွက် ပထမဆုံးအရစ် လက်ငင်းငွေချေလိုက်ရုံပဲ။ ပရိမိုးရှင်းအနေနဲ့ ဒစ်စကောင့်ချချိန်များဆို ဗမာငွေဆယ့်ငါးသိန်း၊ ထိုင်းဘတ်ငါးသောင်းလောက်နဲ့တောင် စီးနိုင်ပါ့ဗျာ။ ဆိုင်ကယ်စီးချင်သပဆိုရင် ဗမာငွေ သုံးသိန်းလောက်သာ လက်ငင်းချေလိုက်။ နောက်ဆုံးပေါ်မော်ဒယ် ဆိုင်ကယ်အသစ်စက်စက်ကို လစဉ်အရစ်ကျငွေချေစနစ်နဲ့ ရနိုင်ပါ့ဗျာ။ ဗမာပြည်မှာလို အတိုးနှုန်းလည်း မကြီးဘူး။ ရှုပ်ထွေးတဲ့ဘဏ်စနစ်တွေလည်းမရှိဘူးဗျာ။ ကျွန်တော့်လိုငပါမွှားတောင် တိုယိုတာကုမ္ပဏီကနေ ယုံကြည်စိတ်ချရတဲ့ ဖောက်သည်စာရင်းသွင်းပြီး နောက်ထပ်ကားဝယ်ချင်သပဆိုရင် ဘတ်သန်းချီတန်တဲ့ နောက်ဆုံးပေါ်ကားငါးစီးကို ဘာအာမခံချက်မှမပါဘဲ၊ ကျွန်တော်လက်မှတ်တစ်ချက်ထိုးရုံနဲ့ တစ်ကြိမ်တည်းရောင်းပေးနိုင်ပါတယ်လို့တောင် ကမ်းလှမ်းခံရဖူးသဗျ”

“ကျွန်တော်တို့ နိုင်ငံနဲ့များ ကွာချက် ကိုသက်ခိုင်ရာ”

“ကွာမှာပေါ့ဗျာ။ ကန်တော့ပါရဲ့၊ အနှစ်ငါးဆယ်ကျော်သောက်တလွဲစနစ်ကြီးနဲ့ ပျော်ပျော်ကြီးစခန်းသွားခဲ့တာကိုး။ ခင်ဗျားမှတ်ထားပေတော့။ လူတစ်ဦးချင်း၊ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံအသီးသီးမှာ အောင်မြင်မှုရဲ့ အခရာအကျဆုံးအချက်ကို တစ်ခွန်းတည်းနဲ့ ပြောပါဆိုရင် စနစ်လို့ပြောလို့ရတယ်ဗျာ”

“ခင်ဗျားဥစ္စာလူမှာပါ စနစ်လိုသတဲ့လား။ ဘယ်လိုပါလိမ့်”

“ဒီလူ့နှယ်၊ ရှင်းနေတာကို ရှုပ်အောင်ထပ်မေးနေပြန်ပါပြီ။ လူမှာ လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးစီးပွားကို ရရှိခံစားနိုင်ဖို့နေထိုင်ပြုမူစားသောက်တာတွေဟာ နည်းစနစ်မကျဘဲ ဘယ်မှာလာဖြစ်နိုင်ပါမတုံး။ အဖွဲ့အစည်းတစ်ခုအောင်မြင်ရာ အောင်မြင်ကြောင်း၊ တိုးတက်ကြီးပွားကြောင်းဟာလည်း နည်းစနစ်မှန်မှသာ ဖြစ်နိုင်တာမျိုးပဲ။ နိုင်ငံတစ်ခုအတွက်ဆိုစနစ်ကပိုတောင်အရေးကြီးသေးဗျာ။ မြန်မာ့နည်း၊ မြန်မာ့ဟန်ဆိုရှယ်လစ်စနစ်တို့၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတို့ဆိုတဲ့ စကားလုံးတွေ တွင်တွင်သုံးပြီး တစ်ဖက်က ကိုယ်ကျိုးတွေကိုယ်စီရှာလိုက်ကြတာ ဗမာပြည်ကြီးရေစုန်မျောခဲ့ပါပေါ့လား။ ဒီတော့ ခေတ်ပြောင်းနေပါပြီလို့ ခင်ဗျားက ဆိုဦးမယ်။ ခေတ်ပြောင်းဖို့အဓိကအချက်ကလည်း စနစ်မှန်တစ်ခုကို ပြောင်းနိုင်ပါမှ။ အဲဒီစနစ်မှန်နဲ့ သွားဖို့အဓိကအချက်ကလည်း အုပ်စိုးသူအလိုကျ စိတ်ထင်တိုင်းရေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးနဲ့ ဘယ်မှာလာ အလုပ်ဖြစ်ပါ့မတုံး။ တကယ်တော့ ကျွန်တော်ဟာ နိုင်ငံအရေးကိစ္စတွေမှာ သဘောထားတင်းမာလှသူမဟုတ်ပါဘူး။ကိုယ်ကိုယ်၌ကလည်း ဘာကောင်မှ မဟုတ်တာမို့ တင်းမာစရာ အကြောင်းလည်း မရှိပါဘူး၊ နဝတအာဏာသိမ်းခါစမှာ စစ်ဗိုလ်ချုပ်တွေ လနဲ့ချီပြီး အိမ်တောင်ပြန်မအိပ်နိုင်ကြတာ၊ အရေးပေါ်အစည်းအဝေးတွေ ဆက်တိုက်လုပ်နေခဲ့ကြတာကို ကျွန်တော်ကိုယ်တိုင်မြင်ဖြစ်ခဲ့ တာမို့ သြော်၊ ဒီစစ်ဗိုလ်ချုပ်တွေဟာ သူတို့သိသလောက်၊ မှတ်သလောက် နည်းလမ်းတွေနဲ့ ယိုယွင်းနေတဲ့ တိုင်းပြည်ကို အဖတ်ဆယ်နေကြတာပဲလို့တောင် တွေးတောလက်ခံခဲ့တဲ့သူပါ။ ဒါပေမဲ့ ရွှေကိုယ်တော်တွေ လုပ်နည်း၊ လုပ်ဟန်နဲ့ ခံယူချက်မှန်၊ မမှန်အနှစ်သုံးဆယ်နီးပါးအကြာမှာ စာရင်းပြန်ချုပ်ကြည့်လိုက်တော့ စစ်ဗိုလ်ချုပ်မှန်သမျှ ဆယ်သက်စားမကုန်အောင် ချမ်းသာပြီးလူထုကတော့တဲကုပ်ထဲက မထွက်နိုင်ရုံမက လယ်တွေ၊ ယာတွေပါ အသိမ်းခံရတဲ့အထိ ဖြစ်ကုန်လေရဲ့ဗျာ။ အဆိုးတကာ့အဆိုးဆုံးကတော့ မြစ်ဆုံစီမံကိန်းလို၊ ကျောက်ဖြူကူမင်းရေနံပိုက်လိုင်းစီမံကိန်းတွေကို ကြည့်ဗျာ။ အာဏာမြဲရင် ဘာမဆိုအကုန်လုပ်၊ မည်းမည်းမြင်ရာ လက်ညှိုးထိုးရောင်းပြီး ဆင်ခြင်တုံတရားမဲ့၊ ကိုယ်ကျိုးရှာခဲ့တဲ့ အခိုင်မာဆုံးသက်သေပါပဲ”

ထိုနေ့က ကိုသက်ခိုင်ကို ကျွန်တော်အကဲခတ်ရသည်မှာ ဗမာပြည်ကြီး၏ ပစ္စက္ခဖြစ်ရပ်များအပေါ် ပြင်းထန်သောခံစားချက်များဖြစ်ပေါ်နေဟန်ရှိသည်။ သူ့စကားတို့သည်လည်း တောင်စဉ်ရေမရဖြစ်နေသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်ငြိမ်သက်စွာနားစွင့်နေသည်ကို သတိပြုမိသော ကိုသက်ခိုင်သည် သူ့စကားကို တွင်တွင်ကြီး ရှေ့ဆက်နေပြန်၏။

“အခုလက်ရှိအခြေအနေကို ကြည့်ဗျာ။ စစ်ဗိုလ်တချို့ လွှတ်တော်ထဲရောက်နေတာ၊ ယူနီဖောင်းချွတ်ပြီး လွှတ်တော်အမတ်တွေ၊ ဝန်ကြီးတွေဖြစ်နေတာကို အချိန်အတိုင်းအတာတစ်ခုအထိ လက်ခံရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ဗျာ၊ လူထုအသိအမြင်မရှိသေးလို့ စစ်ဗိုလ်တွေအနေနဲ့ ပညာပေးသွန်သင်ဆုံးမနိုင်အောင် လွှတ်တော်ထဲရောက်နေကြရတယ်ဆိုတာမျိုး၊ လွှတ်တော်ထဲက စစ်ဗိုလ်အမတ်တွေက ပြောသတဲ့ဗျာ။ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိတဲ့သူကလည်းစစ်ဗိုလ်တွေ ရွှေထီးဆောင်းခဲ့တဲ့ ခေတ်က အကျင့်အတိုင်းတွေ့တဲ့သူ ပါးရိုက်မယ်လုပ်တုန်း။ အဆိုးဆုံးက ရန်ကုန်တိုင်းဝန်ကြီးချုပ်လို ပုဂ္ဂိုလ်မျိုးကနေ တိုင်းပြည်ချွတ်ခြုံကျရတာဟာ အစိုးရက လူထုကို အလိုလိုက်လွန်းခဲ့လို့ဆိုတာမျိုး တွေဖတ်ရ၊ ကြားရ ဖန်များတော့ ချက်ချင်းသာ လဲသေချင်စိတ်ပေါက်တော့တာပဲဗျာ။ လိုရင်းအချက်ပြောရရင် ရှေ့ ဆက်မယ့် ခရီးမှာ ဒီလိုလူမျိုးတွေနဲ့တော့ အလုပ်မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲ။ သူတို့ဟာ စနစ်မှားကြီးရဲ့ အတွေးအခေါ်အမှားတွေကို ဆက်ပြီး ဆုပ်ကိုင်ထားဆဲဖြစ်တယ်။ စနစ်မှန်တစ်ခုရဲ့ လမ်းကြောင်းမှန်အတိုင်း လိုက်ပြီးလျှောက်နိုင်တဲ့သူတွေ မဟုတ်ဘူး။ ဗမာပြည်ကြီးပွားတိုးတက်လာစေမယ့် စနစ်ကောင်းတစ်ခုကို အကောင်အထည်ဖော်နိုင်မယ့် သူတွေ မဟုတ်ဘူး။စစ်ဗိုလ်ချုပ်အားလုံးကို မရည်ညွှန်းပေမယ့် သေချာတဲ့အချက်ကတော့ ဗမာပြည်အခြေအနေမှန်ကို သိပြီး ဗမာပြည်ကြီးလူရာဝင်ပြန်ဝင်စေချင်တဲ့ ယူနီဖောင်းချွတ်အရေးအတွက်ဟာ အင်မတန်နည်းလွန်းလှတယ်”

ကိုသက်ခိုင်၏ စကားစ ဤနေရာသို့အရောက်တွင် ကိုသက်ခိုင်သည် ကျွန်တော်တစ်ကြိမ်မျှမရောက်ဖူးသော စဖန်ဟင်းကမ်းခြေနှင့် ချောင်းတစ်ခုခြားနေသည့် လမ်းသွယ်တစ်ခုအတွင်းသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။ ကိုသက်ခိုင် ဤနေရာနှင့် ရင်းနှီးကျွမ်းဝင်နေဟန်ရှိသော်ငြား ကျွန်တော့်အတွက်မူ နေရာအသစ်၊ မြင်ကွင်းအသစ်ဖြစ်နေ၏။ လမ်းငယ်နှင့် ကပ်လျက်ရှိသော ချောင်းငယ်ထဲတွင် ငါးဖမ်းလှေများဆိုက်ကပ်ထားပြီး အခြားတစ်ဖက်တွင်မူ ရင်စို့ခန့်မြင့်သော ကွန်ကရစ်ခုံများဖြင့် စနစ်တကျတည်ဆောက်ထားသည့် ဈေးဆိုင်တန်းရှည်တစ်ခုကို တွေ့ရသည်။ အအေးခန်းများကို ဖြတ်ကျော်ခြင်းမပြုရသေးသည့် လတ်ဆတ်သော ငါး၊ ပုစွန်နှင့် ပင်လယ်စာများ ရောင်းရာ ငါးစိမ်းတန်းပေတကား။ ကိုသက်ခိုင်သည်ကားပေါ်မှ ရုတ်တရက်ဆင်းကာ ထိုင်းစကားကို ထိုင်းလူမျိုးတစ်ဦး၏ လေသံနှင့် ကျွမ်းကျင်စွာ ပြောဆိုလျက် ဈေးမေး၊ ဈေးဆစ်ရင်း ပုစွန်တုပ်ကြီးတချို့၊ ခပ်လတ်လတ်အရွယ် ငါးနှစ်ကောင်တို့ကို ဝယ်ကာ ကားပေါ် ပြန်တက်လာသည်။ ထို့နောက်တွင်မှ ကားကို နောက်ကြောင်းပြန်လှည့်၍ ဆိုခဲ့သော ချောင်းငယ်ကိုဖြတ်ကျော်ကာ ပင်လယ်ကဗ္ဗီးပင်တို့ဖြင့် သာယာရှုမောဖွယ်ဖြစ်နေသည့် စဖန်ဟင်းကမ်းခြေသို့ ရောက်လေ၏။ ကိုသက်ခိုင်သည် ပင်လယ်ကမ်းစပ်တွင် အစီအရီချထားသော ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်ကာ ပင်လယ်ပြင်ဘက်သို့ ငေးမျှော်ကြည့်ရှုနေ၏။ ကမ်းခြေမှ တစ်ဖာလုံခန့်အကွာအဝေးရှိ ပင်လယ်ပြင်တွင် လှေပျက်ကြီး တစ်စင်းနစ်မြုပ်နေလေရာ ရေပြင်ကျယ်ကြီးတွင် အဆုံးသတ်သွားသော မိုးကုပ်စက်ဝိုင်းနှင့် တွဲဖက်လိုက်လျှင် လက်ရာမြောက်ပန်းချီကားတစ်ချပ်နှင့် တူဘိတော့သည်။

**စာမျက်နှာ(၃၂) သို့**

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# တိုကျိုမှာ ဘာပဲကျပျောက်ကျပျောက် ဘာပဲမေ့ကျန်မေ့ကျန်

**မောင်သာချို**

(တစ်)

လူမှန်လျှင် ကမ္ဘာ့မည်သည့်ဘက်ခြမ်းမှာပဲနေနေ၊ မည်သို့သော အရောင်အသွေးပဲရှိရှိ၊ မည်သည့် အယူဝါဒကိုပဲ ကိုးကွယ်ကိုးကွယ်၊ ဉာဏ်ပညာ အနိမ့်အမြင့် မည်မျှကွာခြားကွာခြား မည်သူမဆို ကိုယ်နှင့်အတူတကွ ယူဆောင်သွားလေ့ရှိရာ လူ့အသုံးအဆောင်ပစ္စည်းကလေးတို့ တစ်နေရာမဟုတ်တစ်နေရာ၊ တစ်ခါမဟုတ်တစ်ခါကျပျောက်တတ်မြဲ၊ မေ့ကျန်တတ်မြဲဖြစ်သည့် သတ္တဝါတွေချည်းသာပဲဖြစ်ပါသည်။

မျက်မှန်ကလေးတစ်လက်လည်း ဖြစ်ကောင်းဖြစ်နိုင်မည်ပေါ့။ လက်ကိုင်ဖုန်းကလေးလည်း ဖြစ်ချင်ဖြစ်မည်ပေါ့။ ဒါမှမဟုတ် ခေါက်ထီးကလေးတစ်လက်၊ ပိုက်ဆံအိတ်ကလေးတစ်အိတ်၊ ကွန်ပျူတာပေါက်စကလေးတစ်လုံး၊ နိုင်ငံကူးလက်မှတ်ကလေး တစ်စောင်၊ ဘဏ်စာအုပ်ကလေးတစ်အုပ် စသည်စသည်။

လူမှန်လျှင် မေ့လျော့တတ်ကြစမြဲ၊ ပျာယီးပျာယာရှိတတ်ကြစမြဲမို့ ထိုထိုသော လူ့အသုံးအဆောင်ပစ္စည်းကလေးတို့ တက္ကစီပေါ်မှာ၊ ရထားပေါ်မှာ၊ ရောမဈေးဆိုင်ကြီးတွေထဲမှာ၊ စားသောက်ဆိုင်စားပွဲပေါ်မှာ၊ လမ်းဘေးလူသွား စင်္ကြံပေါ်မှာ ကျပျောက်တတ်ကြ၊ မေ့ကျန်တတ်ကြမြဲဖြစ်သည်မှာ သိပ်ပြီးထူးထူးဆန်းဆန်းကြီးတော့ဖြင့် မဟုတ်လေပါ။

သို့သော် ထိုကျပျောက်ပစ္စည်း၊ ထိုမေ့ကျန်ပစ္စည်းတို့ကို ပြန်ရ၊ မရဆိုသည်ကဖြင့် ထူးဆန်းသောကိစ္စဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ ဇာတ်လိုက်တိုကျိုမြို့တော်ကြီး တစ်နေရာရာ၌ကြိုက်သည့်ပစ္စည်း မေ့ကျန်၊ ကြိုက်သည့်ပစ္စည်းကျပျောက် သင့်လက်ဝယ်သို့ ကျိန်းသေပြန်ရောက်ကိုရောက်ရစေ့မည်ဟုဆိုလာလေသောအခါတွင်ကား တော်တော့်ကို ထူးဆန်း၍သွားပြီဖြစ်ပါသည်။



(နှစ်)

မြန်မာတို့ကိုယ်ကျင့်တရားကြံ့လှိုဆွဲ့ရှားပုံနှင့် ပတ်သက်၍ ဟာသလုပ်ကာ ပုံဆောင်ပြောကြလေ့ရှိသော စကားတွေက အများအပြားကြီးဆိုမှ တကယ့်ကို အများအပြားကြီးဖြစ်ပါသည်။

စကားတစ်ခုက ဂျပန်ရထားတွေပေါ်၌ အခြေခံပါသည်။ ဂျပန်ရထားများပေါ်၌ မည်သည့်ပစ္စည်းပဲ မေ့ကျန်ကျန် ပြန်မရတာမရှိတဲ့။ မျက်မှန်(သို့မဟုတ်)ပိုက်ဆံအိတ် (သို့မဟုတ်)ခေါက်ထီး (သို့မဟုတ်) ကွန်ပျူတာတစ်ခုခုကျန်ခဲ့သည်ဆိုပါစို့။ ကိုယ်စီးခဲ့သည့်ရထား၊ တွဲနံပါတ်၊ ထိုင်ခုံနေရာ စသည်တို့ကိုသာ မှတ်ထားလိုက်။ နောက်လေးငါးရက်အတွင်း ထိုရထား၊ ထိုတွဲ၊ ထိုထိုင်ခုံရှိရာဆီသို့သွားကြည့်။ မိမိမေ့ကျန်ခဲ့သောပစ္စည်းက မူလကျန်ခဲ့ရာနေရာ၌ သည်အတိုင်းတဲ့။ မီးရထားတွဲစောင့်တာဝန်ရှိသူကပင်လျှင် တစ်နေ့ ပြန်လာယူနိုးနိုးနှင့် စောင့်မျှော်နေလေ့ရှိပြီး လာမယူလောက်တော့ဘူးဟု ယူဆရသည့် လေးငါးခြောက်ရက်တန်သည်မျိုးကျော်လွန်သွားတော့မှ ထိုင်ခုံနေရာရှင်းလင်းသွားရန်အလို့ငှာ သိမ်းဆည်းလိုက်ကြမြဲတဲ့။

ယင်းဟာသကို နားထောင်နေရသူက ပြောသူကို စကားတစ်ခွန်းပြန်မေးပါသည်။ "အခုကော" တဲ့။ ပြောသူ ခဏတွေသွားကာ "အဲ.. အခုတော့ ပစ္စည်းကျန်ခဲ့ရင် ပြန်မရချင်တော့ဘူး"ဟု ပြန်ဖြေပါသည်။ ထိုအခါ "ဘာကြောင့်လဲ" ဟု တစ်ယောက်က ထပ်မေးပါသည်။ ဆက်ဖြေပုံက "ဗမာတွေရောက်လာလို့ထင်တယ်ဗျ"တဲ့။ ရယ်ရယ်မောမောနှင့် ကြေကွဲရသည့် ဟာသဖြစ်ပါသည်။

လက်ကိုင်ဖုန်းများ ဈေးကောင်းစဉ်ကာလတစ်လျှောက်လုံး၌ ကျပျောက်၍သော်လည်းကောင်း၊ မေ့ကျန်၍သော်လည်းကောင်း မိမိဖုန်းကို တစ်နေရာရာတွင် တစ်ယောက်ယောက်က ရရှိသွားခဲ့သည်ဆိုပါစို့။ ပိုက်ဆံမပေးဘဲနှင့် ပြန်ရဖို့ဆိုသည်မှာ တော်တော့်ကိုခက်ခဲသည့် ဒုလ္လဘတရားဖြစ်ကြောင်း ကြုံဖူးသူတိုင်းသိပါသည်။

လက်ကိုင်ဖုန်း၏ ကာလပေါက်ဈေးကိုလိုက်ကာ တစ်သိန်း၊ ငါးသောင်း၊ နှစ်သောင်း စသည်စသည်ဖြင့်မပေးဘဲ မည်သို့သောအခါတွင်မှ ပြန်ရလေ့မရှိသည်မှာ ကျွန်တော်တို့ နိုင်ငံပဲဖြစ်ပါသည်။ တချို့များဆိုလျှင် ဖုန်းကိုပိတ်ပစ်လိုက်ကာ Sim Card ကို လွှင့်ပစ်လိုက်ပြီး Hand Set အခွံကို ပြန်ရောင်းစားသည်အထိပင် ကိုယ်ကျင့်တရားနှင့် ပိုက်ဆံကိုလဲဖို့ အဆင်သင့် ဖြစ်နေတတ်ကြပါသည်။

မှတ်ပုံတင်ပျောက်သွားပါ၍၊ နိုင်ငံကူးလက်မှတ် ပျောက်သွားပါ၍၊ မော်တော်ကားလိုင်စင်ပျောက်သွားပါ၍၊ သန်းခေါင်စာရင်းပျောက်သွားပါ၍တွေ့ရှိလျှင်ပြန်ပေးပါကျေးဇူးဆပ်ပါမည်စသည့် ကြော်ငြာမျိုးတွေကို ကြည့်ရုံနှင့် ဤနိုင်ငံတွင် နိုင်ငံသားတို့၏ စိတ်ဓာတ်တည်ဆောက်မှုရေချိန် မည်မျှအထိ နိမ့်နေ၊ မြင့်နေသလဲဆိုသည်ကို ခန့်မှန်း၍ရနိုင်ပါသည်။ကိုယ့်အတွက် ဘာတစ်ခုမှအသုံးမဝင်သော၊ ကျကျန်မေ့ကျန်သူ၌ ပြဿနာပေါင်းသောင်းခြောက်ထောင်ဖြစ်ပေါ်နိုင်သော အရာဝတ္ထုတစ်ခုကိုပင် ပိုက်ဆံပေးမှ အကူအညီပေးမည်ဟုဆိုကာ နေစိမ့်လွန်းနိုင်သည့် တိုင်းသူပြည်သားတို့၏စိတ်ကို အံ့သြ၍ မဆုံး နိုင်ပါ။

(သုံး)

တိုကျိုသူ၊ တိုကျိုသားအားလုံးကကိုယ့်ချွေးကိုယ့်အတွေးနှင့်ရင်းကာ ရှာဖွေထားခြင်း မဟုတ်သည့်ဥစ္စာပစ္စည်းများအပေါ်၌တပ်မက်စိတ်မရှိကြပါ။ ထို့ကြောင့် ကိုယ့်ပစ္စည်းမဟုတ်လျှင်မယူ။ ယူလိုက်ပြီဆိုလျှင်လည်း ထိုပစ္စည်း၏တန်ဖိုးကို ချင့်တွက်မနေဘဲ၊ ပိုက်ဆံအိတ်ဆိုခဲ့လျှင်ပင် အထဲ၌ ဘာတွေပါ၊ မည်မျှပါဆိုသည်ကို စူးစူးစမ်းစမ်းနှင့် ဖွင့်ကြည့်နေလေ့မရှိဘဲ နီးစပ်ရာရဲစခန်းတစ်ခုခု (သို့မဟုတ်)ရဲသားတစ်ယောက်ယောက်၊ ဆိုင်တစ်ဆိုင်ဆိုင်တွင် ဝင်အပ်ကာ လိုရာခရီးကို ဆက်လေ့ရှိကြသူများ ဖြစ်ပါသည်။ ပျောက်သူကျန်သူက ထိုနေရာတစ်ဝိုက်သို့ ပြန်ရောက်လာကာ မေးမြန်းစုံစမ်းလိုက်ရုံနှင့် ပစ္စည်းကိုတိုက်ဆိုင်စစ်ဆေးကာ ပြန်လည်၍ရရှိသွားကြစမြဲဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံရှိ သတင်း စာတွေထဲမှာ တစ်နှစ်လျှင် နှစ်ခါ သုံးခါလောက် သတင်းထူးပါတတ်ပါသည်။ ပိုက်ဆံအိတ်ကောက်ရသူက ပိုင်ရှင်ကို ပြန်ပေးသည့် သတင်း။ ဟိုတယ်ဝန်ထမ်းက အခန်းတွင်း၌မေ့ကျန်ခဲ့သည့်ပစ္စည်းကို ပိုင်ရှင်ရှိရာ ဆက်သွယ်၍ ပြန်ပေးသည့်သတင်း။ တက္ကစီသမားက ကားပေါ်၌ ကျန်ခဲ့သည့်ပစ္စည်းကို ပိုင်ရှင်ထံပြန်ပေးသည့်သတင်း။ သတင်းထူးတဲ့။ ကျွန်တော်တို့နိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲဆိုသည့်သဘောပဲပေါ့။

တိုကျိုမှာ (သို့မဟုတ်) ဂျပန်မှာ ဒါက သတင်းထူးမဟုတ်။ ဂျပန်လူမျိုးတိုင်း နေ့တိုင်းနေ့စဉ်ကျင့်ကြံဆောင်ရွက်တတ်မြဲဖြစ်သည့် နိစ္စဓူဝသဘောတရား။

နိုင်ငံတစ်ခုကို တည်ဆောက်ကြသောအခါ တိုက်တာ၊ အိုးအိမ်၊ လမ်း၊ တံတားနှင့် အပျံစားထုတ်ကုန်ပစ္စည်းများသာမကဘဲ နိုင်ငံသားတစ်ယောက်ချင်း၏ စိတ်ကိုပါ အပျံစား တည်ဆောက်ပေးလိုက်သည့် ဉာဏ်ပညာကြီးသည့် အစိုးရအဖွဲ့၏ ဇာတ်ညွှန်းများပင်ဖြစ်ပါလိမ့်မည်။

ပစ္စည်းမေ့ကျန်မှာ ကြောက်နေပါသလား။ ကျပျောက်မှာကို စိုးရိမ်နေပါသလား။ မပူနဲ့။ တိုကျိုမှာ ကိုယ့်ပစ္စည်းမဟုတ်လျှင် မည်သူတစ်ဦးတစ်ယောက်ကမှ မယူကြပါလေဘူးတဲ့။ ။

---

**စာမျက်နှာ(၂၀) မှ**

## ဦးဝင်းတင် (သို့မဟုတ်) ပြည်သူတို့ရဲ့ စကားပြန်

နောက်ဆုံးနိုင်ငံရေးလှိုင်းလုံးများကြားထဲတွင် အရေးတော်ပုံတပ်သားတစ်ဦးအဖြစ် ခေတ်ဝန်ကိုထမ်းရသည့် ကာလများမှာပင် ဆရာသည် သတင်းစာ ဆရာတစ်ဦးအဖြစ် တွေးခဲ့သည်။ ရေးခဲ့သည်။ ပြောခဲ့သည်။ ဆရာသည် သတင်းစာစိတ်ဓာတ်ထက်သန်ပြင်းပြသူဖြစ်သည်။ ရှည်လျားသည့်အကျဉ်းထောင်နေ့ရက်များကို ဖြတ်သန်းနေရစဉ်ကလည်း ထောင်တွင်းသတင်းစာတွေ မရမကထုတ်ဝေခဲ့သည်ကို ဆရာနှင့် ထောင်တွင်း အတူနေခဲ့ဖူးသူ ရဲဘော်ရဲဘက်များအားလုံး သိကြပါသည်။

"ကျွန်တော်က သတင်းစာအလုပ်မှာသာ ဘဝနဲ့ကလောင်ကိုနှစ်မြှုပ်လုပ်ကိုင်ခဲ့ပါတယ်။ သတင်းစာလုပ်ငန်းနဲ့ ဆက်စပ်ပြီး စာတို၊ စာရှည်တွေရေးခဲ့တယ်။ ဒါပေမဲ့ စာရေးဆရာဖြစ်မလာပါဘူး" ဟု ဆရာက စာအုပ်အမှာစာတစ်ခုတွင် ရေးခဲ့သည်။ ထိုသို့ သတင်းစာဆရာတစ်ဦးအဖြစ်နှင့်သာ မိမိကိုယ်မိမိ သတ်မှတ်နေထိုင်ခဲ့သူ ဆရာ ဦးဝင်းတင်၏ သတင်းစာနှင့် ပတ်သက်သော နောက်ထပ် ကောင်းမှုတစ်ခုမှာ 'ပြည်သူတို့၏ စကားပြန်' ကဲ့သို့သော သတင်းစာ ပညာဆိုင်ရာ စာအုပ်မျိုးများကို တည်းဖြတ်စီစဉ်ခဲ့ခြင်းဖြစ်သည်။

သတင်းစာပညာနှင့် ဆိုင်သော အတွေ့အကြုံ၊ သမိုင်း အချက်အလက်စာတမ်းများကို စုစည်းထုတ်ပြီး ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေသော အဆိုပါစာအုပ်သည် သတင်းစာသမားများ မျိုးဆက်များအတွက် တန်ဖိုးထားစရာ အမွေအနှစ်တစ်ခု ဖြစ်ပါသည်။

ထိုစာအုပ်တွင် ဆရာက စာနယ်ဇင်းများကို 'ပြည်သူတို့၏ စကားပြန်'ဟု တင်စားခဲ့သည်။ သူ့အနေဖြင့် ၎င်းအသုံးအနှုန်းကို အလွန်နှစ်သက်သည်ဟုလည်း မကြာခဏပြောဖူးသည်။

၁၈၇၁ခုနှစ်၊ ဩဂုတ် ၃၀ ရက်က ထုတ်ဝေသည့် 'မြန်မာသတင်း' သတင်းစာတွင် မန္တလေးမြို့မှ ရွှေဇဟုဆိုသူ၏ 'တိုင်းသူပြည်သားများက အစိုးရမင်းများကိုသတင်းစာထဲကနေ၍ စကားပြောစရာမရှိပြီဟုပြောဆိုနေကြသည့်အတွင်း လုပ်ကိုင်သူ အမြဲတမ်းသတင်းစာဆရာတစ်ဦး မဟုတ်ပါလား။' ဆရာက သတင်းစာနှင့် ပတ်သက်သော ဆန္ဒကို တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ယခုလိုထုတ်ပြောခဲ့ဖူးသည်။

"သတင်းစာရဲ့ထိရောက်မှု၊ စူးရှမှုစွမ်းအားတွေကို ပြန်စဉ်းစားတဲ့အခါ သတင်းစာထုတ်ချင်တဲ့ဆန္ဒရှိတုန်းပဲ။ ထုတ်ရင်အကျိုးရှိနိုင်တယ်ဆိုတာယုံတုန်းပဲ။ ပြည်သူဘက်က ရပ်တဲ့သတင်းစာ၊ အမှန်တရားဘက်က ရပ်တဲ့သတင်းစာ၊ အမှားတွေကို တိုက်ဖျက်တဲ့သတင်းစာ၊ ခေတ်ပြောင်း၊ စနစ်ပြောင်း၊ လူပြောင်း၊ မူပြောင်းဆိုတဲ့ အပြောင်းအလဲတွေကို တောင်းဆို၊ ဦးဆောင်တဲ့သတင်းစာမျိုးရှိကောင်းတယ်လို့ယူဆတယ်"။

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငွေလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၇၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၆၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာခြင်း

ဇော်မင်း




ဖွံ့ဖြိုးတိုးတက်မှုကို ဘာနဲ့တိုင်းတာကြပါသလဲ။ အတော်များများကတော့ ငွေကြေးချမ်းသာကြွယ်ဝလာတာနဲ့ တိုက်ရိုက်တိုင်းတာကြပါတယ်။ မြန်မာစကားလုံးက ဖွံ့ဖြိုးတိုးတက်ရေးဆိုတော့အရင်က မိမိမှာရှိနေတာထက် တိုးပွားများပြားလာတာ၊တိုးတက်လာတာ၊ ဖွံ့ဖြိုးလာတာကို တိုက်ရိုက်မြင်ကြတော့ ဒီလိုပဲတိုင်းတာ တာဟာ ယေဘုယျအားဖြင့် မှားတယ်လို့ မဆိုနိုင်ပါဘူး။

ဒါကြောင့် တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ပြောကြဆိုကြရင် ကျွန်တော်တို့အားလုံးရဲ့ စူးစိုက်မှုဟာ ချမ်းသာနေတဲ့ အနောက်နိုင်ငံတွေဆီ အရင်ရောက်သွားတတ်ပါတယ်။ နောက်အဆင့်ကတော့ ဂျပန်ကို ရောက်သွားလိုက်၊ တောင်ကိုရီးယားနဲ့နှိုင်းယှဉ်လိုက်၊ စင်ကာပူနဲ့ ချိန်ထိုးလိုက် ဖြစ်လေ့ရှိပါတယ်။ အဲဒီလို ချမ်းသာတာကို အားကျတာကြောင့်လို့ပြောရမှာပါပဲ။ ကိုယ်ကဆင်းရဲနေတာကြာပြီဆိုတော့ ဒီလိုမျိုး အာသီသဖြစ်တာကလည်း အဆိုးတော့မဆိုသာပါဘူး။ ဒါပေမဲ့ အဲဒီလိုချမ်းသာကြွယ်ဝလာတာဟာ နိုင်ငံသားအများစု ခံစားခွင့်ရရဲ့လားဆိုတာကိုလည်း တိုင်းတာဖို့ လိုလာပြန်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကျွမ်းကျင်သူများကတော့ ဒီလိုပြောပါတယ်။ ဆင်းရဲနေတဲ့ တိုင်းပြည်တစ်ခု အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာ၊ မလာဆိုတာကို အခုလို တိုင်းတာလေ့ရှိပါတယ်။ နိုင်ငံသားအများစု အရင်ကထက်စာရင် ခေတ်ပညာတွေ ပိုတတ်သလား၊ နိုင်ငံသားအများစု အရင်ကထက် ပိုပြီးကျန်းမာသလားဆိုတဲ့ အခြေခံအချက်နှစ်ချက်နဲ့ စတင်တိုင်းတာပါတယ်။ ဘာကြောင့်တုံးဆိုတော့ ပညာတတ်ပြီး ကျန်းမာသန်စွမ်းတဲ့ နိုင်ငံသားများ မရှိဘဲနဲ့ တိုင်းပြည်တစ်ခုကို တိုးတက်အောင်လုပ်ဖို့ မဖြစ်နိုင်ပါဘူးတဲ့။ တည့်တည့်ပြောရရင် ပညာမဲ့ပြီး ဂိလာနတွေများနေတဲ့ တိုင်းပြည်တစ်ခုကို ဘယ်သူကမှ ဦးဖွဆိုပြီး ကောင်းလာအောင် မလုပ်နိုင်တာကြောင့်ပါ။ ပညာကောင်းကောင်း မတတ်ဘူးဆိုရင် ဘာလုပ်ချင်လုပ်ချင် သူများဆီက ပညာသည်ကို အားကိုးရပါတယ်။ အကူအညီ ယူရပါတယ်။ ကျန်းမာရေးမကောင်းတော့ လူ့သက်တမ်းဟာ ရှိသင့်တာထက် ပိုပြီးတိုပါတယ်။ နောက်ပြီးတော့ လွတ်လပ်မှုရှိတာ၊ ဘယ်သူ့မှမကြောက်ရတာ၊ အမှန်တကယ် တရားမျှတတဲ့ ဒီမိုကရေစီ ရွေးကောက်ပွဲများရှိတာစသဖြင့်သော အရာတွေကလည်းတစ်ချိန်တည်းမှာကပ်ပါနေရပါသေးတယ်။

မြန်မာနိုင်ငံသားတွေ ပညာတတ်တာတောင် နိုင်ငံခြားအိမ်ဖော်လုပ်ငန်းမှာ သွားလုပ်နေကြပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ရင်လည်း ကင်ဆာရောဂါဖြစ်ပွားနှုန်းဟာ ကမ္ဘာမှာ ဒုတိယဆိုလား၊ တတိယဆိုလား အဆင့်ကို ချိတ်နေတဲ့ တိုင်းပြည်လည်းဖြစ်နေပါတယ်။ စားကုန်သောက်ကုန်နဲ့ပတ်သက်လို့ သန့်ရှင်းမှု ရှိ၊ မရှိ၊ ဓာတုဗေဒဆေးဝါးတွေ ဘယ်လောက် အတိုင်းအတာနဲ့ပါဝင်နေသလဲ၊ အိမ်ဘေးက ဆွေမျိုးပေါက်ဖော်နိုင်ငံက ဝင်လာတဲ့ မှန့်ကနေ တခြားစားသောက်ကုန်တွေက မြန်မာပြည်သားတွေကို ဘယ်လောက်အထိ သေဆုံးနေစေသလဲ။ ပြည်တွင်းဖြစ် အရက်တွေရဲ့ ဒဏ်ကိုလည်း ဒီနေရာမှာ ထည့်ပြောရမှာ ဖြစ်ပါတယ်။ ကင်ဆာကြောင့် စောစောစီးစီး သေဆုံးနေရသလို အရက်ကြောင့် အချိန်မတိုင်မီ သေဆုံးနေတဲ့ နိုင်ငံသားတွေများလွန်းလှပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုကို ဘာနဲ့တိုင်းသလဲဆိုတာနဲ့ ပတ်သက်လို့ အဖြစ်သနစ်ကလေး တစ်ခုကို အမှီပြုပြီး ပြောစရာတစ်ခု ရှိလာပါတယ်။ မြန်မာပြည်တွင်း ဒေသတစ်ခုက အင်းကြီးတစ်ခုမှာ မှီတင်းနေထိုင် အသက်မွေးတဲ့လူများအကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အဲဒီအင်းကြီးက မြစ်ကျိုးအင်းဖြစ်တဲ့အတွက် ဝါဆို၊ ဝါခေါင် မိုးတွင်းကာလမှာ မြစ်ဘက်က ဝင်လာတဲ့ ရေတွေကြောင့် ရေတွေကြီးပြီး လျှံလာပါတယ်။ အဲဒီရေများနဲ့အတူ ငါးမျိုးစုံတွေလည်း ပါလာပါတယ်။ အဲဒါကြောင့် အင်းပတ်ပတ်လည်မှာရှိတဲ့ ရွာများက ရွာသားတချို့ဟာ ငါးဖမ်းခြင်းနဲ့အသက်မွေးကြပါတယ်။ မိုးကုန်လို့ ရေတဖြည်းဖြည်းနဲ့ ကျသွားတဲ့အခါမှာလည်း အင်းကြီးရဲ့ ရေထွက်ပေါက်နေရာများကို ဝါးယင်းလိပ်တွေ အမျိုးမျိုးနဲ့ တားပြီး ငါးများဆက်လက်ဖမ်းနိုင်ပါသေးတယ်။တချို့ကတံငါလုပ်ငန်း မလုပ်ပေမယ့်ရောင်း မကုန်လို့ ပိုလျှံနေတဲ့ငါးများကို ဈေးချိုချိုနဲ့ ပြန်ဝယ်ပြီးငါးခြောက်လုပ်ရင်းဝင်ငွေရှာကြပါတယ်။ အင်းကြီးကိုမှီပြီး ငါးဖမ်းတဲ့ လုပ်ငန်းဟာ တစ်နှစ်ကို လေးလကျော် ငါးလနီးပါးလောက် အလုပ်ဖြစ်ပါတယ်။

အင်းကြီးထဲမှာ ရေကျသွားရင် အင်းအလယ်လောက်မှာပဲ လက်ကျန်ရေက ရှိပါတော့တယ်။ အဲဒီအချိန်မှာ သဘာဝအတိုင်း မြေဩဇာကောင်းတဲ့ မြေနုတွေ ပေါ်လာတဲ့အတွက် တချို့ရွာတွေက စပါးစိုက်တယ်။ တချို့ရွာတွေကတော့ မြေပဲ၊ ပြောင်းဖူး၊ ဆေးရွက်ကြီး၊ ဖရဲသီး၊ ဟင်းသီးဟင်းရွက် အစရှိတဲ့ ရာသီအလိုက်သီးနှံတွေ စိုက်ပျိုးကြပါတယ်။ အင်းကြီးထဲမှာ ရေတက်ချိန်ရော ရေကျချိန်မှာပါ ဆက်တိုက်အလုပ်များသူတွေကတော့ ဘဲမွေး၊ ဘဲကျောင်းတဲ့ ရွာသားများဖြစ်ပါတယ်။ တစ်ခါ နွေခေါင်ခေါင် ရောက်တဲ့အချိန်မှာတောင် အင်းအလယ်မှာ လက်ကျန်ရေရှိနေသေးတဲ့အတွက် ရွာသားများဟာ ရောင်းဖို့မဟုတ်ရင်တောင်မှ အိမ်မှာစားဖို့အတွက် ငါးအသေးစားများ ဆက်လက်ဖမ်းနိုင်ပါသေးတယ်။

မိုးတွင်းမှာရေဝင် ဆောင်းနဲ့နွေမှာရေကျသွားတဲ့အတွက် အင်းပတ်ပတ်လည်က ရွာများအဖို့ ခြံလုပ်ငန်းများလုပ်ကိုင်ဖို့ အဆင်ပြေကြပါတယ်။ ဒါကြောင့် သရက်ပင်၊ မရမ်းပင်၊ သံပရာပင်၊ မာလကာပင်၊ ဆီးပင်စတဲ့နှစ်ရှည်ပင်များကို စိုက်ပျိုးရင်း ဝင်ငွေရှာပါတယ်။ နောက်တစ်ခုကတော့ အင်းကြီးရဲ့ ပတ်ပတ်လည်မှာ ရှေးတုန်းကတည်းက စိုက်ပျိုးထားခဲ့တဲ့ မည်စည်ပင်၊ လက်ပံပင်၊ မန်းကျည်းပင် စတဲ့အပင်ကြီးတွေလည်း အများအပြားရှိပါတယ်။ ရာသီအလိုက် မည်စည်ဆီကြိတ်ဖို့ မည်စည်သီးကောက်ခြင်း၊ မန်ကျည်းသီးအမှည့်များခူးပြီး မန်ကျည်းမှည့်သိပ်ကာ ရောင်းချခြင်း၊ လက်ပံပွင့်ကောက်ပြီး အခြောက်လှန်းကာ ပြန်လည်ရောင်းချခြင်း စတာတွေကလည်းသူတို့အတွက် အပိုဝင်ငွေများ ဖြစ်ပါတယ်။

ရေကျသွားတဲ့အချိန်အတွင်း မစိုက်ပျိုးဖြစ်တဲ့ တချို့မြေလွတ်တွေဟာ နွားမွေးသူ၊ ဆိတ်မွေးသူများအတွက် စားကျက်ကောင်းကြီးတစ်ခုလည်းဖြစ်ပါတယ်။ အင်းကြီးပတ်ပတ်လည်မှာ ရွာပေါင်း ၂၀ ကျော်လောက်ရှိပါတယ်။ စုစုပေါင်းအားဖြင့် အိမ်ခြေလေးထောင်ပတ်ဝန်းကျင်ရှိပြီး ပျမ်းမျှလူဦးရေအရ နှစ်သောင်းကျော်ခန့်ရှိတဲ့ ရွာသားများဟာ အင်းကြီးကို အမှီပြုပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသက်မွေးကြပါတယ်။အဲဒီလိုအင်းကြီးကို မှီပြီး ရိုးရာအရအသက်မွေးလာတာဟာလွန်ခဲ့တဲ့နှစ်ပေါင်းသုံးလေးရာလောက်ကတည်းကပါ။

စာမျက်နှာ(၃၂) သို့

# Business

7Day News Journal

Vol.13, No.7 • APRIL 23 , 2014


100 YEARS SCG



ဖိလစ်ပိုင်လေကြောင်းမှလေယာဉ်တစ်စီး ဓာတ်ပုံ – philnews.ph

# မြန်မာ-ဖိလစ်ပိုင် လေကြောင်းပျံသန်းမှုတိုးမြှင့်ရန် ဆွေးနွေးမည်

**ထားထားမြင့်**

**မနီလာ၊ ဧပြီ-၂၀**

လေကြောင်းလိုင်းများတိုက်ရိုက်တိုးမြှင့်ပျံသန်းရန် မြန်မာအစိုးရနှင့် ဖိလစ်ပိုင်နိုင်ငံအကြား လာမည့်မေလတွင် ဆွေးနွေးသွားမည်ဟု ဖိလစ်ပိုင်လေကြောင်းဦးစီးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်လေကြောင်းဌာနသည် မြန်မာအစိုးရတာဝန်ရှိသူများနှင့် လာမည့်မေလ ၁၉ ရက်မှ ၂၀ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်သည်။ ထိုဆွေးနွေးမှုများတွင် မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ပထမဆုံးလေကြောင်း ခရီးစဉ်တိုက်ရိုက်ပျံသန်းမှုလည်း ပါဝင်သည်ဟု ဖိလစ်ပိုင်လေကြောင်းဦးစီးဌာန အမှုဆောင်အရာရှိချုပ် ကာမီလိုအာစီလာက ပြောကြားသည်။ယခုကဲ့သို့လေကြောင်းကိစ္စ ဆွေးနွေးခြင်းသည် ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန် အလားအလာများအတွက် သင့်လျော်ဆုံးအချိန်ဖြစ်သည်ဟုလည်း ၎င်းက ဆိုသည်။

ဖိလစ်ပိုင်လေကြောင်းလိုင်းတစ်လိုင်းဖြစ်သော စီဘူးပစိဖိတ်လေကြောင်းလိုင်းသည် မြန်မာနိုင်ငံသို့ ပျံသန်းရန်စိတ်ဝင်စားနေကြောင်း ကမ်းလှမ်းထားသည်။

“မြန်မာဈေးကွက်က သိပ်နုပါသေးတယ်။ နိုင်ငံရေးပြောင်းလဲမှုတွေက ဆောင်ရွက်နေတုန်းပါ။ မြန်မာနိုင်ငံစီးပွားရေးပိတ်ဆို့ခံနေရတုန်းက အာဆီယံနိုင်ငံတွေကပဲ အသိအမှတ်ပြုအားပေးခဲ့တယ်” ဟု ကာမီလိုအာစီလာက ပြောကြားသည်။

စီဘူးပစိဖိတ်လေကြောင်းလိုင်းအပြင် ဖိလစ်ပိုင်အစိုးရလေကြောင်းလိုင်းကလည်း မြန်မာနိုင်ငံသို့ ပျံသန်းရန်စိတ်ဝင်စားနေသည်။ သို့သော် မြန်မာနှင့်ဖိလစ်ပိုင်နိုင်ငံအကြား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်မရှိသဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ရန် ဖိလစ်ပိုင်နိုင်ငံက ကမ်းလှမ်းခြင်းဖြစ်သည်။

(ကိုးကား–ဖိလစ်ပိုင် Inquirer သတင်းစာ)

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၁ | ၉၈၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၇ | ၇၈၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၁ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၅ | ၂၉. ၇၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၂ | ၁၅၄ | ကျပ် |

၂၀၁၄ ဧပြီ ၂၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၄၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၃၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၃၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၂၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀.၂၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၂၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၃၇.၃၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၃၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၁၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၀၀.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၅.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၃၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၄၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၇၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၆၃၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၀၁၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅.၆၀ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၃.၈၀ |
| ရေနံစိမ်း | စည် | ၁၀၉.၇၂ |
| ငွေ | အောင်စ | ၁၉.၆၂ |
| ကြေးနီ | ပေါင် | ၃.၀၇ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၇၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဧပြီ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# သကြၤန်အပြီး ရွှေဝယ်အားကောင်းနေ



မြန်မာ့ရွှေဈေးအတက်အကျသည် ကမ္ဘာ့ရွှေဈေးနှင့်ဆက်စပ်လျက်ရှိသည်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဧပြီ-၂၁**

သကြၤန်ကာလနောက်ပိုင်းတွင်မှသာ ရွှေဈေးများမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းချက်များဖြင့် ကမ္ဘာ့ရွှေဈေးဆက်တိုက်ကျဆင်းနေသော်လည်း ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကောင်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောကြားသည်။

ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကောင်းနေသဖြင့် ကမ္ဘာ့ရွှေဈေးများဆက်တိုက်ကျနေသည့်တိုင် ပြည်တွင်းဈေးကွက်မှာဈေးမာနေသောကြောင့် နယ်စပ်ပေါက်ဈေးများဖြင့်ပင် ဈေးမြင့်နေခဲ့၍ နယ်စပ်ရွှေဝင်ရောက်မှုများသော ဈေးကွက်ဖြစ်နေသည်။

"အမေရိကန်တွေက အရင်ကတည်းက နိုင်ငံရေးကိစ္စတွေကြောင့်ဈေးဆွဲတင်ထားတာတွေရှိနေတဲ့အတွက် အခုကပြန်ကျဦးမယ့်အနေအထားရှိနေတယ်။ လတ်တလောကတော့ ခုနစ်သိန်းကျော်ဖို့မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ လက်ရှိဈေးထက်လည်း အများကြီးတော့ မကျနိုင်သေးဘူး"ဟု ဈေးကွက်ကျွမ်းကျင်သူရွှေလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် သကြၤန်မတိုင်မီတွင် တစ်အောင်စလျှင် ၁၃၂၇ဒေါ်လာအထိ ရှိနေရာမှ ယခုဧပြီ ၂၁ရက်တွင် ၁၂၈၀ဒေါ်လာဝန်းကျင်ထိ ကျဆင်းလာခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်းအခေါက်ရွှေတစ်ကျပ်သားလျှင်၆၆၀,၅၀၀ကျပ်ထိ ဈေးနှုန်းများကျဆင်းနေပြီဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် မိနစ်ပိုင်းအတွင်း၌ပင် ဒေါ်လာ၂၀ ခန့်အတက်အကျပြောင်းလဲမှုများနေသည့်အနေအထားဖြစ်နေသောကြောင့် ရွှေဈေးကွက်သည် ခန့်မှန်းရခက်နေသော ဈေးကွက်လည်းဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

သကြၤန်ရုံးပိတ်ရက်ရှည်အတွင်း ဘဏ်ပိတ်ရက်များကြောင့် လုပ်ငန်းလည်ပတ်သူအချို့နှင့်ရွှေဝယ်စုသူအချို့ငွေကြေးလိုအပ်ချက်ကြောင့် ပြန်ထုတ်ရောင်းသူများရှိနေသည့်တိုင် ဈေးနှုန်းအနိမ့်ကို ကြိုက်သူများ၏ဝယ်လိုအားများနေခြင်းကြောင့် ရောင်းအားသန်သောဈေးကွက်သာ ဖြစ်နေသည်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစကာ ရွှေဝယ်ယူစုဆောင်းထားသူအများစု တွက်ခြေမကိုက်သေးသည့်တိုင် ရွှေဈေးကျချိန်တွင် အတက်မျှော်မှန်းကာ ဝယ်ယူသူများဖြင့် ရောင်းအားကောင်းသောဈေးကွက်ဖြစ်နေသည်။ သို့သော် လက်ရှိအနေအထားထိ ရွှေဈေးကွက်သည် ဈေးအတက်ကို မျှော်မှန်းရန်ခက်ခဲသော အနေအထားတွင်ရှိနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

## ရေနံချက်စက်ရုံ အကြီးစား တည်ဆောက်ရန် ထိုင်းကုမ္ပဏီကြိုးပမ်း

**ထားထားမြင့်**

**ဘန်ကောက်၊ ဧပြီ-၂၀**

တစ်နေ့လျှင် ရေနံစည်တစ်သိန်းခွဲချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံကြီးတစ်ခုကို မြန်မာနိုင်ငံတွင်တည်ဆောက်လိုကြောင်း ထိုင်းနိုင်ငံထိပ်တန်းရေနံချက်လုပ်ငန်းတစ်ခုဖြစ်သည့် PCL ကုမ္ပဏီက ပြောကြားလိုက်သည်။

ထိုင်းကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့တောင်ဘက်တွင်တည်ရှိသည့် ရေနံချက်စက်ရုံနှစ်ခုကို အဆင့်မြှင့်ပြီး တင်ဒါရယူလုပ်ကိုင်နိုင်ရန် အဆိုပြုသွားမည်ဟု ကုမ္ပဏီအကြီးအကဲ ဗီရာဇတ်ကိုဆစ်ပိုင်ဆယ်က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ စက်ရုံအသစ်ဆောက်ဖို့ရော နဂိုစက်ရုံအဟောင်းတွေကို အဆင့်မြှင့်လုပ်ကိုင်သွားဖို့ရော မြန်မာအစိုးရကို အဆိုပြုသွားမယ်"ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံရှိ အဆိုပါရေနံချက်စက်ရုံနှစ်ခုသည် လက်ရှိတစ်နေ့လျှင် ရေနံစည် ၂၀,၀၀၀ ချက်လုပ်နိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံသံလျင်နှင့် မန်းသံပရာကန်ရှိ ရေနံချက်စက်ရုံများကို ရယူလုပ်ကိုင်ရန် ထိုင်းနိုင်ငံအပြင် အိန္ဒိယနှင့် အခြားနိုင်ငံများကလည်း စိတ်ဝင်စားနေကြသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ ရေနံချက်စက်ရုံ တည်ဆောက်ရန် ငွေရင်းငွေနှီးမည်မျှသုံးစွဲသွားမည်ကို ထိုင်း PCL ကုမ္ပဏီက ပြောကြားခြင်းမရှိသေးပါ။

ကိုးကား–ရိုက်တာသတင်းဌာန





# ကမ္ဘာ့အသက်အငယ်ဆုံး ကျောင်းအုပ်

**ကြည်နေဝင်းမင်း**

ကမ္ဘာ့တစ်ဝန်း ကလေးသူငယ် သန်းပေါင်းများစွာမှာ စနစ်တကျ အခြေခံပညာ သင်ကြားမှု မရရှိကြပါ။ သူတို့၏ မိသားစုများက ကလေးများကို ကျောင်းမပို့နိုင်လောက်အောင် ဆင်းရဲနေကြ၍ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် လူငယ်ကျောင်းသားလေး တစ်ဦးက ထိုသို့ဖြစ်နေခြင်းကို ပြောင်းလဲပစ်ရန် ကြိုးစားနေသည်။

ဘာဘာအလီမှာ အသက် (၁၆) နှစ်ပင်ရှိသေး၍ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ကျောင်းအုပ်ဆရာဖြစ်နိုင်ပါသည်။ ဘာဘာမှာ မိသားစုခြံနောက်ဖေးတွင် ရွာရှိ ဆင်းရဲသားကလေးငယ်ပေါင်းများစွာအား ပညာသင်ပေးရင်း ပညာဒါနပြုနေသော ဆယ်ကျော်သက် လူငယ်လေးဖြစ်သည်။

အနောက်ဘန်ဂေါပြည်နယ် မာရှီဒါဘက်ဒေသတွင် နေထိုင်သော လူငယ်လေး၏ တစ်နေ့တာလုပ်ငန်းများမှာ နံနက်စောစောကပင် စတင်ပါသည်။ အိပ်ရာကထ အိမ်အလုပ်များဝိုင်းကူလုပ်ပေးပြီးနောက် ဘာဘာသည် ခြောက်မိုင်ခန့်ဝေးသော ရက်ဂျိုဗင်ဒါကျောင်းဆီသို့ စက်တပ်ဆိုက်ကားနှင့် လိုက်ပါသွားရသည်။ ကျောင်းသို့မရောက်မီ နောက်ဆုံးကီလိုမီတာအနည်းငယ်ကို လမ်းလျှောက်သွားရသည်။ ထိုကျောင်းမှာ အနောက်ဘန်ဂေါပြည်နယ်တွင်ရှိသော ကျောင်းများအနက် အကောင်းဆုံးကျောင်းတစ်ကျောင်းဖြစ်သည်။ ယောကျ်ားလေး၊ မိန်းကလေး ကျောင်းသားလေး ငါးရာခန့် စုပေါင်းကျောင်းတက်ကြသည်။ စာသင်ခန်းများမှာ စာအုပ်စာတမ်းများများစားစား မရှိသော်လည်း သပ်သပ်ရပ်ရပ်ရှိသည်။ သို့သော် စားပွဲခုံ၊ ကုလားထိုင်၊ ကျောက်သင်ပုန်းတစ်ချပ်၊ စိတ်ပါလက်ပါသင်ကြားသော အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရှိသည်။

ကျောင်းတက်ချိန်တွင်တော့ ဆယ်တန်းကျောင်းသား ဘာဘာအလီတစ်ယောက် ရှေ့ဆုံးတန်းခုံအလယ်တွင် ထိုင်နေပါသည်။ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် ကလန်ကလားနှင့် စာကြိုးစားပြီး ကျောင်းဝတ်စုံ သေသေသပ်သပ် ဝတ်တတ်သော ဆယ်ကျော်သက် လူငယ်လေးဖြစ်သည်။ ဆရာ၊ ဆရာမများ သင်ကြားမှုကို ဂရုတစိုက်လိုက်လံ မှတ်သားသည့် စံပြကျောင်းသားတစ်ဦး ဖြစ်သည်။ ဘာဘာအလီမှာ သူ့မိသားစုတွင် ပထမဆုံး စနစ်တကျပညာသင်ကြားခွင့်ရသူဖြစ်သည်။

“ကျွန်တော်က အဝေးကြီးမှာ နေထိုင်တာဖြစ်လို့ ဒီကျောင်းကို လာဖို့မလွယ်ကူပါဘူး။ ဒါပေမဲ့ ဒီကျောင်းက ဆရာ၊ ဆရာမတွေက ကောင်းတယ်။ ကျွန်တော်ကလည်း စာကောင်းကောင်း သင်ချင်တယ်။ နောက်ကျွန်တော့်မိဘတွေကလည်း အကောင်းဆုံး ပညာသင်ကြားမှုရရှိရမယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့် ကျွန်တော်ဒီကျောင်းမှာ ရောက်နေတာ” ဟု ဘာဘာကပြောသည်။

ရက်ဂျိုဗင်ဒါ အထက်တန်းကျောင်းမှာ အစိုးရက ဖွင့်လှစ်ထား၍ အခမဲ့ဖြစ်ပြီး ဘာဘာစိုက်ထုတ်ရသည်မှာ ကျောင်းဝတ်စုံဖိုး၊ စာအုပ်ဖိုးနှင့် ကျောင်းသို့လာရန် စက်တပ်ဆိုက်ကားခပင် ဖြစ်သည်။ သို့ဆိုလျှင်ပင် မိသားစုက သူ့အတွက် တစ်နှစ် ရူပီး ၁၈၀၀ (ကန်ဒေါ်လာ ၄၅) ရှာဖွေပေးရသည်။ သို့သော် အနောက်ဘန်ဂေါပြည်နယ်၏ ထိုဘက်ပိုင်းတွင် ထိုငွေမှာ များပြားလှသည်။ ဆင်းရဲသားမိသားစုအများအပြားမှာ အခမဲ့ ပညာရေးသင်ယူရန်ပင် ကလေးများကို ကျောင်းသို့ မပို့နိုင်ကြပေ။

ချွန်မီဟာဂျရာမှာ ကျောင်းလုံးဝမတက်ဖူးသူတစ်ယောက်ပင်ဖြစ်သည်။ အသက် (၁၄) နှစ်ရှိပြီဖြစ်သော ချွန်မီမှာ အဘွားဖြစ်သူနှင့် ခနော်ခနဲ့တဲငယ်လေးတစ်လုံးတွင် နေထိုင်ပါသည်။ သူတို့အိမ်မှာ ရွာအစွန်ဆီအုန်းများနှင့် စပါးပုံများကြား သက်ငယ်အမိုးအဖီ တစ်ဖက်တစ်ချက် ချထားသည်။ တဲအတွင်း၌ အိပ်စရာနေရာနှင့် ပစ္စည်းပစ္စယ အချို့သာရှိသည်။

နေ့စဉ်နေ့တိုင်းပင် ချွန်မီးမှာ ကျောင်းသွားရမည့်အစား အနီးအနားအိမ်များတွင် အိုးခွက်၊ ပန်းကန်ဆေး၊ သန့်ရှင်းရေးလုပ်ရသည်။ ချွန်မီးတစ်ယောက် ထိုအလုပ်များကို ငါးနှစ်သမီးအရွယ်ကတည်းက စလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအတွက် ချွန်မီးတစ်ယောက် တစ်လလျှင် ရူပီး ၂၀၀ (ကန်ငါးဒေါ်လာ) ခန့်ရရှိပါသည်။ ပိုက်ဆံအများကြီးမဟုတ်ပါ။ သို့သော် ထိုပိုက်ဆံမှာ ချွန်မီးတို့မိသားစုအတွက် သေရေးရှင်ရေးတမျှ လိုအပ်သည်။ ထို့အတွက် ချွန်မီးတစ်ယောက် နေ့စဉ်ရွာထဲမှာပင် အစေခံအလုပ်လုပ်ရသည်။

“ကျွန်မအဖေက ဒုက္ခိတ၊ အလုပ်မလုပ်နိုင်ဘူး။ ကျွန်မတို့ ပိုက်ဆံလိုတယ်။ ကျွန်မအလုပ်မလုပ်ရင် မိသားစု ရပ်တည်နိုင်မှာမဟုတ်ဘူး။ အဲဒီအတွက် ကျွန်မဒီအလုပ် မလုပ်လို့ကို မရဘူး” ဟု ချွန်မီးက ပြောပြသည်။

သို့သော်လည်း ယခုအခါ ချွန်မီးတစ်ယောက် ဘာဘာအလီ၏ ကျေးဇူးကြောင့် စာသင်ကြားခွင့်ရလာသည်။ သူ့ရွာမှ ရာနှင့်ချီနေသော ဆင်းရဲသားကလေးငယ်များစွာကို ကူညီရန်မှာ သူ့တာဝန်ဟု (၁၆) နှစ်သား ဘာဘာက ခံယူထားသည်။ သင်ခန်းစာများ ပြီးဆုံး၍ ကျောင်းလွှတ်လိုက်ချိန်တွင် ဘာဘာအလီတစ်ယောက် လမ်းတွင်ဆော့ကစားမနေအားဘဲ သူသိမှတ်ခဲ့သမျှအား သူ့ရွာမှ ကလေးများကို ပြန်လည်မျှဝေရန် ရွာ သို့ပြန်ပြေးသည်။

ဘာဘာအိမ်ပြန်ရောက်ပြီး ညနေလေးနာရီတွင် သူ့အိမ်မှ စာသင်ကျောင်း ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ခြံတံခါးဖွင့်၍ ကျောင်းသားများ အိမ်နောက်ဖေးအတန်းရှေ့ ရောက်လာချိန်တွင် ဘာဘာက တန်းစီ၍ အမျိုးသားသီချင်း သီဆိုစေသည်။ တရားဝင်မဟုတ်သောကျောင်း၏ ကျောင်းအုပ်ဆရာအဖြစ် ခံယူထားသော ဘာဘာအလီက စင်မြင့်ငယ်တစ်ခုပေါ် မတ်တပ်ရပ်၍ စည်းကမ်းအရေးကြီးပုံကို ကျောင်းသားများကို အမှာစကားပြောသည်။ ယင်းနောက် စာသင်ခန်းများ စတင်ပါသည်။

ဘာဘာအလီက သင်ခန်းစာများကို သူ့ကျောင်းမှ ဆရာ၊ ဆရာမများ သင်ကြားပေးခဲ့သည့် အတိုင်းပင် ပြန်လည်သင်ကြားပို့ချသည်။ သာမန်အမိုးအကာနှင့် တဲအတွင်း ကျောင်းသားအချို့က မြေကြီးပေါ်ထိုင်၊ တချို့က ယိုင်နဲ့နဲ့ ခုံတန်းများပေါ်ထိုင်ကြသည်။ အိမ်တွင်မွေးထားသော ကြက်များက အနီးအနား အစာရှာနေကြသည်။ ခြံဝင်းနေရာအနှံ့တွင် ကျောင်းသားကျောင်းသူများက တကုပ်ကုပ်နှင့် စာကျက်မှတ်နေကြသည်။ နောက်ပြောင်ဆော့ကစားရင်း သူငယ်ချင်းတချို့ကို စပြီး စာသင်ပေးခဲ့ချိန်တွင် ဘာဘာအလီမှာ အသက် ကိုးနှစ်ပင်ရှိသေးသည်။ သူတို့ကလည်း ဘာဘာတစ်ယောက် ကျောင်းတွင် မနက်ပိုင်းသင်ယူခဲ့သမျှကို သိလိုစိတ်ထက်သန်ကြသည်။ သူကလည်း သူငယ်ချင်းများအတွက် ကျောင်းဆရာလုပ်ရသည်ကို ကြိုက်သည်။

ယခုအခါတွင် သူ၏ ညနေပိုင်းကျောင်းတွင် ကျောင်းသား ၈၀၀ ရှိပြီး အားလုံးမှာ ဆင်းရဲသားမိသားစုများမှဖြစ်ကာ အခမဲ့သင်ပေးသည်။ မိန်းကလေးအများစုမှာ ချွန်မီးကဲ့သို့ပင် ရွာထဲတွင် အိမ်အကူလုပ်ကိုင်ပြီး ကျောင်းလာကြသည်။ ယောကျ်ားလေးများမှာလည်း လယ်ကွင်းထဲ တစ်နေကုန် အလုပ်လုပ်ပြီးချိန် ရောက်လာကြခြင်းဖြစ်သည်။

“အစပိုင်းမှာတော့ ကျွန်တော်က သူငယ်ချင်းတွေကို စာသင်တယ်ဆိုတာ အိုက်တင်လုပ်နေတာ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဒီကလေးတွေဟာ စနစ်တကျ သင်ခန်းစာတွေ မသင်ရဘူးဆိုရင် သူတို့ဟာ ဘယ်တော့မှ စာရေးတတ်၊ ဖတ်တတ်မှာ မဟုတ်ဘူးလို့ ကျွန်တော်သဘောပေါက်လာခဲ့တယ်။ သူတို့ကို ပညာသင်ပေးဖို့က ကျွန်တော့်တာဝန်၊ နိုင်ငံအတွက် ပိုကောင်းတဲ့အနာဂတ် ကူညီတည်ဆောက်ပေးဖို့က ကျွန်တော့်တာဝန်ဖြစ်ပါတယ်” ဟု ဘာဘာအလီက ဆိုသည်။

ယခုဆိုလျှင် ဘာဘာအလီ အပါအဝင် ကျောင်းတွင်းဆရာ ဆယ်ဦးရှိသည်။ အားလုံးမှာ သူ့လိုပင်အထက်တန်းနှင့် ကောလိပ်ကျောင်းသားများဖြစ်ပြီး အချိန်ဖဲ့၍ ပရဟိတလာရောက်သင်ပေးကြခြင်းဖြစ်သည်။ ဘာဘာအလီက ငွေကြေးတစ်ပြားတစ်ချပ်မှ မကောက်ခံဘဲ စာအုပ်များနှင့် အစားအသောက်ပင် အခမဲ့ကျွေးမွေးသေးသည်။ အားလုံးကို အလှူငွေများနှင့် လည်ပတ်ခြင်းဖြစ်ရာ အဆင်းရဲဆုံးကျောင်းသားများပင် လာရောက် ပညာသင်နိုင်သည်။

“ကျွန်တော်တို့နယ်က စီးပွားရေးနိမ့်ကျတယ်။ ဒီကျောင်းမရှိရင် ကလေးအများစု ပညာသင်နိုင်မှာမဟုတ်ဘဲ ရေးတတ်၊ ဖတ်တတ်တောင် ဖြစ်လာကြမှာမဟုတ်ဘူး” ဟု ဘာဘာအလီက ပြောပါသည်။

ချွန်မီးတစ်ယောက် ပညာသင်လိုစိတ်ရှိသည်မှာ အံ့မခန်းပင်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း နံနက် ၆ နာရီမှ နေ့လယ် ၂ နာရီခွဲ အထိ ရွာထဲကအိမ်များတွင် အလုပ်လုပ်ပြီးချိန်တွင် ချွန်မီးက ဘာဘာတို့ကျောင်းတွင် သွားတက်သည်။ ညဘက် ၇ နာရီတွင် အလုပ်သွားပြန်လုပ်ရသည်။ တစ်နေ့တွင် သူနာပြုဆရာမတစ်ယောက်ဖြစ်ဖို့ ချွန်မီးတစ်ယောက် ရည်မှန်းထားပြီး ဘာဘာအလီ၏ကျောင်းက ချွန်မီးအိပ်မက်ကို ဖြည့်ဆည်းနိုင်ရန် ဖြစ်နိုင်လောက်ပါသည်။

*—Ref: The Youngest headmaster in the world*

7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

7DAY BOOK REVIEW

# မဟတ္တမဂန္ဒီ
## (ဒေါက်တာဦးသန်းထွန်း-ရွှေဘို)




ကျွန်ုပ်သည် အကြမ်းဖက်မှုကို ကန့်ကွက်သည်။ အကြောင်းမှာ အကြမ်းဖက်ခြင်းက ကောင်းအောင်လုပ်သည်ဆိုလျှင် အကောင်းသည် ခဏသာဖြစ်ပြီး အဆိုးသည် အမြဲတမ်းရှိနေမည်ဖြစ်သောကြောင့်ပင်။

(မဟတ္တမဂန္ဒီ)

လူငယ်တစ်ဦးသည် ဖခင် သေကောင်ပေါင်းလဲ အသည်းအသန်သေအံ့မူးမူးဖြစ်နေချိန်တွင် ဖခင်ကို စွန့်၍ ဇနီးရှိရာအိပ်ခန်းသို့သွား၏။ မှောင်မည်းသောကိလေသာနစ်မွန်းမှုကြားမျောပါနေစဉ်ဖခင်မှာကွယ်လွန်သွားရှာသည်။ အိပ်ခန်းမှ ထွက်သောအခါဖခင်အသက်ကို မမီတော့။ ထိုလူငယ်သည် မိုက်မဲသောသူ့လုပ်ရပ်ကြောင့် အရှက်ကြီးစွာရပြီး တစ်သက်လုံး တနှံ့နှံ့ဖြစ်ခဲ့ရချေသည်။ ထိုလူငယ်သည် အခြားလူမဟုတ် နောင်တစ်ချိန်တွင် ၂၀ရာစု၏ အကြီးမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်လာသည့် မဟတ္တမဂန္ဒီပင်ဖြစ်ပါသည်။

ကမ္ဘာတွင် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်များသည် ငယ်စဉ်ကာလက အမှားအကြိမ်ကြိမ် ကျူးလွန်သူများဖြစ်တတ်ကြသည်။ ၎င်းတို့သည် ထပ်တလဲလဲမှားရင်း အမှန်ကိုသိမြင်ပြင်ဆင်ကာ ကြီးကျယ်ထင်ရှားသည့် ဘဝအခြေအနေအထိ ပြောင်းလဲနိုင်ခဲ့ကြသည်။ အရေးကြီးသည်မှာ အမှားကိုအမှားဟု သိမြင်ခြင်းပင်ဖြစ်၏။ ၂၀ရာစု၏ အကြီးကျယ်အမြင့်မြတ်ဆုံးလူသားဟု ကမ္ဘာက သတ်မှတ်ခံရသော အိန္ဒိယလွတ်လပ်ရေးဖခင်၊ အကြမ်းမဖက်ဆန့်ကျင်ရေး သဘောတရား(သစ္စာဂြဟ)ကို စတင်ခဲ့သူ မဟတ္တမဂန္ဒီ၏ငယ်ဘဝသည် အမှားများဖြင့် ပြည့်နှက်နေခဲ့သည်။ ဂန္ဒီသည် အသက်အရွယ်ရလာ၍ ကိုယ်တိုင်အတ္ထုပ္ပတ္တိပြုစုသောအခါယင်းသို့သောအမှားများကိုနှောင်းလူတို့ မခြွင်းမချန်သိစေပြီး သင်ခန်းစာယူနိုင်ရန် ပြည့်စုံစွာရေးသားခဲ့သည်။ မူရင်းစာအုပ်ကို ဂန္ဒီက တိုင်းရင်းဘာသာဖြင့် ရေးသားခဲ့ပြီး၎င်း၏အတွင်းရေးမှူးဖြစ်သူ မဟာဒေဝဒေဆိုင်းက အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည်။ ထိုစာအုပ်ကို လွန်ခဲ့သော (၄၅)နှစ် 'ဂန္ဒီရာပြည့်အထိမ်းအမှတ်'အဖြစ် မြန်မာနိုင်ငံ၌ ကျင်းပသောအခါ ဦးသန်းထွန်း(ရွှေဘို)က လုံးစေ့ပတ်စေ့ဘာသာပြန်ဆိုပြီး မြန်မာဘာသာအဖြစ် ထုတ်ဝေခဲ့ရာ ရောင်းမလောက်စာအုပ် ဖြစ်ခဲ့သည်။ ယခုအခါ စာအုပ်ဈေးကွက်မဆိုထားဘိ စာကြည့်တိုက်များမှာပင် အလွန်ရှားပါးနေပြီဖြစ်သော ဂန္ဒီအတ္ထုပ္ပတ္တိသည် အသစ်တစ်ဖန်ပြန်လည်ထွက်ရှိလာသည်။

မဟတ္တမဂန္ဒီသည် ၂၀ရာစု ခေတ်တွင် အနှိမ်ခံအိန္ဒိယပြည်သူများအတွက်သာမက ကမ္ဘာအရပ်ရပ်ရှိ ဖိနှိပ်ခံပြည်သူများအတွက်အလင်းရောင်ထွန်းညှိပေးသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ဂန္ဒီချမှတ်ခဲ့သောအကြမ်းမဖက်ဆန့်ကျင်ရေး ဝါဒသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ်များလိုကမ္ဘာသို့ ပျံ့နှံ့သွားပြီး အခြားအယူဝါဒများ အလုပ်မဖြစ်တော့သည့်တိုင် ဂန္ဒီဝါဒသည် ယနေ့အထိအလုပ်ဖြစ်နေသည်။ အလျဉ်းသင့်၍ ဆိုရပါလျှင် ဒေါ်အောင်ဆန်းစုကြည်သည် ဘဝတစ်လျှောက်လုံး ဂန္ဒီဝါဒ(အကြမ်းမဖက် အနုနည်းဖြင့်တော်လှန်ခြင်း)ကိုင်စွဲလာသူဖြစ်၏။ ၎င်းလိုပင် ကမ္ဘာတစ်ဝန်းဂန္ဒီဝါဒကိုင်စွဲ၍ တိုက်ပွဲဆင်နွှဲသူများမရှား၊ ဥပမာ အဖြူအမည်းအသားအရောင်ခွဲခြားမှုကို ဆန့်ကျင်သောအမေရိကန်လူမည်းခေါင်းဆောင် မာတင် လူသာကင်းသည် ဂန္ဒီဝါဒီတစ်ဦး ဖြစ်ခဲ့သည်။ မာတင်လူသာကင်း၏ရုံးခန်းထဲ၌ဂန္ဒီရုပ်ပုံကြီးချိတ်ဆွဲထားခဲ့သည်။ တောင်အာဖရိကခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလားသည်ဂန္ဒီဝါဒကိုလက်ကိုင်ထားခဲ့သည်။

သို့သော် ဂန္ဒီသည် ကံမကောင်းပါ။ ထိုသို့ လူသားမျိုးနွယ် တစ်ခုလုံးအတွက် ကြီးကျယ်မြင့်မြတ်သည့် အယူအဆကို ဖော်ထုတ်နိုင်ခဲ့ငြား လူမျိုးတူ ဟိန္ဒူအစွန်းရောက်တစ်ဦး၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့ရှာသည်။ သို့သော် ၎င်း၏အယူဝါဒကား ၂၁ရာစုထဲ ရောက်သော်လည်း သစ်လွင်ဆဲ...

ထိုသို့သော ပုဂ္ဂိုလ်၏ ဘဝဇာတ်ကြောင်းစာအုပ်သည် ယခုအခါ သင့်လက်တစ်ကမ်းသို့ ရောက်နေပေပြီ။ နှစ်ပေါင်း ၄၅နှစ် ကြာမှ ပြန်လည်ထွက်ရှိလာသော စာအုပ်ဖြစ်ပြီး ပထမအကြိမ်ထုတ် ဝေစဉ်က မပါရှိခဲ့သော ရှားပါး ဓာတ်ပုံများ၊ ထပ်မံဖြည့်စွက်ချက်များဖြင့် UNITY စာအုပ်တိုက်က တန်ဖိုး ၇,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဧဝရက်တောင်ပေါ်တက်ရောက်ခဲ့သူ အရေအတွက်နှင့် သေဆုံးသူများ

ဧဝရက်တောင်သို့ ၁၉၅၃ တွင် နယူးဇီလန်နိုင်ငံသား အက်ဒမန်ဟီလာရီနှင့် နီပေါလမ်းပြ တန်ဇင်နော်ဂေးတို့ ပထမဆုံး အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီးနောက် ထပ်မံတက်ရောက်နိုင်ရန် ကြိုးစားသူအများအပြားရှိခဲ့သည့် ယနေ့အချိန်အထိ စံချိန်အမျိုးမျိုးဖြင့် တက်ရောက်နိုင်သူများရှိကာလူဦးရေစုစုပေါင်း လေးထောင်ကျော်ရှိသွားပြီဟုဆိုကြသည်။ အတိအကျ ဆိုလျှင် ၄,၀၄၂ ဦးဖြစ်သည်။

သို့သော် အလွန်မြင့်မားပြီး ရာသီဥတုပြင်းထန်သည့်ထိုတောင်ပေါ် သို့ တက်ရောက်နိုင်ရန် ကြိုးစားရင်း သေဆုံးသွားသူစာရင်းမှာလည်း ရာဂဏန်းနှင့်ချီရှိနေသည်။ တောင်ထိပ်ပေါ်သို့တက်နိုင်ရန် ကြိုးစားရင်း သေဆုံးခဲ့ရသူဦးရေမှာ ၂၅၀ ဝန်းကျင်ခန့်ရှိသည်ဟု တယ်လီဂရပ်သတင်းစာက ဖော်ပြသည်။

—*Ref: Telegraph*

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ဆောင်ရွက်မှုမှန်သမျှ ထူးထူးခြားခြားအောင်မြင်မည်။ ဖြေရှင်းရန်ခက်ခဲနေသောကိစ္စတစ်ခုအား ပါဝင်ကူညီရန် အေးချမ်းသွားအောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ကာလအတန်ကြာဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေသည့်ပြဿနာများပြီးမြောက်အဆင်ပြေသွားမည်။ အတူတကွပူးတွဲလုပ်သူများ၏ မရိုးမသားဆောင်ရွက်မှုများကို ကိုယ်ကသိလျက်နှင့် ဖုံးဖိကာကွယ်ပေးရမည်။ ထိုသူများသည်ပင် တစ်နေ့မိမိအားဒုက္ခပေးလိမ့်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

စိမ်ချမ်းမြေ့မှုများ၊ အဆင်ပြေမှုများ လွှမ်းမိုးနေမည်။ မိမိစိတ်ထဲမှ ဆာလောင်မွတ်သိပ်မျှော်လင့်ထားသည်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ ရင်ထဲမျိုသိပ်ထားသည့်စကားများကို ဖွင့်ဟတိုင်ပင်ခြင်းပြုနိုင်သည့်သူနှင့်ကြုံမည်။ သူတစ်ပါးအား ဖွင့်မပြောဘဲ ကြိတ်မှိတ်ထားသည့်ကိစ္စတစ်ခုအား လက်တွေ့ဆောင်ရွက်နိုင်မည်။ ဘဝအတွက် အရေးပါသောဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချမှတ်ရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အပြောင်းအလဲတစ်ခု၊ ဘဝသစ်တစ်ခုအား အခိုင်အမာစတင်နိုင်သောအနေအထားရှိသည်။ ဆုံးဖြတ်ထားပြီးကိစ္စအား ပြန်လည်ပြုပြင်ရန်မသင့်။ ကိုယ်မှန်သည်ဟုယူဆထားသည့်အတိုင်း ရှေ့တိုးဆောင်ရွက်ပါ။ ဘဝသစ်တစ်ခုသို့ ဦးတည်ရန် ဝန်မလေးသင့်ပါ။ မူလအခြေအနေလုပ်ငန်းအရပ်ရပ်ထက် ဂုဏ်အသိုင်းအဝိုင်းမြင့်မားမှုဘက်သို့ ပြောင်းလဲလိမ့်မည်။ လူမျိုးကွဲများနှင့် ဆက်စပ်လုပ်ကိုင်မှုများအောင်မြင်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အနှောင့်အယှက်အတားအဆီးများရှိမည်။ ဝေဖန်တိုက်ခိုက်သူများမည်။ အခက်အခဲကြားမှ တိုးတက်မည်။ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ တစ်ပါးသူမနိုင်နင်းသည့်ကိစ္စများဝင်ရောက်ဖြေရှင်းပေးရမည်။ စိုက်ထုတ်အကုန်အကျခံထားသည့်ငွေများပြန်ရမည်။ မိသားစုအတွက်ကောင်းသောအထောက်အကူပြုနိုင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အရာရာအဆင်ပြေနေသည့်အနေအထားမှရုတ်ခြည်းအပြောင်းအလဲဖြစ်မည်။ မူလစီစဉ်ထားသည်များဆိုင်းငံ့ရပ်တန့်ရန်အနေအထားကြုံမည်။ လုပ်ကိုင်နေသောလုပ်ငန်း ဆက်ဆံရသောဝန်းကျင်အတွင်း ကစဉ့်ကလျားဖြစ်မည်။ ရုတ်တရက်ဖြစ်ပေါ်လာသောပြဿနာအခက်အခဲသည်ကြိုတင်တွက်ဆရန်ခက်ခဲသောဖြစ်ရပ်ဆန်းများ ဖြစ်တောင့်ဖြစ်ခဲသော ပြဿနာများဖြစ်မည်။ ပုံစံသစ်ဖြင့်လုပ်ရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

ရည်မှန်းချက်သစ်၊ အစီအစဉ်သစ်များလက်တွေ့ဆောင်ရွက်နိုင်မည်။ အပြိုင်အတိုက်အခံများအား ကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ရရှိအောင် ဖန်တီးဆောင်ရွက်နိုင်မည်။ အခြေအနေပေးသည့်အပေါ် မှေးထိန်းလုပ်ရာမှ လူမှန်နေရာမှန်တိုးတက်မှုများရရှိမည်။ ရုတ်ခြည်းဆုံးဖြတ် ချက်ချင်းဆောင်ရွက်သောနည်းဖြင့် အလုပ်ကိစ္စများဆောင်ရွက်ရန် အခါကျရောက်သည်။ ပေးခဲ့သောကတိတစ်ခုအတွက် အခက်အခဲကြုံမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

ရင်းနှီးသူများနှင့် စကားများရမည်။ ကိုယ်လုပ်လိုသည်ကတစ်မျိုး ဆောင်ရွက်ရသည်ကတစ်မျိုးဖြစ်မည်။ လူမှုရေး၊ မေတ္တာရေးအနှောင့်အယှက်များရှိမည်။စကားအတိုက်အခံပြောရမည်။ခက်ခဲသောပြဿနာများကို ဖြေရှင်းနိုင်သောနည်းကောင်းတွေ့မည်။ ရပ်တန့်ထားသောကိစ္စများ အသစ်ပြန်လည်ဆောင်ရွက်ရမည်။ရပိုင်ခွင့်ဟောင်းများ လက်ဝယ်ပြန်ရမည်။ ဆုံးရှုံးလက်လွှန်ထားသည့်ငွေ၊ပစ္စည်းများလက်ဝယ်ပြန်လည်ရမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အရာရာအဆင်ပြေ၍ အလုပ်၊ အကြံမှန်သမျှအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ စိတ်ကူးသစ်များလက်တွေ့ဆောင်ရွက်နိုင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောပြဿနာများကို ဖြေရှင်းနိုင်မည်။ မိသားစုအတွက် ရည်စူးဆောင်ရွက်မှုတွင် အောင်မြင်မှုရမည်။ လုပ်ငန်းမရှိသူလုပ်ငန်းရပြီး လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

တစ်ခုထက်ပိုသောကိစ္စများ၊ လုပ်ငန်းများကို တာဝန်ယူဦးဆောင်ပြီး လုပ်ကိုင်ရမည်။ မိတ်ဆွေကောင်းများထံမှ ကောင်းသောအထောက်အကူရမည်။ အတိတ်ကာလ မိမိအားအနိုင်ယူဗိုလ်ကျခဲ့သူများအား ပြန်လည်တုံ့ပြန်နိုင်သောအခြေအနေမြင့်မားမှုအားရရှိမည်။ သည်းခံခွင့်လွှတ်လိုက်ပါ။ တစ်ပါးသူနှင့်ယှဉ်ပြီးလုပ်သောကိစ္စများတွင် မိမိအရည်အသွေးမြင့်မားနေမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ဆိုးမယောင်နှင့် ကောင်းသောကာလဖြစ်သည်။ အခက်အခဲများ၊ အနှောင့်အယှက်များနှင့် ဦးစွာရင်ဆိုင်ရမည်။ ထိုသို့ကြုံပြီး တိုးတက်ခြင်းများဆက်တိုက်ရမည်။ ပြဿနာများသောလုပ်ငန်းတစ်ခုသို့ ကူးပြောင်းတာဝန်ယူရမည်။ ကိုယ့်အတွက်အကျိုးရှိမည်။ ထိတွေ့နေသောဝန်းကျင်အတွင်း ဘဝတူများကပင် မနာလိုလောက်သည့်အခွင့်အလမ်းများကိုရရှိမည်။ ပြန့်လက်လွှန်ထားသည့်ငွေကြေးများလက်ဝယ်ပြန်ရမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အရာရာအဆင်ပြေသောအနေအထားသို့ ဦးတည်မည်။ ရည်ရွယ်ချက်အောင်မည်။ ကိုယ်ကြုံတွေ့နေသည့်အခက်အခဲများအား လက်တွေ့အကူအညီပေးနိုင်သူများပေါ်မည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ လူလွတ်များစန်းပွင့်မည်။ အရွယ်လွန်အပျိုကြီး၊ လူပျိုကြီးများအဖို့ အိမ်ထောင်ရေးကိစ္စများစီစဉ်ဆောင်ရွက်နိုင်မည်။ ဝေးကွာနေသော အဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ဆက်သွယ်ရမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အရာရာဖရိုဖရဲကြားမှ ရှေ့တိုးဆောင်ရွက်ရမည်။ ကာလအတန်ကြာဆောင်ရွက်ထားသည့်ကိစ္စများမှ အကျိုးဆက်ကောင်းများရမည်။ မိသားစုအကြီးအကဲကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ခရီးနှင့်ပတ်သက်သောကိစ္စများ အဆင်ပြေမည်။ လုပ်ငန်းခွင်အတွင်းမှသူများ အလုပ်လက်လွှဲလက်ပြောင်းသတိရှိပါ။ မိမိအရင်ဆောင်ရွက်ထားသူ၏ပြဿနာများ ကိုယ့်ထံကျရောက်နိုင်သည်။ အိမ်တွင်ပစ္စည်းအပျောက်အရှများမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၈၀)



### အလျားလိုက်

၂။ စင်ကာပူက ရင်းနှီးမြှုပ်နှံမှုများသော ကဏ္ဍတစ်ခု
၅။ မြို့ပြလူမှုဘဝအပေါ် သိသာစွာ ရိုက်ခတ်သောအရာ
၈။ ကျန်းမာရေးအသိပညာပေးမှု
၉။ ပညာရေးမှာ ဘွဲ့လက်မှတ်ထက် ပိုမိုသင့်သည်ဟုပြောသူ
၁၁။ မင်းသားလေးဂျော့ချ်၏ မိခင်
၁၂။ ဘီဘီစီမြန်မာ၏ ကြွေးကြော်စာတမ်း

### ဒေါင်လိုက်

၁။ အိုင်တီပညာအသုံးချပြိုင်ပွဲ
၃။ ဂူဂဲလ်ကုမ္ပဏီ၏ ဝန်ဆောင်မှုတစ်ခု
၄။ တရုတ်စီးပွားရေးလျှော့ချခန့်မှန်းသောအဖွဲ့
၆။ လူဦးရေ ငါးသိန်းခန့်သာရှိသော ပြည်နယ်
၇။ ပြည်တွင်းခရီးသွားများရွေးချယ်လာသော နိုင်ငံတစ်ခု
၁၀။ ရှေ့နေဟုပင်အမိပ္ပါယ်ရသော အခေါ်အဝေါ်

Smart Dictionary ကံထူးသူ
၁။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈ ၂၀၇၊ မြေညီထပ်၊ လမ်း(၄၀)၊ မိုလ်တထောင်။

ကျန်အဖြေမှန်သူများ
၂။ ဒေါ်မိုးမိုးဝင်း၊ ၉/ကပတ(နိုင်)ဝ၂၄၁၅၁

### ပဟေဠိ အမှတ်စဉ်(၂၇၉)အဖြေမှန်




**အမည်** ............................ **မှတ်ပုံတင်အမှတ်** ............................

**နေရပ်လိပ်စာ** ............................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၅-၄-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုတ်ထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

## Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**VICTOR**

အင်္ဂလိပ်စကားပြောအခြေခံအားနည်းသူများအတွက်သာ။ အိမ်ဝိုင်းသင်သည်။ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမထိပ်၊ ဒေစီကျော်လင်းပိုးအထည်ဆိုင်၊ မျက်နှာချင်းဆိုင်။

ဖုန်း-၀၉ ၅၀၉၆၇၉၄

**“ရွှေ” Study Guide**

၁၀ တန်းကျောင်းသား၊ကျောင်းသူများအတွက် Study Guide ရှိသည်။ မေးခွန်းဟောင်း ၁၃ နှစ်စာ အထူးလေ့ကျင့်ပေးသည်။ တစ်ဘာသာ-၂၀၀၀၀ ကျပ်။

ဖုန်း-၀၉ ၄၂၀၇၀၁၆၈၃

**သင်ကြားပေးသည်**

မန္တလေးဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသားများက တက္ကသိုလ်ဝင်တန်းဘာသာစုံအိမ်လိုက်သင်ပေးသည်။

ဖုန်း-၀၉ ၄၀၂၇၁၃၈၉၅၊ ၄၀၁၅၂၁၀၅၇

**ဆေးဖက်ဝင်အလှရည်**

သဘာဝထွက်ပစ္စည်းများ စုပေါင်း၍ ထုတ်လုပ်ထားရှိသော ဆေးအလှရည်များကို သုံးစွဲခြင်းဖြင့် မျက်နှာပြင်ထက်၌ ပေါ်ပေါက်လာသော တင်းတိပ်၊ ဝက်ခြံများ ပျောက်ကင်းသွားစေမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)**

ကလေးအမည်ပေးခြင်း၊ လုပ်ငန်းအမည်ပေးခြင်း၊ ဟောစာတမ်းရေးသားခြင်း ဆောင်ရွက်ပေးသည်။

ဖုန်း-၀၉ ၇၃၂၃၄၆၂၄

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**

လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။ အမှတ်-၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ရောင်းမည်**

Mitsubishi Colt ရန်ကုန် 5 D သိန်း (၇၄)။

ဖုန်း-၀၉ ၇၃၂၅၉၄၂၁

**ဝယ်/အလဲထပ်လုပ်ပေးသည်**

Used IT & Mobile Changer မှ သင်ရောင်းလို/လဲလိုသော Phone/Laptop များ၊Tablet များကို ဈေးကောင်းပေးဝယ်လိုပါသည်။

ဖုန်း-၀၉ ၄၃၀၂၇၇၅

**ငှားမည်**

စာသင်ခန်းမ ငှားမည်။ (သို့မဟုတ်) အချိန်ပိုင်း ငှားမည်။ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။

ဖုန်း-၀၉ ၅၀၉၆၇၉၄

**ရောင်းမည်**

ပြည်မြို့ နန္ဒဝန်ကျောင်းအနီး မြေလွတ် ၃.၅ ဧက(ဘိုးဘွားပိုင်) စက်မှုဇုန်နှင့် နီး၊ နဝဒေးလမ်းမကြီးနှင့် နီး။

ဖုန်း-၀၉ ၄၂၃၆၆၇၄၂၄

**ရောင်းမည်**

မှော်ဘီမြို့၊ ဝါးနက်ချောင်းကျေးရွာ၊ ကျောက်ပြားစက်ရုံအနီး၊ မြေ လေးဧက၊ တစ်ဧက သိန်း (350)ညှိနှိုင်း။

ဖုန်း-၀၉ ၅၃၂၂၁၆၆

**ရောင်းမည်**

သဃ်န်းကျွန်းကြီး၊ အောင်စည်းခံအနီး၊ မြေ ၀.၇၅ ဧက၊ တိုက်ကြမ်းတစ်လုံးပါ။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၁၀၆၃၂၉

**Asia Route Car Rental Services**

Saloon, Van, HiAce,Pajero, Parado, 24,33,45 Seater ကားမျိုးစုံကို နာရီပိုင်း၊ လချုပ်၊ နှစ်ချုပ်၊ မြို့တွင်း၊ နယ်ဝေးခရီးစဉ်မျိုးစုံအတွက် ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းနိုင်ပါသည်။

ဖုန်း-၀၉ ၅၁၂၀၀၁၀

**ROYAL TUN SERVICE**

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို အိမ်တိုင်ရာရောက် ဆေးကြော၊ ပြုပြင်၊ တပ်ဆင်ပေးပါသည်။

ဖုန်း-၀၉ ၃၁၀၆၈၇၄၉

**Web Site ရေးဆွဲသည်**

MWP | Web Development Services မှ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် WebSite များကို အစအဆုံး တာဝန်ယူ ရေးဆွဲပေးလျက်ရှိပါသည်။

ဖုန်း- 09 7321 8021

**သင်ကြားပေးသည်**

International School နှင့် ကိုးတန်း၊ ဆယ်တန်း ကလေးများအား အင်္ဂလိပ်၊ သင်္ချာထူးချွန်စေရန် အိမ်တိုင်ရာရောက် သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၀၁၈၅၈၂၃

**သင်ကြားပေးသည်**

သူငယ်တန်းမှ အဋ္ဌမတန်းထိ အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အိမ်တိုင်ရာရောက် ဂိုက်လုပ်ပေးသည်။ Grade (11) Eco သီးသန့် ဂိုက်လိုက်သည်။

ဖုန်း-၀၉ ၂၅၆၃၃၄၅၁၄

**ရွှေမဒီ(မိန်းကလေးသီးသန့်စာသင်ဝိုင်း)**

၈၊ ၉၊ ၁၀ တန်း (တက္ကသိုလ်ဝင်တန်း) များအတွက် (ဘာသာစုံ+ဂိုက်)၊ စာသင်၊ စာစစ်အတွေ့အကြုံရှိ ဆရာကြီး၊ ဆရာမကြီးများက မေးခွန်းဟောင်းများနှင့် အတူ သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၀၁၇၂၁၈၀

**ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ခရိုင်ချင်းဆက်လမ်းမပေါ်ရှိ ဥယျာဉ်ခြံ မြေ ၄၆ ဧကတစ်ဆက်စပ်တည်းရောင်းမည်။ တစ်ဧက ၄၀ သိန်း။

ဖုန်း-၀၉ ၄၂၃၆၆၁၉၃၇

**ရောင်းမည်**

မြိတ်မြို့မှ တိုက်နှင့် ခြံရောင်းမည်။ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်းမပေါ် ဘိုးဘွားပိုင်မြေ၊ ၀.၀၆ ဧက ကျယ်။ စီးပွားရေး လုပ်ရန် နေရာကောင်း၊ သုံးထပ်တိုက်ပါ။ သိန်း (၆၈၀၀)ညှိနှိုင်း။

ဖုန်း-၀၉ ၂၅၄၀၀၂၀၂၇

**ရောင်းမည်**

အမှတ် ၁၂၊ သစ္စာလမ်းသွယ် ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (၃၅×၅၅)၊ BN 1 ထပ်ခွဲ ဘိုးဘွားပိုင်၊ ရေမီး။

ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ကားမောင်းသင်သည်**

ရန်ကုန်နယ်နိမိတ်အတွင်း လူကြီးမင်းတို့ အိမ်စီးကားဖြင့်သင်ပေးသည်။ ၁၀ ရက် အတွင်း အတတ်၊ ဉာဏ်ပူဇော်ခငါးသောင်း။ ဆရာ့အတွက် လမ်းစရိတ်ကူညီရမည်။

ဖုန်း-၀၉ ၂၅၄၂၂၁၂၉၉

**နွေရာသီဂစ်တာသင်တန်း**

ကလေးများအတွက် အထူးသင်ကြားပေးသည်။ (မိန်းကလေးများသာ) အမျိုးသမီးသင်ကြားသူမှ အိမ်အရောက်သင်ကြားသည်။

ဖုန်း-၀၉ ၄၀၃၇၃၂၂၄၇

**ရေးဆွဲပေးပါသည်**

လူကြီးမင်းတို့၏ ရုံး၊ အိမ်နှင့် ဆိုင်ခန်းများအား Structure နှင့် ခေတ်မီ၊ ဗိသုကာ Design ရေးဆွဲပေးပါသည်။

ဖုန်း-၀၉ ၄၂၁၁၀၁၀၂၉

**ရောင်းမည်**

နှစ်သိန်းခွဲတန် WCDMA အမြန်ရောင်းမည်။ စာချုပ်ပါ၊ အင်တာနက်ပါမည်။ ဈေးနှုန်း- (225000)ညှိနှိုင်း။

ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**

လည်ပတ်နေသော တည်းခိုခန်း ရောင်းမည်။ မြတ်အအေးခန်းညှော်ရိပ်မွန်။ မကွေးမြို့၊ ကားကြီးကွင်း၊ အနောက်ဖက်ပေါက်အနီး၊ အဝေရာလမ်း။

ဖုန်း-၀၉ ၂၅၉၁၀၄၇၇၅

**ရောင်းမည်**

လုပ်ငန်းသုံးကိုရီးယားရေခဲမုန့်ကြော်စက် WELBAX Korean Fry Ice-cream machine (အသုံးအဆောင်ပစ္စည်းအပါအဝင်) ရောင်းရန်ရှိသည်။ ထက်ဝက်ဈေးဖြင့် ရောင်းပေးပါမည်။ ပစ္စည်းအာမခံပါသည်။ ဖုန်း-၀၉ ၇၃၁၉၆၆၁

**ဝယ်လိုသည်**

ရန်ကုန်မြို့ ၃၁လမ်းနှင့် ၃၉ လမ်းကြား အောက်ဘလောက်အတွင်း တိုက်ခန်း၊ ရုံးခန်းဝယ်လိုသည်။ ပိုင်ရှင်များသာ ဆက်သွယ်ပါရန်။

ဖုန်း-၀၉ ၅၀၁၀၈၃၀

**ရောင်းမည်**

ပြင်ဦးလွင်၊ အောင်ချမ်းသာအုပ်စု၊ ရွာမြေ (၆၀×၅၀)၊ အကွက်လွတ်၊ ကျောက်လမ်းနီး၊ မီးတိုင်နီး၊ ညှိနှိုင်းဈေး(သိန်း ၁၃၀)။

ဖုန်း-၀၉ ၄၀၂၅၇၀၆၉၁

**ရောင်းမည်**

တ/ဥ(၁၂) ရပ်ကွက်၊ မိဂသီ(၂၁) လမ်း၊ အမှတ် (၂၉၃/က)၊ နှစ်ထပ်တိုက်၊ ပေ (၂၀×၆၀)၊ အရှေ့လှည့်၊ ရေမီးစုံ၊ မီတာနှစ်လုံး၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ သိန်း (၁၅၉၀)ညှိနှိုင်း။

ဖုန်း-၀၉ ၅၁၁၀၉၉၅

**ငှားလိုသည်**

မြောက်ဥက္ကလာပမြို့နယ်အတွင်း လူစည်ကားသော လမ်းမများပေါ်ရှိ မြေညီတိုက်ခန်း/လုံးချင်း အိမ်များငှားလိုသည်။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**

မန္တလေးအနီး၊ ကျောက်မီးနှင့် ထုံးဘိုကြား ကုလားကြီးခြံကျေးရွာ၊ ရွာလယ်လမ်းမမြေ (၄၂×၇၅) သိန်း (၂၅၀)။

ဖုန်း-၀၉ ၃၃၂၉၆၂၂၉

**ရောင်းမည်**

မင်းရဲကျော်စွာ ၂ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈×၅၂)၊ သိန်း (၅၀၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင် (၂)

မကြာမီမိနစ်ပိုင်း ကပင်ကရားရေလွှတ်စကားတွင်တွင်ဆိုနေခဲ့သော ကိုသက်ခိုင်သည် အတန်ကြာနှုတ်ဆိတ်နေပြန်လေရာကျွန်တော့်မှာစကားမရှိ၊စကားရှာလျက် နှစ်ယောက်အကြားရှိတိတ်ဆိတ်ခြင်းကို ဖြိုခွဲနိုင်ရန်အားထုတ်မိပြန်၏။

"ကိုသက်ခိုင်ဒီငါးနဲ့ပုစွန်တွေဒီလိုနေရာမျိုးမှာ ရောင်းနေတာဘယ်လိုလုပ်ခင်ဗျား ရှာတွေ့သလဲဗျာ။ ကျွန်တော်လည်း နောင်ဆို ဒီမှာလာဝယ်ရမယ်။ စူပါမားကက်တွေက အအေးခန်းတွေထဲမှာ အချိန်အကြာကြီး သိုလှောင်ထားပြီး ရောင်းနေကြတဲ့ အသားတွေ၊ ရယ်ဒီမိတ်အထုပ်တွေကိုကျွန်တော်စိတ်ကုန်လှပြီဗျာ။ ကြာလေမသတီလေပဲ"

"ဒီနေရာသိတာ ဘာမှမဆန်းပါဘူးဗျာ။ မျက်စိဖွင့် နားဖွင့်လေ့လာစူးစမ်းတဲ့ အကျင့်ရှိရင် ခက်ခဲတဲ့ ကိစ္စမဟုတ်ပါဘူး။ ဖူးခက်က နိုင်ငံခြားညှော်လမ်းညွှန်လိုက်ပြသမျှ နောက်ကနေလျှောက်လိုက်နေရုံနဲ့တော့ ဘယ်သိနိုင်ပါ့မတုံး။ စောစောကစကားနဲ့ ပြန်ဆက်ရရင် ဗမာစစ်ခေါင်းဆောင်တွေ နိုင်ငံတကာကို သွားလေ့လာရာမှာ ကော်ဖောနီ ပေါ်ဖြတ်လျှောက်ပြီး သူတို့လိုက်ပြသမျှပါးစပ်အဟောင်းသားနဲ့တအံ့တသြဖြစ်၊ တည်ခင်းတဲ့ ညစာစားပြီးပြန်လာတာမျိုးနဲ့တော့ဗမာပြည်နာလန်ပြန်ထူဖို့ မလွယ်ပါဘူး"

"ကိုသက်ခိုင် ခင်ဗျားဒီနေ့နေလို့ကောင်းရဲ့လား။ ခင်ဗျားစကားတွေကတောရောက်တောင်ရောက် ဖြစ်နေသလိုပဲ။ ကျွန်တော်ညည်းခဲ့တဲ့သီချင်း၊ ကားနဲ့ဆိုင်ကယ်၊ နိုင်ငံတစ်ခုရဲ့ စနစ်၊ လူတိုင်းမသိတဲ့ ငါးစိမ်းတန်း ကျွန်တော့်စိတ်ထဲတော့ အဆက်အစပ်မရှိသလို ဖြစ်နေတယ်"

"ကျွန်တော်နေကောင်းပါတယ်ကိုမင်းဒင်။ အဆက်အစပ်လည်း မမဲ့ပါဘူး။ ဒါတွေကို နိဒါန်းဆင်နေရတာဟာ ခင်ဗျားသိချင်တဲ့ ဗမာတွေ ကျွန်သံသရာလည်နေရတာကို အလွယ်ဆုံး၊ အတိုဆုံး၊ အရိုးရှင်းဆုံး ခင်ဗျားနားလည် သဘောပေါက်အောင် အစပျိုးနေခဲ့တာပါ"

"ဪ ဟုတ်ပြီ လုပ်ပါဦးဗျ။ ဘယ်လိုများ သံသရာလည်ကြသတုံး"

ကျွန်တော့် အမေးအဆုံးစဖန်ဟင်းကမ်းခြေ တစ်နေရာရှိ တစ်ခုသော ကျောက်တုံးကြီးပေါ်တွင် ထိုင်ရင်း ကိုသက်ခိုင်တစ်ယောက် စိတ်ရှည် လက်ရှည်ဖြင့် ဖွင့်ဆိုရှင်းပြခဲ့လေသော ဗမာ့ကျွန်သံသရာဇာတ်လမ်းမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"ကျွန်တော်ပြောခဲ့သမျှ ပြန်ပြီး ဆက်စပ်ရရင် ဟိုးတစ်ခေတ်တစ်ခါက အာရှတိုက်မှာ ကြွယ်ဝချမ်းသာပြီး အိုးစည်ဗုံမောင်းသံညံနေတဲ့ ခေတ်ဟာ သီချင်းထဲမှာသာ ရှိပါတော့တယ်။ ဗမာပြည်သူ အများစုဟာ လက်ကိုင်ဖုန်း၊ ဆိုင်ကယ်၊ မော်တော်ကား၊ နေစရာအဆောက်အအုံတွေပြည့်စုံဖို့နေနေသာသာ၊ စားဖို့၊ ဝတ်ဖို့၊ အလျဉ်မီအောင် နေ့ရော ညပါ ယောင်မီးထွန်းရှာနေကြရတယ်။ ဒါဟာ ဗမာပြည်မှာ စစ်ဝါဒစနစ်ဆိုးကြီးထွန်းကားခဲ့လို့ပေါ့။ စနစ်မှား နေခဲ့လို့ပေါ့။ ဟော ခေတ်ပြောင်း၊ စနစ်ပြောင်းတော့မယ်လည်းဆိုရော မတော်မတရားတဲ့ နည်းမျိုးစုံနဲ့ ရရှိခံစားနေကြတဲ့ အခြေအနေကို လက်မလွှတ်ချင်တာကြောင့် ခေတ်ဟောင်းကိုပြန်သွားချင်တဲ့ ရွှေအို၊ ရွှေမှေး ရွှေကိုယ်လေး၊ ရွှေသူဌေး စစ်ဗိုလ်ချုပ်တွေကလည်း ဒုနဲ့ဒေး။ အတိုက်အခံ ခေါင်းဆောင်အများစုကလည်း လူထုအသိအမြင်တိုးလာအောင် ဦးတည်ချက်ကောင်းတစ်ခုရှိရာကို တည့်တည့်မတ်မတ်လမ်းမညွှန်နိုင်ကြပြန်ဘူး။ အပြန်အလှန် အပုပ်ချ၊ အပြောင်းအလဲကြားမှာရနေတဲ့ မည်ကာမတ္တ အခွင့်အရေးလေးကိုအဟုတ်ထင်ဇိမ်ယစ်ပြီး အချိန်ကုန်နေကြပြန်ရော။

ဗမာပြည်ကြီးမှာ အခုလက်ရှိ အချိန်အထိ အစိုးရက သခင်၊ လူထုက ကျွန်ဖြစ်နေဆဲပါပဲ။ ပြည်တွင်းမှာ ကျွန်သံသရာလည်တာတော့ ခင်ဗျားလည်း ဗမာလူမျိုးတစ်ယောက်မို့ ကျွန်တော်အကျယ်မရှင်းတော့ပါဘူး။ ဗမာတစ်ပြည်လုံးတရုတ်လက်ထဲထိုးမအပ်ခဲ့ရတာ ကံကောင်းတယ်မှတ်ဗျာ။ ယိုးဒယားလိုနေရာမျိုးမှာ ကျွန်သံသရာလည်တာကိုတော့ ခင်ဗျားသိစေချင်တယ်။ တကယ်တော့ ကျွန်တော်တို့ လူမျိုးရဲ့ အမျိုးဂုဏ်ဇာတိဂုဏ်ဆိုတာ ဟိုးအဝေးကြီးမှာ ကျန်ရစ်ခဲ့ပါပြီ။ ငါဟာ ဗမာပါလို့ရင်ကော့ပြီး မပြောနိုင်ကြတော့ပါဘူး။ ဘယ်နိုင်ငံ ရောက်ရောက် ဗမာပါလို့ဆိုလိုက်တာနဲ့ အထင်အမြင်သေးတဲ့ မျက်နှာပေးတွေနဲ့၊ သူတောင်းစားကယ်ပါတွေကိုကြည့်သလို နှစ်ပြားမတန်အောင် အကြည့်ခံရတာ ပြည်ပရောက်ဗမာတွေ အသိဆုံးပါဗျာ။ အထူးသဖြင့် ထိုင်းနဲ့ မလေးရှားပေါ့။

တကယ့်အားကောင်းမောင်းသန်အရွယ်ကောင်း၊ ဗမာပြည်ကြီးကို စည်ပင်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်တဲ့ လူငယ်လူရွယ်တွေ သန်းချီပြီး ထိုင်းနဲ့ မလေးရှားမှာ ရောက်နေကြလေရဲ့။ သွားလည်းသွားနေကြတုန်း။ ဗမာပညာတတ်လူငယ်တချို့က စင်ကာပူဘက်ခြေဦးလှည့်ကြသလို၊ ဟောင်ကောင်လို နိုင်ငံမျိုးဆို အိမ်ဖော်အလုပ်အတွက် ဘွဲ့ရဗမာ အမျိုးသမီးတွေတောင် စေလွှတ်ကြသတဲ့။ ဗမာဆိုရင် အိမ်ဖော်နဲ့ ကူလီချည်းပဲလို့ မြင်ကုန်ကြပြီဗျာ။ ဗမာပြည်မှာ ကျန်ရစ်ခဲ့တဲ့ အရွယ်မရောက်သေးတဲ့ ကလေးတွေ၊ အိုကြီးအိုမတွေ၊ အာဏာရှူးတွေနဲ့ ဘယ်လိုလုပ် ပြန်လည်ထူထောင်ကြမတုံး။ ကျွန်တော့်စကားဟာ အစွန်းရောက်တယ်လို့ ခင်ဗျားမထင်ပါလေနဲ့။ တိတိကျကျ ပြောရရင် မော်လမြိုင်နားက ကျောက်တန်းရွာရဲ့ လူဦးရေ ခုနစ်ဆယ်ရာခိုင်နှုန်းဟာ ဖူးခက်မှာ ရောက်နေကြလေရဲ့။ အဲဒီရွာရဲ့ ကောင်စီဥက္ကဋ္ဌဟောင်းတောင်ဖူးခက်မှာအလုပ်လာလုပ်ဖူးတာမို့ ကျွန်တော် စပ်စုပြီး မေးမိရာကသိတာပါပဲ။

လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တုန်းက တောကြီးမျက်မည်းသာသာရှိတဲ့ ဖူးခက်လို မြို့မျိုးကို မွန်ပြည်နယ် လမိုင်းရွာသားတချို့ ရေကြည်ရာ မြက်နုရာရှာရင်း စပြီးရောက်လာကြတယ်။ အဲဒီအချိန်ဟာ ယိုးဒယားနိုင်ငံကြီးဖွံ့ဖြိုးစည်ပင်ဖို့ အစပြုနေချိန်၊ ဖူးခက်မြို့ကို ကမ္ဘာလှည့်ခရီးသည်တွေ စပြီးဝင်လာတဲ့အချိန်မို့ ဖူးခက်ကို ရောက်လာခဲ့တဲ့ မွန်ဗမာတွေ အထိုက်အလျောက်စားဝတ်နေရေး ဖူလုံကြတယ်ဆိုပါတော့။ အလုပ်သမားလိုအပ်ချက် မြင့်လာတဲ့အခါ မွန်ဗမာတွေဟာ ဖူးခက်မြို့ဆီကနေ နီးစပ်ရာဆွေမျိုးသားချင်းတွေကို လှမ်းပြီး သံချောင်းခေါက်လိုက်ကြတာ မဟာဗမာတွေ အစုလိုက်အပြုံလိုက် ထပ်ပြီး ရောက်လာကုန်ကြရော။ တကယ်တော့ ဗမာပြည်ကနေ ဖူးခက်ကို အရောက်လာရတဲ့ ခရီးဟာထင်သလောက် မလွယ်လှပါဘူး။ အိမ်ပေါင်ယာပေါင်ပြီး ငွေကုန်ရတဲ့အပြင် ထိုင်းစစ်တပ်၊ ထိုင်းရဲ၊ ထိုင်းလူပွဲစားတွေရဲ့ ဖိနှိပ်ညှဉ်းပန်းမှုမျိုးစုံကို ခံစားဖြတ်ကျော်ပြီးမှရောက်လာကြတာပါ။ ဖူးခက်ရောက်ဗမာအများစုဟာ ထိုင်းလူမျိုးတွေ မလုပ်ချင်တဲ့ အိမ်ဖော်၊ ကူလီနဲ့ပန်းရန်တို့လို အလုပ်မျိုးတွေကို လုပ်ကြရတာပါ။

လူငယ်လူရွယ်ဘဝနဲ့ရောက်လာကြပြီး အနေကြာလာတော့ လူ့သဘာဝနီးစပ်ရာမွန်၊ဗမာ၊ထားဝယ် ဖူးခက်မှာပဲ အချင်းချင်း အိမ်ထောင်ရက်သားကျကြ၊သားတွေ၊ သမီးတွေ ပွားစီးကြပေါ့ဗျာ။ ဒီတော့ ဒီကလေးငယ်တွေ လေးငါးနှစ်သားအရွယ် ရောက်တဲ့အခါ ဗမာပြည်ဘက်ကို ဘဝရှေ့ရေး၊ ပညာရေးအတွက် အဘိုး၊ အဘွားတွေဆီပြန်တော့ ပို့ကြပါရဲ့။ ဒါပေမဲ့ ကလေးငယ်တိုင်းလိုလိုဟာ ထိုင်းမှာအထိုက်အလျောက်အနေအစားချောင်ခဲ့တဲ့ အခြေအနေ၊ မိဘနဲ့အတူနေရတဲ့ဘဝကို ခုံမင်ကြတာကြောင့် အများစုဟာ ကျောင်းပညာရေးမှာစိတ်မဝင်စားကြတော့ဘူး။ ဒီကြားထဲ ကျောင်းပိတ်ရက်တွေမှာ မိဘတွေက အလည်အပတ် သဘောမျိုးခေါ်ကြပြန်တာကြောင့် ကလေးတိုင်းလိုလိုရဲ့ စိတ်ထဲမှာ ငါကြီးလာရင် ဖူးခက်ကိုသွားပြီး အလုပ်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်ကိုယ်စီဖြစ်ကုန်ကြရောပေါ့။အဲဒီကလေးတွေဟာ ဆယ်သုံးလေးနှစ် အရွယ်ခြောက်တန်းခုနစ်တန်းရောက်လာတာနဲ့ စာသင်ကျောင်းကို ကျောခိုင်းပြီး ဖူးခက်မှာရှိတဲ့ မိဘတွေရဲ့ ကျွန်အမွေကို ပျော်ပျော်ကြီး ဆက်ခံဖို့ ရောက်လာကြရောပေါ့။ သူတို့မိဘတွေကလည်း အသက်ငါးဆယ်ကျော် စိတ်ထင်သလောက်မလုပ်နိုင်၊ မကိုင်နိုင်တဲ့ အခြေအနေမို့ သူတို့ဗမာပြည်ကို ပြန်ချိန်မှာ ကျွန်အမွေကို သားသမီးတွေ လက်ထဲထည့်ခဲ့ကြတာပါပဲ။ ဒီကလေးတွေ နောက်ဆက်နှစ်လောက် အနေကြာ၊ အရွယ်ရောက်ပြန်တော့ စောစောကဇာတ်လမ်းအတိုင်း တစ်သဝေတိမ်းကျွန်ဇာတ်ရှည်ကြီးကို ဆက်ခင်းပြီး ကျွန်သံသရာလည်ကုန်ကြတာပေါ့ဗျာ။ ကျွန်တော်လေ့လာမိသလောက် ဖူးခက်မှာ မွန်ဗမာထားဝယ်အလုပ်သမားဦးရေ သုံးသိန်းဝန်းကျင်ရှိသတဲ့ဗျာ။ဒီလူတွေ ဘယ်တော့များမှ ကျွန်သံသရာကနေလွတ်ကြပါ့ မတုံးဆိုတာ တွေးမိတိုင်းရင် လေးလှတယ်။ နေတောင်ဝင်တော့မယ် ကိုမင်းဒင်၊ ပြန်ကြစို့ရဲ့။ ယိုးဒယားမြေမှာ ဗမာပြည် ဗမာလူမျိုးတွေအတွက် နာကြည်းကြေကွဲစရာတွေ အများကြီးရှိပါသေးတယ်။ အလျဉ်းသင့်တဲ့အခါ ရင်နာစရာဇာတ်လမ်းတွေကို ရင်နာနာနဲ့ ရှေ့ဆက်ကြသေးတာပေါ့ဗျာ"

ပင်လယ်ရေလှိုင်းတို့သည် ကမ်းခြေကို တဖျတ်ဖျတ် ရိုက်ခတ်လျက်ရှိနေ၏။ နေမင်းကြီးသည် အနောက်ဂေါယာကျွန်းဆီ သို့မေးတင်နေရာမှ ပင်လယ်ပြင်ထဲသို့ ငုပ်လျှိုးရန် ဟန်ပြင်နေချေပြီ။ ကိုသက်ခိုင်၏ ရင်ထဲမှ ဝေဒနာသည် ကျွန်တော့်ထံသို့ ကူးစက်လာဟန်ရှိသည်။ စကားဟဟ ပြောချင်စိတ်မရှိတော့ချေ။ ကိုသက်ခိုင်သည် သူထိုင်နေရာ ကျောက်တုံးကြီးပေါ်မှ ခပ်လေးလေး ထလိုက်ရင်း ကားရှိရာသို့ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာသွားချိန်တွင် သူ့နောက်မလှမ်းမကမ်းမှ ကျွန်တော်သည်လည်း မဟာပထဝီမြေကြီးကို ကသိုဏ်းရှုလျက် ထက်ကြပ်မကွာ လိုက်ပါလာခဲ့မိ၏။ ဤအချိန်သည် ဗမာပြည်တွင် ညီအစ်ကို မသိတသိ နွှားရိုင်းသွင်းချိန်ဖြစ်ပေလိမ့်မည်။

**(ဆက်လက်ဖော်ပြပါမည်)**

စာမျက်နှာ(၂၆) မှ

# ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာခြင်း

အင်းကြီးရဲ့ ပတ်ဝန်းကျင်ဟာ သာယာလှပါတယ်။ အရှေ့ဘက်မှာ အပြာရောင်သမ်းနေတဲ့ ရှမ်းရိုးမတောင်တန်းကြီးရှိနေပါတယ်။ ဒ့ါအပြင်အင်းကြီးရဲ့ ဟိုဘက်ကမ်းဒီဘက်ကမ်းကို ချိတ်ဆက်ပေးထားတဲ့ ပန်းချီဆန်လှတဲ့ ကွေ့ကောက်နေတဲ့ သစ်သားတံတားရှည်ကြီးတစ်ခုကလည်း လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်ကျော်ကတည်းက ရှိနေခဲ့ပါတယ်။ နွေ၊ မိုး၊ ဆောင်းကာလ သုံးပါးစလုံးမှာ အင်းကြီးဟာ အလှတစ်မျိုးစီကို ဖန်တီးပေးနေပါတယ်။ အဲဒီအင်းကြီးရဲ့အလှကို စာပေသမားများက သုံးပန်လှလို့ တင်စားခဲ့ပါတယ်။ အင်းကြီးရဲ့ အဲဒီအလှဟာ တစ်ချိန်မှာ အင်းကြီးကိုပြန်လည် ကျိန်စာသင့်စေခဲ့ပါတယ်။

တခြားတော့မဟုတ်ပါ။ အုပ်ချုပ်သူ အာဏာပိုင်များက ညှော်ကြိုနဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် အင်းကြီးအမြဲတမ်းလှပနေအောင်ဆိုပြီး မိုးတွင်းမှာ အင်းကြီးထဲဝင်လာတဲ့ ရေတွေကို ပြန်မထွက်အောင် တမံတုတ်ထားလိုက်ခြင်းပါပဲ။ နောက်ထပ်တွေ့ရတဲ့ ပြဿနာကတော့ စက်မှုဇုန်ထဲက အသုံးပြုပြီးသား ရေဆိုးတွေကို အင်းကြီးထဲဖောက်ထုတ်လိုက်ခြင်းဖြစ်ပါတယ်။ အင်းထဲကရေတွေ သဘာဝအတိုင်း အတက်အကျမရှိတော့ပါဘူး။ ရေသေလိုဖြစ်သွားပြီး စက်မှုဇုန်ဘက်ကဝင်လာတဲ့ ရေဆိုးတွေကြောင့် အင်းကြီးဟာ ရေတွေပြည့်နေပေမယ့် တဖြည်းဖြည်းအနံ့အသက်တွေနဲ့ ဆိုးရွားလာပါတယ်။ သဘာဝအတိုင်း ရေအဝင်အထွက်မရှိတော့တာကြောင့် ဟိုယခင်တုန်းကရှိခဲ့တဲ့ ငါးမျိုးစိတ်အတော်များများလည်း အသက်ရှင်ပြီးမနေနိုင်တော့ပါဘူး။

အဲဒါရဲ့ ဆိုးကျိုးအနေနဲ့ ပထမဆုံးကတော့ ငါးဖမ်းလုပ်ငန်းနဲ့ ငါးခြောက်လုပ်ငန်းပျက်စီးသွားခဲ့ပါတယ်။ ရေက အမြဲပြည့်နေတော့ ရေကျချိန်ဆိုတာမရှိတော့တာမို့ စိုက်ပျိုးရေးသမားများလည်း ဘာသီးနှံမှ မစိုက်ပျိုးနိုင်တော့ပါဘူး။သရက်ခြံ၊ သံပရာခြံ၊ မာလကာခြံများလည်း တစ်ချိန်လုံးရေမြုပ်နေတဲ့အတွက် ခြံသမားများ ဒုက္ခအကြီးအကျယ်တွေ့ရပြန်ပါတယ်။ ရေသေလိုဖြစ်နေပြီး ရေတွေပုပ်အဲ့လာတဲ့အတွက် ဘဲမွေး၊ ဘဲကျောင်းတဲ့လုပ်ငန်းလည်း ရပ်ဆိုင်းသလောက်ဖြစ်သွားပါတယ်။ ဒ့ါအပြင်အပူပိုင်းဒေသ အပင်ကြီးတွေဖြစ်တဲ့ မည်စည်၊ လက်ပံနဲ့ မန်ကျည်းပင်များလည်း တစ်နှစ်လုံးရေနဲ့ထိနေရတဲ့အတွက် တစ်စတစ်စဆွေးပုပ်လာပါတယ်။

အင်းကြီးကို ပိတ်ပြီး ရေအမြဲဖြည့်ထားမယ်။ ရေတွေပြည့်နေတဲ့ အင်းကြီးနဲ့ တံတားကြီးရဲ့ အလှဟာ ခရီးသွားတွေကို ပိုမိုပြီး ဆွဲဆောင်နိုင်မယ်။ ဒါကြောင့်ခရီးသွားတွေ ပိုလာပြီးလည်ပတ်မယ်။ ဒါဆိုရင်ညှော်ကြိုနဲ့ ခရီးသွားလုပ်ငန်းကနေငွေတွေဝင်လာမယ်ဆိုတဲ့ တွက်ကိန်းနဲ့လုပ်တာပါ။ သို့သော်ဝင်လာတဲ့ငွေက ဘယ်လောက်အကျိုးအမြတ်ရှိသလဲ ဘယ်သူတွေသာ အကျိုးအမြတ်ခံစားရသလဲ ဆိုတာကိုတော့ ဘယ်သူမှမသိပါ။ ဒါပေမဲ့ အင်းကြီးကို အမှီပြုပြီးအသက်မွေးဝမ်းကျောင်းနေတဲ့အင်းပတ်ပတ်လည်မှာရှိတဲ့ ရွာများက လူဦးရေ နှစ်သောင်းလောက်ရဲ့ အသက်မွေးမှုဘဝပုံစံကတော့ လုံးဝနီးပါး ပျက်စီးသွားခဲ့ပါတယ်။ အသက်မွေးမှုဘဝပုံစံပျက်လာပြီး တခြားအစားထိုးစရာလုပ်ငန်းလည်း မရှိတော့ကြောက်ခမန်းလိလိဝင်ငွေကျဆင်းလာပါတယ်။ အကျိုးဆက်အဖြစ် ဆင်းရဲနွမ်းပါးမှုက ပိုမိုနက်ရှိုင်းဆိုးရွားလာပါတယ်။ တစ်ဆက်တည်းဆိုသလို အဲဒီရွာများကကလေးများရဲ့ ပညာရေး၊ ကျန်းမာရေးများပါ ထိခိုက်လာသလို ရွာသူရွာသားများရဲ့ လူနေမှုစနစ်နဲ့ ယဉ်ကျေးမှုပုံစံပါ ပျက်ပြားလာရပါတယ်။ ညှော်သည်လာမှာကို မျှော်ကိုးပြီး ဖွင့်ထားတဲ့ အရက်ဆိုင်တွေ၊ ဘီယာဆိုင်တွေ မှိုလိုပေါက်လာပါတယ်။ ကုန်ကုန်ပြောရရင် လူမဆိုထားနဲ့ ဘီယာစလို့သောက်သုံးလာတဲ့ သံဃာတော်ဦးရေလည်း တိုးလာပါတယ်။ နှစ်လုံးသုံးလုံးကစလို့ တိုးတိုးတိတ်တိတ်လောင်းကစားဝိုင်းတွေများလာပါတယ်။ ပြည့်တန်ဆာဦးရေလည်း တိုးလာပါတယ်။

အင်းကြီးပတ်ပတ်လည်က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနစ်နာနေတဲ့ ရွာသားတွေကို ကူညီဖို့ အင်န်ဂျီအိုတွေ ပေါ်လာပါတယ်။ အကူအညီလိုသူတွေကို ကူညီဖို့ လာတာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ အင်န်ဂျီအိုတွေ ကူညီတာဟာ အကန့်အသတ်ရှိပါတယ်။ သူတို့ခမျာလည်း ဆေးမြီးတိုနဲ့ ကုနေရတဲ့ဆေးသမားလိုဖြစ်နေရပါတယ်။ ရွာသားများလက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာတွေကို အတိုင်းအတာတစ်ခုအထိ ပြေလည်အောင်၊ လျော့ကျသွားအောင်လုပ်သင့်တဲ့ နည်းလမ်းကတော့ ဟိုရှေးတုန်းကလို အင်းကြီးဟာ သဘာဝအတိုင်းရေတက်ရေကျရှိတဲ့ ဒေသတစ်ခုအဖြစ် ပြန်လည်ရောက်ရှိစေဖို့သာဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်မျိုးကသာ ဒုက္ခတွေ့နေတဲ့ ရွာသူ၊ ရွာသားများကို အမှန်တကယ် ကူညီရာရောက်ပြီး နောက်တစ်ဆင့် ဖွံ့ဖြိုးလာဖို့ တိုးတက်လာဖို့ လိုအပ်တဲ့ မူလပထမရေခံမြေခံကောင်းဖြစ်ကြောင်း ထောက်ပြလိုပါတယ်။

ဒီနေရာမှာ အစိုးရအာဏာပိုင်တွေကို မေးစရာမေးခွန်းတစ်ခုရှိလာပါတယ်။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာကို ဘာနဲ့ တိုင်းတာပါသလဲဆိုတဲ့မေးခွန်းပါ။အင်းကြီးအနီးတစ်ဝိုက်နယ်မြေဒေသသေးသေးလေးတစ်ခုအတွင်းမှာ ရှိနေတဲ့ ဒေသခံတွေအတွက် ဖွံ့ဖြိုးတိုးတက်မှုကိုတောင် နားမလည်ရင်၊ မစီမံတတ်ရင် တိုင်းပြည်တစ်ခုလုံးရဲ့ ဖွံ့ဖြိုး တိုးတက်မှုကို နားလည်တယ်၊ သိတယ်၊ စီမံခန့်ခွဲနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါမလား။အဲဒီလို လူမျိုးတွေသာ တိုင်းပြည်ရဲ့ အာဏာကို ကြာကြာယူထားရင် နိုင်ငံသားတွေအတွက် တိုးတက်လာမလား ပိုပြီးဆုတ်ယုတ်သွားမလား၊ စာဖတ်သူများ သုံးသပ်နိုင်အောင် ဖြစ်ပါကြောင်း။ ။

# Environment

7 DAY NEWS JOURNAL

Vol.13, No.7 • APRIL 23 , 2014




ကျိုက်ထီးရိုးရင်ပြင်တော် တစ်နေရာတွင် အမှိုက်သိမ်းနေသည့် သန့်ရှင်းရေးဝန်ထမ်းတစ်ဦး

ဓာတ်ပုံ – ရှိန်းရှိန်းထိုက်

## ကျိုက်ထီးရိုးရင်ပြင်နှင့် ကင်ပွန်းစခန်းတွင် စည်းကမ်းမဲ့ အမှိုက်မပစ်ရေး ဆောင်ရွက်မည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ-၁၉**

ကျိုက်ထီးရိုး တောင်တန်းတွင် အမှိုက်စွန့်ပစ်မှု များလာသည့်အတွက် ကျိုက်ထီးရိုးရင်ပြင်နှင့် ကင်ပွန်းစခန်းတွင် အမှိုက်စနစ်တကျ စွန့်ပစ်နိုင်စေရန် လုပ်ဆောင်မည်ဟု ကျိုက်ထီးရိုးတောင်တန်းချစ်သူများ အသင်းမှ သတင်းရရှိသည်။

ကျိုက်ထီးရိုးတောင်တန်းတွင် ဘုရားဖူးညှော့သည်များ နှစ်စဉ် များပြားလာသည့်နည်းတူ အမှိုက်စွန့်ပစ်မှုများလည်း ပိုမိုများပြားလာသည့်အတွက် ရင်ပြင်ရှိ ဈေးကော်မတီနှင့် ပူးပေါင်း၍ အမှိုက်စနစ်တကျ စွန့်ပစ်စေရန် လုပ်ဆောင်မည်ဟု ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းမှ ကိုရဲမင်းသူက ပြောသည်။

လက်ရှိတွင် ကင်ပွန်းစခန်း တစ်လျှောက်တွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသည့် အမှိုက်များကို အသင်းမှအဖွဲ့ဝင်များနှင့် ဒေသခံများပူးပေါင်း၍ အမှိုက်ကောက်လျက်ရှိပြီး ဘုရားရင်ပြင်တော်တွင်ပါ ဆက်လက်လုပ်ဆောင်မည်ဟု ဆိုသည်။

"အရင်ဆုံးတော့ ကင်ပွန်းစခန်းနဲ့ ရင်ပြင်ကအမှိုက်တွေကို ကောက်သွားမယ်။ ပြီးမှဈေးကော်မတီ၊ တောင်တက် မော်တော်ယာဉ်အသင်းတွေကို တောင်းဆိုပြီး စည်းကမ်းမဲ့အမှိုက်စွန့်ဖို့ရယ်၊ ကောက်ထားတဲ့အမှိုက်တွေကို တောင်ခြေအထိ သိမ်းဆည်းဖို့ရယ်လုပ်ဆောင်သွားမယ်"ဟု ကိုရဲမင်းသူက ပြောသည်။

ကျိုက်ထီးရိုးတောင်တန်းချစ်သူများအသင်းသည် ကျိုက်ထီးရိုးတောင်ပေါ်နှင့် တောင်ခြေရှိ စားသောက်ဆိုင်အချို့တွင် တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်အသားများမရောင်းချရေး ဆိုင်းဘုတ်များကို စားသောက်ဆိုင်များတွင် ချိတ်ဆွဲမှုများ ပြုလုပ်ခဲ့ပြီး ကင်ပွန်းစခန်းရှိ သဘာဝဝန်းကျင်နဲ့သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနဝန်ထမ်းများကလည်း ရောင်းချမှုရှိ၊ မရှိ ပုံမှန်စစ်ဆေးလျက်ရှိသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီး တမလန်းသစ်များ ခိုးထုတ်ရန် ကြံစည်သူများကို ဖမ်းမိ

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊**

**မေ-၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်း ရေးအမည်ခံကာ တမလန်းသစ် များ ခိုးထုတ်ရန် ကြံစည်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ခရီးသွားခြင်း (ရှမ်းပြည်နယ်)ဟူ၍ ကုန်တင်ကားများတွင် ဗီနိုင်းများ ချိတ်ဆွဲကာအတွင်းမှ တမလန်းသစ်များထည့်၍ မန္တလေးမှ တရုတ်နိုင်ငံသို့ ခိုးထုတ်ရန် ထွက်ခွာလာစဉ် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော်ရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်ခိုင်က ပြောသည်။

တမလန်းသစ်များပါဝင်သည့် အဆိုပါ ကုန်တင်ကားများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက်သစ်တောဗဟုသုတများဖြန့်ဝေရန်အတွက်ဆိုကာ ကုန်တင်ကားခုနစ်စီးဖြင့် ခိုးထုတ်ခြင်းဖြစ်ပြီး စုစုပေါင်းတန်ချိန် ၆၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ခရီးသွားမယ်ဆိုရင် ဌာနကို အကြောင်းကြားရမယ်။ အခုဌာနကလည်း မသိဘူး။ သမားရိုးကျ မဟုတ်ဘူးဆိုတော့ စစ်ဆေးပြီး ဖမ်းဆီးလိုက်တာ၊ သစ်ခိုးထုတ်မှုတွေ ဖမ်းဆီးရမိပေမယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမည်ခံပြီး သစ်ခိုးထုတ်တာ ပထမဆုံးပဲ"ဟု ၎င်းကဆိုသည်။

"တမလန်းသစ်တွေ ခိုးထုတ်တာတော့ အခုနောက်ပိုင်းမှာ ပိုများလာတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေကတော့ ဒီလိုမျိုးလုပ်မှာတော့ မဟုတ်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပတ်ဝန်းကျင် မပျက်စီးဖို့ပဲ လိုလားတာ။ ဒီလိုပတ်ဝန်းကျင်ထိန်းသိမ်းရေး အမည်ခံပြီးလုပ်တာကိုတော့ အစိုးရအနေနဲ့ရော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်တဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဂရုစိုက်ဖို့ လိုမယ်"ဟုမြန်မာအစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်က ပြောကြားသည်။

ယင်းဖြစ်စဉ်တွင် ပါဝင်သူများကို စုံစမ်းစစ်ဆေးလျက်ရှိပြီး သစ်တော ဥပဒေဖြင့် အရေးယူထားသည်။




Tourism

7 DAY NEWS JOURNAL

Vol.13, No.7 • APRIL 23 , 2014

# မြိတ်ကျွန်းစုသို့ ထိုင်းဘက်မှ တိုက်ရိုက်ဝင်သူများ၍ မြန်မာပြည်တွင်း ခရီးစဉ်ရရှိရေး အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိ

**ခန့်ထက်**

**ရန်ကုန်၊ ဧပြီ-၁၉**

မြိတ်ကျွန်းစုဒေသများသို့ နိုင်ငံခြားသားများ ထိုင်းနိုင်ငံဘက်မှ တိုက်ရိုက်ဝင်ရောက်မှု မြင့်တက်လာသော်လည်း မြန်မာနိုင်ငံအတွင်းမှ တိုက်ရိုက်သွားရောက်နိုင်ရန် သွားလာမှုလွယ်ကူရေး ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများလိုအပ်နေကြောင်း ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းမှပညာရှင်များကဆိုသည်။

နိုင်ငံခြားသားဧည့်သည်များသည် ထိုင်းနိုင်ငံ ရနောင်းနှင့် ဖူးခက်တို့ကို လည်ပတ်ရင်း မြိတ်ကျွန်းစုဒေသများသို့ တဆင့်ဝင်ရောက်မှုမြင့်တက်လာပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများလည်း မြိတ်ကျွန်းစုများသို့ လည်ပတ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် အဓိကအားဖြင့်သွားလာရေးလွယ်ကူရန် ဆောင်ရွက်သင့်သည်ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

မြန်မာနိုင်ငံတွင်း လည်ပတ်ရင်းမြိတ်ကျွန်းစုများသို့ နိုင်ငံခြားဧည့်သည်များသွားရောက်လည်ပတ်ရန်အတွက် ကော့သောင်းသို့ တိုက်ရိုက်လေကြောင်းလိုင်းများ လိုအပ်ပြီး လက်ရှိတွင် ရန်ကုန်မှ မြိတ်သို့သွားမည်ဆိုပါက ခရီးစရိတ်မြင့်မားသောအချက်ကလည်း သွားရောက်သူများအဖို့အခက်အခဲတစ်ခုဖြစ်နေသည်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။

“ထိုင်းရနောင်းဘက်က စက်လှေနဲ့ဝင်ရင် နီးနီးလေး။ ဖူးခက်ကလာရင်လည်းရတယ်။ စရိတ်က သိပ်မရှိလှဘူးလေ။ ဒီအချက်ကြောင့် ထိုင်းဘက်ကဝင်တာများတာ”ဟု ဒေါက်တာအောင်မြတ်ကျော်ကပြောသည်။

လက်ရှိတွင် မြိတ်ကျွန်းစုသို့ နိုင်ငံခြားခရီးသည် ဝင်ရောက်မှုသည် ယခင်နှစ်ကာလနှင့်နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာသည်ဟု မြိတ်ကျွန်းစုခရီးစဉ်များကို ဆောင်ရွက်ပေးနေသော Asia Whale ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူဦးဇော်ဝင်းကိုကပြောသည်။

“အဓိက ထိုင်းဘက်ကဝင်တာက လေယာဉ်စရိတ်ကွာဟမှုကြောင့်ပဲ။ ရန်ကုန်–ကော့သောင်းနဲ့ ဘန်ကောက်–ရနောင်းခရီးစဉ်ကို ခရီးစရိတ်က သုံးဆလောက်ကွာတယ်လေ။ ကျွန်တော်ဆိုရင် ရနောင်းကနေ မြိတ်ခရီးစဉ် အတွက် ခရီးသည်ကိုသွားခေါ်ရတယ်”ဟု ဦးဇော်ဝင်းကိုကပြောသည်။

လက်ရှိတွင် မြိတ်ကျွန်းစုဒေသများတွင် နိုင်ငံခြားသား ခရီးသည်များ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်များစသော ခရီးသွားဆိုင်ရာအခြေခံအဆောက်အအုံများလည်း လိုအပ်မှုလည်းရှိနေကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

“ကော့သောင်း၊ မြိတ်လိုနေရာမျိုးမှာ နိုင်ငံခြားသားများ လည်ပတ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ပြီးဆောင်ရွက်တာမျိုး။ ပြည်တွင်းမှာ အဲအေးရှားလိုမျိုး၊ တန်ဖိုးနည်းလေကြောင်းလိုင်းတွေကသုံးသောင်းဝန်းကျင်လောက်နဲ့ ပြေးဆွဲပေးနိုင်မယ်ဆိုရင်တော့ တစ်မျိုးပေါ့”ဟု ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားသားဧည့်သည်များသာမက ပြည်တွင်းမှ ခရီးသွားအများအပြားကပါ စိတ်ဝင်တစား သွားနိုင်ကြောင်း ဒေါက်တာအောင်မြတ်ကျော်က သုံးသပ်သည်။

မြိတ်ကျွန်းစု ဒေသများသို့ များသောအားဖြင့် ဥရောပနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ကြပြီး ရေငုပ်ခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ ငှက်ကြည့်ခြင်းတို့ ပြုလုပ်လေ့ ရှိကြသည်။

# ချောင်းသာကမ်းခြေတွင် စပီဘုတ်စီးလိုသူများအား သီးသန့်နေရာ သတ်မှတ်ပေးရန် ခရီးသွားများလိုလား

**ခန့်ထက်**

**ရန်ကုန်၊ ဧပြီ-၁၉**

ချောင်းသာကမ်းခြေတွင် အပျော်စီး စပီဘုတ် (Speed Boat) လုပ်ငန်း တွင်ကျယ်လာပြီး လာရောက်အပန်းဖြေသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် သီးသန့်နေရာသတ်မှတ်လုပ်ငန်းလုပ်ကိုင်စေလိုကြောင်း ခရီးသည် အများစုက ပြောသည်။

စပီဘုတ်နှင့် ငှက်ပျောသီးဘုတ် (Banana Boat)မောင်းနှင်သူများသည် အပျော်စီးချင်သူများကို ခေါ်ယူရာတွင် ကမ်းခြေ၌ အပန်းဖြေရေကူးသူများကြားသို့ ဝင်ရောက်ခေါ်ယူမှုများရှိရာ ကမ်းခြေတွင် အပန်းဖြေရေကစားသူများအတွက် ၎င်းရေယာဉ်များ၏ ပန်ကာဖြင့် ထိခိုက်မိနိုင်ခြင်း၊ ရေယာဉ်ဖြင့် တိုက်မိနိုင်ခြင်းစသည့် အန္တရာယ်များ ရှိနိုင်သည်ဟု ချောင်းသာကမ်းခြေရောက် ဧည့်သည်အချို့က ဆိုသည်။

“လူနည်းတဲ့ ကာလဆိုရင်တော့ ပြဿနာမရှိပါဘူး။ သင်္ကြန်တွင်းလိုမျိုး လူများတဲ့အချိန်ဆိုရင်တော့ ပေးမဝင်တာကောင်းတယ်”ဟု ရန်ကုန်မှ သွားရောက်လည်ပတ်သူ ဦးမြညွန့်က ပြောသည်။

ယင်းဘုတ်များကို သီးသန့်ဂိတ်သတ်မှတ်ပေးမည်ဆိုပါက စီးနင်းသူများအတွက် အဆင်ပြေနိုင်ပြီး အပန်းဖြေသူများ အတွက်လည်း အန္တရာယ်ကင်းနိုင်မည်ဟု ထင်မြင်ကြောင်းခရီးသည်ကိုသီဟကပြောသည်။

ယခင်က အပျော်စီး စပီဘုတ်များ၊ ငှက်ပျောသီးဘုတ်များသည် ကမ်းခြေတွင် အပန်းဖြေသူများနှင့် မနီးမဝေးနေရာ၌ ရေလှော်ပြေးဆွဲသောကြောင့် ကမ်းခြေမှ သတ်မှတ်အကွာအဝေးတွင်သာ ပြေးဆွဲနိုင်ရေးအတွက် ဒေသခံများက စုပေါင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ဖူးသည်ဟု သိရသည်။



*အပျော်စီးစပီဘုတ်တစ်စီး*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

လက်ရှိတွင် ယင်းအပျော်စီးဘုတ်များကို ကမ်းခြေမှ အကွာအဝေးတစ်ခု သတ်မှတ်ထားပြီး ပိုက်များတားကာ ယင်းပိုက်အပြင်ဘက်တွင်သာ မောင်းနှင်ခွင့်ပေးထားသည်ဟု ချောင်းသာကျေးရွာအုပ်ချုပ်ရေးမှူးဦးတေဇာအောင်က ပြောသည်။

“အခု သတ်မှတ်နေရာမှာ ပြေးဆွဲပေးမယ့် ခရီးသည်ခေါ်တဲ့နေရာကို သီးသန့်ဂိတ်တစ်ခုထားပြီး ဆောင်ရွက်စေချင်တယ်။ ဒါကလည်းကမ်းခြေက စည်းကမ်းထိန်းသိမ်းရေးနဲ့လည်း ဆိုင်တယ်”ဟု ချောင်းသာကမ်းခြေဒေသခံ ကိုမောင်ပုက ပြောသည်။

အပျော်စီးဘုတ်စီးချင်သူများကလည်း မိမိတို့ တည်းခိုသော ဟိုတယ်အနီးအနား ပတ်ဝန်းကျင်တွင် အလွယ်တကူစီးနင်းကြပြီး နေရာတစ်ခုတွင် ဂိတ်တစ်ခုသတ်မှတ်လိုက်မည် ဆိုပါက စီးနင်းမည့်သူနည်းသွားနိုင်သည်ဟုငှက်ပျောသီးဘုတ် မောင်းနှင်သူတစ်ဦးက ပြောသည်။ ချောင်းသာကမ်းခြေ တစ်ဝိုက်နှင့် သဲဖြူကျွန်းအသွားအပြန်စီးနင်းလိုသူများအတွက် ကျပ် ၄၀၀၀ မှ ၆၀၀၀ ဝန်းကျင်သတ်မှတ်ထားပြီးငွေဆောင်သို့သွားမည်ဆိုပါက တစ်ဦးလျှင် တစ်သောင်းမှ တစ်သောင်းခွဲဝန်းကျင် သတ်မှတ်ထားသည်။



7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# Cartoon

























7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# “ကျွန်မတို့ ဆုံးဖြတ်လိုက်ပြီးပြီဆိုတာနဲ့ နောက်ထပ် ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး”

## အမေရိကန်နိုင်ငံတော် တရားရုံး တရားသူကြီး မစ္စဆိုနီယာဆိုတိုမေယာနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



လက်ရှိအမေရိကန် နိုင်ငံတော်တရားရုံး တရားသူကြီး မစ္စဆိုနီယာဆိုတိုမေယာဟာ ပွာတိုရီကန်မှ ပြောင်းရွှေ့အခြေချလာတဲ့ မိဘနှစ်ပါးက မွေးဖွားခဲ့ပြီး နယူးယောက်အိမ်ရာစီမံကိန်းတွေမှာ ကြီးပြင်းခဲ့သူဖြစ်ပါတယ်။ သူမကို ၂၀၀၉ ခုနှစ်မှာ သမ္မတအိုဘားမားက အမေရိကန်ရဲ့ အမြင့်ဆုံးဖြစ်တဲ့ နိုင်ငံတော်တရားရုံးတရားသူကြီးအဖြစ် ခန့်အပ်လိုက်တော့ ဒီလိုဆုံးဖြတ်ချက်ချလိုက်တာဟာ လူမည်းတစ်ဦးကနေ ပထမဆုံးအမေရိကန်သမ္မတဖြစ်လာတဲ့ သူကိုယ်တိုင်ရဲ့ ရွေးကောက်ပွဲလိုပဲ သမိုင်းဝင်တဲ့ အလှည့်အပြောင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ အမျိုးသားများချည်း လွှမ်းမိုးထားတဲ့ တရားစီရင်ရေးလောကမှာ အမျိုးသမီးတရားသူကြီးဆိုတာ ရှာမှရှားဖြစ်နေရတဲ့အထဲ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်တဲ့ Supreme Court မှာ တရားသူကြီးလုပ်ရလို့ဖြစ်ပါတယ်။ ဆိုတိုမေယာဟာ အမေရိကန်နိုင်ငံတော်တရားရုံးရဲ့ ၂၂၅ နှစ်ကြာ သက်တမ်းရှိတဲ့ သမိုင်းမှာ ပထမဆုံးသော လက်တင်အမေရိကန်နွယ်ဖွား တရားသူကြီးတစ်ဦးဖြစ်သလို ဒီရာထူးမှာ ရှားရှားပါးပါးတာဝန်ထမ်းဆောင်ရတဲ့ တတိယမြောက် အမျိုးသမီးတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ထားပါတယ်။

မစ္စဆိုတိုမေယာဟာ သူမဖြတ်သန်းခဲ့ရတဲ့ ကြမ်းတမ်းတဲ့ဘဝအကြောင်းကို မကြာမီက ထုတ်ဝေခဲ့တဲ့ ကိုယ်တိုင်ရေးမှတ်တမ်းစာအုပ် “ကျွန်မချစ်ရတဲ့ ကမ္ဘာ” My Beloved World မှာလည်း မခြွင်းမချန် တင်ပြထားတာပါ။ သူမရဲ့ဖခင်က အရက်စွဲပြီး ကွယ်လွန်ခဲ့သူဖြစ်သလို မိခင်ကလည်း ဆေးရုံမှာ နာရီပေါင်းများစွာ အလုပ်လုပ်ရတဲ့ သူနာပြုဆရာမတစ်ဦးဖြစ်ပြီး သမီးဖြစ်သူကို ပညာတတ်ဖြစ်ဖို့ထက် မိခင်တစ်ယောက်၊ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ဖို့သာ သွန်သင်ခဲ့ပြီး သူမရဲ့ ရည်မှန်းချက်တွေကို ကန့်သတ်ထိန်းချုပ်ခဲ့တာတွေကို စာအုပ်မှာ ရေးသားထားပါတယ်။ ဒါ့အပြင် ဒီနေရာကို ရှေ့နေတစ်ဦး၊ တရားသူကြီးတစ်ဦးအဖြစ် ဘယ်လိုရောက်ရှိအောင် ကြိုးစားရုန်းကန်ခဲ့ရတယ်ဆိုတာတွေကိုလည်း ရေးသားဖော်ပြထားပါသေးတယ်။ ဒါကြောင့် အမေရိကန် တရားရေးလောကရဲ့ အကြီးဆုံးပုဂ္ဂိုလ် မစ္စဆိုတိုမေယာနဲ့ ဂျာမန်စပိုင်းဂဲလ် မီဒီယာတို့ရဲ့ အင်တာဗျူးကို ပြန်လည်တင်ဆက်လိုက်ရပါတယ်။ မေးမြန်းသူက စပိုင်းဂဲလ်မှ ဆမ်မီယာရှတ်ဖီဖြစ်ပါတယ်။

**တရားသူကြီးရဲ့ တံခါးလက်ကိုင်မှာ ချိတ်ဆွဲထားတဲ့ စာသားက “ကောင်းကောင်းမွန်မွန်နေထိုင်တဲ့ မိန်းမတွေဟာ သမိုင်းကို ဖန်တီးနိုင်ခဲလှတယ်” လို့ ရေးထားတယ်။ အဲဒါဟာ တရားသူကြီးရဲ့ဘဝဆောင်ပုဒ်လား။**

သိတဲ့အတိုင်းပဲလေ။ အဲဒါ ဘဝဆောင်ပုဒ်တစ်ခု ဖြစ်လုနီးနီးပဲပေါ့။ ကျွန်မစာအုပ်ကို ရှင်ဖတ်မိမယ်ဆိုရင် ကျွန်မဟာ တရားဥပဒေကို အလွန်လိုက်နာတာတွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မရှင်းရှင်းလင်းလင်းပြောချင်တာက တခြားလူတွေအားလုံးပဲ ခြွင်းချက်တွေတော့ ရှိပါတယ်။ ကျွန်မက ကားကို မြန်မြန်မောင်းရတာကြိုက်တယ်။ ကျွန်မက နယူးယောက်သူ စစ်စစ်ရှင့်။ ကြံ့သလို လမ်းကူးတယ်။ ကျွန်မတို့ဘယ်သူမှ ပြီးပြည့်စုံတာ မရှိပါဘူး။ တစ်ခါတစ်ခါတော့ မျှော်လင့်မထားတာတွေ လုပ်ရမယ်လေ။

**တရားသူကြီးဟာ ဘယ်သူမှ မျှော်လင့်နိုင်မှာမဟုတ်တဲ့ ကိစ္စတွေ တော်တော်များများကို လည်း ကိုယ့်ဘဝမှာလုပ်ပြခဲ့တယ်။ အင်္ဂလိပ်လိုသိပ်မပြောတတ်တဲ့ မိဘနှစ်ပါးက မွေးလာတဲ့ကောင်မလေးက အခုတော့ ဒီနိုင်ငံမှာ တရားရေးကိစ္စတွေကို နောက်ဆုံးအပြီးအပြတ် ဆုံးဖြတ်ပေးရတဲ့နေရာကို ရောက်နေပြီ။ အခုနေရာအထိကို တရားသူကြီးမင်း ဘယ်လိုဖြတ်သန်းခဲ့ပါသလဲ။**

ကျွန်မထင်တာကတော့ ကံမကောင်းမှုကြောင့်ပါပဲ။ ကျွန်မမှာ ရှိထားခဲ့တဲ့ အဲဒီပြဿနာချက်ကြောင့်ပဲ အခက်အခဲထဲကနေပဲ အလုပ်ကို ကြိုးကြိုးစားစားလုပ်ဖို့နဲ့ အောင်မြင်ဖို့ ဖြစ်နိုင်၊ မဖြစ်နိုင် မသေချာတဲ့အနေအထားကနေ အခက်အခဲကို စီမံခန့်ခွဲဖို့၊ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင်မှာလည်း ဆီးချိုရောဂါကို ရင်ဆိုင်ကာကွယ်နေရဆဲဖြစ်တာတွေကြောင့်လည်း ပါပါတယ်။ ကျွန်မအဖေ အရက်စွဲနေတာကို ကျွန်မဘာမှမတတ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မက ကိုယ့်အိမ်ထဲမှာရှိတဲ့ ဝမ်းနည်းစရာအဖြစ်ကနေ လွတ်မြောက်ဖို့အတွက်တော့ နည်းလမ်းတွေ ရှာတွေ့ခဲ့တယ်။ ဥပမာဆိုရရင် စာအုပ်တွေကို တွေ့ခဲ့တာပေါ့။ ဒါက အံ့သြစရာ လွတ်မြောက်မှုသာမကဘဲ အနာဂတ်အတွက် ဒုံးပျံပစ်စင်လည်း ဖြစ်ခဲ့ပါတယ်။ စာအုပ်တွေက ကျွန်မကို ကိုယ်နေတဲ့ ကမ္ဘာကြီးထက် ပိုကြီးတဲ့ကမ္ဘာတစ်ခုကို စိတ်ကူးကြည့်ဖို့ ကူညီခဲ့တယ်။

**တရားသူကြီးရဲ့ ဇာတ်လမ်းက “အမေရိကန်အိပ်မက်” လိုမျိုးပဲ။ အပ်ကြောင်းထပ်နေတဲ့ ဇာတ်လမ်းကြီးနဲ့ တူနေပါတယ်။ ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကိုယ်တကယ်ကြိုးစားရင်၊ လက်မလျှော့ရင် ထိပ်ဆုံးကိုရောက်နိုင်တယ်ဆိုတာမျိုးပေါ့။ ဒီလိုအမေရိကန် အိပ်မက်ဆန်ဆန်မျိုးကို တကယ်ယုံကြည်ပါသလား။**

(ရယ်လျက်) ဟုတ်ကဲ့။ ကျွန်မက ဒါကို သက်ရှိထင်ရှားပြနေတဲ့ သက်သေပဲလေ။ ကျွန်မစာအုပ်ထဲမှာ ပြောထားသလိုပါပဲ။ လူတိုင်းတော့ ထိပ်ဆုံးကို မရောက်နိုင်ဘူးပေါ့။ ထိပ်ဆုံးမှာ လူအများကြီးအတွက် နေရာမရှိပါဘူး။ ဒီတော့ ရှင့်အနေနဲ့ အလုပ်ကြိုးစားတာဟာ ကိုယ့်အိပ်မက်တွေအားလုံးဆီကို ရောက်ဖို့လို့ထင်ရင် ကိုယ့်ဘဝကို စိတ်ပျက်စရာအဖြစ်နေကောင်းနေထိုင်ရတာပဲဖြစ်မယ်။ ဒါပေမဲ့ ရှင့်အနေနဲ့ အလုပ်ကြိုးစားပြီး အိပ်မက်လည်းရှိနေတယ်ဆိုရင် ကိုယ်စတင်ခဲ့တာထက်ပိုပြီး ဝေးဝေးရောက်နိုင်ပါတယ်။ ကြိုးစားနေတဲ့ ဖြစ်စဉ်ထဲမှာပဲ တစ်ခုခုကို လေ့လာသင်ယူနိုင်ပါတယ်။

**တရားသူကြီးဟာ ကိုယ့်မိသားစုထဲမှာလည်း စံပြပုဂ္ဂိုလ်တွေ ရှိတယ်နော်။ တရားသူကြီးရဲ့ အမေဟာလည်းမောင်နှမ နှစ်ယောက်ကို ကျွေးမွေးထောက်ပံ့နိုင်ဖို့ တစ်နေကုန်အလုပ်လုပ်ခဲ့ရတယ်လို့ ဆိုတယ်။ ပြီးတော့ တရားသူကြီးရဲ့ အဘွားပေါ့။ သူ့ကိုလည်း တစ်မျိုးလုံးရဲ့ အိမ်ထောင်ဦးစီးအကြီးအကဲလို့ တရားသူကြီးက ခေါ်ဆိုထားတယ်နော်။ ဒီအမျိုးသမီးတွေကကော တရားသူကြီးမင်းအပေါ်မှာ ဘယ်လိုလွှမ်းမိုးပါသလဲ။**

ကျွန်မကြီးပြင်းလာတဲ့အချိန်မှာ မိတ်ဆွေမိန်းကလေးတွေနဲ့ မတူတဲ့အချက်က ကျွန်မက အလုပ်တစ်ခုရမှ ဖြစ်မယ်ဆိုတာ ဘယ်တော့မှ သံသယမရှိခဲ့ပါဘူး။ အမေကလည်း ကျွန်မအစ်ကိုထက် ကျွန်မကောလိပ် မတက်ရမှာကို ပိုပြီး စိုးရိမ်ခဲ့တယ်။ သူက သူ့သားကို ကောလိပ်တက်ဖြစ်မယ်လို့ မှတ်ခဲ့တယ်။ ဘာလို့လဲဆိုတော့ ယောကျ်ားလေးတွေက ကောလိပ်တက်ပြီး မိန်းကလေး

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014



တွေကတော့ သိပ်မတက်ဖြစ်လို့ပဲ။ ဒါပေမဲ့ အဖေဆုံးပြီးတဲ့နောက် ကျွန်မကို အထီးမကျန်စေချင်ဘူးလို့ အမေက ပြောခဲ့တယ်။ သူ့မှာလည်း ကျွန်မကို ထောက်ပံ့နိုင်တဲ့ အလုပ်ရှိတာပဲတဲ့။ အမေက ကျွန်မကို ပြုစုပျိုးထောင်ခဲ့တာကို စောင့်ကြည့်ရတာက ကျွန်မကို လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်လိုမျိုး သက်သောင့်သက်သာဖြစ်ပြီး လွတ်လပ်နေသလိုမျိုး ခံစားမှုကို ပေးခဲ့တာပါ။ ဒါပေမဲ့ အခုအချိန်မှာ ကျွန်မမှာ လက်တွဲဖော်အမျိုးသားမရှိလည်း မပြည့်မစုံဖြစ်နေတယ်လို့ မခံစားမိပါဘူး။ တစ်နေ့တော့ နောက်တစ်ယောက်တွေ့ချင်မပေါ့။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ကြိုက်နှစ်သက်နေရတာကို ကျေနပ်သာယာနေရင် ကိုယ့်ကိုယ်ပိုင်ဘဝမှာလည်းသက်သောင့်သက်သာဖြစ်ဖို့လုံလောက်နေပါပြီ။

**လက်တင်အမေရိကန်နွယ်ဖွားဖြစ်တဲ့အတွက်ကြောင့် ပရင့်စတန်မှာ တင်မကဘဲ ဥပဒေအကျိုးဆောင်အဖွဲ့တွေ၊ တရားရုံးတွေမှာလည်း တရားသူကြီးဟာ သီးသန့်လူလိုဖြစ်နေခဲ့တယ်နော်။ တရားသူကြီးဟာ မာရေကျောရေနဲ့ ဆက်ဆံရခက်တယ်၊ ယောကျ်ားကြီးတစ်ဦးလို ငြင်းခုံတတ်တယ်လို့လည်း နာမည်ကြီးတယ်နော်။ လူကြီးမင်းဟာ ယောကျ်ားစရိုက်ကို သိသိကြီးနဲ့ ခံယူကျင့်သုံးထားတာများလား။**

ဟင့်အင်း။ အဲဒါက ကျွန်မကိုယ်ပိုင်ဟန်ပါပဲ။ ကျွန်မမှာ ဆိုနီယာ (ဆိုတိုမေယာဖြစ်ခြင်း) ဆိုတဲ့ စတိုင်ရှိပါတယ်။ ဒီဟန်က မိန်းမတော်တော်များများထက် တချို့သောယောကျ်ားတွေထက်တောင် ပိုပြီး ယတိပြတ်နိုင်ပါတယ်။ တချို့အရေးကြီးတဲ့ ကိစ္စတွေ မှာတော့ လေသံကိုဘယ်လိုလျှော့ချရမယ်၊ ကိုယ့်ကိုယ်ကိုယ် ပျော့ပျောင်းအောင် ဘယ်လိုလုပ်ရမယ် ဆိုတာသာ မသိရင်လည်း ကျွန်မအောင်မြင်လိမ့်မယ်လို့ မထင်ပါဘူး။

**နိုင်ငံတော်တရားရုံးမှာ ဆုံးဖြတ်ချက်ချတဲ့သူနေရာက နေရစဉ်မှာ ကိုယ့်ဘဝအတွေ့အကြုံတွေက ရော ဘယ်လိုအခန်းကဏ္ဍက ပါဝင်နေတယ်လို့ တရားသူကြီး ထင်မြင်ပါသလဲ။**

ဘဝအတွေ့အကြုံတွေကတော့ တရားသူကြီးတိုင်းရဲ့ တရားစီရင်ဆုံးဖြတ်ခြင်းဖြစ်စဉ်မှာ အခန်းကဏ္ဍတစ်ခုတော့ ပါဝင်တာချည်းပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဟာ ကိုယ့်အတွေ့အကြုံတွေရဲ့ ဖန်တီးမှုကို ခံထားရတဲ့ သူတွေချည်းမို့ပါ။ အစိုးရရှေ့နေတွေမှာက ရာဇဝတ်တရားစီရင်ရေးစနစ်နဲ့ ပတ်သက်လို့ အမြင်ရှိကြတယ်။ တရားခံရှေ့နေတွေကလည်း တစ်မျိုးရှိတယ်။ ကျွန်မတို့ကို ကိစ္စတော်တော်များများမှာ အစိုးရရှေ့နေတွေဘက်က လိုက်တယ်လို့လည်း သိထားကြတယ်။ ဒီတော့ အဲဒီအချက်က ကျွန်မတို့ကို ဘယ်လိုလွှမ်းမိုးသလဲ။ ကျွန်မထင်တာကတော့ ကိုယ့်အတွေ့အကြုံတွေကပဲ ကိုယ့်ကိုလူတွေတင်ပြနေတဲ့ တချို့သော အဆိုတွေကို ပိုပြီး သတိထားမိစေတယ်။ တစ်ဖက်က လျှောက်လဲတာတွေကိုလည်း လက်ခံမှု နည်းချင်လည်းနည်းမပေါ့လေ။ ဒါကြောင့်ပဲ ကျွန်မတို့ရုံးမှာ တရားသူကြီး ကိုးဦးထားထားပြီး တစ်ယောက်ထဲက ဒီဆုံးဖြတ်ချက်တွေကို ချတာမဟုတ်ဘဲ ပိုကောင်းတဲ့ မျှခြေတစ်ခုကို ရှာတွေ့နိုင်ဖို့ ကိုယ်တွေအားလုံးရဲ့ အတွေ့အကြုံတွေကို ပေါင်းထည့်ပြီးလုပ်မယ်လို့ မျှော်လင့်ဆုံးဖြတ်နေတာပဲပေါ့။

**လူကြီးမင်းဟာ အလုပ်အကိုင်ပိုင်းအရ အရာရာကို အောင်မြင်မှုရရှိခဲ့ပြီးပါပြီ။ ကျန်တဲ့ တစ်ဘဝလုံးလည်း နိုင်ငံတော်တရားရုံးရဲ့ တရားသူကြီးဖြစ်သွားတော့မှာပါ။ ကိုယ်တွေးမိသလောက်ကို ဒီအလုပ်လုပ်နေရတာကိုရော မြတ်နိုးမိပါသလား။**

ကျွန်မပျော်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ခက်ခဲမယ်လို့တော့ မြင်ယောင်မကြည့်မိပါဘူး။ နိုင်ငံတော်တရားရုံးက အမှုတစ်ခု ကိုင်ရပြီဆိုတာ အောက်က တရားရုံးတွေကြားထဲမှာ သဘောထား ကွဲလွဲမှုရှိလို့ပါ။ ဆိုလိုတာက ကိစ္စတွေဟာ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေဘောင်တွေအောက်မှာ မရှင်းလင်းလို့ပဲပေါ့။ ဒီလိုရှင်းရှင်းလင်းလင်းမဖြစ်တဲ့ အမှုအားလုံးတိုင်းကလည်း လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ ကိစ္စတွေချည်းပါပဲ။ အိုဘားမား (တင်သွင်းတဲ့) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်လို၊ လိင်တူထိမ်းမြားခွင့်လို ကိစ္စမျိုးတွေပေါ့။ ကျွန်မတို့လုပ်သမျှဆုံးဖြတ်ချက်တိုင်းက နောက်ဆုံးအပြီးအပြတ်ပဲလေ။ ကျွန်မတို့ ဆုံးဖြတ်ချက် ချလိုက်တိုင်းမှာ ကိုယ်က လူများစုထဲပါနေပြီး မှန်တယ်လို့လည်း ထင်နေပါစေဦး။ အမှုရှုံးတဲ့ တစ်ဖက်ကတော့ ရှိနေတာပဲ။ ဖြစ်ပျက်တာနဲ့ ပတ်သက်လို့ တစ်ခုခု အဆိုးမြင်တဲ့ ဘက်တစ်ဖက်ကတော့ ရှိနေတာပဲ။ ဒီတော့ ဒီအလုပ်က ပိုခက်လာတယ်။ ကျွန်မတို့ ဆုံးဖြတ်လိုက်ပြီးပြီဆိုတာနဲ့ နောက်ထပ်ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး။

*—Ref: Supreme Court Justice Sotomayor, Sometimes You Have To Do The Unexpected. Spiegel:2nd April*



## Leader's Profile

## အိန္ဒိယတတိယအကြီးဆုံး စီးပွားရေးအုပ်စု ဥက္ကဋ္ဌ

# ကူးမားဘာလ

ရဲမင်း

မစ္စတာကူးမားမန်ဂါလမ်ဘာလသည် အိန္ဒိယလူမျိုး စက်မှုလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ တတိယအကြီးဆုံး စီးပွားရေးအုပ်စုကြီးဖြစ်သော အဒစ်ယာဘာလ အုပ်စု၏ ဥက္ကဋ္ဌဖြစ်သည်။

၎င်းသည် ဘာလသိပ္ပံနှင့် နည်းပညာ အင်စတီကျု့ဒ်၏ အကြီးအကဲလည်းဖြစ်သည်။

ကူးမားမန်လာဝမ်ဘာလသည် အိန္ဒိယနိုင်ငံ ရာဂျက်စသန်ပြည်နယ်မှလာသော ဘာလမိသားစု၏ စတုတ္ထမျိုးဆက် မိသားစုဝင်တစ်ဦးဖြစ်သည်။ ငယ်စဉ်ဘဝတွင်ကိုလ်ကတ္တားနှင့်မွမ်ဘိုင်းတို့၌ နေထိုင်ခဲ့ပြီး ဘုံဘေတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ရရှိခဲ့သည်။ အိန္ဒိယစာရင်းကိုင်များ အင်စတီကျု့ဒ်အဖွဲ့ဝင် အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး လန်ဒန်စီးပွားရေးကျောင်း (London Business School) မှ စီးပွားစီမံမဟာဘွဲ့ (MBA) ရရှိခဲ့သည်။

ကူးမားဘာလသည် ၁၉၉၅ ခုနှစ်တွင် စီးပွားရေးအုပ်စု၏ နာမည်ပေးထားသော ဖခင်ဖြစ်သူ အဒစ်ယာဘာလ ကွယ်လွန်ချိန်၌ အသက် (၂၈)နှစ်သာ ရှိသေးပြီး ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ယင်းစီးပွားရေးအုပ်စုကြီး၏ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့သည်။ မြေဩဇာ၊ အဝတ်အထည်၊ ချည်မျှင်၊ ဘိလပ်မြေ၊ အလူမီနီယမ်လုပ်ငန်းများတွင် ကျယ်ပြန့်စွာ လုပ်ကိုင်နေသော စီးပွားရေးအုပ်စုကို ငယ်ရွယ်သော ဘာလတစ်ယောက် ဦးဆောင်နိုင်မည်လားဆိုသည်ကို ယုံမှားသံသယရှိခဲ့ကြသည်။ သို့သော် ကူးမားဘာလက ယင်းသို့ဝေဖန်သူများ မှားယွင်းကြောင်း သက်သေပြနိုင်ခဲ့ရုံသာမက အိန္ဒိယနိုင်ငံတွင် အလေးစားရဆုံး စက်မှုလုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

၎င်း၏ ဦးဆောင်မှုအောက်မှာပင် အဒစ်ယာဘာလ အုပ်စုသည် တယ်လီဖုန်းဆက်သွယ်ရေး၊ ဆော့ဖ်ဝဲနှင့် အခြားနယ်ပယ်အများအပြားသို့ပါ ချဲ့ထွင်နိုင်ခဲ့ပြီး မူလလက်ရှိ စီးပွားရေးလုပ်ငန်းများတွင်လည်း ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် ကူးမားဘာလက ဖခင်၏ စီးပွားရေးလုပ်ငန်းစုကို စတင်လွှဲပြောင်းရယူစဉ်အချိန်တွင် ယင်းအုပ်စု၏ လည်ပတ်ငွေမှာ ကန်ဒေါ်လာ နှစ်ဘီလီယံသာရှိပြီး နိုင်ငံရပ်ခြားလုပ်ငန်းဆိုလျှင် အီဂျစ်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့တွင်သာ လုပ်ကိုင်နေခဲ့သည်။

မစ္စတာကူးမားဘာလ၏ ခိုင်မာသော ဦးဆောင်မှုအောက်တွင် ၎င်းတို့စီးပွားရေးအုပ်စု လုပ်ငန်းများကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တိုးချဲ့နိုင်ခဲ့ပြီး ယခုဆိုလျှင် အဒစ်ယာဘာလအုပ်စု၏ ဝင်ငွေ ၆၀ ရာခိုင်နှုန်းကို ယင်းနိုင်ငံရပ်ခြားလုပ်ငန်းများမှ ရရှိနေပြီး အုပ်စုတစ်စုလုံး၏ လည်ပတ်ငွေမှာ ကန်ဒေါ်လာ ၃၃ ဘီလီယံအထိ ရှိလာသည်။ လူပေါင်း ၁၃၀,၀၀၀ အား အလုပ်ပေးထားနိုင်သည်။

မစ္စတာကူးမားဘာလသည် ဇနီးသည် နီယာဂျာဘာလနှင့် သားသမီးသုံးဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

## အွန်လိုင်းတွင် အနိုင်ကျင့်မှုဖြင့် နယ်သာလန်အမျိုးသားတစ်ဦး စွဲချက်တင်ခံရ

**အမ်စတာဒမ်၊ ဧပြီ-၁၉**

အွန်လိုင်းပေါ်တွင် အနိုင်ကျင့်ခံရသော ဆယ်ကျော်သက် ကနေဒါနိုင်ငံသူ အမန်ဒါတော့ဒ် ၂၀၁၂ ခုနှစ်အတွင်း ကိုယ့်ကိုယ်ကိုယ် သက်သေခဲ့မှုနှင့် ဆက်စပ်၍ နယ်သာလန်နိုင်ငံတွင် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို စွဲချက်တင်လိုက်သည်။

အမည်ဖော်ပြထားခြင်းမရှိသော ယင်းသံသယရှိသူမှာ ငွေ ညှစ်မှု၊ အင်တာနက်မှ ဖြားယောင်းမှု၊ ရာဇဝတ်မှုဆိုင်ရာ နှောင့်ယှက်စော်ကားမှုနှင့် ကလေးသူငယ်ညစ်ညမ်းရုပ်ပုံတင်မှုတို့ဖြင့် စွဲချက်တင်ခံထားရသည်ဟု ကနေဒါရဲတပ်ဖွဲ့က ပြောသည်။

အခြားသံသယရှိသော စော်ကားမှုအများအပြားအတွက် ၎င်းမှာ အသနားခံထားခြင်းမရှိပေ။ မိမိကိုယ်ကိုယ် အွန်လိုင်းတွင် ဖော်ချွတ်ပြသခဲ့မှုကြောင့် မည်သို့အကျပ်ကိုင်ခံရသည် ဆိုသည်ကို မစ္စစ်တော့ဒ်က ၎င်းမသေမီတွင် အွန်လိုင်း၌တင်ခဲ့သော ဗီဒီယိုဖိုင်တစ်ခုတွင် ပြောပြထားသည်။

ဖေ့စ်ဘွတ်ခ်တွင် ဓာတ်ပုံများ ဖော်ပြလိုက်ပြီးနောက် အွန်လိုင်းမှ စတင်အနိုင်ကျင့် စော်ကားခံရသည့် မစ္စစ်တော့ဒ် (၁၅) နှစ်သည် နောက်ဆုံးတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။

ကိုယ့်ကိုယ်ကိုယ် ထိခိုက်ရှနာစေသော ရုပ်ပုံများပါဝင်သည့် ၎င်းတင်ထားသည့် ဗီဒီယိုဖိုင်ကို အွန်လိုင်းတွင် လူသန်းပေါင်းများစွာ ကြည့်ရှုခဲ့ကြသည်။ ၎င်း၏ ဇာတ်လမ်းကိုလည်း ကမ္ဘာတစ်ဝန်းရှိ သတင်းဌာနများမှ ခေါင်းကြီးပိုင်းတွင် ဖော်ပြခဲ့ကြသည်။

သိမ်းဆည်းရမိသော ပစ္စည်းကိရိယာအထောက်အထားများအရ ယခုဖမ်းဆီးခံရသူမှာ နယ်သာလန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် အွန်လိုင်းမှတစ်ဆင့် စော်ကားမှု အကြိမ် ဒါဇင်ပေါင်းများစွာ ကျူးလွန်ခဲ့သည်ဟု သံသယရှိသူဖြစ်ကြောင်း နယ်သာလန်သတင်းစာ တစ်စောင်က ဖော်ပြသည်။

ဇန်နဝါရီလအတွင်း ဖမ်းဆီးခံရသော ယင်းသံသယရှိသူမှာ ဧပြီ ၁၆ ရက်က အမ်စတာဒမ်မြို့ရှိ တရားရုံးတွင် ပထမဆုံးအကြိမ် ရုံးတင်စစ်ဆေးခံခဲ့ရပြီး ၎င်းကို သုံးလကြာထပ်မံထိန်းသိမ်းထားရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။

*—Ref: BBC*

## အမေရိကန်နိုင်ငံတွင် ပြင်ပလူနာဌာနများ၌ နှစ်စဉ်လူ ၁၂ သန်းခန့် ရောဂါအမည် လွဲမှားတပ်ခံရ

**အော်စတင်၊ ဧပြီ-၁၈**

အမေရိကန်လူမျိုး ငါးရာခိုင်နှုန်းခန့် (လူ ၁၂ သန်းခန့်) သည် နှစ်စဉ်ပြင်ပလူနာဌာနများ၌ လွဲမှားစွာ ရောဂါအမျိုးအမည် တပ်ခံရကြောင်းနှင့် ယင်းအမှားများအနက် ထက်ဝက်သည် အန္တရာယ်ရှိနိုင်ကြောင်းအမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ယခု ရှာဖွေတွေ့ရှိမှုသည် အထွေထွေရောဂါကု ဆရာဝန်ကကြည့်ရှုကုသပေးမှုတွင်ဖြစ်ပွားသော ရောဂါအမည်လွဲမှားမှု အရေအတွက်ကို စောင့်ကြည့်နိုင်ရန်နှင့် လျှော့ချနိုင်ရန် ရည်ရွယ်သည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဟာ့ဒ်ဆင်းနှင့်အဖွဲ့က ပြောကြားသည်။

ရောဂါအမျိုးအမည် ရှာဖွေဖော်ထုတ်ခြင်းအများစုကို ပြင်ပလူနာဆေးကုဌာနများတွင် ပြုလုပ်နေကြသော်လည်း လူနာများ ဘေးအန္တရာယ်ကင်းရှင်းစေရန်ကြိုးပမ်းမှုများကို အတွင်းလူနာကြည့်ရှုကုသပေးမှုအပေါ်ကိုသာ အဓိကအာရုံစိုက်သည်ဟု ယင်းသုတေသနက ဖော်ပြသည်။

အမေရိကန် လူနာများသည် ပြင်ပလူနာဌာနများတွင် သွားရောက်ပြသမှုများပြားပြီး ယင်းအနက် ငါးရာခိုင်နှုန်းမှာ ရောဂါအမျိုးအမည် လွဲမှားတပ်ခံရသည်။ ရောဂါအမျိုးအမည်လွဲမှားမှုကြောင့် ကင်ဆာရောဂါကုသရန် နှောင့်နှေးစေမှု (သို့မဟုတ်) တကယ်မရှိသော ရောဂါများကို မလိုအပ်ဘဲ ကုသမှုကဲ့သို့ ပြင်းထန်သည့် ပြဿနာများ ဖြစ်စေနိုင်သည်ဟု သုတေသနခေါင်းဆောင် မစ္စတာဆင်းက သတိပေးထားသည်။

၎င်းတို့၏ သုတေသနသည် ပြင်ပလူနာဌာနများ၌ လူနာများ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လွဲမှားစွာ ရောဂါအမျိုးအမည် တပ်ခံရမှုနှင့်ပတ်သက်သော ဆွေးနွေးမှုများအတွက် လူနာရှေ့နေများ၊ ကျန်းမာရေးအဖွဲ့အစည်းများနှင့် လွှတ်တော်အမတ်များ တိုးမြှင့်ထားရှိနိုင်ရန် မျှော်လင့်ထားသည်ဟု မစ္စတာဆင်းက ပြောကြားခဲ့သည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# တရုတ်နိုင်ငံရှိ မြေဧရိယာ ငါးပုံတစ်ပုံခန့် အဆိပ်သင့်ညစ်ညမ်းနေ

**ဘေဂျင်း၊ ဧပြီ-၁၉**
တရုတ်အစိုးရက ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်အရ တရုတ်နိုင်ငံရှိ မြေဧရိယာငါးပုံတစ်ပုံခန့်သည် အဆိပ်သင့်ညစ်ညမ်းနေကြောင်း လေ့လာတွေ့ရှိရသည်။

တရုတ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဝန်ကြီးဌာနက ပြုလုပ်ခဲ့သော ထိုလေ့လာမှုတွင် တရုတ်၏ မြေ ၁၆ ဒသမ ၁ ရာခိုင်နှုန်းမှာ အဆိပ်သင့်ညစ်ညမ်းနေပြီး စိုက်ပျိုးနိုင်သည့် မြေယာ ၁၉ ဒသမ ၄ ရာခိုင်နှုန်းမှာလည်း ညစ်ညမ်းနေကြောင်း ဆိုသည်။

ဝန်ကြီးဌာနသည် ထိုလေ့လာမှုကို ၂၀၀၅ မှ ၂၀၁၃ ခုနှစ်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် နိုင်ငံတွင်းစက်မှုလုပ်ငန်း ထွန်းကားလာခြင်းနှင့် ဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများပါ ဖြစ်လာသည်ကို စိုးရိမ်မှုများ မြင့်တက်လာနေသည်။

ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ အစီရင်ခံစာထဲတွင် အများဆုံးတွေ့ရသော အဆိပ်သင့်ညစ်ညမ်းမှုများမှာ ကတ်ဒမီယမ်၊ နစ်ကယ်နှင့် အာဆင်းနစ်ဓာတ်တို့ဖြစ်ကြောင်း ဆိုသည်။ ဌာနသည် ထိုလေ့လာမှုကို နိုင်ငံ၏ သုံးပုံနှစ်ပုံအကျယ်အဝန်းရှိသည့် မြေဧရိယာ စတုရန်းမိုင်ပေါင်း ၆ ဒသမ ၃ သန်းမှ မြေနမူနာများကို လေ့လာခဲ့ခြင်းဖြစ်သည်။



—Ref: BBC

# အရှေ့အလယ်ပိုင်းတွင် လုပ်ကိုင်နေသော ဖိလစ်ပိုင်လုပ်သားများ မားစ်ဗိုင်းရပ်စ် ကူးစက်ခံရနိုင်၍ ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်

**မနီလာ၊ ဧပြီ-၁၉**
ဖိလစ်ပိုင်အစိုးရသည် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်လုပ်သားများထံတွင် ထိုဒေသတွင် ပျံ့နှံ့နေသော မားစ်ရောဂါပိုး ကူးစက်ခံရနိုင်သည့် အလားအလာရှိနေ၍ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

“ဒေသခံရပ်ရွာအသိုင်းအဝိုင်းတွေမှာရှိတဲ့လူတွေ၊ မိသားစုတွေအနေနဲ့ မားစ်ဗိုင်းရပ်စ်အကြောင်း သိနားလည်ဖို့ အရေးကြီးပါတယ်” ဟု ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး အင်းနရစ်အိုနာက ပြောသည်။ ဧပြီ၁၅ရက်တွင်ယူအေအီးမှ ပြန်ရောက်လာသော ဖိလစ်ပိုင်လုပ်သားတစ်ဦးမှာလည်းမားစ်ရောဂါပိုးကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဌာနက ပြောသည်။

ကျန်းမာရေးအာဏာပိုင်များသည် အီတီဟတ်လေကြောင်းဖြင့် ယူအေအီးမှ ဖိလစ်ပိုင်သို့ ရောက်လာသော နိုင်ငံခြားသား ၄၅ ဦး အပါအဝင် ခရီးသည် ၄၁၈ ဦးကို ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်း ရှိ၊ မရှိ စောင့်ကြည့်နေကြောင်း ဆိုသည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ပြန်လာသော ခရီးသည် ၁၁၉ ဦးကို ဖိလစ်ပိုင်ကျန်းမာရေးဌာနက စစ်ဆေးထားပြီး လူ ၄၀ ခန့်မှာ ရောဂါကင်းစင် ကြောင်း စစ်ဆေးပြီးသွားပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီး အိုနိုက မားစ်ဗိုင်းရပ်စ်ပျံ့နှံ့မှုအန္တရာယ်ကို သတိပေးထားကြောင်း၊ သမ္မတ အကွီနိုကလည်း ပြည်သူများကြားတွင် ရောဂါကူးစက်မှုများကို ကာကွယ်နိုင်ရန် အမြင့်ဆုံးသတိပေးမှုများလုပ်ရန် ကျန်းမာရေးဌာနကို တိုက်တွန်းထားကြောင်း ဆိုသည်။

ဖိလစ်ပိုင်တွင် ပြည်ပသို့သွားရောက်လုပ်ကိုင်နေသူ ဦးရေမှာ ၁၀ သန်းခန့်ရှိပြီး ယင်းမှ အများစုမှာ ဆော်ဒီ၊ ယူအေအီးစသည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများတွင်ဖြစ်သည်။

—Ref: AFP




# အာဆီယံနိုင်ငံများ ပင်လယ်ပြင်ရေကြောင်း စောင့်ကြည့်ရေး အမေရိကန်နှင့် ဂျပန် ကူညီမည်

**တိုကျို၊ ဧပြီ-၁၉**
ဂျပန်နှင့်အမေရိကန် ပြည်ထောင်စုတို့သည် အရှေ့တောင်အာရှနိုင်ငံများ၏ ရေကြောင်းစောင့်ကြည့်စစ်ဆေးမှု စွမ်းဆောင်ရည်များတိုးတက်ရန် ပူးပေါင်းကူညီသွားမည်ဖြစ်ကြောင်း ဂျပန်သတင်းစာ ယိုမီယူရီ ရှင်ဗ်ဘွန်းက ထုတ်ဖော်ရေးသားသည်။

ကန်သမ္မတအိုဘားမားသည် ယခုရက်ပိုင်းအတွင်း ဂျပန်သို့ အလည်အပတ် လာရောက်သည့် ခရီးစဉ်တွင် အာဆီယံနိုင်ငံများအား ကူညီရေးအတွက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆိုသည်။

ထိုကိစ္စမှာ နှစ်နိုင်ငံခေါင်းဆောင်များ ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။ နှစ်နိုင်ငံစီစဉ်ထားသည့် စာချုပ်တွင် အာဆီယံနိုင်ငံများအား ၎င်းတို့ရေပိုင်နက်များကို စောင့်ကြည့်နိုင်ရန် ကင်းလှည့်ရေယာဉ်များ ပေးအပ်သွားရန်ရှိကြောင်းဆိုသည်။

ထို့ပြင် ဂျပန်နှင့်ကန်အစိုးရတို့သည် အာဆီယံနိုင်ငံများ၏ ကမ်းခြေစောင့်တပ်များအား လေ့ကျင့်ပေးရန်၊ ဒေသတွင်း မသင်္ကာဖွယ်ရာ သင်္ဘောများ ဖြတ်သန်းလာပါက အချင်းချင်းသတင်းဖလှယ်ပေးပို့ နိုင်ရန်တို့လည်း ပါဝင်ကြောင်း သိရသည်။

ထိုသို့ အမေရိကန်–ဂျပန် ပူးတွဲ၍ အာဆီယံနိုင်ငံများအား ရေတပ်စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် အစီအစဉ်သည် အာဆီယံနိုင်ငံများအတွက် ပင်လယ်ဓားပြများနှင့် သဘာဝပတ်ဝန်းကျင်ဘေးရန်များမှ ကာကွယ်ရန်သာမက တရုတ်၏ ကြီးထွားလာနေသော စစ်ရေးစွမ်းရည်ကို ဟန့်တားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်အပါအဝင် အရှေ့တောင်အာရှအပါအဝင် အိမ်နီးချင်းအာရှနိုင်ငံများနှင့် ပင်လယ်ရေပြင်ပိုင်နက်အငြင်းပွားမှုများဖြစ်ပွားနေသည်။

—Ref: AFP

Vol.13, No.7 • APRIL 23 , 2014

# "ကေပေါ့ပ်ကို ခိုးချအတုယူထားတာ မရှိပါဘူး"

စူပါမော်ဒယ်လ်အဖွဲ့နှင့် တွေ့ဆုံခြင်း

**ဖွဲ့ညာဏ်**

ဖျော်ဖြေပွဲများတွင် သီချင်းမြူးမြူးများကို အကနှင့် တွဲဖက်တင်ဆက်သည့် စူပါမော်ဒယ်(လ်)အဖွဲ့ကို ပရိသတ်များသတိပြုမိလာခဲ့သည်။ ရွှေအက်ဖ်အမ်ခွေတွင် ပါဝင်သော"နောက်ဆုံးတော့" သီချင်းတင်ဆက်မှုကို ပရိသတ်များနှစ်ခြိုက်ခဲ့ကာ ၎င်းတို့အဖွဲ့၏ ပထမဆုံးတေး စီးရီးစူပါမော်ဒယ်(လ်) ဗီစီဒီကို မကြာမီဖြန့်ချိတော့မည်ဖြစ်သဖြင့် ၎င်းတို့၏ အနုပညာလှုပ်ရှားမှုများကိုစူပါမော်ဒယ်(လ်)အဖွဲ့ဝင် ခေမာ၊ စုနန္ဒအောင်နှင့် ပန်းအိတို့ သုံးဦးကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



ဓာတ်ပုံ–ဂျေမောင်မောင် (အမရပူရ)

**စူပါမော်ဒယ်လ်ဆိုပြီး ဖြစ်လာတဲ့အကြောင်းပရိသတ်ကို အရင်ဆုံးမိတ်ဆက်ပေးပါလား။**

ညီမတို့ သုံးယောက်က အရင်က Talent & Model မှာ သင်တန်းအတူတူတက်တယ်။ မော်ဒယ်လျှောက်ဖြစ်တယ်။ ဓာတ်ပုံတွေလည်း ရိုက်ဖြစ်တယ်။ အဲဒီကတည်းက ခင်လာတာ သုံးယောက်စလုံးကအဆိုလည်းဝါသနာပါတော့အဖွဲ့လေးဖွဲ့မယ်ဆိုပြီး တိုင်ပင်ဖြစ်တယ်။ Bebop ဆိုပြီး အဖွဲ့လေးဖွဲ့ဖြစ်တယ်။ ဒါပေမဲ့ ညီမတို့အခွေ မထွက်ခင် ရခိုင်ရန်ပုံငွေပွဲမှာ စူပါမော်ဒယ်(လ်) သီချင်းနဲ့ ပရိသတ်တွေ သိသွားတော့ အဖွဲ့နာမည်ကို စူပါမော်ဒယ်(လ်)ဆိုပြီး ပေးဖြစ်တာ။ နောက်ပြီး ၂၀၁၃ မတ်လ ၁၀ ရက်မှာ စူပါမော်ဒယ်လ်စီးရီးထွက်ဖြစ်တယ်။

**မိန်းကလေးအဖွဲ့အနေနဲ့ ဂီတလောကမှာ ရေရှည်ရပ်တည်နိုင်ဖို့ အရေးကြီးဆုံးက ဘာဖြစ်မယ်လို့ ထင်လဲ။**

အဖွဲ့အနေနဲ့ ရပ်တည်ဖို့ အဓိကက စည်းလုံးမှုပေါ့။ တစ်ယောက်တည်း လုပ်တာလည်း မဟုတ်ဘူး။ အဖွဲ့နဲ့ လုပ်တာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် စည်းလုံးဖို့၊ တိုင်တိုင်ပင်ပင်ညှိ ညှိနှိုင်းနှိုင်းလုပ်ဖို့က အရေးကြီးပါတယ်။

**ရှေ့မှာလည်း သီချင်းဆိုတဲ့ အဖွဲ့တွေ ရှိပေမယ့် ရေရှည်မြဲတဲ့ အဖွဲ့နည်းတော့ စူပါမော်ဒယ်လ်အဖွဲ့အနေနဲ့ရော တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုနားလည်မှုမျိုးနဲ့ လက်တွဲဖြစ်လဲ။**

စာမျက်နှာ ၄၁ »



ကချင်စစ်ဘေးဒုက္ခသည်များအား ကူညီခဲ့စဉ်က

# ရဲတိုက်အတွက် အနုပညာရှင်များ လက်မှတ်ထိုးကာ သမ္မတထံ အသနားခံစာတင်မည်

**ဖွဲ့ညာဏ်**

**ရန်ကုန်၊ မေ-၂၀**

မူးယစ်ဆေးဝါးလက်ဝယ် တွေ့ရှိမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသော သရုပ်ဆောင်ရဲတိုက်၏ ပြစ်ဒဏ်နှင့်ပတ်သက်၍ ရဲတိုက်ကို ချစ်ခင်သော အနုပညာရှင်များ၏ လက်မှတ်များ စုစည်းကာ သမ္မတထံ အသနားခံစာတင်ရန် အစီအစဉ်ရှိကြောင်း ဆာတိုရီထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်ကပြောသည်။

"ရဲတိုက်က စိတ်ကောင်းနှလုံးကောင်း ရှိတယ်။ လူတွေအပေါ်မှာ တတ်နိုင်သမျှ ကူညီတယ်။ သူကျန်းမာနေတဲ့အချိန် အဆင်ပြေနေတဲ့ အချိန်တွေကဆိုရင် ဒုက္ခရောက်နေတဲ့ လူတွေကိုကူညီချင်တဲ့ စိတ်ဆန္ဒအမြဲရှိတယ်။ အဲဒီလိုကောင်းတဲ့သူ၊ ကူညီချင်တဲ့သူကို သူ့ရဲ့ အနုပညာအလုပ်တွေ လုပ်ဖို့ အခွင့်အရေးပေးသင့်တယ်လို့ အားလုံးက ယုံကြည်ကြတယ်။ အဲဒီလိုယုံကြည်တဲ့သူတွေ စုပေါင်းပြီး သမ္မတကြီးဆီကို အသနားခံလွှာတင်မယ်" ဟု ဒါရိုက်တာရီဇော်က ပြောသည်။

သရုပ်ဆောင်ရဲတိုက်ကို ပြီးခဲ့သည့်နှစ် ဇူလိုင် ၄ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်တစ်ကျပ်သားခန့် လက်ဝယ်တွေ့ရှိမှုဖြင့် စတင် ဖမ်းဆီးစစ်ဆေးခဲ့ပြီး ကျောက်တံခါးမြို့နယ် တရားရုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆ (ဂ)ဖြင့် ရုံးတင်စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၄၁ »



7 DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

## ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို စီစဉ်ထားတဲ့ One Direction အဖွဲ့သား နီအောဟိုရန်

**လန်ဒန်၊ မေ-၁၈**

ဗြိတိန် One Direction အဖွဲ့သား နီအောဟိုရန်သည် Irish Austism Action နှင့် UK Hearts and Minds ပရဟိတအဖွဲ့များအတွက် ရန်ပုံငွေရှာဖွေရေး ဘောလုံးပြိုင်ပွဲကို စီစဉ်ထားသည်ဟု တွစ်တာဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

နီအောဟိုရန်က "လက်စတာမြို့ အားကစားကွင်းမှာ ရန်ပုံငွေရှာဖွေရေး ဘောလုံးပွဲတစ်ပွဲ စီစဉ်ထားပါတယ်။ ကျွန်တော့်အသင်းမှာ (One Directionအဖွဲ့သားများဖြစ်ကြသော)လူးဝစ်နဲ့ လီယမ်တို့ပါပါမယ်။ ကျွန်တော်က မန်နေဂျာလုပ်မှာပါ။ အဲဒီပွဲမှာ တခြားနာမည်ကျော်တွေလည်း ပါပါတယ်"ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။



One Direction အဖွဲ့မှ လူးဝစ်တွမ်လင်ဆန်နှင့် လီယမ်ပိန်းတို့သည် မေလ ၂၆ ရက်တွင် ဗြိတိန်နိုင်ငံ လက်စတာမြို့၌ပြုလုပ်မည့် ဘောလုံးပွဲတွင် ပါဝင်ကစားမည် ဖြစ်သော်လည်း နီအောဟိုရန်သည် ဒူးခေါင်းဒဏ်ရာကြောင့် ဘောလုံးကစားမည်မဟုတ်ဟု သိရသည်။ "ကံမကောင်းစွာဘဲ ဘောလုံးမကန်နိုင်ပါဘူး။ အသင်းမန်နေဂျာအဖြစ်ပဲ တာဝန်ယူမှာပါ"ဟု နီအောဟိုရန်က ပြောကြားခဲ့သည်။

ယင်းဘောလုံးပြိုင်ပွဲမှရရှိလာသော အမြတ်အစွန်းများအားလုံးကို အထီးကျန်စိတ်ဝေဒနာခံစားနေရသော ကလေးငယ်များအား အကူအညီပေးနေသည့် Irish Austism Action နှင့် UK Hearts and Minds ပရဟိတအဖွဲ့များသို့ လှူဒါန်းသွားမည်ဟု သိရသည်။

*—Ref: Hollywood Buzz*



## ဂျပန်နိုင်ငံ ရုပ်ရှင်ရုံများမှာပြသမယ့် ချန်းမင်းပါဝင်တဲ့ 'Mimi' ဇာတ်လမ်းတွဲ

**ဆိုးလ်၊ မေ-၁၉**

တောင်ကိုရီးယားအဆိုရှင်များအဖွဲ့ TVXQ မှ ချန်းမင်းပါဝင်သရုပ်ဆောင်ထားသော 'Mimi' ဒရာမာဇာတ်လမ်းတွဲကို လာမည့်မေလတွင် ဂျပန်နိုင်ငံရှိ ရုပ်ရှင်ရုံများ၌ ပြသမည်ဖြစ်သည်။

ကိုရီးယားရုပ်သံလိုင်း Mnet မှ ထုတ်လွှင့်ပြသခဲ့သော အပိုင်းလေးပိုင်းပါ 'Mimi' ဒရာမာဇာတ်လမ်းတွဲကို ရုပ်ရှင်ပုံစံအဖြစ် ပြန်လည်တည်းဖြတ်၍ ဂျပန်နိုင်ငံရှိ ရုပ်ရှင်ရုံပေါင်း ၃၀ တွင် ပြသသွားမည်ဖြစ်ကြောင်း ဂျပန်မီဒီယာ Sankei Sports က ဖော်ပြခဲ့သည်။

'Mimi' ရုပ်ရှင်ပထမပိုင်းကို မေလ ၉ ရက်တွင်လည်းကောင်း၊ ဇာတ်သိမ်းပိုင်းကို မေလ ၁၆ ရက်တွင်လည်းကောင်း ရုံတင်ပြသသွားမည်ဖြစ်သည်။ 'Mimi' ဇာတ်လမ်းတွဲတွင် TVXQ အဖွဲ့မှ ချန်းမင်းနှင့် ဆယ်ကျော်သက်သရုပ်ဆောင်မင်းသမီး မွန်းဂါယန်းတို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်လမ်းတွဲတွင် ချန်းမင်းသည် မှတ်ဉာဏ်တစ်စိတ်တစ်ပိုင်းပျောက်ဆုံးနေသော နာမည်ကျော် အွန်လိုင်းကာတွန်းဆရာ၊ အသက်(၁၈)နှစ်အရွယ် အထက်တန်းကျောင်းသားအဖြစ်လည်း သရုပ်ဆောင်ထားသည်။

TVXQ အဖွဲ့သည် ဂျပန်နိုင်ငံတွင် လူကြိုက်အများဆုံးနှင့် ဩဇာသက်ရောက်မှုအကောင်းဆုံးကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ကေပေါ့ပ်ဈေးကွက်သည် လက်ရှိတွင် ဂျပန်နိုင်ငံ၌ ကိုရီးယားယဉ်ကျေးမှုဆန့်ကျင်ရေးနှင့် တွေ့ကြုံနေရသော်လည်း TVXQ အဖွဲ့သည် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများစွာတို့၌ အောင်မြင်မှုရရှိနေဆဲဖြစ်သည်ဟု သိရသည်။

*—Ref: Kpop Starz*



MYANMAR DEITTA
ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။



စာ(၃၉)မှ

## စူပါမော်ဒယ်လ်အဖွဲ့နှင့် တွေ့ဆုံခြင်း

ညီမတို့က ဒီအနုပညာလောကထဲကို စဝင်တဲ့ ၂၀၀၉ ခုနှစ်လောက်ကတည်းက ခင်လာကြတယ်။ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက်သိတယ်။ တစ်ယောက်နဲ့ တစ်ယောက်အားနည်းချက်ကိုလည်း သိတယ်။ အားသာချက်ကိုလည်း သိတယ်။ အဲဒါကြောင့် မျှမျှတတညီညီနှိုင်းနှိုင်းနဲ့ သုံးယောက်တိုင်တိုင်ပင်ပင်နဲ့ လုပ်ဖြစ်တယ်။ မိဘတွေကလည်း ရင်းနှီးနေတော့ မိဘတွေနဲ့တိုင်ပင်ပြီးလုပ်ဖြစ်တယ်။

**သီချင်းပုံစံတွေက ကေပေါ့ပ်ပုံစံတွေဆိုတော့ ခေတ်ရေစီးအရရွေးချယ်ဖြစ်ခဲ့တာလား။ ဘာကြောင့် ဒီဂီတအမျိုးအစားကို ရွေးချယ်ဖြစ်ခဲ့တာလဲ။**

ကေပေါ့ပ်ရယ်လို့သတ်သတ်ကြီးလုပ်ခဲ့တာတော့ မဟုတ်ဘူး။ မြန်မာနိုင်ငံမှာ ကေပေါ့ပ်လွှမ်းမိုးလာတာနဲ့ အလျောက် Girl Band ဆိုရင် အကလေးတွေ ဖျော်ဖြေတော့ ကေပေါ့ပ်လို့ထင်တာပေါ့။ ဒီလိုသီချင်းပုံစံတွေလုပ်တယ်ဆိုတာကလည်း ခေတ်ရေစီးကြောင်းအတိုင်းပါပဲ။ ခုကသီချင်းမြူးမြူးလေးတွေ ခေတ်စားတယ်။ စင်ပေါ်မှာ ပါဖောမန့်နဲ့ကတယ်။ ကေပေါ့ပ်ဆိုပြီး ခိုးချအတုယူထားတာတော့ မရှိပါဘူး။

**ကေပေါ့ပ်သီချင်းပုံစံတွေ အဆိုများတာဆိုတော့ နိုင်ငံတကာ ကေပေါ့ပ်အဖွဲ့တွေမှာ ဘယ်အဖွဲ့ကို အကြိုက်ဆုံးလဲ။**

ကေပေါ့ပ်ရယ်တော့ မဟုတ်ပါဘူး။ ဟောလိဝုဒ်က သီချင်းတွေလည်း လေ့လာဖြစ်ပါတယ်။ Girl Band အနေနဲ့ ကေပေါ့ပ်ဘက်မှာဆိုရင်တော့ 2 NE1 ကို အရမ်းကြိုက်ပါတယ်။ အရမ်းလည်း မိုက်တယ်။ ဒါပေမဲ့သူတို့ကို အရမ်းကြိုက်လွန်းလို့ အတုခိုးတာကြီးတော့မရှိပါဘူး။ ညီမတို့အတွက်က ဂီတနဲ့ ပတ်သက်တာ ဘာပဲဖြစ်ဖြစ် အတုယူစရာတွေချည်းပါပဲ။

**စူပါမော်ဒယ်(လ်)အဖွဲ့ အနေနဲ့ ရှေ့ ဆက်မယ့် အနုပညာလမ်းမှာ ဂီတပုံစံတွေ ပြောင်းလဲဖို့ကော အစီအစဉ်ရှိလား။ ပရိသတ်တွေအတွက် ဘာတွေထပ်ပြီး ဖန်တီးပေးဖို့ အစီအစဉ်ရှိလဲ။**

ညီမတို့ သုံးယောက်နဲ့လည်း လိုက်ဖက်မယ်။ သူ့ခေတ်နဲ့ သူ၊ ခေတ်ရေစီးကြောင်းအတိုင်း ပရိသတ်ကလည်း လက်ခံမယ့် အကအသစ်တွေ၊ သီချင်းအသစ်တွေနဲ့ပဲ ရှေ့ဆက်သွားဖို့ ရှိပါတယ်။

**ပရိသတ်တွေက စူပါမော်ဒယ်(လ်) အဖွဲ့ရဲ့ အကတွေကိုလည်း နှစ်သက်ကြတာဆိုတော့ သီချင်းနဲ့ လိုက်ဖက်တဲ့ ပါဖောမန့်တွေ ရဖို့ကို ဘယ်လိုကြိုးစားဖြစ်လဲ။**

အဲဒါကတော့ သီချင်းအပေါ်ကို မူတည်တာပေါ့။ သီချင်းအပေါ်မှာ မူတည်တွေးပြီး ပါဖောမန့်လုပ်ဖြစ်တာလည်းရှိတယ်။ ညီမတို့နဲ့ ကဖြစ်တာများတဲ့ Jade Dragon အဖွဲ့နဲ့ပေါင်းပြီး အိုင်ဒီယာနဲ့ ညီမတို့ အိုင်ဒီယာပေါင်းပြီး ကကွက်တွေ ထွင်ဖြစ်တယ်။

**အကနဲ့ပတ်သက်ပြီးသင်တန်းတွေ တက်ခဲ့တာမျိုးကောရှိလား။ ဒါမှမဟုတ် ကမယ်ဆိုခါမှ အချိန်ပေးပြီး လေ့ကျင့်တာလား။**

ညီမတို့က ကတာကို အရင်ကတည်းကလည်း ဝါသနာပါတယ်။ မမိုးဆီမှာ တက်တုန်းကလည်း မော်ဒယ်ရှိုးတစ်ခုတည်း မဟုတ်ဘဲ ဘက်စုံပေါ့။ မော်ဒယ်တစ်ယောက်ဖြစ်ဖို့ မိန်းကလေးတစ်ယောက်အတွက် လိုအပ်တဲ့ အရည်အချင်းနဲ့ ပြည့်စုံအောင် အကကိုလည်း သင်ပေးခဲ့တယ်။ မော်ဒယ်သင်တန်းတက်ကတည်းက သင်ခဲ့တာဆိုတော့ ညီမတို့ သုံးယောက်အတွက် မခက်ခဲပါဘူး။

**ခုနောက်ပိုင်းသီချင်းတွေရဲ့ ကကွက်တွေကိုကော သီချင်းနဲ့လိုက်ဖက်မှု ရှိအောင် ဘယ်လိုထွင်ပြီး ကဖြစ်လဲ။**

Jade Dragon က ထက်ဘုန်းနိုင်ပဲ စီစဉ်ပေးပါတယ်။ သူက ညီမတို့သုံးယောက်ဘယ်လိုပုံစံမျိုးကတတ်တယ်။ ကရင်လည်းတစ်ယောက်နဲ့တစ်ယောက် ပုံစံကွဲတယ်ဆိုတာသိနေတော့ အဆင်ပြေမယ့် ကကွက်တွေကိုပဲ သူက ထွင်ပေးပါတယ်။

**စူပါမော်ဒယ်(လ်)စီးရီးဗီစီဒီကို ဘယ်လိုအိုင်ဒီယာတွေနဲ့ပုံဖော်နေလဲ။ ဘယ်အတိုင်းအတာအထိ ပြီးနေပြီလဲ။**

ဗီစီဒီက အကုန်လုံးတော့ ရိုက်ပြီးနေပါပြီ။ မေလလယ်လောက်မှာတော့ ပရိသတ်လက်ထဲကို ပို့ပေးဖို့ အစီအစဉ်ရှိပါတယ်။ ရိုက်ထားတာကတော့ အစုံပါပဲ။ သီချင်းတွေကို စင်ပေါ်မှာ အကနဲ့ တွဲဖျော်ဖြေတယ်ဆိုပေမယ့် ဒီအခွေထဲမှာတော့ အမ်တီဗီပုံစံကို ဦးစားပေးရိုက်ထားတယ်။ အက ချည်းသက်သက်က တစ်ပုဒ်လောက်ပဲပါတယ်။ ဒါရိုက်တာတွေကလည်း လူငယ်တွေပါပဲ။ ကိုဝင်းလွင်ထက်၊ ကိုအောင်မြတ်၊ ကိုစည်သူချိုကြီး၊ ထက်ယံ၊ ကိုထူးပိုင်ဇော်ဦးတို့က ရိုက်ပေးထားတယ်။ သီချင်းတွေကိုလည်း ညီမတို့ လိုချင်တဲ့ ပုံစံတွေကို ဒါရိုက်တာတွေကို ပြောပြဖြစ်တယ်။

**အခုဆိုရင် ညီမတို့အဖွဲ့ကို ပရိသတ်တွေလည်း သိနေပြီဆိုတော့ ဗီစီဒီက ညီမတို့အတွက် မှတ်တိုင်တစ်ခုဖြစ်မယ်လို့ မျှော်လင့်ထားလား။**

ညီမတို့ ဗီစီဒီကို အရမ်းလည်း မျှော်လင့်ထားပါတယ်။ အရမ်းလည်း ကြိုးစားထားပါတယ်။ စီဒီထွက်တုန်းက ပရိသတ်သိပ်မသိလိုက်ဘူးဆိုတော့ ဗီစီဒီထွက်ရင် ပရိသတ်ဒီထက် သိအောင်၊ လက်ခံနိုင်အောင် ကြိုးစားပြီး ရိုက်ထားတော့ အရမ်းမျှော်လင့်ထားပါတယ်။

**ဒီနှစ်သင်္ကြန်မှာ မဏ္ဍပ်တော်တော်များများမှာ ဖျော်ဖြေဖြစ်တာဆိုတော့ သင်္ကြန်မှာ ဖျော်ဖြေရတာနဲ့ ရိုးရိုးဖျော်ဖြေပွဲတွေ ဘာတွေကွာခြားမှုရှိလဲ။**

သင်္ကြန်မှာကျတော့ ညီမတို့ကပေါ့ပေါ့ပါးပါးပဲ။မကတော့ဘူး။ အောက်ကပရိသတ်တွေကိုဦးစားပေးတယ်။ အပြင်ဖျော်ဖြေပွဲတွေမှာက ပရိသတ်ရဲ့ အနေအထားကို လိုက်ကြည့်နေရသေးတယ်။ သင်္ကြန်မှာကျတော့ အဲဒီလိုမရှိဘူး။ သူတို့လည်းကဲ၊ ကိုယ်လည်းကဲပေါ့။ သင်္ကြန်မှာ ပရိသတ်တွေကိုယ်တိုင်ပျော်ချင်နေတာဆိုတော့ ညီမတို့က ပါဖောမန့်မလုပ်တော့ဘူး။ သီချင်းအမြူးတွေဆိုပြီး အောက်က ပရိသတ်တွေနဲ့ အပေးအယူမျှအောင်ပဲ ဖျော်ဖြေဖြစ်တယ်။

**ခုနောက်ပိုင်းဖျော်ဖြေပွဲတွေမှာ အဆိုတော်တွေအနေနဲ့ သီချင်းသီဆိုတာတင်မဟုတ်ဘဲ ဖက်ရှင်ပိုင်းကိုပါ ဂရုစိုက်လာကြတာဆိုတော့ ညီမတို့အဖွဲ့ရဲ့ ဖက်ရှင်တွေကိုကော ဘယ်လိုပြင်ဆင်ဖြစ်လဲ။**

ရန်ကုန်မှာဆိုရင်တော့ ဖက်ရှင်ကို ဦးစားပေးတာပေါ့။ နယ်ပွဲတွေကျ ပွဲအခြေအနေကြည့်ရတာပေါ့။ လာကြည့်မယ့် ပရိသတ်ကကော လူကြီးလား၊ လူငယ်လား။ ပွဲအခြေအနေကိုကြည့်ပြီး ဝတ်ဖြစ်တယ်။ နယ်သွားရင် အဝတ်အစားတွေ ပြင်ဆင်သွားတာတော့ရှိပေမယ့် နေရာစုံသွားနေတာဆိုတော့ စင်အခြေအနေ၊ ပွဲအနေအထားကို မူတည်ပြီး ဝတ်ဖြစ်တာများတယ်။ နယ်ပရိသတ်နဲ့ ရန်ကုန်ပရိသတ်ဆိုရင် နယ်မှာကျတော့ အရမ်းဟော့တာတွေဆိုရင်သိပ်ပြီး လက်မခံဘူး။ သူတို့အမြင်မှာ ချစ်စရာကောင်းတဲ့ ပုံစံလေးကိုပိုပြီး သဘောကျတယ်။ ရန်ကုန်မှာတော့ အမိုက်စားပုံစံတွေဆိုပိုပြီး သဘောကျတယ်။

**စူပါမော်ဒယ်(လ်) အဖွဲ့ကို အားပေးနေတဲ့ ပရိသတ်အတွက် အမှတ်တရစကားလေးပြောပေးပါဦး။**

ညီမတို့အဖွဲ့ကို သိတဲ့ ပရိသတ်တွေရော၊ မသိသေးတဲ့ ပရိသတ်တွေရော ဆက်ပြီးအားပေးကြပါ။ ညီမတို့သုံးယောက်အနေနဲ့လည်း စည်းစည်းလုံးလုံးညီညီနှိုင်းနှိုင်းနဲ့ မပြိုမကွဲအောင် ရှေ့ဆက်ပြီး ထိန်းသိမ်းသွားပါ့မယ်။ သီချင်းပုံစံအသစ်အသစ်တွေ၊ ပါဖောမန့်အသစ်အသစ်တွေနဲ့ ဖက်ရှင်အသစ်အသစ်တွေကိုလည်း ပရိသတ်ကို ချပြသွားမှာပါ။ ပြီးတော့ ညီမတို့အဖွဲ့ရဲ့ ဗီစီဒီကိုလည်း အားပေးကြပါဦးလို့။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

စာ(၃၉)မှ

## ရဲတိုက်အတွက် အနုပညာရှင်များလက်မှတ်ထိုးကာ သမ္မတထံ အသနားခံစာတင်မည်

သို့သော်လည်း ဆေးစစ်ရာတွင် အောင်မြင်ခဲ့သောကြောင့် ပုဒ်မ ၁၆(က) မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုဖြင့်သာ ဆက်လက်စစ်ဆေးခဲ့ပြီး အပြီးသတ်စီရင်ချက်ချရာတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်နှစ်ချမှတ်ခဲ့သောကြောင့် အနုပညာအသိုင်းအဝိုင်းမှ ရဲတိုက်၏မိတ်ဆွေများနှင့် ၎င်း၏ပရိသတ်များက အဆိုပါပြစ်ဒဏ်အပေါ် စိတ်မကောင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ဒါရိုက်တာမင်းထင်ကိုကိုကြီးက ရဲတိုက်၏ ပြစ်ဒဏ်နှင့်ပတ်သက်၍ "ဆေးခြောက်တစ်ကျပ်သားခန့် လက်ဝယ်တွေ့ရှိမှုဖြင့် ရုပ်ရှင်သရုပ်ဆောင် "ရဲတိုက်" အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်နှစ်ချမှတ်လိုက်ကြောင်း သိရ၍။ အရည်အချင်းရှိပြီး အလုပ်လုပ်နိုင်သော လူငယ်တစ်ယောက်အတွက် စိတ်မကောင်းကြီးစွာ ဖြစ်ရပါသည်"ဟု ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

ဧပြီလ ၇ ရက်တွင် ကျောက်တံခါးမြို့နယ် တရားရုံးမှ ချမှတ်ခဲ့သော ရဲတိုက်၏ ပြစ်ဒဏ်နှင့်ပတ်သက်၍ အယူခံဝင်ရန် ဆောင်ရွက်လျက်ရှိပြီး သင်္ကြန်ရုံးပိတ်ရက်ပြီးပါက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာရီဇော်က ပြောသည်။

ဧပြီလ ၁၁ ရက်က ကျရောက်ခဲ့သော ရဲတိုက်၏မွေးနေ့တွင်လည်း တောင်ငူထောင်သို့ သွားရောက်ခဲ့ပြီး ပရိသတ်တစ်ဦးကလည်းတောင်ငူထောင်ရှိရဲတိုက်ထံသို့ မွေးနေ့ကိတ် ပို့ဆောင်ခဲ့သည်ဟု ၎င်းကဆိုသည်။

"ရဲတိုက်ရဲ့ ကျန်းမာရေးကတော့ ကောင်းလိုက် မကောင်းလိုက်ပါပဲ။ ထောင်ဝင်စာသွား တွေ့ရတာဆိုတော့ ခဏပဲတွေ့ခဲ့ရတယ်။ အယူခံဝင်မယ့်အကြောင်းတော့ ပြောဖြစ်ခဲ့တယ်"ဟု ဒါရိုက်တာရီဇော်က ပြောသည်။


### ဝန်ထမ်းအလိုရှိသည်

Manager (HR/Admin) ကျား(၁)ဦး
–အသက်(၃၀ မှ ၅၀)နှစ်၊ ဘွဲ့ရ၊ Computer ကျွမ်းကျင်၊ English အရေး/အပြော ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်

Office Staff ကျား(၂)ဦး
–အသက်(၂၀ မှ ၃၅)နှစ်၊ ဘွဲ့ရ၊ Word, Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်၊ အဆောင်နေနိုင်သူ ဦးစားပေးမည်။

Driver (ကျွမ်းကျင်) ကျား(၃)ဦး
– အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်

**အထွေထွေဝန်ထမ်း** ကျား(၁၀)ဦး
–အသက်(၂၀ မှ ၃၀ )နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

**အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၂၇၇၃၃**



### ဝန်ထမ်းအလိုရှိသည်။

**International Language & Business Centre (ILBC)**

အမှတ်-၃၄၊ လေးထောင့်ကန်လမ်း ၊ တာမွေမြို့နယ်။
ဖုန်း - ၅၄၅၇၂၀ လိုင်းခွဲ ၁၁၇၊ ၅၅၆၂၉၈

ILBC Mass Media ဌာနအတွက်၊ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော Publishing Designerအလိုရှိသည်။

- ကျား (သို့ ) မ
- တက္ကသိုလ်မှဘွဲ့ရပြီးဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ ကျွမ်းကျင်ရမည်။
- Corel Draw/ Adobe Photoshop/ Illustrator/ Indesign ကျွမ်းကျင်ရမည် ။
- Colour Seperation Knowledge ရှိပြီး
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

စိတ်ပါဝင်စားသူများ ILBC Human Resources Department သို့ ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။



**STADA**
Arzneimittel

STADA Arzeimittel AG, Germany, a company founded by the Cooperative Society of the German Pharmacist since 1895, is leading multinational company in the field of generic pharmaceuticals.

Base on the company's expansion programs to introduce the high quality STADA's brands via local offices and partners i.e. STADA Myanmar Joint Venture Company Limited and its marketing arm STADA Myanmar Marketing Company Limited, we will require the following key positions to be filled:

1. Marketing Manager
2. Sales Manager
3. Product Manager
4. Regulatory Affairs Manager
5. Personal Assistant to Managing Director
6. Accountant
7. Production Manager
8. QC & QA Manager

The suitable candidates in the related field and qualifications are encouraged to apply stating full resume and a recent photo.

Application should be sent directly to:

To: The General Manager
STADA Myanmar Marketing Co., Ltd.
Room # 6, No.31 Pyay Road
7½ Miles, Mayangon Township
Yangon

Sports

7 DAY NEWS JOURNAL

Vol.13, No.7 • APRIL 23 , 2014

# ရန်ပုံငွေပွဲယှဉ်ပြိုင်ကစားမည့် အာဆီယံလက်ရွေးစင်ဘောလုံးအသင်းတွင် မြန်မာကစားသမားနှစ်ဦး ပါဝင်မည်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်-မေ-၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပွဲအဖြစ် အင်ဒိုနီးရှားလက်ရွေးစင် ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အာဆီယံလက်ရွေးစင်အသင်းတွင် မြန်မာဘောလုံးသမားနှစ်ဦးပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါရန်ပုံငွေပွဲစဉ်ကိုလာမည့် မေလ ၁၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံလက်ရွေးစင်အသင်းတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများမှ တစ်နိုင်ငံလျှင် ကစားသမားနှစ်ဦးစီ ပါဝင်မည်ဖြစ်ပြီး နည်းပြအဖြစ် ထိုင်းလက်ရွေးစင်ဟောင်း ပီယာပွန်က ဆောင်ရွက်မည်ဖြစ်သည်။

“အာဆီယံလက်ရွေးစင်အသင်းမှာ ပါဝင်ဖို့အတွက် မြန်မာနိုင်ငံက ပဏာမကစားသမားငါးဦးစာရင်း ပေးရပါတယ်။ အဲဒီပဏာမစာရင်းထဲကမှ ကစားသမားနှစ်ဦးကို ရွေးချယ်ပြီး အာဆီယံလက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရရှိမှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အဆိုပါ ရန်ပုံငွေဘောလုံးပွဲစဉ်တွင် ပါဝင်ကစားရန် မြန်မာနိုင်ငံမှ ပဏာမအဆင့်ကစားသမားငါးဦးအဖြစ် ကျော်ဇေယျာဝင်း၊ နိုင်လင်းဦး၊ ရဲဇော်ထက်အောင်၊ သိန်းသန်းဝင်းနှင့် စိုးမင်းဦးတို့အား ရွေးချယ်ထားကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

“ရန်ပုံငွေ ခြေစမ်းပွဲကစားမယ့်ရက်က မြန်မာ့လက်ရွေးစင်အသင်း အေအက်ဖ်စီချဲလင့်ဖလားအတွက် ထိုင်းမှာသွားရောက်လေ့ကျင့်နေတဲ့ ကာလဖြစ်နေတယ်။ နောက်ပြီး ရန်ကုန်အသင်းကလည်း အေအက်ဖ်စီဖလားရှုံးထွက်အဆင့်ကို မေလ ၁၃ ရက်မှာ ယှဉ်ပြိုင်ရဖို့ ရှိနေပါတယ်။ ဒါကြောင့် လက်ရွေးစင်အသင်းနဲ့ ကလပ်အသင်းတွေရဲ့ လေ့ကျင့်မှုအခြေအနေကိုလည်း ထိခိုက်မှုမရှိအောင်အတွက် လက်ရွေးစင်အသင်းနည်းပြချုပ်ကြီးနဲ့ အဖွဲ့ချုပ်နည်းစနစ် ဒါရိုက်တာအဖွဲ့တွေက ပဏာမအဆင့်ကစားသမားငါးဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်” ဟု အဖွဲ့ချုပ်နည်းစနစ်အဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်ခဲ့သည့် ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် လူဦးရေ ၉ ဒသမ ၈ သန်း ထိခိုက်ခဲ့ရပြီး လူတစ်သောင်းကျော် သေဆုံးခဲ့ရသည်။

# အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲအတွက် ရန်ကုန်မြို့တွင် မဲခွဲမည်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၄ အာရှယူ–၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲနောက်ဆုံးအဆင့်ပွဲစဉ်များအတွက် အုပ်စုမဲခွဲပွဲအခမ်းအနားကို ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အိမ်ရှင်မြန်မာအပါအဝင် စုစုပေါင်းပြိုင်ပွဲဝင် ၁၆ သင်းပါဝင်ယှဉ်ပြိုင်ကြမည့် အာရှယူ–၁၉ ဘောလုံးပြိုင်ပွဲအုပ်စုမဲခွဲပွဲအခမ်းအနားကို မေ ၂၄ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့၊ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။




*ဧပြီလ ၁၀ ရက်က ဂျပန်ယူ-၁၉ အသင်းနှင့်ခြေစမ်းပွဲမကစားမီတွေ့ရသည့် မြန်မာယူ-၁၉ ဘောလုံးအသင်း*

ဓာတ်ပုံ – MFF

၂၀၁၄ အာရှယူ–၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

“အာရှယူ–၁၉ အုပ်စုမဲခွဲပွဲအခမ်းအနားကို အာရှဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေ၊ ပြိုင်ပွဲဝင် ၁၆ သင်းက ကိုယ်စားလှယ်တွေနဲ့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းတက်ရောက်မှာဖြစ်ပါတယ်။ အုပ်စုမဲခွဲပွဲနဲ့အတူ ပြိုင်ပွဲနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲလည်း ပြုလုပ်မှာဖြစ်ပါတယ်”ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အာရှယူ–၁၉ နောက်ဆုံးအဆင့်ပွဲစဉ်များသို့ အိမ်ရှင်မြန်မာအပါအဝင် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ မြောက်ကိုရီးယား၊ ယူအေအီး၊ အီရတ်၊ ကာတာ၊ ဥဇဘက်ကစ္စတန်၊ တောင်ကိုရီးယား၊ အီရန်၊ အိုမန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ယီမင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၎င်းပြိုင်ပွဲ၏ ခြေစစ်ပွဲအဆင့်ပွဲစဉ်များကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး အသင်း ၁၅ သင်းခြေစစ်ပွဲအောင်မြင်ခဲ့ကာ မြန်မာအသင်းအနေဖြင့်မူ အိမ်ရှင်ဖြစ်သည့်အတွက် ခြေစစ်ပွဲဝင်စရာမလိုဘဲ နောက်ဆုံးအဆင့်ပွဲစဉ်များသို့ အလိုအလျောက်ယှဉ်ပြိုင်ကစားခွင့်ရရှိခြင်းဖြစ်သည်။

အာရှယူ–၁၉ နောက်ဆုံးအဆင့်အုပ်စုပွဲစဉ်များအဖြစ် အသင်းလေးသင်း ပါဝင်သည့် အုပ်စုလေးခု ခွဲခြားမည်ဖြစ်ပြီး နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ (သို့မဟုတ်) ဇေယျာသီရိဘောလုံးကွင်း၌ အုပ်စုနှစ်ခုနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ အုပ်စုနှစ်ခုပွဲစဉ်များ ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းပါဝင်သည့် အုပ်စုပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲစဉ်များကို ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာရှယူ–၁၉ ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲရောက် ထိပ်ဆုံးလေးသင်းသည် ၂၀၁၅ ကမ္ဘာ့ယူ–၂၀ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

# ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူကလပ် ရန်ကုန်မြို့တွင် ခြေစမ်းမည်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၁**

အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် စင်ကာပူကလပ် Lions XII အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါခြေစမ်းပွဲကို လာမည့် မေလ ၂ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။ မော်လဒိုက်နိုင်ငံတွင် လာမည့် မေလအတွင်း ကျင်းပမည့် အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲအတွက် ကစားသမား ၂၅ ဦးပါဝင်သည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ဧပြီလ ၂၃ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်သည်။

“ခြေစမ်းပွဲယှဉ်ပြိုင်ကစားဖို့အတွက် စင်ကာပူဘက်က ကမ်းလှမ်းတာပါ။ လက်ရွေးစင်အသင်းနဲ့ တစ်ပွဲနဲ့ မြန်မာလိဂ်ကလပ်တစ်သင်းနဲ့ တစ်ပွဲခြေစမ်းဖို့ စီစဉ်နေပါတယ်။ စင်ကာပူဘောလုံးအဖွဲ့ချုပ်က ဖွဲ့စည်းထားတဲ့ Lions XII အသင်းအနေနဲ့ မလေးရှားစူပါလိဂ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ အသင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်က ချန်ပီယံဖြစ်ထားတဲ့ အသင်းပါ”ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အေအက်ဖ်စီချဲလင့်ဖလားပြိုင်ပွဲမတိုင်မီ ပဏာမမြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပြီး ထိုင်းခရီးစဉ်မတိုင်မီတွင် စင်ကာပူကလပ်အသင်းအပြင် မြန်မာလိဂ်ကလပ်အသင်းတစ်သင်းတို့နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား ဆားဘီးယားနည်းပြအေဗရာမိုဗစ်က နည်းပြချုပ်အဖြစ် တာဝန်ယူမည်ဖြစ်ပြီး လက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်းနှင့် ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူမည်ဖြစ်သည်။


DM
Dennis Martin
DM 9926
CHERRY OO
DENNIS MARTIN WATCH GROUP,NFC.LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)76461, (02)76424.


ALIOTH
Life
Loving life to the full!
Life Tomato and Chilli Sauces are popular and are being served
exclusively at major international restaurant chains like
KFC (Kentucky Fried Chicken)
& Pizza Hut
For more information on our products and services,
Please contact your local exclusive distributor:
SALES DIRECT CO., LTD
No (203), Hninse 1st Street, Industrial Zone (3),
South Dagon Township, Yangon
Tel: +95-18100709

7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

# လီဗာပူး-ချယ်လ်ဆီး အဆုံးအဖြတ်ပွဲနဲ့ လာလီဂါပွဲများအပါအဝင် ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ဥရောပလိဂ်ပြိုင်ပွဲတွေကတော့ အဖြေမပေါ်သေးတဲ့ ချန်ပီယံလောင်းတွေ ဖြတ်ကျော်ရမယ့်ပွဲတွေကို ဂရုတစိုက်နဲ့ စောင့်ကြည့်ရဦးမှာပါ။ စီးရီးအေမှာ ဂျူဗီတို့ဗိုလ်စွဲဖို့ သေချာသလောက်ရှိသွားပေမယ့် လာလီဂါနဲ့ ပရီးမီးယားလိဂ်တွေကတော့ နောက်ဆုံးလက်ကျန်နှစ်ပွဲလို အချိန်အထိ ကြည့်ကောင်းဦးမယ့် အနေအထားမှာ ရှိနေပါတယ်။

**ပရီးမီးယားလိဂ်**

**၂၆ ၊ မေ ြီ၊ စနေ။**

**စတုတ်စီးတီး-စပါး**

စပါးကွင်းလယ်နဲ့ တိုက်စစ်ပိုင်းအားကောင်းနေပြီး ဒီပွဲကိုလည်း အဝေးကွင်းဆိုပေမယ့် အနိုင်ကစားသွားနိုင်ပါတယ်။ စပါးတောက်လျှောက်သွင်းဂိုးများနေပြီး ဒီပွဲမှာလည်း နှစ်ဂိုးလောက်ရနိုင်ပါတယ်။ စတုတ်နိုင်ခြေနည်းလွန်းတယ်။

**မန်ယူ-နော်ဝစ်ချ်**

**ပကျော့ရလဒ် ၁-၀**

ပထမအကျော့မှာ ခြေပျက်ခဲ့ပြီး နော်ဝစ်ချ်ကို ကြိုးစားကန်ခဲ့ရပေမယ့် ဒီပွဲမှာ မန်ယူ နှစ်ဂိုးလောက်ရနိုင်ပါတယ်။ နော်ဝစ်ချ် ရှုံးပွဲဆက်နေပေမယ့် သရေခံကစားနိုင်လို့ သတိထားရပါမယ်။

**၂၇၊ ဧပြီ၊ တနင်္ဂနွေ။**

**လီဗာပူး-ချယ်လ်ဆီး**

**ပကျော့ရလဒ် ၁-၂**

လီဗာပူး အိမ်ကွင်းမှာ အနိုင်ကစားနိုင်တဲ့ပွဲပါ။ ဇယားအောက်ဆုံးက ဆန်းဒါးလန်းကို ရှုံးပြီးနောက် ချယ်လ်ဆီးတို့အခြေအနေဆိုးသွားခဲ့ပြီး ဒီပွဲကိုလည်း ခြေစွမ်းအရ နိုင်ခြေနည်းနေပါတယ်။ လီဗာပူး တစ်ဂိုးအသာ (သို့မဟုတ်) အနိမ့်ဆုံးသရေနဲ့ ပွဲပြီးမှာပါ။ ရှုံးဖို့မရှိပါ။

**ခရစ်စတယ်ပဲလေ့စ်-မန်စီးတီး**

**ပကျော့ရလဒ် ဝ-၁**

မန်စီးတီးအနိုင်ပွဲဖြစ်အောင်ကြိုးစားပါလိမ့်မယ်။ လက်ရှိမှာတစ်ပွဲလျှော့ကစားထားတဲ့ မန်စီးတီးတို့ အဝေးကွင်းမှာ နိုင်ဖို့ လိုနေတယ်။ နောက်ဆုံးပွဲအားလုံးကို အနိုင်ကစားနိုင်ခြေများနေလို့ မန်စီးတီးဂိုးအနည်းနဲ့ ကပ်နိုင်သွားနိုင်ပါတယ်။ ပဲလေ့စ် အိမ်ကွင်းမာပေမယ့် မန်စီးတီးသာနေပါတယ်။

**စီးရီးအေ**

**၂၆၊ ဧပြီ၊ စနေ။**

**ရိုးမား-မီလန်**

**ပကျော့ရလဒ် ၂-၂**

အကြိတ်အနယ်ဖြစ်နိုင်တဲ့ ပွဲဖြစ်ပါတယ်။ မီလန်ခြေတက်နေပြီး အဝေးကွင်းမှာ ခြိမ်းခြောက်နိုင်ကာ ရိုးမားကလည်း ဒုတိယနေရာကနေ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်မျှော်မှန်းဆဲမို့ အနိုင်ကစားနိုင်တယ်။ သရေဖြစ်နိုင်ခြေရှိပြီး ရိုးမားအနည်းငယ်သာနေတယ်။ ရိုးမားကပ်နိုင်ပြီး ဂိုးနည်းနိုင်တယ်။

**၂၇၊ ဧပြီ၊ တနင်္ဂနွေ။**

**အင်တာမီလန်-နာပိုလီ**

**ပကျော့ရလဒ် ၂-၄**

အင်တာတို့ နာပိုလီတို့ အနိုင်ကစားဖို့မလွယ်လောက်ပါဘူး။ နာပိုလီအဝေးကွင်း ခံစစ်ကောင်းမွန်နေတာကြောင့် သရေ (သို့မဟုတ်) ကပ်နိုင်ခြေရှိနေပါတယ်။ အင်တာ သရေရရင် ကျေနပ်သင့်ပါတယ်။

**ကတ်ဂလီယာရီ-ပါးမား**

ကတ်ဂလီယာရီအိမ်ကွင်းမှာ ခြေစွမ်းအသင့်အတင့်ရှိနေပြီး ပါးမားတို့ နာပိုလီတစ်သင်းတည်းကိုသာ ကပ်နိုင်ပြီး အသင်းကြီးတွေနဲ့ ကစားတော့ ရှုံးခဲ့တယ်။ ခံစစ်အားပြုမယ့် အိမ်ရှင်ကို အင်တာတို့ဖိကစားရင်း သရေဖြစ်နိုင်တယ်။ ဂိုးပေါင်းလည်း နည်းနိုင်ပါတယ်။

**လာလီဂါ**

**၂၇၊ ဧပြီ၊ တနင်္ဂနွေ။**

**ရီးရဲလ်-အိုဆာဆူနာ**

**ပကျော့ရလဒ် ၂-၀**

ရီးရဲလ်တို့ တိုက်စစ်အားကောင်းကောင်းနဲ့ နိုင်သွားမှာပါ။ အိမ်ကွင်းဂိုးပြတ်နိုင်တဲ့ပွဲ ဖြစ်လာနိုင်ပြီး နှစ်ဂိုးနဲ့အထက် ရနိုင်တယ်။ အိုဆာဆူနာ သရေကျနိုင်ခြေ မရှိသလောက်ပါပဲ။

**ဗလင်စီယာ-အက်သလက်တီကို**

အိမ်ရှင်ဗလင်စီယာ ခြေကျနေတာကို အက်သလက်တီကို အခွင့်ကောင်းယူမှာပါ။ ဇယားထိပ်ကို ဦးဆောင်ဖို့ အက်သလက်တီကို နှစ်ဂိုးနဲ့အထက် သွင်းနိုင်ခြေရှိတယ်။ သရေမဖြစ်နိုင်ပါဘူး။

**၂၈၊ ဧပြီ၊ တနင်္လာ။**

**ဗီလာရီးရဲလ်-ဘာစီလိုနာ**

**ပကျော့ရလဒ် ၁-၂**

ဗီလာရီးရဲလ် လာမယ့်နှစ်ဥရောပဝင်ခွင့်သေချာနေပြီး ဘာစီလိုနာတို့ လာလီဂါဖလားရရေးဖိအားဝင်နေတယ်။ အိမ်ရှင်တို့ခံကစားပြီး သရေပွဲယူသွားနိုင်တယ်။ ဘာကာ နိုင်ရင်လည်း အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဖို့ပဲ ရှိပါတယ်။


STEFAN WERMUTH/ REUTERS

## ရီးရဲလ်-ဘိုင်ယန်ချန်ပီယံလိဂ်ဆီမီးနှင့် ယူရိုပါလိဂ်ဆီမီးပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

၂၄၊ ဧပြီ၊ ကြာသပတေး။

**ရီးရဲလ်-ဘိုင်ယန်မြူးနစ်**

(နံနက် ၁ း ၁၅ နာရီ)

**နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်**

ရီးရဲလ် ၂–၁ ဘိုင်ယန်

ဘိုင်ယန် ၂–၁ ရီးရဲလ်

ဘိုင်ယန် ၂–၁ ရီးရဲလ်

လက်ရှိရီးရဲလ်တို့ ခြေစွမ်းတက်နေပြီး ဒေါ့မွန်ကို နိုင်ထားတဲ့ အရှိန်နဲ့ရော အိမ်ကွင်းပွဲဖြစ်နေတာကြောင့် အပေါ်က ရှိနေနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရီးရဲလ်ကပ်နိုင်ခြေများနေတယ်။


KAI FOERSTERLING/ EPA

**၂၅၊ ဧပြီ၊ သောကြာ။**

**ဘင်ဖီကာ-ဂျူဗင်တပ်**

(နံနက် ၁း၃၅ နာရီ)

**နောက်ဆုံးတွေ့ဆုံမှု**

ဂျူဗီ ၁–၁ ဘင်ဖီကာ

နောက်ဆုံး တွေ့ဆုံဖူးတဲ့ ရလဒ်တစ်ကြိမ်ပဲရှိပါတယ်။ လက်ရှိမှာ ဂျူဗင်တပ်နိုင်ခြေများနေပြီး ဗိုလ်လုပွဲအထိ မှန်းနေကြပါတယ်။ ခြေစွမ်းအရလည်း အဝေးကွင်းမှာ ဂျူဗင်တပ် ကပ်နိုင်ခြေတောင် ရှိနေတယ်။ ဒါမှမဟုတ်ရင် အနိမ့်ဆုံးသရေပါ။

**ဆီဗီလာ-ဗလင်စီယာ**

(နံနက် ၁း၃၅ နာရီ)

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

ဆီဗီလာ ဝ–ဝ ဗလင်စီယာ

ဗလင်စီယာ ၃–၁ ဆီဗီလာ

ဆီဗီလာ ၄–၃ ဗလင်စီယာ

ခြေမကျတဲ့ စပိန်နှစ်သင်းမို့ အကြိတ်အနယ်ကစားမယ့် ပွဲပါ။ ဆီဗီလာ နိုင်ခြေများနေပြီး ဗလင်စီယာကံကောင်းရင် သရေရသွားနိုင်တယ်။ ဂိုးများဖို့မရှိပါ။



# အကြမ်းဖက်မှုတွင် ပါဝင်သော ကုလသံတမန်များကို ပြည်ဝင်ခွင့် ပိတ်ပင်သည့် ဥပဒေကြမ်း ကန်သမ္မတ အတည်ပြု

**ဝါရှင်တန်၊ ဧပြီ-၁၈**
အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်သည်ဟု အမေရိကန်နိုင်ငံက ပြောသော ကုလသမဂ္ဂ သံတမန်များ ပြည်ဝင်ခွင့်တားမြစ်မည့် ဥပဒေကြမ်းတစ်ရပ်ကို သမ္မတ အိုဘားမားက တရားဝင်ဥပဒေအဖြစ် လက်မှတ်ရေးထိုးလိုက်သည်။

၁၉၇၉ ခုနှစ်အတွင်း တီဟီရန်မြို့ရှိ အမေရိကန်သံရုံးကို စီးနင်းခဲ့သည့် စစ်သွေးကြွကျောင်းသားများနှင့် ဆက်နွယ်မှုရှိသော ကုလသမဂ္ဂ သံတမန်အား အီရန်နိုင်ငံက ရွေးချယ်ခဲ့ခြင်းကို တုံ့ပြန်မှုအဖြစ် ယင်းဥပဒေ ပေါ်ထွက်လာခြင်းဖြစ်သည်။

ကုလသံတမန် ဟာမစ်အဘိုတာလီဘီကို အမေရိကန်နိုင်ငံက ပြည်ဝင်ခွင့် ပိတ်ပင်ထားပြီးဖြစ်ကာ အကြံပေးမှုအတိုင်း ယင်းဥပဒေသစ်ကို လက်ခံသွားမည်ဟု အိုဘားမားက ပြောကြားသည်။ ယင်းကဲ့သို့ ပြည်ဝင်ခွင့်ပိတ်ပင်ခံရခြင်းကြောင့် အီရန်နိုင်ငံက ကုလသမဂ္ဂထံ တရားဝင်တိုင်စာပို့ထားသည်။

အမေရိကန်လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုထားပြီး ဖြစ်သည့် ယင်းဥပဒေကြမ်းကို အိုဘားမားက ဧပြီ ၁၈ ရက်တွင်အတည်ပြုလက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည်။

ပြန်ပေးသမားများအတွက် နှစ်ကြိမ်သာ ဘာသာပြန်အဖြစ် လုပ်ပေးခဲ့သည်ဟု အဘိုတာလီအီက ပြောကြားပြီး ယင်းအရေးအတွက်ကို တက်ကြွလှုပ်ရှားသူအချို့က ဝိုင်းဝန်းထောက်ခံထားသည်။

အီရန်သမ္မတရိုဟာနီ၏ နိုင်ငံရေးဆိုင်ရာ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ် အဘိုတာလီဘီမှာ အီတလီ၊ ဘယ်လ်ဂျီယမ်နှင့် ဩစတြေးလျနိုင်ငံများတွင် အီရန်သံအမတ်အဖြစ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းဥပဒေမူကြမ်းကို လက်မှတ်ရေးထိုးလိုက်ရခြင်းနှင့်ပတ်သက်၍ ဧပြီ ၁၈ ရက်က ထုတ်ပြန်သော ကြေညာချက်တစ်ခုတွင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်၌ ပါဝင်ခဲ့ဖူးသူများမှာ မိမိတို့နိုင်ငံတွင်းသို့ ဝင်ခွင့်ရရန် သံတမန်ရေးရာအကာအကွယ် အသုံးပြု၍ ဝင်လာနိုင်သည်ကို လွှတ်တော်က စိုးရိမ်သကဲ့သို့ မိမိလည်း စိုးရိမ်သည်ဟု သမ္မတအိုဘားမားက ပြောသည်။

—Ref: BBC

# တောင်ဆူဒန်ရှိကုလရုံးကို တိုက်ခိုက်မှု စစ်အတွင်းပြစ်မှုဖြစ်နိုင်

**ဂျူဘား၊ ဧပြီ-၁၉**
အရပ်သားထောင်ပေါင်းများစွာ ခိုလှုံနေသော တောင်ဆူဒန်နိုင်ငံမှ ကုလသမဂ္ဂ အခြေစိုက်ရုံးတွင် လူပေါင်း ၅၈ ဦး သေဆုံးခဲ့သော ပစ်ခတ်တိုက်ခိုက်မှုမှာ စစ်အတွင်းပြစ်မှုကျူးလွန်မှုဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြောသည်။

သောကြာနေ့က ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုအပေါ် အမျက်ဒေါသဖြစ်ရကြောင်း ပြောကြားရင်း အနာဂတ်တွင် အရပ်သားများအပေါ် တိုက်ခိုက်မှုများကို ကာကွယ်ရေး ပိုမိုလုပ်ဆောင်ရန် တောင်ဆူဒန်အစိုးရကို တောင်းဆိုလိုက်သည်။

"အဲဒီလုပ်ရပ်တွေကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်တွေက အပြင်းထန်ဆုံး ရှုတ်ချလိုက်ပြီး အရပ်သားတွေနဲ့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုဟာ စစ်အတွင်း ကျူးလွန်သော ပြစ်မှုမြောက်နိုင်တယ်ဆိုတာ အလေးအနက်ပြောချင်ပါတယ်" ဟု လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း လက်ခံခဲ့သော ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်ဆူဒန်ရုံး တိုက်ခိုက်မှုအတွင်း လူပေါင်း ၅၈ ဦး သေဆုံးပြီး တစ်ရာကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စောစောပိုင်းတွင် ကုလသမဂ္ဂက အတည်ပြုခဲ့သည်။ တောင်ဆူဒန်ကုလသမဂ္ဂရုံးအကြီးအကဲ တိုဘီလန်ဇာကမူ လူပေါင်း ၅၀၀၀ အထိရှိသော အရပ်သားများကို အကာအကွယ်ပေးခဲ့သော အိန္ဒိယ၊ နီပေါနှင့် တောင်ကိုရီးယားနိုင်ငံမှ ကုလငြိမ်းချမ်းရေးတပ်ဖွဲ့များကို ချီးကျူးပြောကြားသည်။ နောက်တစ်ကြိမ်တွင်မူ အရပ်သားများကို ကာကွယ်ရန် ကုလသမဂ္ဂက အင်အားသုံးသွားမည်ဟုလည်း ၎င်းက သတိပေးလိုက်သည်။

—Ref: Reuters

# ကန်ဆက်စီးတီးမြို့ အဝေးပြေးလမ်းမပေါ် ပစ်ခတ်မှုများတွင် သံသယရှိတရားခံ ရာဇဝတ်မှုစွဲချက်ဖြင့် ရင်ဆိုင်နေရ

**ကန်ဆက်စီးတီး၊ ဧပြီ-၁၉**
အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် ကန်ဆက်စီးတီးမြို့ အဝေးပြေးလမ်းမများပေါ်တွင် ရက်သတ္တပတ်များစွာကြာ ပစ်ခတ်တိုက်ခိုက်ခဲ့သူ မိုဟာမက် ပီဝိုက်တိတ်ကာမှာ မော်တော်ယာဉ်များကိုပစ်ခတ်ခြင်းနှင့် ဒေသခံများကို တိုက်ခိုက်မှုအပါအဝင် ရာဇဝတ်မှု ၁၈ ခုဖြင့် စွဲချက်တင်ခံထားရသည်ဟု အစိုးရ ရှေ့နေများက ဧပြီ ၁၈ ရက်တွင် ပြောသည်။

ဧပြီ ၁၇ ရက်က ၎င်း၏ နေအိမ်တွင် အဖမ်းခံခဲ့ရသည့် မိုဟာမက်ပီဝိုက်တိတ်ကာမှာ ပစ်ခတ်တိုက်ခိုက်မှုများကို တစ်ကိုယ်တော်လုပ်ဆောင်ခဲ့သည်ဟု ယုံကြည်ပါကြောင်း ဂျက်ဆင်ဒေသအစိုးရရှေ့နေ ဂျိန်းပီတာ ဘိတ်ကာက ပြောသည်။ ၎င်းမှာ အာမခံ ကြေး ကန်ဒေါ်လာ တစ်သန်းဖြင့် ဖမ်းဆီးခံထားရသည်။


*မိုဟာမက် ပီဝိုက်တိတ်ကာ* KANSAS CITY POLICE DEPARTMENT/REUTERS

ကန်ဆက်စီးတီးမြို့နှင့် အနီးနားတစ်ဝိုက်ရှိ အဝေးပြေးလမ်းမများတွင် ကားများကို အကြိမ်များစွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအတွက် မစ္စတာဝိုက်တိတ်ကာ စွဲချက်တင်ခံထားရပြီး ယင်းတိုက်ခိုက်မှုများ အနက် ၁၁ ခုမှာ မတ်လ ၁၈ ရက်မှ ဧပြီလ ၆ ရက်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဝိုက်တိတ်ကာမှာ ပစ်မှတ်များ၏ မျက်ကွယ်ရာတွင် ၎င်း၏ ကားကိုရပ်ကာ ပွိုင့် ၃၈၀ ပြောင်းတိုသေနတ်တစ်လက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပုံပေါ်သည်ဟု အစိုးရရှေ့နေများက ပြောသည်။

ဝိုက်တိတ်ကာ ယင်းကဲ့သို့ ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အကြောင်းရင်းကို မပြောနိုင်သေးကြောင်း ကန်ဆက်စီးတီးမြို့ ရဲတပ်ဖွဲ့အကြီးအကဲ ဒယ်ရီရယ် ဖော်တီက ပြောသည်။

ဝိုက်တိတ်ကာမှာ ကန်ဆက်စီးတီးမြို့နှင့် မိုင် ၂၀ ခန့်ဝေး သည့် ဂရန်းဗျူးမြို့မှဖြစ်ပြီး ရာဇဝတ်မှုဆိုင်ရာ မှတ်တမ်းအလွန်နည်းပါးသူဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

၎င်းမှာ မော်တော်ယာဉ်တစ်စီးနှင့် ဒေသခံတစ်ဦးကို ပစ်ခတ်တိုက်ခိုက်မှု တစ်ကြိမ်စီ၊ မော်တော်ယာဉ် နောက်တစ်စီးကို တိုက် ခိုက်မှု ခုနစ်ကြိမ်နှင့် လက်နက်ကိုင်ရာဇဝတ်မှု ကိုးကြိမ် ကျူးလွန်မှုဖြင့် စွဲချက်တင်ခံထားရကြောင်း တရားရုံး၏ စာရွက်စာတမ်းများတွင် ဖော်ပြထားသည်။

—Ref: Reuters



# International

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.7 • APRIL 23 , 2014

## မားစ်ဗိုင်းရပ်စ် ကူးစက်ခံရမှု ငါးရက်အတွင်း ၃၆ မှုရှိဟု ဆော်ဒီအစိုးရ အတည်ပြု

**ရီယာ့ဒ်၊ မေ-၂၁**

ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် မားစ်ရောဂါ ဗိုင်းရပ်စ်ကူးစက်မှု ခုနစ်ခုကို အသစ်တွေ့ရှိခဲ့ရာ ငါးရက်အတွင်း ထိုရောဂါကူးစက်ခံရကြောင်း အတည်ပြုနိုင်မှု ၃၆ မှု ခန့်ရှိသွားပြီဖြစ်ကြောင်း ဆော်ဒီ အာဏာပိုင်များက ကြေညာသည်။

ဆော်ဒီတွင် ထိုရောဂါပိုးပြန့်ပွားမှုမှာ တိုးပွားလာနေပြီး ရောဂါကြောင့် သေဆုံးသူဦးရေမှာလည်း သုံးဦးအထိရှိသွားပြီဖြစ်သည်။ ဆားစ်ရောဂါကဲ့သို့ပင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သည့် မားစ်ရောဂါမှာ ဆော်ဒီတွင် ပြီးခဲ့သည့် ၂ နှစ်ခန့်ကပင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကာ လူပေါင်း ၂၃၁ ဦးကို ကူးစက်ခဲ့ပြီး ယင်းမှသေဆုံးသူစုစုပေါင်း ၇၆ ဦးအထိရှိခဲ့ကြောင်း ဆော်ဒီကျန်းမာရေးဌာနက ၎င်းတို့ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မားစ်ရောဂါ ဗိုင်းရပ်စ်သည် ကုသနိုင်သည့် ဆေးဝါးမရှိသော်လည်း နိုင်ငံတကာနှင့် ဆော်ဒီ ကျန်းမာရေး အာဏာပိုင်များက ထိုရောဂါသည် လူအများကြားတွင် လွယ်ကူစွာ ကူးစက်နိုင်ခြင်း မရှိကြောင်း ပြောကြားထားသည်။

ပြီးခဲ့သည့်သီတင်း နှစ်ပတ်ခန့်ကစ၍ ဖြစ်ပေါ်ခဲ့သော မားစ်ရောဂါ ရုတ်တရက်ပြန်ပေါ်လာခြင်းနှင့်ပတ်သက်၍ စိုးရိမ်မှုများ ရှိနေသော်လည်း နိုင်ငံတကာတွင် ပြောနေသကဲ့သို့ ကပ်ရောဂါအသွင် ပျံ့နှံ့နေခြင်းမဟုတ်ကြောင်း ဆော်ဒီအာဏာပိုင်များက ပြောကြားသည်။

အာဏာပိုင်များက မားစ်ရောဂါဖြစ်ပွားနေမှုများကို လေ့လာဆန်းစစ်နိုင်ရန် ပြည်ပမှ ကျွမ်းကျင် ပညာရှင်များလာရန်ရှိနေသော တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆော်ဒီသည် အစ္စလာမ်ဘာသာစတင်ရာ နေရာဖြစ်ပြီး လာမည့်ဇူလိုင်တွင် ရာမဒန်ဥပုသ်လစတင်တော့မည်ဖြစ်ကာ အောက်တိုဘာလတွင်လည်း အစ္စလာမ်ဘာသာရေးမြို့တော် မက္ကာသို့ ဟတ်ဂျ်ဘုရားဖူးသန်းနှင့်ချီ၍ လာရောက်မည်ဖြစ်သည်။

ဆော်ဒီအားရေးဗီးယားတွင် မားစ်ရောဂါ ဖြစ်ပွားမှုများ ပြန်လည်စတင်ပြီးနောက် အိမ်နီးချင်းနိုင်ငံများဖြစ်သော ယူအေအီးနှင့် ယီမင်တို့တွင်လည်း ပထမဆုံးအကြိမ် ဗိုင်းရပ်စ်တွေ့ရှိခဲ့ကြောင်း ပြီးခဲ့သည့် အပတ်က ကြေညာခဲ့သည်။ ယူအေအီးနိုင်ငံပိုင်သတင်းအေဂျင်စီ WAM ကလည်း မကြာမီသေးကစစ်ဆေးမှုများတွင်မားစ်ဗိုင်းရပ်စ်ကူး စက်မှု ၁၂ မှုရှိခဲ့ကြောင်း စနေနေ့က ထုတ်ပြန်ခဲ့သည်။ —*Ref: Reuters*

## ခရစ်ယာန်ဘာသာ အကြောင်း ပြောသော ဗြိတိန်ဝန်ကြီးချုပ် ဖယ်ကြဉ်မှု ကြုံတွေ့နိုင်

**လန်ဒန်၊ မေ-၂၁**

ဗြိတိန်နိုင်ငံတွင် ခရစ်ယာန်ဘာသာကိုးကွယ်မှုနှင့်ပတ်သက်၍ မှတ်ချက်ပေးခဲ့သော ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း အနေဖြင့် လူအများ၏ ဖယ်ကြဉ်မှုနှင့် ကြုံတွေ့နိုင်ကြောင်း ဗြိတိန်မှ ထင်ရှားသူများက ပြောကြားသည်။

စာရေးဆရာများ၊ သိပ္ပံပညာရှင်များနှင့်ပညာတတ်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက ဒေးလီးတယ်လီဂရပ်သတင်းစာသို့ ပေးပို့သော စာတစ်စောင်တွင် ပြောကြားထားသည်။

ယင်းမတိုင်မီတွင် ဗြိတိန်ဝန်ကြီးချုပ်က ဗြိတိန်နိုင်ငံအနေဖြင့် ခရစ်ယာန်နိုင်ငံဟူသော မိမိတို့၏ ရပ်တည်မှုအပေါ် ပိုမို ယုံကြည်စိတ်ချသင့်သည်ဟု ပြောကြားသည်။

ဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကလည်း "ဗြိတိန်ဟာ ခရစ်ယာန်နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီလို ပြောဖို့ကိုလည်း ကြောက်ရွံ့မနေသင့်ပါဘူး" ဟု ပြောကြားသည်။

ဝန်ကြီးချုပ်ထံ ပေးစာတွင် နယ်ပယ်စုံမှ ထင်ရှားသူ ၅၅ ဦးက လက်မှတ်ရေးထိုးထားသည်။ ဝန်ကြီးချုပ်၏ ဘာသာရေးယုံကြည်မှု ထုတ်ဖော်ပြောဆိုခွင့်ကို လေးစားသည်ဟု ၎င်းတို့က ပြောကြားပြီး ဗြိတိန်မှာ လူမျိုးဘာသာပေါင်းစုံလူ့အဖွဲ့အစည်းဖြစ်ပြီး အများအားဖြင့် ဘာသာရေးကိုင်းရှိုင်းမှုမရှိဟု ဝန်ကြီးချုပ်ထံ ပေးစာရေးသားသူများက ဖော်ပြသည်။

—*Ref: BBC*



*လေယာဉ်ပျက်ကျရာတွင် တွေ့ရသော မီးလောင်ကျွမ်းခဲ့သည့် လေယာဉ်မှ အစိတ်အပိုင်းတစ်ခု* GETTY IMAGES

## ဖင်လန်နိုင်ငံတွင် လေထီးခုန်သူများ လိုက်ပါလာသော လေယာဉ်ပျက်ကျ၍ ရှစ်ဦးသေဆုံး

**ဂျမီဂျာဗီ၊ မေ-၂၀**

ဖင်လန်နိုင်ငံ ဂျမီဂျာဗီမြို့အနီး လေယာဉ်တစ်စီး ပျက်ကျခဲ့ရာ လေထီးခုန်သူ ရှစ်ဦးသေဆုံးခဲ့ကြောင်း ဖင်လန်ရဲတပ်ဖွဲ့က ပြောကြားသည်။

လေထီးခုန်သူ ၁၀ ဦးနှင့် လေယာဉ်မှူး တစ်ဦးကို သယ်ဆောင်လာသော COMP Air 8 လေယာဉ်ငယ်သည် မေ ၂၀ ရက်တွင် မြေပြင်ပေါ်သို့ ပျက်ကျခဲ့ပြီး မီးလောင်ခဲ့သည်။

လေယာဉ်မပျက်ကျမီ လေယာဉ်မှူး အပါအဝင် လူသုံးဦးသည် လေထီးများဖြင့် ခုန်ချခဲ့ကြောင်းနှင့် ၎င်းတို့ကို လက်ရှိတွင် ဆေးရုံ၌ ဆေးဝါးကုသပေးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လေထီးခုန်သူများအားလုံးမှာ ဖင်လန်နိုင်ငံသားများဖြစ်သည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စစ်ဆေးနေဆဲဟု ထောက်လှမ်းရေးအရာရှိ ပက်ထရီကန်းဂက်စ်က ပြောကြားသည်။ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ လေယာဉ်မပျက်ကျမီ လေယာဉ်မှ အစိတ်အပိုင်းအချို့ ပြုတ်ကျလာခဲ့ကြောင်းနှင့် လေယာဉ်စက် ချို့ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်း ဖြစ်နိုင်ကြောင်း ကန်းဂက်စ်က ပြောကြားခဲ့သည်။

ယင်းလေယာဉ်သည် မပျက်ကျမီ ပင်လယ်ရေမျက်နှာပြင်အထက် ပေတစ်သောင်းကျော်တွင် ပျံသန်းနေခဲ့ဖွယ်ရှိသည်ဟု ယူဆထားသည်။

ဂျမီဂျာဗီလေဆိပ်သည် အပန်းဖြေအနားယူရန်နှင့် လေယာဉ်ပျံသန်းမှု လေ့ကျင့်ခန်းများ အတွက် ဖင်လန်နိုင်ငံ၏ လူကြိုက်အများဆုံး နေရာတစ်ခုဖြစ်သည်။

—*Ref: Sky News*

နောက်ကျောဖုံး မှ

## ယူကရိန်းအရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုနှင့်ပတ်သက်၍ စုံစမ်းရေးစတင်

ယင်းအဖြစ်အပျက်နောက်ကွယ်တွင် မသမာသူ အဖွဲ့များ ပါဝင်ပတ်သက်နေနိုင်ပြီး မကြာသေးမီကာလအတွင်းယူကရိန်းအရှေ့ပိုင်းတွင် ဖြစ်မှုကျူးလွန်မှုများ မြင့်တက်လာခဲ့သည်ဟု လုံခြုံရေးအတွင်းဝန်က ဆက်ပြောသည်။

ယင်းတိုက်ခိုက်မှုအပြီး ဖမ်းဆီးခဲ့သည့် အမျိုးသားတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကို ရုရှားရုပ်သံက ပြသခဲ့ပြီး ၎င်းမှာ အမျိုးသားရေးလှုပ်ရှားမှုအဖွဲ့ Rigth Sector အဖွဲ့ဝင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့သော် ထိုအဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က ယင်းအမျိုးသားမှာ ၎င်းတို့အဖွဲ့ဝင်မဟုတ်ဟု ငြင်းဆိုထားသည်။ထိုအတောအတွင်း ယူကရိန်းအစိုးရသည် ယူကရိန်းရှိ ရုရှားစကားပြောလူထုကိုကာကွယ်ရန် လုံလောက်အောင်ကိုင်တွယ်မှု မရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စွပ်စွဲပြောကြားသည်။

ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှား၊ ယူကရိန်း၊ အမေရိကန်နှင့် အီးယူတာဝန်ရှိသူများ ဂျီနီဗာမြို့တွင် ကြာသပတေးနေ့က တွေ့ဆုံဆွေးနွေး၍ ယူကရိန်းရှိတရားမဝင်စစ်ဘက်အုပ်စုများကိုဖျက်သိမ်းရေး သဘောတူညီခဲ့ကြသည်။

သို့သော် ယူကရိန်းအရှေ့ပိုင်း ဒိုနက်မြို့ရှိ ခွဲထွက်ရေးအုပ်စု ပြောခွင့်ရပုဂ္ဂိုလ်က ကိဗ်အစိုးရမှာ တရားမဝင်ကြောင်းနှင့် အစိုးရ မဆင်းမချင်း၎င်းတို့ဘက်ကအလျှော့ပေးမည်မဟုတ်ဟု ပြောသည်။

—*Ref: BBC/Reuters*

## ဆော်ဒီအာရေးဗီးယားတွင် လွန်ခဲ့သော ၁၁ နှစ်က နိုင်ငံခြားသားများ တိုက်ခိုက်ခံရမှု လူငါးဦးကို သေဒဏ်ပေး

**ရီးယာ့ဒ်၊ မေ-၂၁**

ဆော်ဒီအာရေးဗီးယား တရားရုံးတစ်ရုံးသည် ၂၀၀၃ ခုနှစ်တွင် ရီးယာ့ဒ်မြို့ရှိ နိုင်ငံခြားသားနေထိုင်ရာ ခြံဝင်းများကို အသေခံတိုက်ခိုက်မှု၌ ပါဝင်ခဲ့သည့် အမျိုးသား ငါးဦးကို မေ ၂၀ ရက်တွင် သေဒဏ်ချမှတ်ခဲ့သည်။

နောက်ထပ် လူ ၃၇ ဦးကိုလည်း ရီးယာ့ဒ်မြို့ အရှေ့မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် ပါဝင်ကူညီမှုအတွက် ထောင်ဒဏ်သုံးနှစ်မှ ၃၅ နှစ်အထိ ချမှတ်ခဲ့သည်။ ရီးယာ့ဒ်မြို့အရှေ့မြောက်ပိုင်း တိုက်ခိုက်မှုများမှာ အယ်လ်ကိုင်ဒါစစ်သွေးကြွများ၏ သုံးနှစ်ကြာ စစ်ဆင်ရေး အစိတ်အပိုင်းများဖြစ်သည်။ ယင်းစစ်ဆင်ရေးများတွင် လူရာပေါင်းများစွာ သေဆုံးခဲ့သည်။

ဆော်ဒီအာရေးဗီးယားအစိုးရသည် ၂၀၀၆ ခုနှစ်တွင် အယ်လ်ကိုင်ဒါတို့၏ စစ်ဆင်ရေးကို ချေမှုန်းခဲ့ပြီး လူပေါင်း ၁၁၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ ကျန်ရှိနေသော အယ်လ်ကိုင်ဒါစစ်သွေးကြွများသည် ယီမင်နိုင်ငံသို့ ထွက်ပြေးခဲ့ပြီး ဒေသခံစစ်သွေးကြွများနှင့်ပေါင်း၍ အာရေဗျကျွန်းဆွယ်တွင် အယ်လ်ကိုင်ဒါအဖွဲ့ (AQAP) ဟူ၍ဖွဲ့စည်းခဲ့သည်။ယင်းအဖွဲ့မှာ လက်ရှိတွင် ကမ္ဘာပေါ်၌ အန္တရာယ်အရှိဆုံးအဖွဲ့တစ်ဖွဲ့အဖြစ် သတ်မှတ်ခံထားရသည်။

ဆော်ဒီအာရေးဗီးယားအစိုးရသည် ၂၀၀၃–၂၀၀၆ အယ်လ်ကိုင်ဒါစစ်ဆင်ရေး၌ ပါဝင်ခဲ့သူများ (သို့မဟုတ်) အီရတ်နှင့် အာဖဂန်နစ္စတန်တိုက်ပွဲများတွင် ပါဝင်ကူညီခဲ့သူများကို မကြာသေးမီလများတွင် အမှုများစစ်ဆေးခဲ့ပြီး ထောင်ချခြင်း၊ သေဒဏ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ဆော်ဒီအာရေးဗီးယားအစိုးရသည်ဆီးရီးယားပြည်တွင်းစစ်စေ့ဆော်မှုကြောင့်နိုင်ငံတွင်းတော်လှန်ရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများ ရှိနေသည်။ —*Ref: Reuters*

# ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၇၃ ဦး မြင့်တက်

**ရီးယာ့ဒ်၊ မေ-၁၉**

ဆော်ဒီအာရေးဗီးယားမြို့တော် ရီးယာ့ဒ်တွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံခဲ့ရသော နိုင်ငံခြားသား အမျိုးသမီးတစ်ဦးသည် မေ ၁၈ ရက်တွင် သေဆုံးသွားသည်ဟု ဆော်ဒီအာရေးဗီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ တစ်ဝန်းတွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဖြင့် သေဆုံးသူ ၇၃ ဦး ရှိသွားပြီဖြစ်သည်။

ရီးယာ့ဒ်မြို့တွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိပြီး ယင်းအနက် နှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဂျက်ဒါမြို့၌လည်း ကျန်းမာရေးဝန်ထမ်းတစ်ဦးအပါအဝင် လူခြောက်ဦး မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၇ ရက်ညတွင် ကြေညာခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူပေါင်း ၂၁၈ ဦးရှိသည်။



STR/AFP

*King Fahd ဆေးရုံတွင် အဝင်အထွက်ပိတ်ပင်ထားသော အရေးပေါ်ဌာန တံခါးကို လုံခြုံရေးဝန်ထမ်းတစ်ဦးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦး စောင့်ကြပ်နေသည်ကို မေ ၉ ရက်က တွေ့ရစဉ်*

ယခုလအတွင်း ဂျက်ဒါမြို့ရှိ ကျန်းမာရေးဝန်ထမ်းများအကြား မားစ်ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုနှင့်ပတ်သက်သော စိုးရိမ်ထိတ်လန့်မှုကြောင့် ဆေးရုံကြီးတစ်ရုံရှိ အရေးပေါ်ခန်းတစ်ခန်းကို ယာယီပိတ်ထားခဲ့သည်။

ဂျက်ဒါမြို့ King Fahd ဆေးရုံမှ အနည်းဆုံး ဆရာဝန်လေးဦးခန့် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း၊ ၎င်းတို့သည် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမည်ကို စိုးရိမ်၍ ရောဂါပိုးကူးစက်ခံထားရသော လူနာများအား ကုသပေးရန် ငြင်းပယ်ခဲ့ပြီး ရာထူးမှနုတ်ထွက်သွားကြောင်း ဆော်ဒီအာရေးဗီးယားမီဒီယာများက မေ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

မားစ်ဗိုင်းရပ်စ်ပိုးသည် အစောပိုင်းတွင် ဆော်ဒီအာရေးဗီးယားအရှေ့ပိုင်းဒေသ၌သာ ရှိနေခဲ့သော်လည်း ယခုလက်ရှိတွင် အခြားသော ဒေသများသို့ ပျံ့နှံ့သွားပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၄၃ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၌လည်း မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဖြင့် အမျိုးသားတစ်ဦး သေဆုံးကြောင်း၊ ၎င်းသည် မတ်လ ၂၉ ရက်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ မက္ကာမြို့သို့ ဘုရားဖူးသွားခဲ့ပြီး ပြန်အလာတွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ရောဂါလက္ခဏာများဖြင့် သေဆုံးခဲ့ကြောင်း မလေးရှားအစိုးရက မေ ၁၃ ရက်တွင် ကြေညာခဲ့သည်။

—*Ref: AFP*

# အလှမယ်ကို ကျောင်းကပွဲဖိတ်ခေါ်၍ ကန်ဆယ်ကျော်သက် အပြစ်ပေးခံရ

**ဝါရှင်တန်၊ မေ-၁၉**

Miss America အလှမယ် နီနာဒါဗယ်လာရီကို ကျောင်းကပွဲသို့ ဖိတ်ခေါ်မှုဖြင့် ပင်ဆယ်ဗေးနီးယား ဆယ်ကျော်သက်ကျောင်းသားတစ်ဦးအပြစ်ပေးခံခဲ့ရသည်။

အသက် (၁၈) နှစ်အရွယ် ပက်ထရစ်ဖားဗက်စ်သည် မေ ၁၇ ရက်က ပြုလုပ်သော အထက်တန်းကျောင်းသားများ ကပွဲသို့ Miss America အလှမယ် နီနာဒါဗယ်လာရီအား ဖိတ်ခေါ်ခဲ့ပြီး ပလတ်စတစ်ပန်းတစ်ပွင့် ပေးခဲ့သည်။ သို့ရာတွင် ၎င်း၏ စတန့်ထွင်မှုအတွက် သုံးရက်ကြာ ကျောင်းနားခံရသည်ဟု New York Daily သတင်းက ဖော်ပြသည်။

ပက်ထရစ်ဖားဗက်စ်သည် ကျောင်းသားအများရှေ့တွင် အလှမယ်နီနာအား ပလတ်စတစ်ပန်းပေး၍ ချစ်ရေးဆိုခဲ့သောကြောင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ တားမြစ်ချက်ကို ချိုးဖောက်မှုဖြင့် သုံးရက်တာ ကျောင်းနားခံရသည်။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် ဖားဗက်စ်၏ အစီအစဉ်ကို ကြိုတင်ကြားသိခဲ့ပြီး ယင်းသို့မလုပ်ရန် ကြိုတင်သတိပေးခဲ့သည်ဟု ဆိုသည်။

အထက်တန်းကျောင်းသား ပက်ထရစ်ဖားဗက်စ်က ကျောင်းကပွဲကို ရုတ်ရုတ်သဲသဲဖြစ်စေခြင်းအတွက် တောင်းပန်စာ ရေးသားပေးပို့ခဲ့ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို မလေးမစားလုပ်ရန် မရည်ရွယ်ခဲ့ကြောင်းနှင့် ၎င်း၏ လုပ်ရပ်မှာ စော်ကားသကဲ့သို့ ဖြစ်သွားကြောင်း တောင်းပန်ခဲ့သည်။

သို့ရာတွင် ဖားဗက်စ်အပြစ်ပေးခံရမှုမှာ မတရားကြောင်း ကျောင်းသားရာပေါင်းများစွာက တွစ်တာဝက်ဘ်ဆိုက်တွင် ရေးသားခဲ့ကြသည်။

Central York အထက်တန်းကျောင်းကမူ စည်းကမ်းချိုးဖောက်သော ကျောင်းသားများအားလုံးကို အပြစ်ပေးကြောင်းနှင့် ယခုဖြစ်ရပ်မှာလည်း ထိုကဲ့သို့ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

—*Ref: AP*




7DAY NEWS JOURNAL
International
Vol.13, No.7 • APRIL 23 , 2014

# အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ လာမည့်လတွင် နျူသဘောတူညီမှု မူကြမ်းရေးဆွဲမည်

**တီဟီရန်၊ ဧပြီ-၂၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လာမည့်လအတွင်း ကျင်းပမည့် ကျွမ်းကျင်သူများ အဆင့်ဆွေးနွေးပွဲများတွင် အငြင်းပွားနေသော အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ရေရှည်ဖြေရှင်းချက်တစ်ရပ် ရရှိရေးအီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ စတင်ဆောင်ရွက်သွားမည်ဟု အီရန်နိုင်ငံပိုင် IRNA သတင်းဌာနက ဧပြီ ၂၀ ရက်တွင် ကြေညာသည်။

ခက်ခဲရှုပ်ထွေးသော အလုပ်တစ်ခုဖြစ်မည့် ပြည့်စုံသော သဘောတူညီမှု အချက်အလက်မူကြမ်းများကို မေလ ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ဆွေးနွေးပွဲများအတွင်း အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ စတင်ရေးဆွဲသွားမည်ဟု ထိပ်တန်းနျူကလီးယား ညှိနှိုင်းရေးမှူး အဘတ်စ်အရက်ချီက ပြောကြားသည်ဟု IRNA တွင် ဖော်ပြသည်။

လက်နက်မပြန့်ပွားရေး သဘောတူညီမှု ကော်မတီအစည်းအဝေးပြင်ပတွင် ကျင်းပမည့် ယင်းဆွေးနွေးပွဲများ၌ အီရန် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာနှင့်နိုင်ငံရေးဌာနခွဲညွှန်ကြားရေးမှူးချုပ်ဟာမစ်ဘာအီဒီနီဂျက်က ဦးဆောင်မည်ဖြစ်ကြောင်း IRNAတွင်ဖော်ပြသည်။အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်များကြောင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသော တားဆီးပိတ်ဆို့မှုများအားလုံးကို နောက်ဆုံးတွင် ပယ်ဖျက်ပေးမည့် ရေရှည်သဘောတူညီမှုတစ်ရပ် ရယူရန် အီရန်နှင့် အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့က ဇူလိုင် ၂၀ ရက်ကို နောက်ဆုံးအဖြစ် သတ်မှတ်ထားသည်။

မိမိတို့ ကြေညာထားသော အရပ်သုံးအဏုမြူစွမ်းအင်အစီအစဉ်မှာ နျူကလီးယား လက်နက်ထုတ်လုပ်ရန် ကြိုးစားမှုများကို ဖုံးကွယ်ထားရန် အကာအကွယ်တစ်ခုအဖြစ် အသုံးပြုသည်ဆိုခြင်းကို အီရန်နိုင်ငံက ငြင်းပယ်သည်။

ယူရေနီယမ်သတ္တုများ သန့်စင်နေခြင်းမှာ လျှပ်စစ်ထုတ်လုပ်ရန်ဖြစ်သည်ဟု အီရန်နိုင်ငံက ပြောသည်။ —*Ref: Reuters*

## ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများနှင့်ပတ်သက်၍ စုံစမ်းရေးစတင်

**ကိဗ်၊ ဧပြီ-၂၁**

ရုရှားနိုင်ငံနှင့် တင်းမာမှုများထပ်မံမြင့်တက်လာခဲ့သည့် နိုင်ငံအရှေ့ပိုင်းပစ်ခတ်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်း ယူကရိန်းအစိုးရက ပြောသည်။

စလိုဗီယန့်စ်မြို့အနီး ရုရှားလိုလားသူများ စောင့်ကြပ်နေသော စစ်ဆေးရေးဂိတ်ကို စီးနင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးခဲ့သည်။

ပစ်ခတ်မှုကြောင့် ယူကရိန်းလက်ယာ ယိမ်းအမျိုးသားရေးဝါဒီများကို အပြစ်တင်ရမည်ဟု ရုရှားကပြောသည်။ ယင်းအဖြစ်အပျက်မှာ ရုရှားလိုလားသော အုပ်စုများ သိမ်းပိုက်ထားသော အဆောက်အအုံများမှ ထွက်ခွာရေး သဘောတူညီချက်ကို အာခံ၍ ဆက်လက်သိမ်းပိုက်ထားစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်း အမျိုးသားလုံခြုံရေးကောင်စီ လက်ထောက်အတွင်းဝန် ဗစ်တိုးရီးယားဆူးမားက တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့ တာဝန်ရှိသည်ဆိုသည်ကို ပြောကြားရန် အချိန်စောလွန်းနေသည်ဟု ဘီဘီစီသတင်းဌာနအား ပြောသည်။ **စာမျက်နှာ ၄၆ ››**



*ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ စစ်သွေးကြွများ အသေခံဗုံးခွဲတိုက်ခိုက်ခံရသော ရှီးဟိုက်ပုဂ္ဂလိက ကောလိပ်ကျောင်း၏ ပင်မဂိတ်တွင် စောင့်ကြပ်နေကြသော အီရတ်တပ်ဖွဲ့ဝင်များ* KHALID MOHAMMED/AP

# အီရတ်နိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် ဗုံးပေါက်ကွဲပြီး တိုက်ခိုက်မှုများကြောင့် လူ ၁၄ ဦး သေဆုံး

**ဘဂ္ဂဒက်၊ ဧပြီ-၂၁**

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တက္ကသိုလ်တစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခု အပါအဝင် အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများကြောင့် ဧပြီ ၂၀ ရက်က လူပေါင်းအနည်းဆုံး ၁၄ ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အီရတ်နိုင်ငံ လုံခြုံရေး အင်အားကို အဓိက စမ်းသပ်မှုတစ်ခုဖြစ်လာမည့် လွှတ်တော် ရွေးကောက်ပွဲများမတိုင်မီ သီတင်းနှစ်ပတ်ပင် မလိုတော့သည့် အချိန်တွင် ယင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့ရှိ အီမန်ခါဒင် တက္ကသိုလ်အသေခံဗုံးခွဲတိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍ အီရတ်အာဏာပိုင်များ ပြောကြားချက်မှာ ခြားနားလျက်ရှိသည်။ အသေခံဗုံးခွဲသူတစ်ဦးနှင့် သေနတ်သမားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်သတ်ဖြတ်လိုက်စဉ် အခြားသော အသေခံဗုံးခွဲသူတစ်ဦးက တက္ကသိုလ်ထဲ ဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရဲမှူးတစ်ဦးက ပြောသည်။

ယင်းဗုံးပေါက်ကွဲမှုမှာ တက္ကသိုလ်၏ အဝင်ပေါက်တွင်ဖြစ်ပွားခဲ့ပြီး ဒုတိယ ဗုံးခွဲမည့်သူကို ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနအရာရှိ တစ်ဦးက ပြောသည်။

ယင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး လူငါးဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ အီရတ်နိုင်ငံမှာ နေ့တိုင်းလိုလိုပင် ဗုံးခွဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် လစဉ် လူရာပေါင်းများစွာ သေဆုံးလျက်ရှိသော်လည်း တက္ကသိုလ်များကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ ရှားပါးသည်။

ဘဂ္ဂဒက်မြို့တော် ဘာဘီလ်ခရိုင်၌ ကားဗုံးပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရကာ အယ်လ်ရှုမီယာမြို့တွင်လည်း ကားဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ဧပြီ ၃၀ ရက်တွင် ကျင်းပမည့် အီရတ် လွှတ်တော်ရွေးကောက်ပွဲမှာ ၂၀၁၁ ခုနှစ်နှောင်းပိုင်း အမေရိကန်တပ်များ အီရတ်မှ ထွက်ခွာသွားချိန်မှစ၍ ပထမဆုံးကျင်းပမည့် ရွေးကောက်ပွဲ ဖြစ်သည်။

အီရတ်နိုင်ငံတွင် ယခုလအတွင်းမှာပင် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၇၀ သေဆုံးခဲ့ပြီး ယခုနှစ်အတွင်း သေဆုံးသူ ၂,၇၀၀ ရှိကြောင်း သိရသည်။ —*Ref: AFP*

